www.burmeseclassic.com

# တွယ်ငင်လို့ယိမ်း နွယ်ပင်မို့စိမ်းလေသလား



www.burmeseclassic.com

www.burmeseclassic.com


ထုတ်ဝေသူ
ဦးသန်းမြင့် (၀၁၀၄၀)
လင်းလင်းစာပေ
အမှတ် ၉၃၇ ၊ ၁၀ ၊ နိုင်
အင်းစိန်
ပထမအကြိမ်
အုပ်ရေ ၁၀၀၀
၁၉၈၉ ၊ မတ်လ
တန်ဖိုး ၊ သုံးဆယ့်လေးကျပ်
စာအုပ်စာတမ်းကြိုတင်ခွင့်ပြုအမှတ် ၊ ၁၆၅ ၊ ၈၉/၃
မျက်နှာဖုံးကြိုတင်ခွင့်ပြုအမှတ် ၁၈၆/၈၉/၃
မျက်နှာဖုံးနှင့်ရေးခံ ဟန်ဒီ မြိုင်
ကာဘလာချွဲ ၊ လှမင်း
မျက်နှာဖုံးရိုက်
သိန်းသိမ်အော့ဖ်ဆက်
၁၅၀/၄၈ လမ်း ၊ ရန်ကုန်
မှန်ဝေဘ၁၅
ပုံနှိပ်သူ
ဒေါ်ခင်စီ ၊ ၁၂၅၀၇
ပြည်ဦးဘောပုံနှိပ်တိုက်
၁၅၈ ၊ ၃၇ လမ်း
ရန်ကုန်မြို့

မောင်စိန်ဝင်း 〈ပုတီးကုန်း〉

# တွယ်ငင်လို့ယိမ်း နွယ်ပင်မို့စိမ်းလေသလား
(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



( က )

ခင်ပြုံ သိလားလေ....

နှလုံးသား၌ဖြစ်တည်မှုသည် ဘဝတစ်ခုလုံး ဖျောက်ဖျက်၍ ရအောင်းသည့်အရာ မဟုတ်ပါတည့်။ အခါခပ်သိမ်း၊ တိမ်းညွတ် စွဲမက်ခြင်းသည် ရင်တွင်း၌ အမြစ်တွယ်သည်။ ဘယ်အခါ ဘယ်ကာလဟု ဘဝ၏အလျားကို ခန့်မှန်းထားနိုင်ခြင်း မရှိသော်ငြား၊ နှလုံးသားမှ ခံစားမှုသည် အသက်ရှည်သမျှ တည်တန့်နေဦးမည်သာ။

အရာရာသည် တမ်းတလွမ်းမောစဖွယ် ဖြစ်စေရာ၌ ဟူမဲ့လျော့တတ်ခြင်း ထင်းခဲ့လေသလား။

www.burmeseclassic.com

www.burmeseclassic.com

ဝါရွက်ကြွေကြားမှ ရှပ်တိုက်သံပင် ဘစ်ရုံခါနွေဦးက ခင်ဖြူနှင့်အတူ ထိုင်ခဲ့ဖူးသည်တို့ကို အမှတ်တရဖြစ်စေသည်။

ဝေရီရီနှင်းမနက်၊ မိုးစက်သည်းထန်သည့်ညနေ၊ ကံ့ကော်ရွက်ကြွေသည့် နွေညဦး.... အထပ်ထပ် အခါခါ မက်ဖူးသည့် အိပ်မက်နှယ်တည့်။

သတိရတတ်လျှင် ခင်ဖြူသိမှာပါလေ....

*

(၁)

ပေးကွာသည့်အခါ ... အတူရှိစဉ်က အရာရာသည် အိပ်မက်နှယ်ပါ ခင်ဖြူ။ အိပ်မက်ဟုပင် သိလျက် သတိရ တမ်းတစရာ အဖြစ် အာရုံ၌ နှမျှစ်နေတတ်စမြဲ။

စွဲလမ်းခြင်းဖြင့် သံသရာကို ရှည်စေတတ်သည်ဆိုပါက ဆုံးခဲ့ သံသရာခရီး၌ အထီးတည်းဖြစ်လျက်လည်း စွဲလမ်းနေချင်ပါသေးသည်။

ဆံနွယ်မျှင်ဖားလျားမှ ရနံ့သည်ပင် အသက်ရှင်နေသမျှ ရှူသိမ်းစရာ တစ်စွန်းတစ်စဖြစ်မည်။ ခင်ဖြူ့မျက်ရည်တို့ ပါးပြင်ပေါ် လိမ့်ဆင်းလာခြင်းသည် ကိုယ့်ရင်တွင်းသို့ သွေးရည်ချော်စက်များ စီးကျလာသည်သို့ ကျွမ်းမြည့်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်ဖြူ့ ပါးပြင်ပေါ်မှ မျက်ရည်စတို့ သွေ့ခြောက်သွားမည် ဖြစ်သော်ငြား၊ ကိုယ့်နှလုံးသားသည်ကား ထာဝရ လောင်မြိုက် ပူပန်နေဆဲပါလေ။

ပြတ်ကြစေရော့ ဟု ခင်ဖြူ ဖန်တီးသော်လည်း သံယောဇဉ် တည်းဟူသော အခိုင်မြဲဆုံးကြိုးကို ဖြတ်၍ ရရိုး မရှိစကောင်း။

ဝေးကြစေရော့ ဟု ခင်ဖြူ စည်းခြားသော်လည်း ချစ်ခဲ့ပြီးသော နှလုံးသားတို့သည် ထာဝရပေါင်းဆုံနေတတ်စမြဲ။

ခွဲခွာခြင်း ဆိုသည်မှာ ရုပ်ဝတ္ထုတို့ကိုသာ ဖန်တီးနိုင်ပါသည် ခင်ဖြူ....။ အမြင်၊ အကြား၊ ခင်ဖြူနှင့် ပတ်သက်ရာ စိတ်အာရုံ အားလုံးကိုကား နှလုံးသားမှဆွဲထုတ်၍ ကွဲကွာသွားအောင် ဘယ်သူလုပ်နိုင်ပါသတဲ့လဲ ကွယ်....။

ဘယ်ကိုကြည့်ကြည့်....ခင်ဖြူ ရှိနေဆဲ။

ဝေ့ဝေ့ဝဲခဲ့သည့်စကားသံကို တစ်ရုံမပြတ် ကြားနေတတ်စမြဲ။

ခင်ဖြူ့ ကိုယ်သင်းနံ့သည်ပင် အစဉ်သဖြင့် ပျံ့ဆွတ်နေတတ်သေး၍ အောက်မေ့စဖွယ် ဖြစ်နေဆဲပါလေ....။

ဝေဒနာအငွေ့ကို ဖြေသာ၍ရကောင်းပါသလားလေ....

သောက အပူတစ်စကို ဘယ်သူ မျှယူလို့ရနိုင်ပါ့မလဲ့ကွယ်....။

*

## အပိုင်း ( ၀ )

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

'ချိုနွယ်ဦးမှာ ရည်းစားရှိဖူးတယ်ဆိုတာ မင်းသိတယ်နော်'

အောင်မြင့်ဝင်းစကားကြောင့် အောင်မြင့်ဝင်းမျက်နှာဆီ အကြည့်ရောက်၏။ ဖျတ်ခနဲ ဝေ့အကြည့်မှာ တင်ထွန်းအေ စိတ်ဝင်တစား နားစွင့်နေမှန်းသိသည်။ ဆေးလိပ်ကိုဖွာ ရှိက်၍ မီးခိုးငွေ့နှင့်အတူ လေပူကိုမှုတ်ထုတ်၏။

'သူ ငါ့ကို အားလုံးပြောတယ် အောင်မြင့်ဝင်း၊ အဲဒီ တစ်ယောက်က သူ့ကို ဘာအကြောင်းမှ မပြောဘဲနဲ့ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဖြစ်သွားခဲ့တယ် တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် သူ့ရင်ထဲက လုံးလုံးမဖျောက်နိုင်သေးဘူးလဲအမှန်ပဲတဲ့။ ဒီအတွက်ငါ့အချစ်ကို ပြန်ရုပ်သိမ်းချင်လဲ ရုပ်သိမ်းပါပြောတယ်'

အောင်မြင့်ဝင်း မျက်နှာမှ အကြည့်ကိုလွှဲကာ ဟိုးအဝေးဗာဒံပင်သို့ပို့ရင်း ချိုနွယ် ပြောခဲ့သည်တို့ကို တစ်လုံးချင်း ပြန်ပြောပြလိုက်၏။

သည်စကားတွေပြောခဲ့စဉ်က ရင်၌စူးနစ်နာကျင်စွာ တသသနှမြောသလို ခံစားရသော်လည်း ချိုနွယ့်အား နားလည်လွန်းစွာဖြင့် ချစ်မိသည့်စိတ်သည် တစ်စွန်းတစ်စမလျော့။ နောက်ကျသူ၏ အားငယ်မှုမျိုးတော့ ရင်မှာဖျတ်ခနဲ ဝေ့ခဲ့သည်ပဲ။

'သူ့ကို ဘာအကြောင်းမှ မပြဘဲ ဖြတ်ခဲ့ရုံတင်မဟုတ်ဘူး၊ နောက်ကောင်မလေးတစ်ယောက်နဲ့ သူ့ရှေ့မှာတင်တွဲလိုက်တာတဲ့'

တင်ထွန်းက မီးသေနေသည့် ဆေးပေါ့လိပ်တိုကို ကောက်ယူလိုက်ရင်း ပြောသည်။ သက်ပြင်းချမိကာ အဝေးကိုငေးရီဆဲ အကြည့်က တင်ထွန်းမျက်နှာဆီ ပြန်ရောက်၏။

'ဒါတောင်မှ ချိုနွယ်ဦးက မနာကြည်းနိုင်ဘူးတဲ့လား'

အောင်မြင့်ဝင်း စကားမှာ မကျေနပ်နိုင်သည့် အငွေ့အသက်သန်းသည်။ အကြည့်က သူ့မျက်နှာကို စူးစိုက်ထားသည်။



အမေးစကားမှာတော့ သည့်တိုင် ချိုနွယ်ဦးနှင့် အပတ်သက်ဆုံးလူအဖြစ် သူတစ်စုံတစ်ခုကိုပြန်ပြောရန် တာဝန်ရှိသည်ဟု ယူဆနေပါသလား။

တံတွေးကို ရှတ်တရက်မျိုချပြန်သည်။ မျက်လွှာကိုချလျက် ရွှေ့မှ လက်ဖက်ရည်ပန်းကန်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိ၏။

'နာကြည်းတာလဲ စွဲလမ်းနေသူအဖို့ အထောက်အကူတစ်ခုဖြစ်နေမလားပဲ'

ဟု အောင်မြင့်ဝင်းမျက်နှာကို အကြည့်ဆုံလိုက်ကာ ပြောသည်။

'ဘာလဲ...ချိုနွယ်ဦးက နာကြည်းတယ်လို့ မင်းကိုပြောဖူးလို့လား ဇော်ခ'

တင်ထွန်းစကားကြောင့် တင်ထွန်းမျက်နှာကို ဖျတ်ခနဲ အကြည့်ရောက်၏။

မီးခိုးငွေ့ကိုမှုတ်ထုတ်ရင်း တင်ထွန်းကသူ့အဖြေကို နားစွင့်သည်။

'နာကြည်းတယ်လဲမပြောဖူးဘူး၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ငါကလဲ အထွေအထူး မမေးမိဘူးလေ၊ ကျောင်းမှာတုန်းကဖြစ်ခဲ့တဲ့ သူ့ကိစ္စကို ငါစိတ်မဝင်စားချင်ဘူး၊ သူ့ရင်ထဲမှာ ရှင်းအောင်သာ သူ့ကိုဝန်ခံစကားဆိုတာလို့ ငါနားလည်ခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် စောစောက မင်းစကားထဲမှာ ပါတယ်လေ၊ ဘာလဲ....ချစ်နွယ်ကပြောတယ်၊ သူ့ရင်ထဲမှာတော့ လုံးလုံးမပျောက်နိုင်သေးတာ အမှုန်ပဲဆို'

'အင်း....ဟုတ်တယ်'

အောင်မြင့်ဝင်းကို ပြန်ဖြေရင်း အောင်မြင့်ဝင်းဆက်မည့် စကားကို နားစွင့်နေပြန်သည်။

'ဒါဆို....ရင်ထဲမှာ အဲဒီတစ်ယောက်ကိုစွဲလမ်းနေတုန်းမှာ သူမင်းကို တကယ်ပြန်ချစ်နိုင်ပါ့မလား ဇော်ဝေ'

အောင်မြင့်ဝင်းစကားအဆုံးမှာ လေပူကိုမှုတ်ထုတ်လျက် စားပွဲထောင့်စွန်းမှာချထားသည့် ဆေးပေါ့လိပ်တိုကို ကောက်ကိုင်လိုက်မိသည်။

ရေနွေးကြမ်းစာရေးကိုပြန်ချရင်း တင်ထွန်းကမေးပြန်သည်။ မီးညှိပြီးစ ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်း မီးခိုးငွေ့နှင့်ရောသော လေပူမှုတ်ထုတ်သည်။

'မင်းတို့ ဘာပြောချင်တယ်ဆိုတာ ငါသဘောပေါက်ပါတယ်ကွာ၊ ဒါပေမယ့်ဘာတတ်နိုင်ဦးလဲ၊ သူ့အချစ်ကို လုံးလုံးလျားလျား မရယင်တောင်မှ ရသမျှကိုပဲ ငါအမြတ်တနိုးထားနိုင်ပါတယ်'

အဝေးနံရံကို ငေးစိုက်ရင်း ပြောမိသည့် သူ့စကားကို အောင်မြင့်ဝင်းရော တင်ထွန်းပါ ကြားနိုင်ကြပါလျက် စကားမပြန်ကြတော့။ အတွေးကိုယ်စီနှင့် ဆိုင်ပြင်ကို လှမ်းငေးနေတာတွေ့သည်။



ဆိုင်ရှေ့မှဗာဒံရွက်ကြွေသည် လေအဝှေ့၌ မြေနှင့်လျှောတိုက်အသံမြည်၏။

ချစ်နွယ်သူ့ကို နားလည်ယုံကြည်စွာနှင့် ချစ်လာနိုင်မည်ဟု မျှော်လင့်စိတ်သည် အိပ်မက်များစွာကို မွေးဖွားလာနိုင်သည်ဟု သူယုံကြည်မိပြန်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဝါတချို့ စိမ်းတချို့ သစ်ရွက်တွေနှင့် သစ်တန်းကို ဖြတ်စဉ် သစ်ပင်တန်းနောက်နားမှ အဆောင်ဆီသို့ အကြည့်ရောက်ဖြစ်သည်။

လေနှင့်အတူ ဝဲဝေ့ချာလည်နေသော ရွက်ကြွေအချို့ ကားရှေ့မှန်ပေါ် ကျလာ၏။

အဆောင်ရှေ့ အဝင်ထောင့်နားမှာ သံတံခါးကို မှီလျက် နီးကပ်စွာ ယှဉ်တွဲထိုင်ရခြင်းသည်ပင် မငြီးငွေ့နိုင်သော ကြည်နူးစရာတစ်ခုဟု ယုံမှတ်ခဲ့သည်ပဲ။ သူ့ကိုယ်ငွေ့သည် နွေးပွေ့နှောင်ဖွဲ့ထားသည် မဟုတ်ပါဘဲ ယှဉ်တွဲထိုင်ရုံဖြင့် ရင်ခုန်စရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်ခဲ့ဖူးသည်ပဲ။ ချွဲခြင်းမရှိသော်ငြား စကားသံချိုချိုသည့် ရင်ကို အေးမြစေသည့် ထင်ခဲ့ပါ၏။

သတိရနေခြင်းဖြင့် နှလုံးသားကို ညှဉ်းဆဲပူပန်စေတတ်သည့် အဖြစ်၊ ဝေဝေ နားလည်သည်။ အမှတ်တရများစွာကို အကြိမ်ကြိမ်ခေါ်ထုတ်၍ ရင်ကို အသင့်ပြုလုပ် တည်ဆောက်လိုက်ချင်ပါ၏။

အကွဲအရှများစွာ လွင့်စဉ်မွှေကြ၍ စုနှစ်နေသကဲ့သို့ တိုက်ဆိုင်မှုအနန္တတို့ နှလုံးသားမှာ ရှိနေကြဆဲပါလား။

လေဝေ့လိုက်သည့်ဆံပင်ကို လက်ဖြင့်သပ်တင်ရင်း သက်ပြင်းကို ခိုးချသည်။ အကြည့်ကိုလွှဲ၍ ကားထဲသို့ဝေ့သည်။

'ညနေကျယင် လာမကြိုနဲ့တော့ မာမီ'

ဟု ဘေးနားမှာကပ်ထိုင်နေသည့် မာမီ့ကို ချိုနွယ်ပြောလိုက်၏။

'ဘာလဲ ...မောင်ဇော်ဝေလာကြိုမယ် ပြောလို့လား'

မာမီ့စကားကြောင့် ရုတ်တရက် အကြည့်လွှဲမိပြန်သည်။ မာမီ့စိတ်ထဲမှာ သူနှင့်ပတ်သက်စရာယောကျ်ားသည် ကိုဇော်ဝေဆိုသည့် လူမှလွဲ၍ မရှိရစကောင်းဟု သတ်မှတ်ထားပါသလား။

ဟုတ်ကဲ့ဟုသာ မာမီ့ကိုပြန်ဖြေရင်း အပြင်ဘက်ကို ခေါင်းငဲ့ ငေးနေလိုက်တော့သည်။

ညနေ အလုပ်ဆင်းချိန်ဆိုလျှင် ကိုဇော်ရောက်လာတတ်တာ သေချာသည်။ ရောက်လာတိုင်းလည်း အိမ်အထိ လိုက်ပို့ပေးမည် ပြောခဲ့သည်ပဲ။



အိမ်မှာ မာမီတစ်ဦးတည်း သုံးရှုဖြင့်ပင် မအားရသော အိမ်ကကားကိုပင် စောင့်မည်ပြောကာ ကိုဇော်လိုက်ပို့ခြင်းကို ချိုနွယ် ငြင်းတတ်ခဲ့သည်ပဲလေ။

'ချိုနွယ်ရယ်.... တစ်ရက်တလေ အေးအေးဆေးဆေး စကားပြောရအောင် မနက်ဖြန်ညနေ အိမ်ကကားကို မကြိုခိုင်းပါနဲ့လား၊ ကိုဇော် လိုက်ပို့ပါ့မယ်၊ ချိုနွယ့် မာမီတို့နဲ့လဲ ကိုဇော်မတွေ့တာကြာလို့ အိမ်အရောက် လိုက်ခဲ့ချင်တယ်'

ဟု မနေ့ညနေကတော့ ကိုဇော်ပြောခဲ့၏။

နေ့တိုင်း ကိုဇော်အိမ်အထိလိုက်ပို့ပါရစေ ပြောသည့်စကားကိုသာ မာမီကြားလျှင် ငြင်းဆိုခဲ့သည့်ချိုနွယ့်ကို မာမီ သတိ...ချင်လေမည်လား မသိ။

ကားအကွေ့မှာ ကိုယ်ယိမ်းလျက် ယိုင်သည်။

* *

'ကိုဇော်... ဘယ်သွားမှာလဲ'

ညနေ သူဆင်းလာတော့ ကိုဇော့်ကား ရောက်နေတာ ...သည်။ ကားနားရောက်တော့ ထားခေါင်းကိုမှီရင်း သူ ...ကြည့်နေသည့်ကိုဇော်ကို သူမေးလိုက်ပြီးမှ မယုံကြည်ရ ...သွားပြီလား တွေးဖြစ်ခဲ့သေးသည်။ ပြီးမှ ကိုဇော်က

www.burmeseclassic.com

www.burmeseclassic.com



စကားကို အကျအနမကောက်တတ်တာ သတိရပြီး စိတ်အေး
သွားပြန်၏။

'ချိုနွယ်နဲ့ အေးအေးဆေးဆေး စကားပြောလို့ရယင်
ပြီးတာပါပဲ ချိုနွယ်....'

ဟုဆိုတော့ ဘာကြောင့်များ ဘယ်ကိုသွားပြီး စကား
ပြောယင် ဘယ်လောက်အေးဆေးဆိတ်ငြိမ်မှု၊ ဘယ်မှာ ဘယ်
လောက်လွတ်လပ်မှုရှိတယ်ဆိုတာ ကိုဇော်မသိပါသလဲဟု တွေး
ဖြစ်ပြန်သည်။

'ဒီနားကဆိုင်တွေပဲ သွားထိုင်တာပေါ့ ကိုဇော်၊ အဲဒီ
မှာ အစားအသောက်ရော လက်ဖက်ရည် ကော်ဖီပဲ
ရတာပဲ'

ဟုပြောကာ ကားတံခါးကို ဆွဲဖွင့်လိုက်သည်။ ကိုဇော်
ဘာမှပြန်မပြောဘဲ ကားထဲဝင်ထိုင်လိုက်၏။

'မဟုတ်ဘူးချိုလေးရဲ့၊ ချိုလေးပြောတဲ့ဆိုင်က တော်
တော့ကောင်းပါတယ်၊ ဒါပေမယ့် ကိုကိုခေါ်သွား
မယ့်ဆိုင်က ချိုလေးပိုပြီးသဘောကျသွားမယ် သိလား'

ကိုဇော် ကားစက်နှိုးစဉ်မှာ တစ်ရံရောက သူ့စကား
တွေကို ပြန်ကြားနေရပြန်ပြီလေ။

ချိုနွယ့်ကို သူ ထာဝစဉ် လွှမ်းမိုးခဲ့တာပါလား။ အစား
အသောက်ဆိုင်ရွေးတာကအစ၊ သူကြိုက်တဲ့ဆိုင်ကို ချိုနွယ်
ပိုပြီးသဘောကျခဲ့တာ အမှန်။

သူပြောသလိုပင် ချိုနွယ်ပြောသည့်ဆိုင်ထက် ပိုရှိန်နှစ်သက်
စရာ ကောင်းကြောင်း ဝန်ခံခဲ့ရသည်မှာလည်း အမှန်ပင်



ကိုဇော်ကတော့ ချိုနွယ့်ကို ဘာကြောင့် ဒီလိုမလွှမ်းမိုးချင်
ရတာတဲ့လဲကွယ်၊

ဆိုင်ရှေ့ကိုကားရင်လိုက်ပြီး ဆင်းသောအခါမှ သည်ဆိုင်လာခဲ့
တာ များပြီလားဟု ထင်ပြန်သည်။ အမှတ်တရများစွာခြေရာ
များစွာက သည်ဆိုင်မှာ ရှိနေပြန်ပြီပဲ။

မရောက်တာကြာပြီဖြစ်သော ဆိုင်ဝင်းကျင်ကို ငေးကြည့်
ရပ်နေမိပြန်သည်။ ဆိုင်ထောင့်က တရုတ်စကားပင်ကြီးဆီ
အကြည့်ရောက်ပြန်သည်။

'လာလေ....ချိုနွယ်'

လှမ်းခေါ်ပြီး ဆိုင်အဝင်အဝမှရပ်စောင့်သူထံ အကြည့်
ရောက်ကာ အာရုံကိုပြောင်းသည်။ လှမ်းကြည့် ပြုံးပြလျက်
ဆိုင်ထဲဝင်သည်။

'လာ.... ကိုဇော်၊ ဟိုထောင့်ကစားပွဲ သွားထိုင်ကြ ရ
အောင်'

ဆိုင်ထဲရောက်တော့ ရပ်ပြီး ထိုင်စရာရွေးနေသော ကိုဇော်
ကို သူကပင် ဦးဆောင်ခေါ်လိုက်၏။

သတိရနေမည်အတူတူ မထူးတော့ပါဟု စဉ်းစားရင်း
သူနှင့် ကြိမ်ဖန်များစွာထိုင်ခဲ့သည့် တရုတ် စကားပင်နားက
ထောင့်စားပွဲကို ဦးတည်လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ပြီးမှ သူနှင့်အတူထိုင်ခဲ့စဉ်က နေရာမှာပင် ဆိုင်အပြင်ကိုမျက်နှာပေးကာ ထိုင်မိလျက်သား ဖြစ်နေပါတာလားဟု အသိဝင်ကာ သက်ပြင်းခိုးချမိသေးသည်။

* * *

'ကိုဇော် ဘာပြောလိုက်တာလဲဟင်'

ငေးကြည့်နေသည့်မျက်နှာဆီသို့ ပြုံးပြရင်း အားနာစွာဖြင့် ပြန်မေးလိုက်မိသည်။

'ကိုဇော်ပြောတာကို ချိုနွယ် စဉ်းစားနေတာလားလို့ မေးတာ'

ဆိုတော့ သူ့ကို အားနာသွားမိပြန်သည်။

ပြုံးလျက် 'အင်း'ဟု ပြောကာ သူ့မျက်နှာကိုမကြည့်ရက်တော့ဘဲ ခေါင်းကိုငုံ့သည်။

ကော်ဖီအရောင်သည် အချိုကဲမည့် လက္ခဏာပါလားဟု တွေးမိသေးသည်။ လက်ဖက်ရည် ချိုပေါ့ကျဲဟု မှာတတ်ပြီး အရောင်ကိုကြည့်သျှင် ချိုမည်ကျမည်ဟု ခဏလေးပြောတတ်သည့် စကားသံတို့ကို ကြားယောင်နေပြန်၏။



ကော်ဖီနှစ်ခွက် ဘုသာမှာတတ်ပြီး ကော်ဖီဆိုသျှင် ခါးခါးကြိုက်တတ်သည့် သူ့သဘောကို ကိုဇော်ဘာလို့သိနိုင်ရန်မကြိုးစားပါသလဲကွယ်။ သည်နွယ် အသေးအဖွဲ့ကလေးများစွာဟာ လူ့ဘဝမှာအကြီးမားဆုံး အမှတ်တရ အရေးအကြီးကိစ္စတွေဖြစ်လာတတ်တာ ကိုဇော်မသိလို့ပါလား။

'ပြောလေ ချိုနွယ်'

ခေါင်းကို မော့လျက် သက်ပြင်းကိုချကာ မျက်နှာချင်းဆိုင်သည်။

'ဘာကိုပြောရမှာလဲ ကိုဇော်'

ဟု ပြန်မေးလိုက်မိပြန်သည်။

'ချိုနွယ် ကိုဇော့်အချစ်ကိုယုံတာလောက်နဲ့ ဘဝတစ်ခုလုံးကို လက်တွဲရဲပါ့မလားလို့ ကိုဇော် မေးခဲ့တယ်လေ....'

စင်စစ် ကိုဇော်ထပ်မပြောလျှင်လည်း သည်အမေးဖြစ်မည်ကို ချိုနွယ်သိပြီးသားပဲလေ။

'မိန်းမတစ်ယောက် အားကိုးနိုင်တဲ့ အရည်အချင်းတွေ ကိုဇော့်မှာ ရှိပါတယ် ကိုဇော်၊ ဒီ့ထက်ပြောရယင်တော့ မိန်းမတွေကြိုက်နိုင်တဲ့အရာတွေ ကိုဇော့်မှာ ပြည့်စုံနေပါတယ်လေ'

'အဲဒါကြောင့် ကိုဇော့်ကိုလက်ထပ်နိုင်တဲ့ အမျိုးသမီးကိုတော့ ကိုဇော်မလိုချင်တာ အမှန်ပဲချိုနွယ်

www.burmeseclassic.com



သည်တစ်ခါ ကိုဇော့်ဆီမှစကားမှာ မာန်ငွေ့ပါလာသည် ဟု သူနားလည်သည်။ သည်မာန်မျိုးတော့ ချိုနွယ်ကြိုက်၏။

'ကိုဇော့်အချစ်ကို ချိုနွယ်ယုံပါတယ်လို့ပြောရုံနဲ့ မလုံလောက်သေးဘူးလား ကိုဇော်ရယ်'

မျက်နှာချင်းဆိုင်ကာ အကြည့်ဆုံခိုက်မှာ ပြောလိုက်၏။

'ကိုဇော့်မေတ္တာကို ချိုနွယ်ယုံသလို ချိုနွယ့်အချစ်ကို လဲ ကိုဇော်ယုံပါစေ ချိုနွယ်'

စူးစိုက်ကြည့်ကာ ပြောလိုက်သောစကားကြောင့် မျက်လွှာချကာ စားပွဲခင်းကို လက်နှင့်ပွတ်သပ်နေမိပြန်သည်။

လူတစ်ယောက်ကို ချစ်ပြီးမှ နောက်ထပ် တစ်ယောက်ကို ချစ်ပါတယ်ဆိုတဲ့စကား ပြောကြားရန် စိတ်ကမသန့်ချင်။

'ချိုနွယ် ကိုဇော့်ကိုချစ်တယ်မဟုတ်လားဟင်'

ဆိုတော့ ခေါင်းကိုမော့ကာ သက်ပြင်းကိုချလျက် အကြည့် ဆုံမိပြန်သည်။

'ပြောလေ ချိုနွယ်'

'ပြောရဦးမှာလား ကိုဇော်ရယ်'

မသိမ့်တပတ်စကားဟု မိမိကိုယ် မိမိ မလုံမလဲဖြစ်ရသေး သည်ပဲ။

ဘာတတ်နိုင်မှာလဲလေဟု ဖြေတွေး တွေးရင်း...



'ကိုဇော် ချိုနွယ့်ကို စိတ်ကုန်လာတဲ့အခါ ပွင့်ပွင့်လင်း လင်းပြောပြီး ချန်ထားခဲ့ပါ ကိုဇော်၊ ကိုဇော်ချစ်နေ နိုင်သမျှ ချိုနွယ့်ကိုချစ်သွားလို့ရပါတယ်'

ဟု မဆီမဆိုင်စကားကို သူပြောလိုက်မိပြန်သည်။

'ချိုနွယ်ရယ်...ကိုဇော် ချိုနွယ့်ကိုလက်ထပ်ပြီး ရာသက် ပန်ချစ်သွားမှာပါ'

မယုံဘစ်ဝက်နှင့် အကြည့်ဆုံထားမိဆဲ။

ရာသက်ပန်ဆိုသည့် ချစ်စကားကို ယောကျ်ားတွေပြော နေကျဖြစ်ပါသလား အတွေးရောက်၏။ နောက်နောင် မသိ နိုင်သော ကိုယ်မပိုင်သည့်အနာဂတ်အတွက် စိတ်လက်ပေါ့ပါး စွာဖြင့် အာမခံချက်ပေးရဲဘတ်ကြတာပါလားလေ။

မိမိမှလွဲ၍ တစ်ပါးသူကို ယုံရဲခြင်းသတ္တိ နည်းပါးသွား အောင် သွန်သင် တတ်မြောက်ခဲ့ပြီးဖြစ်သည်ကို ကိုဇော်တော့ သိမည်မဟုတ်။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

နောက်ဆုံး စာသင်ချိန် ပြီးလို့ အောက်ကို ဆင်းခဲ့တော့ ထံ့ကော်ပင်အောက်မှာ ရပ်နေသည့် ကိုကို့ကို ချိုနွယ် လှမ်းမြင်ရသည်။

'ကိုကို လာစောင့်နေတယ်၊ ငါသွားတော့မယ်သူဇာ'

ဟု မြူးရွှင်စွာ သူငယ်ချင်းတွေကို နှုတ်ဆက်စကားဆိုပြီး ထမ်းခွဲ့စဉ် သူငယ်ချင်းတွေ၏ အစအနောက် စကားကိုကြား လျက် စိတ်မဆိုးနိုင်တဲ့ ကြည်နူးရသေးသည်လေ။

'ကိုကို စောင့်နေတာ ကြာပြီလား'

လွယ်အိတ်ကြီးကို ရွှေဆွဲချရင်း ကိုကို့ရှေ့မှာ ရပ်လျက် ကိုကို့မျက်နှာကိုကြည့်ကာ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မကြာသေးဘူး ချိုလေး၊ ကိုကိုက ဒီအချိန်နဲ့ ချိုလေး ကို တွေ့မယ်တောင် မထင်မိဘူး'

စီးကရက်ကိုပင်ချလျက် ရှူးဖိနပ်ဖြင့် ဖိနင်းရင်း ကိုကိုက သူ့ကိုမကြည့်ဘဲ ပြောသည်။

'ကိုကိုကလဲ မနေ့က ချိုလေး ကိုကို့ကို ပြောပါ တယ်၊ မနက်ဖြန် သုံးနာရီနှစ်ဆယ်မှာ အဘန်းပြီးမှာ လို့၊ ချိုလေးစကားဆို အမြဲမေ့ထားတာပဲ'

စိတ်မဆိုးသော်ငြား စိတ်ခုစကားကို ဆိုဖြစ်သည်။ ထုံးစံ အတိုင်း ကိုကိုက ပြုံးကြည့်လျက် နေသည်။ ကိုကိုပြုံးလျှင် နှုတ်ခမ်းမှာသာမက ကိုကို့မျက်ဝန်းထဲမှာပင် ပြုံးရိပ်ကို မြင် ရသည် ထင်၏။ သည်အပြုံးသည်ပင် စကားလုံးများစွာဖြင့် တောင်းပန်သည်ထက် ပိုမိုကျေနပ်ဖွယ် နှစ်သိမ့်ပြုံးဟု မှတ်ယူ ကာ ချိုနွယ် စိတ်ပြေစမြဲပါ။

'လာ ချိုလေး....'

ဟု ခေါ်လျက် ကိုကိုခြေလှမ်းစတော့ ကိုကို့ဘေးက သူ ပါရပြန်ပြီ။ ဘယ်ကိုလဲဟုပင် မမေးမိတော့ဘဲ အိမ်ကထား လာကြိုဘတ်တဲ့အချိန် ကိုကိုသိနေတာပဲ၊ အဲဒီအချိန်မတိုင်မီ အရောက်ပြန်ပို့ပေးမှာပေါ့လေဟု စိတ်ထဲကတွေးသည်။

ကျောင်းဝင်းကအထွက် ဆိုင်လှမ်းမြင်ရစဉ် ချိုလေးတစ်ခုခု သောက်ဦးမလား ဟု ကိုကိုမေးပြန်၏။

ကိုကို့သဘောလေဟု ထုံးစံအတိုင်း သူဖြေသည်။



'ဒါဆို ဆိုင်ထဲမဝင်တော့ဘူး နော်၊ ကိုကို ချိုလေး ကို စကားတစ်ခုပြောစရာရှိလို့...'

ခုနက ရှုကိုကြည့်ရင်း ပြောလိုက်သည့်မျက်နှာကို ဖျတ်ခနဲ ကြည့်ရောက်သည်။ ဘာမှထူးခြားသလို တစ်ချက်ခေါင်းငဲ့ ကြည့်ကာ မျက်နှာလွှဲသွားတော့ 'ကိုကို ဘာပြောမှာလဲဟင်' ဟု မေးလိုက်မိ၏။

'လာ ချိုသေးရယ်၊ ကျောင်းဝင်းထဲက ခုံတွေမှာပဲ ထိုင်ကြရအောင်'

အင်းလျားလမ်းကို ဖြတ်ကူးမည်ပြုပြီးမှ ဘာစိတ်ကူး ရသည်မသိ၊ ကိုကိုက ရပ်ရင်းပြောကာ နောက်ကြောင်း လှည့်သည်။

'ကိုကို ဘာဖြစ်နေဘာလဲဟင်'

နားမလည်စွာ ချိုနွယ်က မေးလိုက်မိ၏။ ကိုကို့နှုတ်မှ အဖြေကို မကြားရသော်လည်း သက်ပြင်းရှည်တစ်ခုကို ကား ကြားလိုက်ရပြန်သည်။

ကိုကို့ဘေးမှာကပ်လျက် ငြိမ်သက်စွာပင် လိုက်လျှောက် လာခဲ့မိ၏။ ကတ္တရာလမ်းနှင့် ရှူးဖိနပ်ခွာသံတို့ ထိသံတခွပ်ခွပ် ကိုသာ ကြားနေလျက် စကားသံဆိတ်သည်။

'ဒီမှာပဲ ထိုင်ရအောင်နော်'

စာကြည့်တိုက်နားက ကုံ့ကော်ပင်တွေအောက် အရောက် မှာ ခုံတန်းတစ်ခုဆီသွားရင်း ပြောသည်။ ဘာပြန်မပြော

www.burmeseclassic.com

www.burmeseclassic.com



မိတော့တဲ ကိုကို့ဘေးမှာ ငြိမ်ငြိမ်လေး ထိုင်ချလိုက်မိ၏။ ပေါင်ပေါ်မှာ ကချင်လွယ်အိတ်ကလေးကိုတင်ရင်း လွယ်အိတ် ဆံမြိတ်ဖျားကို ကိုင်နေလိုက်မိသည်။

'ချိုလေး'

ညင်သာလျက် စွဲမက်ဖွယ်အကောင်းဆုံးအသံဟု ရင်၌ ခံစားနိုင်သည့်ခေါ်သံကို ကြားလိုက်၏။ မျက်နှာက ချက်ချင်း မော့ကာ ကိုကို့အကြည့်ကို ဆုံဖြစ်ပြန်သည်။

'ကိုကို ဒီနေ့ ဘာဖြစ်နေတာလဲဟင်'

စူးစိုက်ကြည့်ရင်း စကားထွက်မလာသေး ကိုကို့ကို မကျေနပ်စွာဖြင့် မေးလိုက်မိ၏။

နှုတ်ခမ်းက တွန့်ရုံသာလှုပ်လျက် မျက်ဝန်းဖြင့် ပြုံးပြနေပြန်သည်။

'ချိုလေးကို ကိုကို တစ်ခုမေးမယ်နော်'

'မေးလေ ကိုကို'

နားစွင့်ထားမိပြန်သည်။ ကိုကိုက အကြည့်ကိုလွှဲ၍ ထံ့ကောင်ပင်ဆီ ပို့ထားလိုက်၏။

'ချိုလေး ကိုကို့ကို အရမ်းချစ်လားဟင်'

စကားသံ ညင်ညင်သည် တီးတိုးထွက်လာ၏။

'ဟာ....ကိုကိုကလဲ၊ အဲဒါ မေးနေစရာ လိုသေးလို့လား'

ချိုနွယ့်စကားကြောင့် မျက်နှာ လှည့်လျက် ချိုနွယ့်ကို အကြည့်ဆုံပြန်သည်။



'ချိုနွယ့်ဘဝမှာ ကိုကို့ကိုပဲ ချစ်ဖူးတာ၊ ကိုကို့ကို အရမ်းချစ်တာပေါ့၊ ဘယ်သူနဲ့မှ နှိုင်းစရာ ယှဉ်စရာ မရှိအောင် ချစ်မိပါတယ် ကိုကို'

'ဘာလို့ချစ်တာလဲ ဟင်'

'ဟာ....ကိုကိုကလဲ'

အကြည့် ဆုံထားမိသဲ။

'ဖြေလေ ချိုလေး'

'ဒါတော့ ဘယ်သိမလဲကိုကို၊ ချစ်တာပဲသိတယ်၊ ချစ်တော့လဲ ကိုကိုနဲ့ပတ်သက်တဲ့အရာအားလုံးကို ချစ်စရာ စွဲမက်စရာတွေချည်း သင်မိတာပဲလေ'

ကိုကိုက မျက်နှာလွှဲလျက် သက်ပြင်းကိုချသည်။

'နေပါဦးကိုကို၊ ဘာဖြစ်လို့ အဲဒါတွေကို မေးနေရတာလဲဟင်'

ချိုနွယ့် အမေးကြောင့် ကိုကို့မျက်နှာ လှည့်လာ၏။ ချိုနွယ်နှင့် အကြည့်ဆုံသည်။

'ကိုကိုပြောတာတွေကို သေသေချာချာ နားထောင်နော် ချိုလေး'

'အင်း....'

နှုတ်မှ အင်းဟု ဖြေလျက် ခေါင်းညိတ်သည်။ ကိုကို့စကားတို့သည် ခါတိုင်းနှယ် နှုတ်လျှာသွက်သက်စွာ ရွှန်းရွှန်း မဝေနေပါလားဟု အမှတ်ထားမိပြန်သည်။

www.burmeseclassic.com



'ချိုလေး ကိုကို့ကိုအရမ်းချစ်တယ်ဆိုတာ ကိုကိုသိပါတယ်ချိုလေး၊ အဲဒီလောက်ထိ ကိုကို့ကို ချစ်သာလိမ့်မယ်လို့ ကိုကိုမထင်ခဲ့ဘာလဲ အမှန်ပဲလေ'

'ဟင်...ကိုကိုမထင်ဘူး ဟုတ်သား'

'ဟုတ်ဘယ်ချိုလေး၊ ချိုလေးစဉ်းစားကြည့်လေ၊ ကိုကို့ကို စပြီးလက်ခံတုန်းကလဲ ချိုလေး မယုံမကြည်မဝံ့မရဲနဲ့ လက်ခံခဲ့တာပဲမဟုတ်လား'

'သူငယ်ချင်းတွေကလဲ ကိုကို့ကိုမချစ်ဖို့ တားကြသေးတာပဲလေ'

'ချိုလေး ကိုကို့ကို မဝံ့မရဲနဲ့လက်ခံပြီး တွဲခဲ့တာကိုလဲ ကိုကို မကျေမနပ်မဖြစ်ခဲ့မိပါဘူး၊ ချိုလေးစိတ်ထဲမှာ ကိုကို့ကို ဘယ်တော့မှ သံသယကင်းမှာမဟုတ်ဘူး၊ စွဲစွဲလမ်းလမ်း ချစ်သာခဲ့မှာမဟုတ်ဘူးလို့လဲ ထင်ထားခဲ့တာ'

အင်္ကျီအိတ် အဖုံးကိုဖွင့်လျက် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။

'ဘာလဲ...အခု ချိုလေးက ကိုကို့ကို စွဲစွဲလမ်းလမ်း ချစ်တယ်ဆိုတာသိတော့ ကိုကိုက မကျေနပ်လို့လား'

ကိုကိုက စကားမပြန်သေးဘဲ စီးကရက်ကို မီးညှိဖွာရှိုက်နေပြန်သည်။

'ပြောလေ ကိုကို'



ခိုးချင်းတိုက်ရင်း ထပ်မေးလိုက်ပြန်၏။

'ကိုကိုပြောပါမယ် ချိုလေး၊ ချိုလေးအဲဒီလို ကိုကို့ကို စွဲစွဲလမ်းလမ်းချစ်တယ်ဆိုတာသိလာတော့ ကိုကို အနေခက်လာတယ်'

'အနေရခက်လာတယ် ဟုတ်လား ကိုကို'

အဲဒီလွှာ နှုတ်မှလျှံထွက်သွားသော စကားကြောင့် ကိုကိုမျက်နှာကို လှည့်ကြည့်သည်။

'အမှန်ပဲ ချိုလေး၊ ကိုကို အနေရခက်လာတယ်၊ ပြီးတော့ ကိုကို လိပ်ပြာမသန့် ဖြစ်လာတယ်လေ...'

စီးကရက်ကို ပြွန်ခွေလျက် ကြွေကျသွားခဲ့သောပြာမှုန်များ ငုံ့ကြည့်ရင်း ကိုကိုက အကြည့်လွှဲလိုက်၏။

'ကိုကို ဘာတွေပြောနေတာလဲ၊ ချိုလေး နားမလည်ဘူး....'

'ချိုလေး'

စကားသံထွက်လာပြီး အကြည့်ဆုံသည်။ ပြန်မထူးဖြစ်ဘဲ ကိုကို့မျက်ဝန်းအစုံကို စူးစိုက်ကြည့်နေမိသည်။

ကိုကို့မျက်ဝန်းတွေက စူးရှနေသည်ထင်၏။ သို့တိုင်လျက် ကိုကို့နှုတ်ခမ်းက မပြုံး။ ထာဝရ ဝေဝေရီရီ ရှိနေတတ်သော မျက်ခင်းက တွန့်ရှုံ့ပြုံးသည့်အခါ တောက်ပ လာတတ်သော

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအစုံသည် ညို့ငင်နိုင်စွမ်းအရှိဆုံးဟု သူငယ်ချင်းတွေ ပြောမှ ချိုနွယ် စ၍ သတိထားဖြစ်ခဲ့သည်ပဲ။

သည်တစ်ခါတော့ မပြုံးဘဲနှင့် မျက်ဝန်းတွေက တောက်ပ ဖွေးရှနေသလို။

'ကိုကို ချိုလေးကို ချိုလေးချစ်သလို ရင်ထဲမှာ နှစ်နှစ် ကာကာမချစ်ဘူး ချိုလေး'

'ဟင်....ဘာပြောတယ် ကိုကို'

မိုးကြိုးပစ်လိုက်သံကို ရုတ်တရက်ကြားလိုက်ရသလို နားမှာ ဆူညံဟိန်းထပ်သွားစေ၏။ ရင်ထဲမှာ ဗလောင်ဆူသည်။ ပေါင်ပေါ်မှ လွယ်အိတ်ကြိုးကို တင်းတင်းကျစ်ကျစ် ဆုပ်ထား လိုက်မိသည်။

'ကိုကို ချိုလေးကို စ,နေတာလားဟင်'

စီးကရက်ကိုပစ်ချလျက် ဖိနှပ်ဦးနှင့်နင်းကာ ခေါင်းကိုငုံ့ ထားလျက်က ညင်ညင်သာသာ ခေါင်းခါသည်။

'ချိုလေး အံ့သြနေမှာ ကိုကိုသိတယ်၊ ချိုလေးက သိပ်ရိုးတယ်၊ သိပ်အေးတယ်၊ ဟန်မရှိဘူး၊ ဒါကြောင့် ချိုလေးကို ကိုကိုဆက်ပြီး' ညာမနေချင်တော့ဘူး။ မညာရက်တော့ဘူး ချိုလေး၊ ပြီးတော့ ချိုလေး ကိုကို့ ကို ခပ်ပေါ့ပေါ့ပဲသဘောထားယင် ကောင်းမှာ၊ အခု တော့ ချိုလေးက လေးလေးနက်နက် စွဲစွဲလမ်းလမ်း ဖြစ်လာပြီဆိုတော့ ကြာယင် ချိုလေးပိုပြီး ဒုက္ခရောက် မယ်လေ၊ ဒါကြောင့်....'



ပြောခဲ့သည့်စကားတို့ကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်လာသည်။ ကိုကို ဒီစကားတွေ ဘာကြောင့်ပြောခဲ့ရတာ လဲသည်း အံ့သြမ်းနည်းရပြန်သည်။

ကြည့်စမ်း...ခပ်ပေါ့ပေါ့ သဘောထားယင် ကောင်းမှာပဲ တဲ့။ ချစ်သူနှင့်ပတ်သက်သည့် အခသားအဖွဲ့လေးတွေပင် ဘဝ အကြီးမားဆုံးအရာ ဖြစ်နိုင်ပါလျက် ဘယ့်အတွက်နှင့် ချစ်သူကို ခပ်ပေါ့ပေါ့ထားနိုင်ရမည်နည်း။

'ကိုကိုတို့ လမ်းခွဲကြယင် ကောင်းမယ်ချိုလေး၊ ကိုကို က ချိုလေးနဲ့ မထိုက်တန်ပါဘူး၊ ချိုလေးရဲ့မေတ္တာ တရားကို ခံယူထိုက်တဲ့နှလုံးသားမျိုး ကိုကို့မှာမရှိ ပါဘူး'

'တော်တော့...တော်ပါတော့ ကိုကို'

အသံသည် တိမ်ဝင်သွား၏။ မျက်ရည်စတို့ ပါးပြင်ပေါ် လိမ့်ဆင်း စီးကျလာခဲ့သည်။

'အစက ချိုလေးကို ချစ်တယ်လို့ ကိုကိုဘာလို့ပြောလဲ'

မကြည့်ဖြစ်၊ မကြည့်ရဲသော်လည်း ရင်ထဲက စကားသံ တုံးပထွေးသည် ရှိုက်သံနှင့်ရောကာ ထွက်လာ၏။

'ချိုလေးက ကပြားမလေးလိုပဲ၊ ကိုကိုချစ်တဲ့ ပုံစံမျိုး လေးမို့ ချစ်တယ်လို့ပြောပြီး ကိုကိုတွဲခဲ့တာ'

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ ပေါ့ဆန်ပေါ့ပျက်သည့် စကားပါလဲဟု ရင်ထဲက စစ်ခနဲကျင်အောင် နာသည်။ ဘာစကားမှမပြော မိဘဲ ရှိုက်သံက လှိုင့်ထွက်လာပြန်၏။

'ကိုကို ကောင်မလေးတွေ အများကြီး တွဲခဲ့တယ်၊ ချို လေးလဲ သိတာပဲ၊ ချိုလေးလို့ ကိုကို့ကို မစွဲလမ်းကြ ဘူး၊ နှစ်နှစ်ကာကာ မချစ်ကြဘူးလေ၊ ဒီတော့ လမ်း ခွဲကြတဲ့အခါမှာလဲ ဘယ်သူမှ နင့်နင့်သီးသီး မခံစား ကြရဘူးပေါ့၊ အခု ချိုလေးကျတော့...'

'တော်ပါတော့ ကိုကို၊ ကိုကိုက ချိုလေးကို အစ ကတည်းက အပျော်တွဲခဲ့တယ်ဆိုတာ ချိုလေး သိ ကောင်းပါတယ်၊ ချိုလေးသာ မအူမလည်နဲ့ တကယ် ပဲ ကိုကို့ကိုယုံခဲ့မိတာ'

မကြည့်ဘဲပြောချင်သည့်စကားကို အားယူပြောပြန်သည်။

'ကိုကို့အပြစ်တွေချည်းပါပဲ ချိုလေး၊ ကိုကို ချိုလေး ကို ဆက်ပြီးမညာချင်တော့တာ အမှန်ပဲလေ၊ ကိုကို ချိုလေးကို စွဲစွဲလမ်းလမ်းနဲ့ ချစ်ချင်ပါတယ်၊ အဲဒီလို မခံစားရတာကိုသိလာတော့ ဆက်ပြီး ဟန်ဆောင်မနေ ချင်တော့ဘူး။ ကိုကို့ကို ခွင့်လွှတ်ပါတော့...'

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ရင်း ငိုရှိုက်နေလိုက် တော့သည်။



မိမိကိုယ်တိုင်ပင် ဘာကြောင့် ကိုကို့ကို စွဲလမ်းစူးနစ်စွာ ချစ်ခဲ့မိသည်ကို မသိနိုင်တာပဲ။ အခုလဲ မိမိကို ဘာကြောင့် ချစ်နိုင်ရတာလဲ ဆိုသည့်အမေးကို ကိုကို အဖြေရခက်အောင် မေးရက်တော့ပါလေ။

ကိုကို့ရင်ထဲမှာ နှလုံးသားမရှိဟုပင် ထင်လိုက်ပါ၏။

* * *

ကိုဖော်လိုက်ပို့ပြီး ပြန်သွားတော့ အခန်းထဲဝင် အိပ်ရာပေါ် ...လှဲ မျက်စိကိုမှိတ်ထားသဲမှာပင် ကိုကို့ဆီ အတွေးရောက် ၏၊ အကျိုးအကြောင်းမရှိ ပကတိရိုးရှင်းစွာ သို့မဟုတ် ပြတ် သားစွာပင် ကိုကို သူ့ကိုချန်ထား လမ်းခွဲသွားခဲ့ပါသည်လေ။

ရှာဖွေရသမျှမိမိဘက်မှတစ်ခုတည်းသောပြစ်ချက်မှာကိုကို့ ...ရှူးမူးစွဲလမ်းစွာ ချစ်ခဲ့မိခြင်းပင်။ တမ်းမော တပ်မက် ...သည်းစွာဖြင့် ချစ်ခဲ့ရခြင်းအတွက်ပင် ကိုကိုက အားနာလာ ...တာ မညာရက်တော့ပါဆို၍ လမ်းခွဲသွားတာ မဟုတ်ပါလား။

အခုများတော့ ကိုကို့ကိုပင် ကျေးဇူးတင်ရတော့မလား ...သိ။ ချစ်တယ်ဆိုသည့် စကားသံတို့သည် ရင်ထဲထိအောင် ...ဖောက် ဝင်ရောက်မလာနိုင်တော့၊ နားမှ ကြားကျက်၊ ...နှောက်ဆီသို့သာ ရောက်ကုန်ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတို့၏ ချစ်သည်ဆိုသည့်စကားကို ထမင်းစားပြီးပလား၊ နေကောင်းလားဟု လမ်းသွား လမ်းလာ ဆုံသည့်မိတ်ဆွေတို့၏ ပဋိသန္ထာရစကားပမာ ပြုံးရွှင် ရယ်ခဲမောစွာဖြင့်တုံ့ပြန်ဖြေကြားနိုင်ခဲ့ပါပြီလေ။

သည်ကြားထဲက ကိုဇော်လိုလူမျိုးကို ဆုံတွေ့ရပြန်တော့လဲ ကိုဇော့်ရင်ထဲမှာ ဘာရှိနေသည်ကိုမပြောဘဲနှင့်သိနိုင်လောက်အောင် ခန့်မှန်းနိုင်စွမ်းပြီပဲ။

ရင်ထဲမှာတကယ်ပင် ချစ်ခြင်းမေတ္တာရှိနေခဲ့သော ကိုဇော့်အတွက် မိမိနှုတ်ဖျားက ထွက်လာမည့်အဖြေကိုပေးရမှာ (ကိုကိုက မိမိကိုပြောခဲ့ဖူးသလို )အားနာမိပြန်ပါသည်လေ။

*

[ ၄ ]

'မရွှေချိုနွယ်၊ ညည်းက မောင်ဇော်ဝေလိုလူမျိုးကို ဘာလို့အချိန်ဆွဲနေချင်ရတာလဲ၊ သူ့မိဘမျိုးရိုးကအစ နာမည်ပြောလိုက်ယင် အားလုံးသိကြတာ၊ ဒီအသိုင်းအဝိုင်းမျိုးက ဒီလိုတစ်ဦးတည်းသော သားကိုယူရမှာ ညည်းဘက်က နာတယ်ထင်နေသေးလို့လား'

ခုတင်စွန်းမှာ တင်ပါးလွှဲချထိုင်ရင်း မောင်ဇော်ဝေနဲ့ ရွှေသေးသေး စကားချိုကတည်းက သည်အပြောမျိုးတွေကိုမာမီ့နှုတ်ကထွက်လာတော့မှာ သိနေပြီးသားလေ။

www.burmeseclassic.com



မာမီ့ကိုပြုံးကြည့်လျက် စကားမပြန်မိသေး။ အတွေးထဲမှာတော့ ကိုဇော်ဟာ မာမီပြောသလို ခေတ်လေးမျှ အချိန်မဆွဲဘဲ လက်ထပ်ပွဲပြုလုပ် ယူသင့်သူမျိုးပါလားဟု သိသည်။

'ညည်းအစ်ကို လင်မယားကလဲ သားသမီး တစ်မြုံနဲ့ အိမ်ပေါ် ရောက်လာပြန်တော့ မာမီ့ ဝန်ထုပ်ဝန်ပိုးဖြစ်လာပြန်ပြီ၊ အိမ်စရိတ်တွေကလဲ တက်ပြီးရင်းတက်နဲ့၊ ညကတော် ညည်းဒက်ဒီကို ကားရောင်းဖို့ တိုင်ပင်ရသေးတယ်၊ အဲဒီလို ဒက်ဒီ့အလုပ်အကိုင်ကလဲ အပိုဝင်ငွေ ကောင်းတော့တာမဟုတ်ဘူးလေ'

'အဲဒါ ဘာဆိုင်လို့လဲ မာမီ'

ဖတ်လက်စဝတ္ထုစာအုပ်ကို ခေါင်းအုံးပေါ် သို့မှောက်တင်လိုက်ရင်း မာမီ့ကိုကြည့်လျက်ပြောသည်။

'မဆိုင်ဘူး ဟုတ်သား သမီး'

မာမီက သူ့မျက်နှာကြည့်ရင်း ဘာအဲ့တသြဆိုသည်။

'ဒီခေတ် အတွေးမတိမ်စမ်းပါနဲ့ သမီးရယ်၊ သမီးမောင်ဇော်ဝေကို လက်ထပ်လို့ရှိယင် သမီးတစ်ယောက်တည်း ချမ်းချမ်းသာသာ ဘဝမျိုး ဖြစ်မှာမဟုတ်ဘူး၊ သမီးမာမီတို့ပါ အစစအရာရာ မှီခိုသွားနိုင်မှာ၊ ဘာဖြစ်ဖြစ် သမီးဒက်ဒီရဲ့ တိုးတက်ရာ တိုးတက်ကြောင်းဆိုတာလဲ မောင်ဇော်ဝေ့အဖေပေါ်မှာ....'

'တော်ပါတော့ မာမီရယ်၊ အဲဒီလိုအတွေးတွေနဲ့ ကိုဇော့်ကို သမီးလက်ထပ်ရမှာ လိပ်ပြာမသန့်ချင်ဘူး၊



ယောကျ်ားတစ်ယောက်ကိုဖမ်းတာမျိုးတော့ မဖြစ်ချင်ဘူး မာမီ'

မာမီ့ကိုမကြည့်ဘဲ ခေါင်းငုံ့ရင်း ပြောလိုက်မိပြန်သည်။

'ဒါ ဖမ်းတာမှမဟုတ်တာဘဲ သမီး၊ မောင်ဇော်ဝေကိုယ်တိုင်က သမီးကို နှစ်နှစ်ကာကာစုံခက်လို့ ကမ်းလှမ်းတာပဲဟာ'

'ဒါပေမယ့်....'

မာမီ့ကိုကြည့်ထားသည့် အကြည့်ကိုလွှဲဖယ်ကာ စာကြည့်စားပွဲဆီသို့ ငေးရီပို့သည်။ စကားကို ချက်ချင်းဖြတ်သျက်ဆောက်နိုင်တော့။ ဆက်မည့်စကားကို မာမီမကြားစေလို။

'ကိုဇော့်ကို သမီးမှမချစ်တာ'

ဆိုသည့်စကားကို စိတ်ဖြင့်သာ ဘာသာ ပြောဖြစ်လိုက်သည်။

ချစ်တာနဲ့လက်ထပ်တာ တခြားစီပဲလေ။ ချစ်သူကိုလက်ထပ်နိုင်ခွင့် ရှိချင်မှ ရှိနိုင်တာလား။ လက်ထပ်ထားတိုင်းလဲခင်မြဲနှစ်စွာချစ်လို့ ရချင်မှရနိုင်တာလားဟု စဉ်းစားမိကာမာမီ့ကိုပြောမည့်စကား နှုတ်မှမဆက်မိတော့။

မာမီကတော့ သတိမထားလိုက်မိ။ ထုံးစံအတိုင်း သူပြောချင်တာတွေကိုသာ ဆက်ပြောနေပြန်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

'နှင်မသိပါဘူး သူဇာရယ်....'

ဆိုတော့ လက်ဖက်ဇွန်းကိုကိုင်လျက် အံ့ဩစွာဖြင့် ချိနွယ့်မျက်နှာကို ကြည့်သည်။

'နှင်ဘာလို့ ကိုဇော်ဝေကို အချိန် ဆွဲနေရတာလဲ ချိနွယ်'

ဟု သူဇာပြောသဖြင့် သူဇာ့ကို နှင်မသိပါဘူးဟု ရုတ်တရက် ပြောလိုက်မိသည်။

'သူငယ်ချင်း.... လက်ဖက်ကို ကြည့်ခပ်ဦး၊ ငရုတ်သီး အတောင့်လိုက် ပါသွားဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို စူးစိုက်ကြည့်နေသည့် သူဇာ့ကို ချိုနွယ်က ပြုံးရင်းပြောသည်။

သူဇာနှင့် မာမီက တစ်လေတည်းပင်။ သူဇာအိမ်ရောက် လာလျှင်လည်း မာမီနှင့် ပူးပေါင်းပြီး သည်ကိစ္စအဘွက်ပင် သူ့ကို တိုက်စစ်ဆင်စမြဲ။

'နေပါဦး ချိုနွယ်၊ နင့်ကိစ္စ ငါမသိတာ ဘာရှိသေး လို့လဲ၊ နင် တက္ကသိုလ်ရောက်ကတည်းက ငါနဲ့အတူ တတွဲတွဲနေခဲ့ကြတာ၊ အခု ဆရာမဖြစ်တော့လဲ အလုပ် အတူဝင်၊ အတူသွား အတူလာပဲဟာ'

လက်ဖက်ဇွန်းကိုင်ရင်း မခပ်သေးဘဲ သူဇာက စကားဆက် သည်။

'ဟုတ်ပါတယ် သူငယ်ချင်းရယ်၊ ငါက အဲဒါကို ပြော နေတာမဟုတ်ပါဘူး'

လက်ဖက်ရည်အကြွမ်းအိုးကိုယူပြီး ရှေ့မှအကြွမ်းပန်းကန်ထဲ မှာငှဲ့ထည့်ရင်း ချိုနွယ်က ပြောသည်။ သူဇာက လက်ဖက် တစ်ဇွန်းကို ခပ်ယူစားတာ တွေ့၏။

'ဒါဆို နင်မသိပါဘူးဆိုတာ ဘာပြောတာလဲချိုနွယ်'

ဟု သူဇာက ဆက်မေးတော့ ချိုနွယ်ပြုံးချင်လာပြန်သည်။

'ဖြေလေ ချိုနွယ်'

'အချစ်ဆိုတာကို ပြောတာသူဇာ၊ အချစ်ဆိုတာကို နင် မသိပါဘူး၊ ဟုတ်တယ်မဟုတ်လား'

ချိုနွယ်က သူဇာ့ကိုကြည့်ရင်း ခပ်ပြုံးပြုံးနှင့် ပြောလိုက် သည်။ သူဇာက အခုချိန်ထိ ရည်းစားပင် ထားခဲ့ဖူးသူမဟုတ်။



'ဘာလဲ....ယောကျ်ားတွေပြောတဲ့ ချစ်တယ်ဆိုတဲ့စကား ကိုလား၊ ငါတော့ နင့်လိုအလေးအနက်ထားပြီး စဉ်း စားမနေဘူး ချိုနွယ်၊ ငါကြိုက်လို့ ယူသင့်တဲ့လူတွေယင် အိမ်ကိုသွားပြော၊ အိမ်ကလဲလက်ခံမယ်ဆိုယင် ငါလဲ သူ့လိုပဲ ချစ်တယ်လို့ပြန်ပြောလိုက်မှာပဲ'

သူဇာက ပြောပြီး ခရခွေးကြွမ်း ပန်းကန်ကို လှမ်းပြီး သောက်ယူသည်။

'သူဇာ့ကို ချစ်တယ်လို့ ပြောခဲ့တဲ့ ယောကျ်ားတွေကို ငြင်းခဲ့တာ သူဇာ့ဦးနှောက်နဲ့ စဉ်းစားပြီး ငြင်းခဲ့တာ ပေါ့နော် သူဇာ'

သူဇာ့ကို ကျောင်းသူဘဝတုန်းကပင် ချစ်ရေးဆိုသူတွေ ရှိသော ချိုနွယ်အသိ။ မချစ်နိုင်ပါဘူးဆိုသည့် စကားကိုသာ အကြိမ်သုံးစကားအဖြစ် ပြောနေကျ။

'ဦးနှောက်နဲ့ မစဉ်းစားလို့ ဘာနဲ့ စဉ်းစားရမှာတဲ့လဲ ချိုနွယ်၊ နင့်ခေါင်းထဲကို ဦးနှောက်ထည့်ပေးတာ စဉ်း စားဖို့၊ စဉ်းစားပြီး မှန်တယ်ထင်တာကို ဆုံးဖြတ်ဖို့ ပဲလေ....'

အကြွမ်းပန်းကန်ကိုပြန်ချရင်း သူဇာက စကားဆက်လိုက် သည်။

'ဒါပေမယ့် ခံစားဖို့နှလုံးသားဆိုတာလဲ ရှိသေးတာပဲ သူဇာရယ်'

လေသံပျော့နှင့် ချိုနွယ်က ပြောလိုက်ပြန်၏။

www.burmeseclassic.com

'ခံစားတာတော့ ခံစားတာပေါ့ချိုနွယ်၊ ဒါပေမယ့် ခံစားရင်းနဲ့တော့ မလုပ်သင့်တာ မလုပ်ဖြစ်အောင် အဆုံးဖြတ်မှားစေချင်ဘူးလေ၊ နင်ဘယ်လောက်ခံစားပြီး ချစ်ခဲ့တယ်၊ ဒီအချစ်ကြောင့် အခုထိ ဘယ်လောက်ခံစားနေရတယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့် အိမ်ထောင်ပြုဖို့ကို ဒီခံစားမှုကြောင့် အဆုံးဖြတ်မှားစေချင်ဘူးလေ၊ ကိုဇော်ဝေဟာ နင်အိမ်ထောင်အပြုသင့်ဆုံးလို့ ငါထင်တယ်'

လေနှင့်ဝေ့ဝဲနေသော ဝါရွက်တို့ကို ငေးကြည့်မိရင်း သက်ပြင်းကို ချမိပြန်သည်။

'အချစ်ဆိုတာ နှလုံးသားထဲမှာ ခံစားဖြစ်တည်လာတဲ့အရာလို့ ငါနားလည်တယ် ချိုနွယ်၊ ငါခံစားရဖူးပေမယ့် ငါအလေးအနက်ထားပါတယ်၊ ဒါပေမယ့် ချစ်တယ်လို့ ပြောတဲ့ စကားတိုင်းဟာ နှလုံးသားမှာ အချစ်ဖြစ်တည်လာလို့ အချစ်ရဲ့အင်အားနဲ့ တွန်းကန်ထွက်လာတဲ့စကား ဖြစ်မလာတာတော့ အမှန်ပဲ၊ လိုချင်တပ်မက်မှုအားလုံးအတွက် ခွင့်တောင်းစကားပဲလို့ ငါထင်တယ်လေ'

'ဘယ်လို...သူဇာ'

'ဟုတ်တယ်လေ.... နင့်ကိုကိုလို ယောကျ်ား မျိုးတွေအတွက်တော့ ချစ်တယ်ဆိုတဲ့စကားဟာ နှလုံးသားကလာတာမှမဟုတ်တာ၊ ချစ်သူတစ်ယောက်အဖြစ် ရနိုင်



တဲ့ အခွင့်အရေးအားလုံးအတွက် ရယူနိုင်ဖို့ ခွင့်တောင်းတဲ့စကားပေါ့၊ ဟုတ်ဘူးလား'

'ကိုကို အခွင့်အရေးမယူတတ်ခဲ့တာ အမှန်ပဲသူဇာ'

ကိုကိုနှင့်ပတ်သက်လာလျှင် ကိုကို့အတွက် ခုခံပြောဆိုတတ်သောအကျင့်က မပျောက်ချင်သေး။

'ဘာဖြစ်ဖြစ် ချိုနွယ်....နင့်နှလုံးသားထဲက ထုတ်ပစ်လို့ မရယင်တောင်မှ နင့်ဦးနှောက်ထဲကတော့ ထုတ်ပစ်သင့်ပါပြီ၊ နင် ကိုဇော်ဝေကိုပဲ အမြန်ဆုံး လက်ထပ်ဖို့ စဉ်းစားသင့်တယ်လေ'

ငေးရီနေသောချိုနွယ့်ကို သူဇာက လှမ်းပြောသည်။ သူဇာ့ကို ပြန်မကြည့်ဖြစ်သော်ငြား သူဇာ့စကားသည် နားဝ၌ ကြည်လင်ပြတ်သားစွာ ကြားနေပြန်၏။

*

www.burmeseclassic.com

www.burmeseclassic.com



ရွာချုပ်ကနေပြီး ဘယ်သူသွားချင်မှာလဲကွာ၊ အိုးမကွာ အိမ်မှာ ရန်ကုန်ရုံးချုပ်မှာပဲ နေချင်တာပေါ့'

အင်ထွန်းက ဆေးလိပ်ကိုဖွာရင်း ပြောလိုက်သည်။

'ဒါပေမယ့် နယ်မှာ လုပ်သက်မရှိယင်လဲ ဘာမှတတ်မှာ မဟုတ်ဘူးလေ၊ လက်တွေ့ကျကျ ပညာကိုအသုံးချနိုင်တာက နယ်မှာပဲလေ၊ နယ်မှာ လုပ်သက်ရပြီးမှ ရုံးချုပ်ကိုပြန်လာရတာ ပိုကောင်းပါတယ်'

ဟု အောင်မြင့်ဝင်းက စကားထောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဇော်ဝေ....မင်းအဘိုးကြီးကို ပြောခိုင်းကြည့်ပါလား ရန်ကုန်မှာ နေလို့ရအောင်'

'မလုပ်ပါနဲ့ကွာ.... ခုနေရာကမှ ထားဝယ်ကို ကူးလို့ သန်းလို့ လွယ်သေးတယ်၊ သူ့ပြောခိုင်းမှ ဒီထက်ပိုဆိုးတဲ့ နေရာကို ရောက်နေပါဦးမယ်'

တင်ထွန်းကိုပြန်ပြောရင်း ဇော်ဝေက အကြမ်းပန်းကန်ကို ကောက်ယူလိုက်သည်။

'မဆိုးပါဘူး၊ ထားဝယ်မှာက မင်းတို့အမျိုးတွေ ရှိ တယ်မဟုတ်လား'

'ရှိတယ်လေ၊ ဖေဖေ့အစ်မကြီး ရှိတယ်'

အကြမ်းပန်းကန်ကိုပြန်ချရင်း အောင်မြင့်ဝင်းကို ပြန်ပြော သည်၊

'ဒီကောင်က နယ်သွားရမှာ ကြောက်တာမဟုတ်ဘူး သူ့ချစ်ချစ်ကို ခွဲသွားရမှာကို ကြောက်တာတင်ထွန်းရဲ့ မင်းကမသိဘူး'

ဟု အောင်မြင့်ဝင်းက တင်ထွန်းဘက်ကို လှည့်ကြည့်ရင်း ပြောလိုက်သည်။

'ဟုတ်တယ်... မင်း ဘယ်လိုဆုံးဖြတ်ထားလဲ ဇော်ဝေ'

တင်ထွန်းက သူ့မျက်နှာကိုလှမ်းကြည့်ရင်း မေးလိုက်၏

'ငါကတော့ လက်ထပ်သွားချင်တာပေါ့ကွာ'

'မင်း ချစ်နွယ့်ကို လက်ထပ်ဖို့အထိ ဆုံးဖြတ်ပြီးပြီနော်'



အောင်မြင့်ဝင်းက စကားဖြတ်မေးသည်။

'ငါ ချစ်နွယ့်ကို ချစ်တယ်လို့ပြောတာနဲ့တင်ပြိုင်တည်း လက်ထပ်ဖို့ပါ ဆုံးဖြတ်ခဲ့တာပါ'

'အေးလေ....ကောင်းပါတယ်'

'ဒါပေမယ့် ထင်သလောက် အဆင်မပြေပါဘူးကွာ'

'ဘာလဲ....ချစ်နွယ့်ကြောင့်လား သူ့အိမ်ကြောင့်လား'

ဟု တင်ထွန်းကမေးသည်။

'ချစ်နွယ့်ကို ငါနားလည်အောင်၊ ကြိုးစားပါတယ်၊ သူ့အိမ်ကလဲ ငါ့ကို ကြည်ဖြူပုံရပါတယ်'

'ဒါဆို....'

'အေးကွာ...ခက်တာက ငါ့အိမ်ကပဲ ငါ့အိမ်ကို ချစ်နွယ်နဲ့ ငါ့ကိစ္စ လုံးလုံးလျားလျား ဖွင့်မပြောရသေးဘူး၊ တစ်ခါတစ်ခါ စကားဘောက်ကြည့်တာတောင်မှ အိမ်က လုံးဝလက်မခံဘူး၊အိမ်ကိုင်ထွက်နေတဲ့ ချာတိတ်မ တစ်ယောက် ရှိတယ်ကွာ၊ ငါ့အဘိုးကြီးအထက်က လူကြီးတစ်ယောက်ရဲ့ သမီး၊အဲဒီတစ်ယောက်နဲ့ သူတို့က ဖြစ်စေချင်ကြတယ်'

'အဲဒါ ပြဿနာ...'

'တကယ်ပြဿနာပဲ တင်ထွန်း၊ ကောင်မလေးကလဲ ချစ်သူတွေ့တာတော့မရှိတော့ ခက်တာပေါ့ကွာ၊ အိမ်သာ တော့ ငါကလဲ ဖေဖေတို့ မေမေတို့ ကျေနပ်အောင် လိုက်လိုက်လျောလျောနေမိတဲ့အခါတွေ ရှိတယ်၊ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



သူက သာယာနေမှာပေါ့၊ ပြီးတော့ သူ့ခေါင်းထဲမှာ တစ်နေ့မှာ သူနဲ့ငါ လက်ထပ်ရမယ်ဆိုတဲ့အသိ ရှိနေမှာပေါ့လေ’

‘မင်းတို့ကိစ္စက လွယ်ပါ့မလား ဇော်ဝေ’

စားပွဲအလယ်မှာရောက်နေသည့် မီးခြစ်ကိုလှမ်းယူလိုက်ရင်း အောင်မြင့်ဝင်းက လှမ်းမေးသည်။

‘မင်းအတိုးကြီး အတွားကြီးကလဲ တစ်ဦးတည်းသော သားဆိုပြီး မင်းကို သိပ်အလိုလိုက်တာမဟုတ်ဘူး၊ သူတို့ ပုံစံ သူတို့ဇယားနဲ့ ကိုင်တွယ်ခဲ့တာ၊ သူတို့ မင်းကို လျှော့ပေးပါ့မလား’

တင်တွန်းက ဝင်ပြောသည်။

သက်ပြင်းရှည်ကိုချလိုက်ရင်း ဆေးပေါ့လိပ်ကို ကောက်ယူသည်။

‘သိပ်တော့မထင်ဘူး၊ ငါ့ဇွတ်လုပ်ယင်လဲ လှည့်မကြည့်ဖို့များတယ်၊ တစ်ယောက်တည်းဆိုပြီး အိမ်ကမကြိုက်တာလုပ်ဖို့တော့ စိတ်မကူးနဲ့တဲ့၊ သားသမီးမရှိလို့ဘာမှမဖြစ်ဘူးတဲ့၊ မလိမ္မာတဲ့သားသမီးမျိုး ရှိနေတာထက် မရှိတာက ပိုဂုဏ်ရှိတယ်လို့ ခဏခဏပြောဖူးတယ်ကွ’

စကားဆုံးတော့ မီးခြစ်လှမ်းယူပြီး ဆေးပေါ့လိပ်ကိုမီးညှိဖွာရှိုက်လိုက်သည်။ ဆေးလိပ်မီးခိုးတို့ကို အဝေးသို့ မှုတ်ထုတ်လိုက်၏။

‘ချိုနွယ်စိတ်ဆင်းရဲမှာစိုးလို့ ဒီအကြောင်းတွေကို ငါဘာမှ သူ့ကိုအသိမပေးသေးဘူးကွာ’



‘ချိုနွယ်တရော လက်ထပ်မယ်လို့ မင့်ကိုပြောပြီးပြီလား’

တင်ထွန်းစကားကြောင့် တင်ထွန်းမျက်နှာကို အကြည့်ရောက်ပြန်၏။

‘အတိအကျတော့ သူ့ဆီကအဖြေကို မတောင်းဖူးသေးဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အိမ်ကို ဘာမှဖွင့်မပြောရသေးလို့ပဲ’

✲

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

'လိုက်ချင်လဲ လိုက်ခဲ့လေ၊ ခရီးအတူသွားဖူးတယ်ဆိုယင် သူတွေ အကြောင်း ပိုသိလာတယ် ပြောဖူးတာပဲ၊ ချုန္နယ့် အကြောင်းတွေ ပိုသိလာယင် ချုန္နယ့်အပေါ်မှာ ကိုဇော် စိတ်ထားပြောင်းချင် ပြောင်းသွားနိုင်တာပေါ့'

စနေနေ့မှာ တွဲဘေးသွားစရာရှိသည်ပြောတော့ ကိုဇော်က သူပါလိုက်ချင်တယ်ဆို၏။

'လိုက်ခဲ့ပါ ကိုဇော်ဝေ၊ ကိုဇော်ဝေ ပါလာတော့ သူဇာတို့လဲ အဖော်ရတာပေါ့'

ဟု သူဇာက စကားပြေပြစ်အောင် ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချိုနွယ်ကတော့ လမ်းခွဲစကားတွေချည်း ပြောနေတာ
ပဲ သူဇာရယ်'

ဟု ကိုဇော်က ပြုံးပြီးပြောတော့ ရင်ထဲမှာတကယ်မကောင်း
မိ။ ကော်ဖီပန်းကန်ကို အဓိပ္ပာယ်မဲ့စွာ နေရာရွှေ့ပြီး ချထား
လိုက်ရင်း....

'အဲဒီလိုမဟုတ်ပါဘူး ကိုဇော်'

ဟု စိတ်မကောင်းစကားကို ဆိုဖြစ်ပြန်သည်။

'တွံတေးမှာက သူဇာ့အထက် အစ်မရှိတယ်လေ
သူ့ အိမ်ထောင်ပြုတာကို အိမ်ကမကျေနပ်လို့ အိမ်က
လုံးဝအဝင်အထွက် ပေးမလုပ်ဘူး၊ ဒါကြောင့် သူဇာ
တစ်နှစ်တစ်ခေါက် နှစ်ခေါက်တော့ သွားတွေ့တယ်

သူဇာက စကားလွှဲကာ ပြောလိုက်သည်။

'အစ်မကတော့ ပြတ်သားတယ်၊ သူချစ်တဲ့သူကို
ရဖို့ အားလုံးကို စွန့်လွှတ်ရင်ဆိုင် သွားခဲ့တာပဲလေ
ဒါပေမယ့် သူတို့ကိုကြည့်ရင်း ကျွန်မက သတ္တိတဖြည်း
ဖြည်းနည်းနည်းလာတာ အမှန်ပဲ'

'သူဇာ တကယ်ချစ်တဲ့သူ မတွေ့သေးလို့ ဖြစ်မှာပါ'

ပြုံးရယ်လျက် စကားထောက်လိုက်သော ကိုဇော့်မျက်နှာ
ဆီသို့ သူဇာရော ချိုနွယ်ပါ အကြည့်ရောက်သည်။



'ဟုတ်တယ်....ချစ်သူမတွေ့သေးလို့လားတော့ မသိဘူး၊
အခုထိတော့ မိဘစိတ်မချမ်းသာတာကို စိတ်ကူးနဲ့
တောင် မလုပ်ကြည့်ရဲဘူး၊ နေပါဦး၊ သူများကိုပြော
ပြီး ကိုဇော်ဝေရော တကယ်တမ်း ကျွန်မအစ်မလို
သတ္တိရှိပါ့မလား'

သူဇာက မေးလိုက်သည်။

'စောင့်ကြည့်ပါ့ သူဇာ၊ အချစ်ဆိုတာ အရာရာကို
ရင်ဆိုင်ရဲတဲ့ သတ္တိစိတ်ကို မွေးဖွားပေးတယ်လို့ ကျွန်
တော်ယုံတယ်'

သူဇာ့ကိုပြောရင်း သူ့မျက်နှာကို လှမ်းကြည့်လိုက်တာ
...နွယ်သိ၏။

'ကျွန်တော့်ကိုမေးပြီးတော့ သူဇာ့သူငယ်ချင်းကိုရော
မမေးတော့ဘူးလား သူဇာ'

ဟု အရယ်တစ်ဝက်နှင့် ကိုဇော်က စကားကို သူ့ဘက်သို့
ဦးလှည့်ပေးလိုက်သည်။

'ကဲ....ဘယ်လိုလဲ မရွှေချိုနွယ်'

ဟု မာမီပြောနေကျအတိုင်း သူဇာက သူ့ဘက်မေးငေါ့
မေးလိုက်တော့သည်။

'အချစ်မှာ သတ္တိတရားတွေရှိတယ်ဆိုတာ ချိုနွယ်ဘာ
လို့မယုံရမှာလဲ၊ အဲဒီသတ္တိတရားကို မှန်ရာသုံးရဲတဲ့

www.burmeseclassic.com



သတ္တိဖြစ်အောင် မမှန်တာကိုဖယ်ရှားခဲ့တဲ့ သတ္တိဖြစ်အောင် ဆုံဖြတ်ပွဲပြင်ပေးဖို့ ဦးနှောက်သော့ လိုမယ်လို့ ချိုနွယ်ဖြည့်ပြောပါရစေ'

'သူဇာ့သူငယ်ချင်းက စကားတတ်တိုင်း လှည့်ပတ်ပြောတတ်တယ်'

ကိုဇော်က သူ့အဖြေစကားကို မကျေနပ်ဟန်နှင့် စကားပြန်ဆိုသည်။

'သူဇာတော့ ချိုနွယ်ပြောတာကို လက်ခံတယ်ကိုဇော် ကျွန်မတို့ ခဏလေးပျော်ရမှာထက် တစ်ဘဝလုံး တာကို မေ့ထားလို့ ဘယ်ဖြစ်နိုင်ပါမလဲ'

သူဇာက ချိုနွယ့်စကားကို ဝင်ပြီးထောက်ခံသည်။

'ဘာဖြစ်ဖြစ်ဗျာ....ကျွန်တော်တော့ အစွန်းရောက်တယ် ပြောချင်ပြော....ချစ်ယင် ချစ်သူနဲ့ပေါင်းရဖို့ ကြိုးစားမိမှာပါပဲ'

ခပ်ဝေးဝေးသစ်တန်းဆီမှ ဥဩငှက်မြည်သံကို သဲ့သဲ့ကြားလိုက်ရသည်။ ဆောင်းအကူးနွေအစကလို နွေရာသီမပီမသ မဟုတ်တော့။

ပီပီနွေလက္ခဏာအဖြစ် သစ်ပင်သစ်တန်းနှင့် ပတ်ဝန်းကျင်အားလုံးက ပြည့်သန်းနေလေပြီ။ ဥဩသံသည်ပင် ရာသီ၏ အထိမ်းအမှတ်အဖြစ် ပေါ်လာပြီပဲ။



ဝေ့ခနဲဖြတ်တိုက်သည့် လေပူတစ်ချက် သစ်သားတန်း ကက်ကြားတလေးတွေကြားမှ ဝင်လာသည်ကို သတိထားလိုက်မိပြန်၏။

* * *

'ဘာဆုတောင်းလဲ ချိုနွယ်'

တွဲဘားရွှေဆံတော်စေတီကို ကြည်ညိုဝတ်ပြုအပြီး အနားမှာရပ်လျက်စောင့်နေခိုက် မေးလိုက်သော ကိုဇော့်အသံကြောင့် ကိုဇော့်ကိုမော့ကြည့်မိသည်။

'စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေပေါ့ ကိုဇော်'

ဟု ယှဉ်တွဲရပ်ရင်း ပြောလိုက်သည်။

'ကိုဇော်တော့ ချစ်တဲ့ချိုနွယ်နဲ့ အမြန်ဆုံး နီးပါရစေလို့ ထည့်ပြီးဆုတောင်းမိတယ် ချိုနွယ်'

သူဇာနှင့် သူဇာ့အစ်မ လင်မယားတို့ ရပ်စောင့်နေရာသို့ သွားရင်း ကိုဇော့်စကားကြောင့် ကိုဇော့်ကို ငဲ့စောင်းကြည့်ဖြစ်သေးသည်။

ဆုတောင်းတိုင်း ပြည့်ယင် သိပ်ကောင်းမှာပါ ကိုဇော်။ ချိုနွယ့်ရင်ထဲမှာလဲ ချိုနွယ်ဖြစ်ချင်တာတွေကို ဆုအဖြစ်တောင်း

www.burmeseclassic.com

www.burmeseclassic.com



စရာအများကြီးရှိနေမှာပါပဲဟု အတွေးထဲက ပြောနေမိပြန်သည်။

'လာ....လာ... ချိုနွယ်၊ ချိုနွယ်က ရာဇဝင်တွေ သမိုင်းတွေကို ပိုပြီးစိတ်ဝင်စားတယ်၊ လာ....နားထောင်'

ချိုနွယ်တို့အနားရောက်တော့ သူဇာက လှမ်းပြောသည်။

'ဘာလဲ သူဇာ'

'ဒီတွင်းဘေးရဲ့ ဟိုအယင် နာမည်တွေက ကွမ်းဒေးတဲ့၊ ညောင်တီတဲ့၊ ခမင်းတဲ့ကွ၊ အမျိုးမျိုးခေါ်ကြတယ်တဲ့'

သူဇာက ချိုနွယ့်ကို ထပ်ပြီးရှင်းပြပြန်သည်။

'ချိုနွယ်ကြားဖူးတာ....အဲ....ဆောင်းပါးထဲမှာ ဖတ်ဖူးတာပေါ့လေ၊ အဲဒါက တွင်းလေးကိုအယင်က ဒလလို့ခေါ်တယ်ဆို'

'ဟုတ်တယ်....ဟုတ်တယ်၊ ဒလလို့လဲ ခေါ်တယ်ဆိုတာဖတ်ဖူးတယ်'

သူဇာ့အစ်မယောကျ်ားက ဝင်ပြောလိုက်သည်။

'ဒါဆို ရန်ကုန်တစ်ဖက်ကမ်းက ဒလနဲ့ မတူဘူးလား ချိုနွယ်'

ဟု ကိုဇော်က မေးလိုက်၏။

'ဟုတ်ပါရဲ့၊ ဒလဆို ငါကတော့ ရန်ကုန်တစ်ဖက်ကမ်းက ဒလကိုပဲသိတယ်၊ကဲ....ရှင်းစမ်းပါဦး မရွှေချိုနွယ်'



ချိုနွယ်က စာကြမ်းပိုး၊ စာမျိုးစုံဖတ်သူမို့ ချိုနွယ့်ဆီကသာ သုတရတတ်သည်ဟု သူဇာက မြှောက်ပြီးပြောပြခိုင်းတတ်သည်။

'သတင်းစာဆရာကြီးဦးသိမ်းမောင်ရေးတဲ့ဆောင်းပါးကို ချိုနွယ်ဖတ်ဖူးထားတာကွ၊ မှတ်တော့တော့ဖြစ်နေပြီ။ အခု ရန်ကုန်တစ်ဖက်ကမ်းမှာရှိတဲ့ ဒလက အယင်က ဒလအမည်နဲ့မဟုတ်ဘူး၊ 'မိုင်းသူ'လို့ ခေါ်တယ်တဲ့၊ ဒလဆိုတာက အနုတ်တွေးပေါ့၊ ဒလမြို့ဝန်က ဆက်သွယ်ရေးလွယ်ကူအောင် မိုင်းသူကိုပြောင်းပြီး ရှိးစိုက်လိုက်တော့ မိုင်းသူကနေ ဒလလို့ပြောင်းပြီး ခုထိ ဒလလို့တွင်လာတာလို့ ရေးထားတယ်လေ'

ချိုနွယ်က သူမှတ်မိသမျှကို ရှင်းပြလိုက်သည်။

'ဟုတ်တယ်၊ ဒီတွင်းလေးမှာက သမိုင်းတွေရာဇဝင်တွေနဲ့ ပတ်သက် ယှက်နွယ်နေတာ အများကြီးပဲလေ၊ ဒီ ရွှေဆံတော်ဘုရားကလဲ မြတ်စွာဘုရားရဲ့ ဆံတော်တွေ ထည့်ပြီးဌာပနာတည်ခဲ့တာလို့ သမိုင်းမှာ ဖတ်ဖူးတယ်'

ဟု ချိုနွယ့်ကို သူဇာ့အစ်မယောကျ်ားက ပြောလိုက်ပြန်၏။

'ဦးရှင်ကြီးဟာလဲ လူ့ဘဝတုန်းက ဒီမှာနေပြီး မိုးခင်ကြီးကိုလုပ်ကျွေးဖို့ မိန်းမလှကျွန်းကို မျှောခဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



ရင်း ပင်လယ်ရေမှာအသက်ဆုံးသွားရတယ်လို့ ပြော
တယ်နော်'

သူဇာ့အစ်မက စကားဝင်ထောက်သည်။

'ဟုတ်တယ်အစ်မ၊ ကျွန်မ မှတ်မိသလောက်တော့
တွေ့ တေးပေါ့. အယင်က ဒေသခံပါလေ၊ အဲဒီမှာ တို
တိုက်ဆိုင်ဆိုင် ဖြစ်ပျက်ခဲ့တဲ့ ရာဇဝင်ထဲကအချက်ေ
တော်တော်များများ ရှိနေတယ်လေ၊ မင်းရဲကျော်စွ
လဲ ဒီဒေသတိုက်ပွဲမှာ ကျဆုံးသွားတာပဲ၊ ဥဇနာဘုရင်
ဒီဒေသမှာ ဆင်နင်းခံပြီး နတ်ရွာစံခဲ့ရတယ်၊ ရှင်ဘု
ဖြစ်လာမယ့် သားတော်ကြီး သီဟသူဟာလဲ ဒီ
အလုပ်ကြံခံရတာပဲ'

'အမတ်ကြီးရာဇသင်္ကြန်ကို ဒလပို့တယ်ဆိုတာရော ဒီဒ
လားချို့နွယ်'

'ဟုတ်တာပေါ့ ကိုဇော်၊ ဒီဒေသပါပဲ၊ ဒီဒေသမှာ
အမတ်ကြီးရာဇသင်္ကြန် အနိစ္စရောက်သွားတာပေါ့'

'တယ်ဟုတ်ပါလား၊ အတိုင်အဖောက်ညီသားပဲချို့နွ

ဟု သူဇာက ဝင်နောက်လိုက်၏။ သူဇာ့အစ်မတောင်မယော
အပြုံးတစ်ဝက် ရယ်သည်။

'နေပါဦး သူဇာရဲ့၊ ဘယ်ရောက်သွားမှန်းတောင် မ
ဘူး၊ မှတ်မိသလောက် ပြောလိုက်ဦးမယ်၊ ဘုရင့်နေ



လဲ ဒီဒေသမှာ ခဏစခန်းချ နားခဲ့ဖူးတယ်၊ ရန်သူတွေကို
နှိမ်နင်းပြီး ပြန်လာခိုက်မှာပေါ့၊ ဒီမှာနားနေတုန်းမှာပဲ
တပင်ရွှေထီးနတ်ရွာစံတဲ့သတင်း ကြားရတာတဲ့၊ ပြီး
တော့ ကျွန်စစ်သားလဲ ဒလပို့ခံရတယ်ဆိုတာ ဖတ်ဖူး
သေးတယ်'

'ဒီအနီးအနားက ရာဇဝင်တွေကတော့ ပြောပြလို့ယင်
ကုန်မှာမဟုတ်ဘူး၊ ဒီတံခါးကွမ်းခြံကုန်း ကားလမ်း
ပေါ်မှာတင် မောင်ဒီဘုရားဘိုဘာတို့ ရှိတယ်၊ ကွမ်းခြံ
ကုန်းမြို့နယ်ထဲမှာလဲ မောင်ဒီနဲ့ပတ်သက်တဲ့ ဇတ္တာရီနဲ့
ဆက်စပ်ပြီး ဘုရားတွေရှိသေးတယ်'

သူဇာ့အစ်မက ပြောရင်း လက်မှနာရီကို ငုံ့ကြည့်သည်။

'ကဲ...သူဇာ၊ အဲဒီဇတ္တာရီတွေကိုပြောပြခိုင်းဖို့ မစဉ်း
စားနဲ့တော့၊ ရန်ကုန်ပြန်မရောက်ဘဲ ဖြစ်နေဦးမယ်'

လက်မှနာရီကိုမြှောက်ကြည့်ရင်း ချို့နွယ်က သူဇာ့ကိုပြော
လိုက်၏။

'နင်သိပြီးသားတွေဖြစ်နေလို့မဟုတ်လား ချို့နွယ်၊ ဝါ
မသိယင် ခက်မယ်'

'ဟုတ်သား....ချို့နွယ်သိလား'

ကိုဇော်ကပါ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'နည်းနည်းပါးပါး ဖတ်ဖူးတာပါကိုဇော်'

'ဒါဆိုယင် လမ်းကျယင်တော့ ပြောပြပေတော့၊ အတော်ပဲ'

ဟု ကိုဇော်ကပြောတော့ 'ဟုတ်တယ်....လမ်းမှာပြောပြရမယ်' ဟု သူဇာကပါ ထပ်ပြောလိုက်၏။

* * *

'အချစ်ဆိုတာကို ယုံပါတယ်ကိုဇော်၊ လူတစ်ယောက်ရဲ့ ရင်ထဲမှာရှိတဲ့ အချစ်ဟာ ပြက်ရယ်ပြုစရာမဟုတ်ဘူးလို့ ချိုနွယ် ခံယူထားပါတယ်၊ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ဘာဝါဒတွေ ဘာစနစ်တွေ ဘာအယူအဆတွေပဲ ကွဲကွဲ၊ ချစ်ခြင်းမေတ္တာ အပေါ် အလေးအနက်ထားမှုကတော့ ရှိတာချည်းပဲ၊ ဘယ်နိုင်ငံမှာဖြစ်ဖြစ် အချစ်နဲ့ပတ်သက်တဲ့ ပုံပြင်တွေ ဒဏ္ဍာရီတွေ တာ ရှိနေတတ်တာပဲလေ၊ အနောက်နိုင်ငံမှာ ရိုမီယိုနဲ့ ဂျူးလီယက်အကြောင်း ရှိသလို အရှေ့နိုင်ငံတွေမှာလဲ ရှိမှာပဲ၊ မြန်မာပြည်မှာလဲ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာအကြောင်း ရှိတာပဲမဟုတ်လား ကိုဇော်၊ ချိုနွယ်က ဘာကြောင့် ကိုဇော့်ရင်ထဲက အချစ်ကို ပေါ့ပေါ့တန်တန် သဘောထားနိုင်ရမှာတဲ့လဲ'



ကိုဇော်က အပြန်လမ်းမှာ ချိုနွယ် သူ့ရင်ထဲကအချစ်ကို [illegible]ထားပါရဲ့လား ဟုမေးလာသဖြင့် ချိုနွယ်က ရှည်ဝေးစွာ ပြောနေလိုက်မိပြန်သည်။ ကိုဇော့်ကိုပြောပြနေခိုက် အနီးသို့ သူဇာ ရောက်လာ၏။

'လာ....သူဇာ၊ အတော်ပဲ၊ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာ အကြောင်း ပြောပြမလို့'

'ဟာ.... နင်ကလဲ၊ သိပြီးသားကြီးကို၊ ဟို မောင်ဒီ အကြောင်း ပြောယင် ဟုတ်သေး....'

ဟု ပြောရင်း အနားသို့ သူဇာ ရောက်လာသည်။

သင်္ဘောလက်တန်းကိုမှီရပ်ရင်း ရေပြင်ကို ငေးနေမိကြ၏။

'သေသေချာချာ နားထောင်ပါဦး သူဇာရဲ့၊ အဲဒီ မောင်ဒီနဲ့ ရှင်မွေးလွန်း မင်းနန္ဒာက တစ်ဆက်တည်းပဲ'

'ချိုနွယ်....နင် မဖြီးနဲ့ဟာ'

'သြော်....တကယ်ပါ၊ ဟုတ်တာ မဟုတ်တာ တော့ ပညာရှင်တွေအလုပ်ပဲဟာ၊ ဒါပေမယ့် ပုံပြင် ဒါမှ မဟုတ် ဒဏ္ဍာရီအဖြစ်နဲ့လက်ခံပြီး ကနေ့ထိ ရှိနေတာပဲ၊ ငါက ကြားဖူးတာမဟုတ်ဘူး၊ စာရေးဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com


သတင်းစာဆရာကြီး ဦးသိမ်းမောင်ရေးတဲ့ ဆောင်းပါး ကို ဖတ်ဖူးတာ'

'ပြီးရော... ပြီးရော၊ နုဝ်ဒီလောက်ပြောယင် ယုံပြီကဲ....ပြော'

ဟု သူဇာက ရယ်ပြောပြောရင်း နှာခေါင်းရှုံ့သည်။

'ကိုဇော်ရေ စိတ်ဝင်စားပါတယ်နော်'

ဟု ချိုနွယ်က ကိုဇော့်မျက်နှာကိုကြည့်ရင်း မေးလိုက်သည်။

'ချိုနွယ်စကား အားလုံးကို ကိုဇော်စိတ်ဝင်စားပါတယ် ချိုနွယ်'

'အခုပြောတာကို ပိုစိတ်ဝင်စားမှာပေါ့ ကိုဇော်ရေ အခုဟာက မေတ္တာဖွဲ့လေးတွေပဲ၊ ဟုတ်ဘူးလား'

ဟု သူဇာက ရယ်ကျဲကျဲနှင့် ဝင်ပြောသည်။

'ဒီလိုကွ၊ ဆရာကြီး ဦးသိမ်းမောင်ရဲ့ဆောင်းပါးထဲမှာတော့ မောင်ဒီဆိုတဲ့နာမည် မပါဘူး၊ ဒါပေမယ့် မောင်ဒီလိုပဲ ဒီဒဏ္ဍာရီကို ကြားခဲ့ဖူးတယ်လေ၊ ပါးစပ်ရာဇဝင်လို ပုံပြင်လို ငယ်ငယ်လေးကတည်းက ကြားခဲ့ဖူးတာကတော့ တောတွင်းသား မောင်ဒီဆီက ငါးကင်ကို ရပြီး သထုံဘုရင်ကြီးက ခေါင်းကိုက်ရောဂါ ပျောက်သွားလို့ သူ့သမီးနဲ့လက်ထပ်ပေးဖို့ သူ့သမီးတော်ကို တောထဲခေါ်လွှတ်တာကွ၊ ဆရာကြီးရဲ့ဆောင်းပါးမှာတော့ သထုံမြို့ကို ရန်သူတွေဝိုင်းထားချိန်မှာ တောတွင်းသားတစ်ယောက်က [illegible]တော်ဆက်သတဲ့၊ အဲဒီလေးတော်ကို ချိန်ရွယ်ရုံနဲ့ ရန်သူတွေ ပြေးကုန်ကြလို့ ကျေးဇူးဆပ်ပြီး မင်းကြီးက သူ့သမီးတော် သုဝဏ္ဏဒေဝီကို သူ့အမယ်ကြီးတစ်ပါးနဲ့အတူ သဘော်ခုနစ်စင်းမှာ ရွှေငွေ ကျောက်သံပတ္တမြားတွေ အပြည့်တင်ပြီး အဲဒီတောသားလေးကို ရှာဖို့လွှတ်လိုက်တာတဲ့ကွ၊ တိုတိုပြောရယင်တော့ကွာ ဒီတွံတေးအရပ်မှာ အဲဒီတောသားလေးကို တွေ့ရောဆိုပါတော့....'

'တောကြီးထဲမှာပေါ့နော်'

ဟု သူဇာက စကားထောက်သည်။

'အင်းပေါ့ သူဇာ၊ တောကြီးဖြစ်နေမှာပေါ့၊ အဲဒီတောကြီးထဲမှာ.... ထားပါတော့ကွာ.... မောင်ဒီ၊ မောင်ဒီဟာ စစ်သည်ဗိုလ်ပါတွေကိုတွေ့တော့ ကြောက်

www.burmeseclassic.com



လန့်ပြီး ပြေးတာပေါ့၊ ပြေးရင်းလိုက်ရင်းနဲ့ နောက်ဆုံးတော့ သစ်ပင်ကြီးတစ်ပင်ပေါ်မှာ မောင်ဒီကို သွားတွေ့သတဲ့၊ သူဇာဆို သိမှာပေါ့၊ လက်ခိုက်ဘုရားတို့၊ ကြိုက်ဖူး ကြိုက်ပါဘုရားတို့၊ မောင်ဒီဘုရား တို့လေ....'

'အင်း....ကြားဖူးတယ် ချိုနွယ်'

'ပြေးရင်း တစ်နေရာမှာ မင်းသမီးနဲ့မောင်ဒီတို့ လက်ချင်း ခိုက်မိလို့ လက်ခိုက်ဘုရား၊ မင်းသမီးက ကြိုက်ပါလို့ပြောလို့ ကြိုက်ပါဘုရား၊ မောင်ဒီက ကြိုက်ဖူးလို့ပြောလို့ ကြိုက်ဖူးဘုရားလို့ခေါ်တယ်လို့ ပုံပြင်ဆန်ဆန်ပြောတတ်ကြတယ်၊ စကားစပ်မိလို့ ဖတ်ဖူးတာပြောရယင်တော့ ကလျာဏီကျောက်စာထဲမှာ အဲဒီရွာကလက္ခပူရရွာလို့ ပါတယ်၊ အဲဒီရွာမှာတည်တဲ့ဘုရားကိုလက်ခိုက်လို့ဆိုတယ်လို့ ပါတယ်၊ ကျိုက်ပါစေတီနှစ်ဆူကတော့ မွန်ဘာသာနဲ့ ဘုရားနှစ်ဆူလို့ခေါ်တွင်ခဲ့တဲ့စေတီနှစ်ဆူသာဖြစ်တယ်လို့ ဆိုတယ်ကွ၊ မောင်ဒီဘုရားက ဂဝံကျောက်တွေနဲ့လုပ်ထားပြီး ဘုရားပစ္စယံပေါ်မှာ ရုပ်ပွားတော်တွေမှာထိုးထားတဲ့ စာတန်းတွေအရ အနော်ရထာမင်းရဲ့ကောင်းမှုလို့ သိရသတဲ့၊ အဲဒါတွေ ထားပါတော့ကွာ၊ ဒဏ္ဍာရီလေးကိုပဲ ဆက်ပြောမယ် ဟုတ်လား'



'ဖြစ်နိုင်တာမဖြစ်နိုင်တာ စဉ်းစားချင်လို့မှ မဟုတ်တာ၊ ဒဏ္ဍာရီပုံပြင်လို့ဆိုထားတာပဲ၊ မစဉ်းစားတဲ့ခံစားကြည့်ချင်လို့ပဲဟာ၊ ဆက်ပြော'

'နေပါဦး၊ ခဏနားပါရစေဦး'

ဟုပြောကာ လက်ကိုင်ပဝါဖြင့် ချွေးစို့စို့ကို သုတ်၏။

'ချိုနွယ် စာအရမ်းဖတ်တာပဲနော်၊ ကိုဇော်က စာဆိုယင် ကျောင်းစာဖတ်တာကလွဲယင် အဖတ်နည်းတယ်'

သူဇာရော ချိုနွယ်ပါ ကိုဇော့်မျက်နှာဆီသို့ ဖျတ်ခနဲကြည့်ရောက်ပြန်သည်။

'ချိုနွယ်တို့နဲ့တော့ ပြောင်းပြန်ဖြစ်နေပြီ သူဇာ၊ ချိုနွယ်တို့က ကျောင်းစာဆို သိပ်မုန်း'

'ကိုဇော်ကတော့ ဖေဖေနဲ့မေမေ ကျွင့်ပေးထားလို့ ကျောင်းစာကို အချိန်နဲ့မဖတ်ရ မနေနိုင်ခဲ့ဘူး၊ ပြီးတော့ ဖေဖေနဲ့မေမေက စာတော်တာကို သိပ်ဂုဏ်ယူ

www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ စာမူစာ၊ ဂုဏ်ထူးများများ ပါအောင်ဆို ပြီး ကြိုးစားခဲ့ရတယ်လေ'

အမှတ်မထင်ပင်သိလိုက်ရသော ကိုဇော်တို့အိမ်တွင်းဆက်ဆံရေးပါလားဟု ချိုနွယ်နားလည်လိုက်မိသည်။ မိတနှစ်ပါး၏ လွမ်းမိုးမှု မည်မျှခံရသည်ကို ချိုနွယ်သဘောပေါက်လိုက်မိ၏။

'ကဲ....ဆက်ပါဦး ချိုနွယ်'

ဟု သူဇာကပြောတော့ အတွေးကိုရပ်လိုက်ရသည်။

'ဘယ်ရောက်သွားလဲ ဟို....သစ်ပင်ကြီးပေါ် မောင်ဒီ ရောက်သွားပြီနော်'

'အင်း....ဟုတ်တယ်'

'အဲဒီလို အောက်ကလှမ်းခေါ်၊အပေါ်ကလဲ ကြောက်ကြောက်နဲ့ သစ်ပင်ကိုင်းဖျားထိဘက်ခြေးရင်းနဲ့ သစ်ပင်ပေါ်ကလိမ့်ကျပြီး မောင်ဒီဆုံးသွားတယ်တဲ့ကွာ၊ မင်းသမီးလဲ မောင်ဒီဆုံးသွားပေမယ့် သထုံကိုမပြန်တော့ဘဲ အဲဒီနေရာမှာပဲ မြို့တည်ပြီးနေလိုက်သတဲ့၊ ကြခတ်ဝါးခုနစ်ထပ်ကိုစိုက်ပြီး မြို့ကိုကာရံထားသတဲ့၊ အဲဒီသတင်းကို သန်လျင်မြို့မှာစိုးစံတဲ့ ဘောဂသေနမင်းက



ကြားတော့ အဲဒီ သုဝဏ္ဏဒေဝီကိုသိမ်းပိုက်ပြီး မိဖုရားမြှောက်လိုက်တာပေါ့ကွာ၊ အဲဒီမိဖုရားကြီးဟာ ပဋိသန္ဓေ နေ့စေ့လစေ့ ရှိလာပြီး မဖွားမြင်နိုင်ဘဲ အနိစ္စရောက်သွားရောတဲ့၊ မီးသင်္ဂြိုဟ်တဲ့ အခါမှာ မီးချက်ချွင်းမလောင်ဘဲ ဝမ်းဗိုက်ပေါက်ကွဲပြီး ကလေးလွင့်စဉ်ထွက်သွားမှ မီးစွဲလောင်သွားတယ်လို့ ဆိုတယ်၊ကလေးကိုကောက်ယူကြည့်တော့ အသက်ရှင် နေတာတွေ့သို့ အဲဒီနေရာမှာပဲ တစ်ပင်တိုင်နန်းနဲ့ ထားတာပေါ့၊အဲဒီကလေးက ကြီးလာတော့ ရှင်မွေးလွန်း ဖြစ်သွားတယ်လေ....'

'ယယ်....မောင်ဒီနဲ့ ရှင်မွေးလွန်းက တစ်ဆက်တည်းပေါ့'

'အေးပေါ့....သူဇာ ငါက နင့်ကို တစ်ဆက်တည်းလို့ပြောထားသားပဲ'

ဟု သူဇာကိုပြန်ပြောလိုက်ရင်း စကားဆက်လိုက်၏။

'ရှင်မွေးလွန်းဆိုတာက ကာလရွေ့လျားပြီးခေါ်တာလို့ ဖတ်ဖူးတယ်၊ အမှန်က ဗိုလ်နွန်းတဲ့၊ မွန်ဘာသာနဲ့ ဗို့ဆိုတာက မယ် နွန်ဆိုတာက နန်းတဲ့၊ မြန်မာလိုဆိုတော့ မယ်နန်းပေါ့ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'နင်ဖတ်သွားတာတွေကို နင်ကမှတ်မိနေတယ်၊ မဆိုးဘူး ချို့နွယ်'

'ငါ့ဓာ ကြိုက်တဲ့ကဗျာတွေဆိုလဲ အလွတ်ရအောင် ကျက်ထားတာ နင်သိသားပဲ၊ သိပ်ကြိုက်ယင် ဘယ်တော့မှ မမေ့တော့ဘူး'

'ယုံပါတယ်...ယုံပါတယ်'

ဟု သူဇာက သူ့အစိပ္ပာယ်နှင့်သူ အရယ်နှောကာ ပြောလိုက်သော်လည်း ကိုဇော်ကတော့ ရိပ်မိဟန်မတူ။

'ကျေးဇူးပါပဲချို့နွယ်၊ အချစ်နဲ့ပတ်သက်ပြီး စံတင်ထားရလောက်တဲ့ မြန်မာ့ဒဏ္ဍာရီလို့ပြောမလား၊ ပုံပြင်လို့ပြောမလား၊ ရှင်မွေးလွန်းမင်းနန္ဒာအကြောင်းကို မောင်ဇီနဲ့ ဆက်စပ်သိလိုက်ရတာ ချို့နွယ့်ကျေးဇူးကြောင့်ပါပဲ၊ ကိုဇော်က ချို့နွယ့်လောက် စာမဖတ်လို့ မသိပေမယ့် အဲဒီအချစ်ပုံပြင်တွေကို စိတ်ဝင်စားပါတယ်၊ ပြီးတော့ သိင်္ချစ်တတ်တဲ့ ပုံပြင်ထဲက မင်းသား မင်းသမီးတွေကိုလဲ သိပ်သဘောကျတာပဲလေ....'



သူ့စိတ်ဝင်တစားရှိတတ်တာဘွဲ့ကို စိတ်ဝင်စားဖို့ ကိုဇော်ကြိုးစားနေတာလားဟုတွေးရင်း ကိုဇော့်မျက်နှာကို စူးစိုက်ကြည့်မိပြန်သည်။

အကြည့်ကိုလွှဲ၍ ဟိုးအဝေးကိုငေးလိုက်တော့ ရန်ကုန်ဆိပ်ကမ်းကို လှမ်းမြင်နေရပြီပဲ။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

‘ဘာပဲဖြစ်ဖြစ် သားကိုချုပ်ချယ်တယ်လို့ မထင်စေချင်ဘူးသား၊ သားသမီး နှစ်ယောက်သုံးယောက်ရှိတဲ့ မိဘတွေ အတွက် တစ်ယောက်ဖောက်သွားလို့ရှိယင် ကျန်တဲ့သားသမီးတွေကို မျှော်ကိုးလို့ရပါသေးတယ်၊ တစ်ယောက်တည်း မွေးထားတဲ့ မေမေတို့အတွက် မျှော်မှန်းချက် ရည်ရွယ်ချက်အားလုံးဟာ သားအပေါ်မှာပဲ စုနေတယ်၊ သား ခြေချော်လက်ချော် ဖြစ်ခဲ့ဖြစ်ယင် မေမေရော မင့်ဖေဖေပါ ယူကျုံးမရ ဖြစ်ရမှာပဲ၊ အခုထိငါ့သားဟာ မိဘကို စိတ်ချမ်းသာမှုအပြည့်အဝ

www.burmeseclassic.com



ပေးနိုင်တဲ့သားလို့ ပြောလို့ရပါတယ်လေ၊ မေမေတို့ဖြစ်ခေ ချင်တဲ့ အင်ဂျင်နီယာတစ်ယောက်လဲဖြစ်ပြီ၊ အလုပ်အကိုင်နဲ့ အခြေတကျလဲဖြစ်ပြီ၊ ဒီတော့ သားကို လူတစ်လုံးသူတစ်လုံး ဖြစ်အောင် မိဘဝတ္တရားအတိုင်း လက်ထပ်ပေးဖို့တစ်ခုပဲ ကျန် တော့တာ၊ ဒီကိစ္စကျမှတော့ သားအခုနေနဲ့လဲ မိဘတွေမျက်နှာ ပျက်အောင် အရှက်ရအောင် ဘာမှလုပ်လိမ့်မယ်လို့ မေမေတို့ မထင်ဘူးလေ’

မေမေ သူ့ကိုပြောနေခိုက် ဖေဖေကဘာမှဝင်မပြောသော် လည်း နားစွင့်နေမှန်း သိသည်။ မျက်မှန်ကိုချွတ်၍ အဝတ် စဖြင့်မှန်ကိုသုတ်ရင်း မေမေက စကားဆက်၏။

‘ရန်ကုန်မှာတော့ မေမေတို့မျက်စိအောက်မှာမို့ သာ ကို စိတ်လဲချတယ်၊ သားက လိမ္မာပြီးသားမို့ မေမေ တို့မသိအောင် ဘာမှမလုပ်ဘူးလို့ ယုံလဲယုံတယ်၊ နယ် မှာဆိုတော့ စိတ်ပူရတယ်သား၊ မင်းအဒေါ်ထလဲ မင့်ကို အမြဲစုံစမ်းနေနိုင်မှာမဟုတ်ဘူး၊ မင့်အဒေါ်ကြားယ် သိယင်တော့ မေမေတို့ကို သတင်းပို့မှာပါ၊ ဒါပေမယ့် သားရယ် ကိုယ့်အသိစိတ်နဲ့ကိုယ် ထိန်းသိမ်းတာ ပို ကောင်းပါတယ်၊ နယ်မှာများ သား အိမ်ထောင်ထေ ဘာတွေ ကျသွားယင်တော့ မေမေတို့ ရင်ကျိုးရမှာပဲ လူကြီးချင်းတွေလဲ မျက်နှာပျက်ပြီး မင်းအဖေဆို ရှက် ပြီးသေလိမ့်မယ်’



ပြောရင်း မေမေက ဖေဖေ့မျက်နှာကို လှမ်းကြည့်သည်။

မေမေ့စကားတို့ကို နားထောင်နေရင်း အမြင်အာရုံမှာ ချိုနွယ်ရောက်လာပြန်၏။

ချိုနွယ့်ကို သူ့မိဘတွေရဲ့သဘောထား အသိမပေးရခဲ့။ ချိုနွယ်ဘာသိပါက ညှိနှိုင်း၍ရနိုင်ဖွယ်ဟု သူမမြင်။

‘သားနဲ့စင်သီယာတို့ကိစ္စဟာ အစစအရာရာ လူကြီးချင်း ပြောပြီး စီစဉ်ပြီးသားဆိုတာ သားမမေ့လိုက်ပါနဲ့၊ စင်သီယာ ဒီနှစ်ကျောင်းပြီးတာနဲ့ လက်ထပ်ပေးဖို့ပဲ ကျန်တော့တယ်လေ’

သက်ပြင်းကိုသာ မေမေမသိအောင် ခိုးချလိုက်မိသည်။

* *

ခင်း ချိုနွယ်တို့အိမ်ဝင်ထွက်နေတာ အိမ်ကမသိသေးဘူးလား’ တင်ထွန်း၏အမေးကို ခေါင်းခါယမ်းရင်း ဖြေလိုက်၏။

‘မသိအောင် တမင်နေရတာပေါ့ကွာ’

ပြီးမှစကားကိုဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချစ်နွယ်ကရော မင့်အိမ်လိုက်လည်ဖို့တွေဘာတွေ စဉ်းစား မစဉ်းဘူးလား'

ဟု အောင်မြင့်ဝင်းက လှမ်းမေးပြန်သည်။

'ချစ်နွယ် အမေကတော့ စကားလမ်းကြောင်းပေးတယ်ကွ၊ ဒါပေမယ့် ချစ်နွယ်က မာနအကြီးသားလား။ ငါက ခေါ်ယင်တောင်မှ သူလိုက်မှာမဟုတ်ဘူးလေ၊ ငါကမခေါ်ဖြစ်အောင်လဲ သူက စကားကို ပိတ်ဆို့ပြောထားတတ်တယ်'

'တော်သေးတာပေါ့ကွာ'

တင်ထွန်းက သူ့မျက်နှာကိုကြည့်လျက် ဝင်ပြောသည်။

'ဒါပေမယ့် မင်း တစ်ခုတော့ရှိတယ်၊ ချစ်နွယ်နဲ့ ညှိနှိုင်းသင့်သလောက်တော့ ညှိနှိုင်းထားသင့်တယ်လို့ ငါ တော့ထင်တယ်၊ မင်းအိမ်က စင်ဒီယာနဲ့ စီစဉ်တော့မယ်ဆိုယင် မင်းဘာလုပ်မလဲ၊ စဉ်းစားထားပြီးပြီလား'

'ငါကတော့ ချစ်နွယ့်ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပြီ၊ ဒါကြောင့်လဲ မေမေတို့ကို ဘာမှပြောမနေနိုင်တော့တာ'

အောင်မြင့်ဝင်းအမေးကိုပြန်ဖြေရင်း အိတ်ထဲက စီးကရက်ဘူးကို တဲ့ယူလိုက်၏။ တစ်လိပ်ကိုမီးညှိဖွာရှိုက်လျက် စီးကရက်ဘူးကို တင်ထွန်းဆီလှမ်းပေးသည်။

'မင်းကမပြောတော့ လူကြီးတွေက စီစဉ်စရာရှိတာတွေ စီစဉ်ပြီးမှဆိုယင် မျက်နှာပျက်စရာတွေ ဖြစ်ကုန်တော့မှာပေါ့'



ဟု တင်ထွန်းက စီးကရက်ဘူးကို လှမ်းယူရင်းက ပြောလိုက်၏။

'အဲဒါ ငါစဉ်းစားမိပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူးသူငယ်ချင်း၊ ငါအခု ဖွင့်ပြောလိုက်ယင် အခုပြဿနာ ထတက်မှာ၊ ပြီးတော့ ငါ့အိမ်အကြောင်း ငါအသိဆုံးပဲ၊ ချစ်နွယ်တို့ ဘက်ကိုပါ ပုတ်ခတ်ကြတော့မှာ'

'ဟုတ်တယ်ကွ၊ ဒီကောင့်အမေက မိန်းမတိုင်းက သူ့သားကိုဖမ်းမယ်လို့ ထင်ထားသလားပဲ'

အိမ်ကိုဝင်ထွက်ဖူးနေသည့် အောင်မြင့်ဝင်းက သူ့အမေအကြောင်းသိပြီး ဝင်ပြောသည်။

'ငါသိသလောက် ချစ်နွယ်တို့မိသားစုကလဲ စားနိုင်သောက်နိုင်အဆင့်ပဲဆိုတော့ ဘာပြောပြော မင့်အမေကတော့ ဖမ်းတယ်ပဲထင်မှာ သေချာတယ်'

'အေးကွာ....တကယ်တမ်းကျတော့ ချစ်နွယ်က မဖမ်းလို့ခက်နေတာ'

ဟု တင်ထွန်းကို ရယ်မျှော ပြောလိုက်မိသော်လည်း သည်ပြဿနာကို တစ်နေ့ရင်ဆိုင်ရမည်တွေးလျက် ရင်ထဲမှာတင်းကျပ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

ကိုလာခေါ်မည်ဆိုတော့ အိမ်ကနေ ကိုဇော်ကားပေါ် ခနဲတက်ပြီးလိုက်ရမှာ ရှက်ရွံ့သလိုခံစားရသည်မှာ အမှန်

ဝန်းနှင့်ခြံနှင့်ရပ်ကွက်ဖြစ်သော်လည်း ခြံဝန်းတွေက သိပ် လှသည်မဟုတ်၍ တစ်အိမ်နှင့်တစ်အိမ် မကွာလှ။

ကိုဇော့်ကား အိမ်ရှေ့ရပ်လိုက်လျှင် ပတ်ဝန်းကျင်က နှင့်အများ သတိထား ဂရုပြုမိကြမှာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သည်အားကိုကြည့်၍လည်း ကိုဇော့်မိဘ အရှိန်အဝါကို အများသိနိုင်ကြမည်မှာ တေန်။

လူများစွာ သတိပြုစေမည့်ကားမျိုးနှင့် အိမ်ကိုခဏခဏ မလာဖို့ ကိုဇော့်ကို သတိပေးစကား ပြောမိသေးသည်ပဲ။

ကိုဇော်ကတော့ သိပ်ပြီး အတွေးနက်နက် မတွေးသူမို့လားမသိ၊ အိမ်မှာအားတဲ့ကားကိုပဲ ဆွဲလာတာဆိုပြီး သိပ်မဆင်ခြင်။

'ညည်းတို့ ဘယ်တော့သက်ထပ်ကြမှာလဲလို့ အိမ်ရှေ့အိမ်ကတောင် မနက်က မေးနေသေးတယ်'

ဟု မာမီပြန်ပြောတော့ ပတ်ဝန်းကျင်က စိတ်ဝင်တစားရှိတယ်ပြောမလား၊ စပ်စုတယ်ခေါ်မလား၊ အနေအထားကို သိလာရသည်ပဲ။

ကားထဲကို ဈေးခြင်းနဲ့တက်လိုင်၊ စတိုင်နဲ့ခေါင်းမော့ပြီးပါသွားတာမြင်လျှင် အဖမ်းခံဘော်ကြပါပေတယ်ဟု တွေးထင်မှာကိုတော့ အစိုးရိမ်ဆုံး။

မိမိရင်ထဲမှာကလည်း နင့်သည်းစွဲမက်စွာ ခံစားချစ်ရသူ မဟုတ်တော့ လိပ်ပြာက မလုံချင်။



'ကျောင်းကိုလာစရာရှိသေးတယ်ကိုဇော်၊ ကျောင်းကို ချိန္ဒယ်ရောက်နေနှင့်မယ်၊ ကျောင်းပဲလာခဲ့လေ'

ဟု ကျောင်းမှာပဲ ချိန်းလိုက်မိသည်။

* *

ဘားရှေ့ပ်ထားရာမှာ စောင့်မနေတဲ့ ဆင်းလာမည့် လှေကားအောက်နားမှာ ကိုဇော်ချပ်ခေါ်ဇိုနေတာ တွေ့သည်။

'စောင့်နေရသေးလား ကိုဇော်'

ဟု လှမ်းမေးရင်း လက်မှနာရီကိုကြည့်တော့ ဆယ်နာရီ ထိုးပင်။

'ကိုးနာရီခွဲပြီးကတည်းက ဆောက်နေတာချိန္ဒယ်'

'ကိုဇော့်ကို ဆယ်နာရီ ပြောထားတာပဲ'

ဟု နှုတ်ကထွက်ပြီးမှ အားနာသလို ခံစားလိုက်မိပြန်သည်။

'ချိန္ဒယ့်ဆီလာရမှာဆိုယင် အမြဲစိတ်စောနေတတ်တယ် ချိန္ဒယ်၊ ရော့...ချိန္ဒယ့်ခြင်း'

ပြောပြောဆိုဆို ချိန္ဒယ့်လက်ထဲမှ ကြိမ်ခြင်းကလေးကို ဆွဲကိုင်သည်။

'ဟာ...ရတယ်ကိုဇော်၊ ဘာမှ လေးလေးလံလံ ပါတာမဟုတ်ပါဘူး'

www.burmeseclassic.com



ခါတိုင်း ကျောင်းလာလျှင် ယူနေကျမို့ စာအုပ်တစ်အုပ်နှစ်အုပ်နှင့် ပိုက်ဆံအိတ် တိုလီမိုလီလောက်သာ ကြိမ်ခြင်းလေးထဲမှာပါသည်။

'ရပါတယ်ချိုနွယ်'

ဟု ပြောကာ လက်မှကြိမ်ခြင်းကို ကိုဇော်ဆွဲယူလိုက်တော့ ကိုဇော့်မျက်နှာကို အကြည့်ဖျတ်ခနဲရောက်ပြန်သည်။

ယူယတာလား! အလိုက်သိတာလားဟု ရင်ထဲမှာ ကြည်နူးစွာ ခံစားကြည့်ချင်သော်လည်း ချိုနွယ် မနှစ်သက်မိသည်မှာ အမှန်ပင်။

ထီးကလေး ကိုင်ပေးတာ၊ ပိုက်ဆံအိတ်ကို ကိုင်ပေးတာ၊ ခြင်းတောင်းကိုင်ပေးတာတွေကို ဘာ့ကြောင့်များ ကြည်နူးလောက်စရာဟု မခံစားတတ်ရပါသလဲလေ။

ဒီကိစ္စမျိုးလေးတွေကို မိန်းမတွေ ကျေနပ်နေနိုင်သည်ထင်သဖြင့် ဆည်လိုပြုမူလေ့ရှိကြပါသလား။ မိမိကိုယ်တိုင်ကပင် သဘာဝကိုလွန်၍ မသိကျိုးကျွန်ပြုနေတတ်ခြင်း ဖြစ်ပါသလား။

ကားဆီရောက်တော့ ကားတံခါးကိုဖွင့်ပေးလို့ ဝင်ထိုင်ရင်း....

'ပေး....ကိုဇော်'

ဟုဆိုကာ ခြင်းကိုလှမ်းယူလျက် ကားတံခါးကိုပြန်ပိတ်လိုက်၏။

ကားရှေ့မှာ ချိတ်ဆွဲထားသော မိန်းမရုပ်လှလှလေးကိုမြင်လိုက်သည်။ အဲဒီ အရုပ်ကလေးလို နှလုံးသားမရှိလျှင်



ဘယ်လောက်ကောင်းလိမ့်မလဲဟု ဆေးမဆိုင်တွေးရင်း ပြုံးဖြစ်ပြန်သည်။

ကိုဇော်က သူ့အကဲလှည့်ကာပြုံးပြလိုက်တော့ တစ်ဆက်တည်းပြန်ပြုံးမိသော်လည်း ရင်ထဲမှာ တင်းကျပ်နေသလို။

* * *

ဆိုင်တစ်ဆိုင်လုံးမှာ စားသောက်မည့်သူဟူ၍ သူတို့နှစ်ဦးသာရှိပါလားဟု ချိုနွယ်သတိထားမိသည်။ အချိန်စောနေသေးလို့ စားသောက်မည့်သူတွေ မရောက်ကြသေးတာဖြစ်မည်ဟု တွေးမိသည်။

ဆိုင်ထဲကို ကာချိုးဝင်လိုက်ကတည်းက ရင်ထဲမှာ လှပ်ခနဲဖြစ်သွားရတာတော့ ကိုဇော်သိမည်မထင်။

သည်ဆိုင်က ကျောင်းနှင့်အနီးဆုံးဆိုတော့ ကိုကိုနှင့်သူ အခါခါ ရောက်ဖြစ်ခဲ့သည်ပဲ။

ကိုဇော့် ဘေးမှာထိုင်ရင်း အတွေးထဲမှာ ကိုကိုရောက်ရောက်လာတတ်တာကို ချိုနွယ်မကျေနပ်ချင်ပါ။ ဖြစ်နိုင်လျှင် ကိုကို့ကို ထာဝရ မေ့ထားလိုက်ချင်ပါ၏။

တမ်းတခြင်းမဟုတ်တော့သော်ငြား နှလုံးသား၌ အမှတ်အရများစွာတို့ တည်ရှိနေဆဲအဖြစ်ကို ငြင်းကွယ်၍မရ။

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ထဲရောက်တော့ အဝင်ဝတံခါး ညာဘက်ထောင့်မှာ နံရံနှင့်ကပ်နေသည့်စားပွဲကို ကိုဇော်ဘာကြောင့် ရွေးထိုင်လိုက်ရတာလဲကွယ်။

ကိုကိုနှင့်အတူ အကြိမ်ပေါင်းများစွာထိုင်ခဲ့သည့် နေရာပါလားဟု တွေးဖြစ်တော့ ကိုဇော့်မျက်နှာကို မကြည့်ရက်ပြန်။

စားပွဲခင်း ဖြူဖြူသန့်သန့်လေးကို အဓိပ္ပာယ်မဲ့စွာ ငုံ့ကြည့်နေလိုက်မိပြန်တာ ကိုဇော်ရိပ်မိလေမလား။

'ဘာစားမလဲ ချိုနွယ်'

အသံကြောင့် ခေါင်းက ဆတ်ခနဲမော့လိုက်ရပြီး....

'ကိုဇော်ကြိုက်တာသာ မှာပါကိုဇော်၊ ချိုနွယ်က ဘာမှ သိပ်စားချင်တာမဟုတ်ဘူး၊ ကိုဇော်ပြောမယ့် စကားတွေကို နားထောင်ဖို့ လိုက်လာတာပါ'

ကိုဇော်က ကျေနပ်စွာပြုံးလျက် စားပွဲပေါ်ကမီးနူးကတ်ကို ငုံ့ကြည့်ပြန်သည်။

ပြီးတော့ အနားမှာရပ်စောင့်နေသည့် ဝိတ်တာကို ဟင်းလျာများ မှာနေသည်။

'ဘာသောက်ဦးမလဲ ဆရာ'

ဟင်းလျာများကိုရေးမှတ်ပြီးတော့ ဝိတ်တာကမေးသည်။ ကိုဇော်က ချိုနွယ့်ကိုလှမ်းကြည့်လိုက်တာ ချိုနွယ်သတိထားမိ၏။ ပြီးမှ....

'စပါ့ကလင် နှစ်ပုလင်းပေးပါ၊ ချိုနွယ် စပါ့ကလင် သောက်မယ်နော် ဟုတ်လား'

ဟုမှာရင်း ချိုနွယ့်ကို တစ်ဆက်တည်း လှမ်းမေးသည်။



ချိုနွယ်က ပြုံးလျက် ခေါင်းညိတ်ပြလိုက်သည်။

'ကိုဇော်၊ ဘီယာဟွေဘာတွေ သောက်ချင်သောက်နော်၊ ချိုနွယ့်ကို ဘာမှအားမနာနဲ့'

ဟု ချိုနွယ်က ပြုံးရင်းပြောလိုက်၏။

'အချိုရည်ဆို ရပါပြီချိုနွယ်'

'မဟုတ်ဘူး ကိုဇော်၊ အားနာလို့မသောက်တာမျိုး ဖြစ်မှာစိုးလို့ပါ၊ သောက်ချင်ယင်သောက်သာသောက် ကိုဇော်၊ ချိုနွယ်တောင် သောက်ချင်စိတ်ရှိယင် ဒက်ဒီ့ဆီက ဘီယာတောင်းသောက်သေးတာပဲ'

သူ့ကိုအားနာသို့ ကိုဇော်မသောက်ဘဲနေမှာစိုးပြီး ပြောလိုက်မိသည်။ စင်စစ် ကိုဇော်အချိုရည်မှာအတည်းဗျာ ကိုကို့ချိုလျှင် ဘီယာအယင်မှာတတ်တာ အလိုလိုအတွေးထဲဝင်လာခဲ့သည်ပဲ။ ဧရာဝတီဘီယာကို သူ့ရှေ့မှာ ကိုကို တကျိုက်ခက်မက်သောက်ခဲ့တာ ပြန်သတိရမိသည်ပဲ။

သူ့ဖန်ခွက်ထဲကို အဘင်းထည့်ပေးပြီး နည်းနည်းလေးပဲ သောက်လိုက်ပါချိုလေး ဆိုပြီး တိုက်တတ်ခဲ့တာတွေ ဘာကြောင့် အာရုံမှာပြန်ပြီး ပေါ်လာရပါသတဲ့လဲကွယ်။

အချိုရည်ပုလင်းကိုယူလျက် ဖန်ခွက်ထဲသို့ ကိုဇော် လောင်းထည့်ပေးနေသည်။

ဘီယာလိုတော့ အမြှုပ်တွေမထပါလားကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

သူ့ပန်းတန်ထဲမှာ ကိုဇော်ထည့်ပေးထားသည့်ဟင်းတွေ ပုံနေပြီ။ တို့ကနန်းဆိတ်ကနန်းစားရုံမျှနှင့် စားသောက်ခြင်းကိစ္စသည် ပြီးသွားတော့၏။

ကိုဇော်ကတော့ သူကိုယ်တိုင် စားသောက်ခြင်းကိစ္စထက် ချိုနွယ့်ပန်းကန်ထဲသို့ ဟင်းလျာများခပ်ထည့်ပေးရခြင်းက ပို၍ အရေးကြီးသည်ဟု မှတ်ယူထားလေသည်လား မသိ။

စားလေ ချိုနွယ်ဟု ခဏခဏပြောတတ်ကာ ချိုနွယ့်မျက်နှာကို အရိပ်တကြည့်ကြည့်နှင့် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ဦးကို ထမင်းခွံ့ကျွေးနေသည့် မိခင်နှင့် တူလေမလားဟုပင် ချိုနွယ်စဉ်းစားဖြစ်သေး၏။

ကိုကိုနှင့်တော့ လုံးလုံးမတူ။ ကိုကိုကျတော့ ချိုနွယ်ကြိုက်တတ်တဲ့ချိုချဉ်ကြော်ကိုပန်းကန်ထဲတစ်ခါထည့်ပေးပြီး 'စား… ချိုလေး'ဟုပြောကာ သူကိုယ်တိုင် အားရပါးရစားနေတတ်စမြဲ။

ကိုကို့မှာ ဟန်ဆိုတာ မရှိဘူး။ သူ့အိမ်မှာ သူ့မိသားစုရှေ့မှာ စားနေကျအတိုင်း စားသောက်နေတတ်သည်။

'ချိုနွယ်….ဘာလိုသေးလဲဟင်၊ ဘာစားဦးမလဲ'

'တော်ပါပြီ ကိုဇော်'

အချိုရည်ဖန်ခွက်ထဲမှ စက္ကူ ပိုက်တံကလေးကို ကိုင်ရင်းလှမ်းပြောလိုက်သည်။

'ဟိုမှာ အစားအသောက်တော့ ပေါမှာပေါ့နော်'

ဟု ကိုဇော့်မျက်နှာကိုကြည့်ရင်း မေးလိုက်၏။

စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်း ကိုဇော်သူ့ကို ခေါင်းညိတ်ပြသည်။

'ထားဝယ်မှာတော့ ပေါပါတယ် ချိုနွယ်၊ ဟိုနားမှာတော့ မသိဘူး၊ ရပါတယ်… ကိုဇော်က အစားအသောက်ကို ဖြစ်သလိုစားတတ်တာပဲ'

ဟု စကားကိုဆက်သည်။

'ထားဝယ်နဲ့ တော်တော်ဝေးလားမသိဘူး ကိုဇော်'

ကြားသာကြားဖူးတာ၊ သေသေချာချာမသိဘူး'

'ထားဝယ်မြို့ရဲ့ အရှေ့ဘက် မိုင်လေးဆယ်လောက်လို့ ပြောတာပဲ ချိုနွယ်၊ ကိုဇော်လဲ ထားဝယ်ပဲရောက်ဖူးတာ'

'သိပ်တော့မဝေးလှပါဘူးနော်'

ဆိုတော့ ကိုဇော် ခေါင်းညိတ်ပြန်၏။

'ကားလမ်းက ကောင်းတယ် ပြောတယ် ချိုနွယ်ရဲ့၊ ဒါပေမယ့် တောင်ကုန်းတွေက အတက်အဆင်းအကွေ့အပတ်တွေ များတယ်ပြောတာပဲ'

'မြေမြို့တက်တာနဲ့ တူမှာပေါ့နော်'

'ဖြစ်နိုင်တယ် ချိုနွယ်'

စကားပြတ်ခိုက်မှာ ကြွေခွက်တလေးထဲသို့ စီးကရက်ပြာကို ခြွေချလိုက်သည်။

'ကိုဇော် ချိုနွယ့်ကို အရမ်းလွမ်းနေမှာပဲ ချိုနွယ်'

ဟု သူ့မျက်နှာကိုကြည့်ရင်း ကိုဇော်က ပြောလိုက်တော့ ကိုဇော့်ကိုပြန်ပြီး ပြုံးကြည့်နေမိပြန်သည်။

ရင်ထဲမှာ လှုပ်ရှား ယောက်ယက် ခတ်ကာ ရှုက်စနိုးဖြင့် ခေါင်းကို ငုံ့ဖြစ်ဖို့ ကိုသော်လည်းကောင်း၊ ကြွေကွဲစွာခံစားရလျက် မျက်နှာမှာ ဝမ်းနည်းရိပ်တို့ ဆို့တက်လာရန်သော်လည်းကောင်း ဘယ်လောက်ဖြစ်ဖို့ကောင်းလိုက်ပါသလဲနွယ်။

မိုင်ပေါင်းများစွာသော အဝေးခရီးသို့ သွားမည့်သူ၏ နှုတ်ဆက်စကားကို ခံစားကြွေကွဲတတ်ဖို့တော့ လိုမည်ထင်ပါ သည်။

www.burmeseclassic.com



လက်ထပ်တော့မည်အထိ ရည်ရွယ်ခဲ့မိပါလျက် ဘယ့်အတွက် ရင်ထဲမှာ တင်းခံနေရပါသတဲ့လဲ။

သူ့အတွက်ရော မိမိအတွက်ပါ မကျေနပ်စွာ ခံစားလိုက်ရပြန်ပါသည်။

'ဟိုရောက်ပြီး လေးငါးလလောက် ကြာယင် ခွင့်ယူပြီး ကိုဇော်ပြန်ခဲ့မယ် ချိုနွယ် ကိုဇော် ရန်ကုန်ပြန်ရောက်ယင် ချိုနွယ့်ကိုလက်ထပ်ချင်တယ်'

'လက်ထပ်ချင်တယ် ဟုတ်လား'

ယောင်ယမ်းရေရွတ်လိုက်မိသည့် စကားသံသည် မကျယ်လွန်းသော်လည်း တိုးတိုးညင်ညင်မဟုတ်။

'ဟုတ်တယ်ချိုနွယ်၊ ဟိုမှာ ဘယ်လောက်ကြာနေရမှန်းမှ မသိဘာ၊ လက်ထပ်ပြီး ချိုနွယ့်ကို တစ်ခါတည်း ခေါ်သွားချင်တယ်လေ....'

ကိုဇော့်စကားကိုနားထောင်ရင်း အဝင်တံခါးဝမှ လှမ်းမြင်နေရသော ရှေ့လှမ်းလှမ်း မြက်ခင်းပြင်ကို နှုတ်ခမ်းသပ်ကာရံထားသည့် ပန်းအိုးပန်းချုံတွေဆီ အကြည့်ရောက်ပြန်၏။

လက်ထပ်ရတော့မှာတဲ့လားကွယ်ဟု ရင်ထဲမှာတော့ ပဲ့တင်ထပ်သည်။ အဓိပ္ပာယ်မဲ့စွာဖြင့် တံတွေးကိုမျိုချမိပြန်၏။

'ဘာလဲချိုနွယ်....နယ်လိုက်ရမှာ ကြောက်နေသလားဟင်၊ အဲဒီတစ်ခုပဲ ကိုဇော် တွေးပူတယ်၊ ချိုနွယ်က နယ်မလိုက်ချင်ဘူးပြောမှာလားလို့ ကိုဇော် စိုးရိမ်တယ်လေ....'



ကိုဇော့်မျက်နှာကို အကြည့်ပိုလျက် နားထောင်နေမိပြန်၏။

'ဘယ်လိုသဘောရလဲ ချိုနွယ်'

ဟု ကိုဇော်က သူ့ကိုမေးလိုက်သည်။

သက်ပြင်းကို ချလိုက်မိပြန်တာ ဘာကြောင့်ရယ်မသိ။

'ကိုဇော်ရယ်...လူတစ်ယောက်ကို လက်ထပ်ပြီးမှတော့ အကြောင်းခိုင်ခိုင်လုံလုံမရှိဘဲ ကိုယ့်လင်သားနောက်ကို ဘာကြောင့် မလိုက်ရဲရမှာတဲ့လဲ၊ လင်သားတစ်ယောက်အတွက် မယားဝတ္တရား ကျေပွန်စေရမှာပေါ့လေ'

'ချိုနွယ့်ကို ကိုဇော်ဒါကြောင့်ချစ်တာ'

ဟု ကြည်နူးကျေနပ်စွာပြောတော့ ပြုံးပြီးကြည့်နေမိရင်း လက်ထပ်ပြီးတဲ့အခါ တာဝန်ကျေပွန်တဲ့ မယားတစ်ယောက်ဖြစ်အောင် ကိုဇော့်အတွက် အစွမ်းကုန် ကြိုးစားပေးပါ့မယ် ကိုဇော်ရယ်ဟု စိတ်ထဲကပြောလိုက်မိတော့သည်။

ချစ်သူတစ်ဦးလို ခံစားရင်ခုန်မှုမရှိနိုင်တာကိုတော့ ကိုဇော် ခွင့်လွှတ်ပါတော့လေ....။

*

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၁ ]

သစ်ပင်ထိပ်ဖျားကို လေခတ်သံသဲ့သဲ့ ကြားနေရဆဲ။ ပြည့်ခါနီးလရောင်သည် သစ်တန်းကိုဖြတ်ပြီး ပြတင်းဆီသို့ ရောက်၏၊

ဖွင့်ထားသည့်ပြတင်းမှ ဝေ့ရှဲဝင်လာသောလေသည် နားသယ်ဆံစတို့ကို ဖွာကျလာစေပြန်သည်။

ခြံအထောင့် ပိန္နဲပင်ကြီးအောက်မှ လေအဝေ့မှာ မြေနှင့်လျှောတိုက် ပွတ်ထိပါသွားသော သစ်ရွက်ခြောက်သံတို့ကိုကြားနေနိုင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းဓါးပိတ်ထားခဲ့သည်မှာ ကြာပြီဖြစ်၍ သူစောစော အိပ်ရာဝင်ပြီဟု မာမီတို့ထင်နေမလား။

မကြာခင်လေးငါးလမှာ ကိုစော်ပြန်လာပြီး လက်ထပ်မည် ဟု ပြောခဲ့သည့်စကားသည် စဉ်းစားစရာအလျှင်းမရှိပါဘဲ ခေါင်းထဲက မထွက်

မျှော်လင့်ကြည်နူးကာ အရာရာ အဆင်သင့်ဖြစ်တော့မည့် ဘဝအတွက် တင်မက်စွာ စိတ်ကူးယဉ်နေဖို့ ကောင်းပါသေး သည်။

သို့တိုင်လျက် တစ်ခုခုကို သာဝရဆုံးရှုံးရတော့မည့်ခံစားမှု မျိုး ရင်မှာဖြတ်သန်း ဖြစ်တည်ခဲ့တာကို ဘာသာမကျေနပ် ချင်မိ။

စိတ်ကူးဖြင့်တွေးကြည့်မိသောမင်္ဂလာပွဲကို မာမီတို့ကတော့ ကျေနပ်ပီတိဖြစ်နေမှာ သေချာပါသည်။

တရားသူကြီး သို့မဟုတ် ဂုဏ်သရေရှိသောသူတစ်ဦးဦး ရှေ့မှာ စာချုပ်ပေါ်၌ လက်မှတ်ရေးထိုးရဦးမည်။

အသိသက်သေများကလည်း လက်မှတ် ရေးထိုးကြပေ ဦးမည်။



မကြာမီရက်မှာ ကြီးကျယ်ခမ်းနားစွာသော မင်္ဂလာပွဲကြီး ကျင်းပပေးမည်။

သတင်းစာထဲမှာထည့်၍ ဖော်ပြလျှင် ဂုဏ်သိက္ခာတက်ဖွယ် သော လူကြီးလူကောင်းဇနီးမောင်နှံက ရာသက်ပန်အတွက် ဩဝါဒစကား ပြောကြားမည်မှာလည်း မလွဲ။

ထိုအချိန်၌ ဩဝါဒ ပေးသည့် လူကြီးလူကောင်းတို့၏ ထောင်ရေးသည် သူဆုံးမနေသကဲ့သို့ သာယာဖွယ် ဖြစ်ပါ့ ားဟု သံသယအတွေးမျိုးဖြစ်မလာဖို့တော့ သတိထားရဦး ပေါ့။

အသည်းနှလုံးရှိသော၊ ဦးနှောက်ရှိသော လူသားများကို က်ပေါ်ကလက်မှတ်များက နှောင်ချုပ်ထိန်းကွပ်ထားနိုင် သား ဆိုတဲ့ ကိုကိုပြောဖူးတဲ့စကားကိုလည်း ပြန်ပြီးကြား င်မိစေရန် အရေးတကြီးလိုအပ်ပါသည်။

သာဝစဉ်ဖောက်ပြန်တတ်သော စိတ်နှင့်ကိုယ်ရှိသော လူ နှစ်ဦးအတွက် လက်မှတ်ရေးထိုးခဲ့သော အသိသက်သေ မှာလည်း မည်မျှအရာရောက်နိုင်ပါ့မလဲဟု ခေါင်းထဲဝင် ပါက အကောင်းဆုံးဖြစ်ပေမည်။

အရေးကြီးဆုံး အရာမှာ မင်္ဂလာ အခမ်းအနားမ ပေါ်၌ မျက်ရည်တွေဝဲတေ့နေခြင်း သို့မဟုတ် သရော်

www.burmeseclassic.com

www.burmeseclassic.com

ပြုံးကို ပြုံးမိနေခြင်းမဖြစ်အောင် ထိန်းချုပ်ရန်သာ ဖြစ်ပါမည်။

ထိုအခါ အစစအရာရာသည် အဆိုက်အလျောက် အဆင်ပြေချောမွေ့စွာ ဟန်ဆောင်ပွဲတစ်ခု ပြီးမြောက်သွားပါလိမ့်မည်။

သက်ပြင်းချခြင်း၊ လေပူမှုတ်ထုတ်နေမိခြင်းတို့ ကြိမ်ဖန်များစွာပြုလုပ်ဖြစ်မည်ကို မိမိဘာသာ သတိမထားမိသော်ငြားချုပ်နေရသောခြေအစုံတို့ တောင့်တင်းလာသည့်အခါ အိပ်ရာပေါ် ပစ်လှဲလိုက်ချင်တော့၏။

မိဘကျေနပ် ပီတိဖြစ်အောင် လက်ထပ်မင်္ဂလာပွဲ တစ်ခုမှာ မိမိပါနိုင်တာသည်း ဖြစ်သင့်ဖြစ်ထိုက်၊ လုပ်သင့်လုပ်ထိုက်သောသားသမီးလိမ္မာတို့၏အလုပ်ပါလားဟု ဖြေတွေးဖြင့် ကျေနပ်ကြည့်ချင်ပါသည်။

လက်ထပ်ရတော့မည့်သူ၏ ခွဲခွာခရီးအတွက် လွမ်းသကြေကွဲစွာ သို့မဟုတ်ပါက ထာဝရအဖော်တစ်ဦး ခေတ္တပျောက်ဆုံးသွားသည့် ခံစားမှုများစွာကို ရင်၌လှုပ်ခါအောင် စူးစူးနစ်နစ်ခံစားနေရပါလျှင် ဘယ်လောက်အရသာ ရှိလိုက်ပါမလဲကွယ်။



အခုတော့....

ညသည် တဖြည်းဖြည်း အိုမင်းရင့်ရော်လာသော်ငြား ဆွေသည်ကား ဝင်းပကြည်စင်နေမြဲ။

*

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

'အာ....သာဟေ့ မောင်ဇော်ဝေ၊ ဘယ်တုန်းကရောက်တာလဲ'

အန်ကယ် မြတ်ကျော်အသံ ကြားရတော့ ညွှံ့သည်ရောက်တာသည်ဟု ခင်မြူသိလိုက်သည်။

'ဒီမနက်ပဲ ရောက်တာအန်ကယ်၊ အန်ကယ့်ကို လာနှုတ်ဆက်တာ'

'ထိုင်ကွာ၊ ဘာလဲ ခွင့်ယူလာတာလား'

ညှိခန်းမှာ ဝင်ထိုင်ခိုက် အန်ကယ် ဦးမြတ်ကျော်က မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခွင့်မဟုတ်ပါဘူး အန်ကယ်၊ ပိတ်ရက်မှာ ဒေါ်ဒေါ့ကို သတိရတာနဲ့ ပြန်လာခဲ့တာပါ၊ ဒီရောက်တော့ ဒေါ်ဒေါ်ကပြောလို့ ရန်ကုန်ကဧည့်သည်တွေရောက်နေတယ်ဆိုတာနဲ့ ဖေဖေတို့နဲ့အသိတွေများ ဖြစ်နေမလားလို့ အန်ကယ့်ကိုလဲ နှုတ်ဆက်ရင်း ဝင်လာခဲ့တာပါ'

'အန်ကယ့်ညီမ သားအမိ ရောက်နေကြတာကွ၊ ခင်ဖြူရေ....'

အန်ကယ်ကပြောရင်း အိမ်ထဲကိုလှမ်းခေါ်သံ ခင်ဖြူ ကြားလိုက်ရ၏။

'သွား... သွား....သွားနှင့် ခင်ဖြူ၊ မေမေ လိုက်ခဲ့မယ်'

မီးဖိုခန်းထဲမှာ အန်တီမြကို ကူညီလုပ်ပေးနေရင်း မေမေက သူ့ကို အပြင်ထွက်ဖို့ ပြောသည်။

တန်းပေါ်မှ လက်သုတ်ပုဝါကိုယူကာ လက်သုတ်လိုက်ရင်း လုံချည်ကို ချပ်ချပ်ရပ်ရပ်ဖြစ်အောင် ပြင်ဝတ်သည်။ လက် နှစ်ဖက်ဖြင့် ဆံပင်ရှည်ကို နောက်သို့ သပ်တင်လိုက်၏။

'ကြက်သွန် ထောင်းပြီးပြီ အန်တီ'

ဟု အန်တီမြကို လှမ်းပြောလိုက်၏။ အန်တီမြက အေးအေး ဟု ပြောစဉ် ဧည့်ခန်းထဲသို့ထွက်လာခဲ့သည်။

'ရန်ကုန်က အင်ဂျင်နီယာလေးလေ၊ ဟိန္ဒားမှာ အလုပ်ဝင်တာ တစ်လကျော် နှစ်လလောက်ပဲ ရှိဦးမယ်'

ဟု အန်တီမြက မေမေ့ကိုပြောသံကို မီးဖိုခန်းတံမှ အထွက်မှာ ကြားလိုက်ရသည်။

'လာ....ခင်ဖြူ သမီး ထိုင်'



အန်ကယ် မြတ်ကျော်ဘေးမှာ ဝင်ထိုင်ရင်း ရှေ့မှဧည့်သည်ကို အကြည့်ဆုံလိုက်သည်။

'ဒါ ခင်ဖြူဖြူတဲ့၊ အန်ကယ့်ရဲ့ တူမပေါ့၊ ညီမအရင်းက မွေးတာလေ၊ စားသောက်ကုန်ရုံးချုပ်မှာလုပ်တယ်၊ ဟုတ်တယ်နော် ခင်ဖြူ'

'ဟုတ်ကဲ့ အန်ကယ်'

'ဟော....လာ၊ ဒါက ညီမလေး'

မေမေ ဧည့်ခန်းထဲဝင်လာတော့ မေမေ့ကို လှမ်းကြည့်ရင်း အန်ကယ်က မိတ်ဆက်ပေးလိုက်သည်။ မေမေက သူ့ဘေးမှာ ဝင်ထိုင်လိုက်၏။

'မောင်ဇော်ဝေက ဟိန္ဒား သတ္တုတွင်းမှာ အလုပ် ဝင်တာ မကြာသေးဘူးကွယ့်၊ ပိတ်ရက်တိုင်း ဒီကိုပြန်ပြန်လာတတ်တယ်၊ ရန်ကုန်လွမ်းတာနဲ့ တူပါတယ်၊ အခုလဲ ရန်ကုန်က ဧည့်သည်တွေ ရောက်တယ်ဆိုလို့ လာနှုတ်ဆက်တာတဲ့၊ သူ့အဖေအသိတွေ ဘာတွေများ ဖြစ်နေမလားလို့တဲ့'

'ကျွန်တော် ဦးသန်းဝေ သားပါ အန်တီ၊ ဖေဖေတို့က လူကြုံတိုင်း ပစ္စည်းထည့်ပေးတတ်လို့ ဖေဖေ့အသိများ ဖြစ်နေမလားလို့'

'.... .... ဌာနက ဦးသန်းဇဝလေ'

ဟု အန်ကယ်က မေမေ့ကို လှမ်းပြောလိုက်သည်။

ခပ်ပြုံးပြုံးနှင့် ပြောလိုက်သည့် ကိုဇော်ဝေကို မေမေက ...ရင်း

www.burmeseclassic.com

www.burmeseclassic.com



'အပြန်တော့ မောင်ဇော်ဝေ လူကြုံပေးရောရှိတာ ပေ
လိုက်လေ၊ အန်တီတို့ ပို့ပေးပါမယ်'
'အန်တီတို့ ဘယ်တော့ပြန်မလဲ မသိဘူး'
ဟု လှမ်းမေးလိုက်တော့
'သင်္ကြန်ကျော်မှပဲပြန်မှာ မောင်ဇော်ဝေ'
ဟု မေမေက ပြန်ဖြေလိုက်သည်။
'အတော်ပဲ မောင်ဇော်ဝေ၊ ဒီပိတ်ရက်မှာတော့ သူ
ကို ဘုရားတွေလိုက်ပို့ရင် မောင်ဇော်ဝေလိုက်သွားပေ
စမ်းပါ၊ အားတယ် မဟုတ်လား'
'အားပါတယ် အန်ကယ်၊ ဒီက ညီမ အဖော်ရအော
ဒေါ်ဒေါ့သမီး စုစုကိုလဲ ခေါ်ခဲ့တာပေါ့'
'ကောင်းတယ် မောင်ဇော်ဝေ၊ ဒါဆို ပိုပြီးအဆင်ပြေ
သွားတာပေါ့'
'ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး အန်ကယ်၊ သွား
မယ် အန်တီ၊ သွားမယ်နော် မခင်ဖြူ'
'အေး....အေး'
ဟု အန်ကယ်က ပြောစဉ် မေမေနှင့်ခင်ဖြူက ခေါင်းညိတ်
ပြမိကြသည်။

* * *



မေမေက တစ်နှစ်တစ်ခေါက် ဆိုသလို သူ့အင်ကိုရှိရာ ထားဝယ်
သို့ ရောက်နေကျ။ သည်နှစ်တော့ ခင်ဖြူ့ကို ထားဝယ်လိုက်ခဲ့
ဟု မေမေက ခေါ်သည်။ ခင်ဖြူကလည်း သင်္ကြန် တွင်း မှာ
ရန်ကုန်၌ နေရမှာ ကြောက်နေ၏။
တတ်နိုင်လျှင် ကိုလေးနှင့် အဝေးဆုံးနေရာသို့ ခင်ဖြူ
ရောက်အောင် ပြေးလိုက်ချင်သည်။
ကိုလေးကို မေ့ထားနိုင်သည့်နေရာ ရှိပါက ထိုနေရာသို့
ခင်ဖြူအရောက် သွားလိုက်ချင်၏။
အခုတော့ ထားဝယ်ရောက်ပြီး တစ်ရက်မျှသာ ရှိသေးသည်
ကိုလေးကို လွမ်းသည့်စိတ်ဖြင့် ရင်သည် ဆောက်တည်ရာမရ
ချင်တော့။
သင်္ကြန်ပြီးမှ မေမေက ပြန်မည်ပြောသည်ကို လောနေလို့လဲ
အကြောင်းက ထူးမည်မထင်။
လေယာဉ်လက်မှတ်ကလည်း လွယ်လွယ်နှင့် ရနိုင် သည်
မဟုတ်။
ကိုလေး သူ့ကိုစိတ်ဆိုးနေမည်လား မသိ။

*

www.burmeseclassic.com

[ ၂ ]

‘မောင်ဇော်ဝေလဲ ပါလာတာပဲ၊ အန်ကယ် မလိုက်တော့ပါဘူး၊ ကားမောင်းမယ့် ကောင်လေးပဲ ရှာပေးလိုက်မယ်’

ဟု အန်ကယ်က ပြောကာ ကားမောင်းရန် သူ့တပည့်လေး တစ်ဦးကို စီစဉ်ပေးသည်။ မောင်ဇော်ဝေ မောင်းယင်လဲ ရတော့ ရတာပေါ့၊ ဒါပေမယ့် အားနာစရာဟု ဆက်ပြောသေးသည်။

ကားရှေ့ခန်းမှာ မေမေနှင့် အန်ကယ်ဇနီး အန်တီတို့ ထိုင်ကြပြီး ကားနောက်မှာ ကိုဇော်ဝေ မောင်နှမနှင့် ခင်ဖြူ ထိုင်ရသည်။ ကိုဇော်ဝေ့ ဒေါ်ဒေါ်၏သမီး စုစုမှာ နှုတ်အသွက်နှင့် ခင်မင်စရာ ကောင်းသူလေးဟု ခင်ဖြူထင်၏။

www.burmeseclassic.com



ထားဝယ်မှထွက်လျှင် လမ်းတစ်ဘက်တစ်ချက် ထန်းပင်မျာ
စီစီရီရီ ပေါက်နေသော ကတ္တရာလမ်းပေါ်မှာ ကားလေးက
အရှိန်နှင့် ပြေးနေသည်။

'အဲ....ဒီတောက်ထိန်တောင်ဆိုတာ ဘယ်လောက် ဝေး
လဲဟင်'

ဟု ခင်ဖြူ စပ်စုလိုက်၏။

'ထားဝယ်နဲ့ ကိုးမိုင်ကျော်ကျော် ဝေးတယ်လို့ ပြော
တယ် မမဖြူ'

ဟု စုစုက ဝင်ဖြေသည်။

'မခင်ဖြူ သေသေ ချာချာ ကြည့်ပါဦး၊ ဒီလမ်းက
မြင်ဘူးသလို ဖြစ်မနေဘူးလား'

ကားမှန်မှတစ်ဆင့် ရှေ့ဘက်ကို ငေးရင်း လိုက်ပါလာရာ
သူတို့ဘက်ကို မျက်နှာလှည့်လိုက်ရင်း ကိုဇော်ဝေကမေးသည်။

ကိုဇော်ဝေ၏ စကားကြောင့် ကားရှေ့မှန်မှ လှမ်းမြင်နေ
သော လမ်းကို ငေးမျှော်ကြည့်လိုက်မိသည်။

ထန်းပင်တွေ အစီအရီ တစ်ဘက်တစ်ချက်မှာအုပ်ဆိုင်းလျ
နေသော သည်လမ်းလေးကို အတွေးထဲမှာ မြင်ဘူးနေသ
ထင်လာ၏။

'မြင်ဘူး တွေ့ဘူးနေသလိုပဲ ကိုဇော်ဝေ၊ ဒါပေမယ့်
ဘယ်မှာ မြင်ဘူးမှန်းလဲ မသိဘူး'

ဟု မျက်နှာပြန်လှည့်ရင်း ပြောလိုက်သည်။

'ကျွန်တော် ရောက်စကလဲ သည်လိုပဲဖြစ်ရတယ်'

'စဉ်းစားပါဦး....မမဖြူရဲ့'



ဟု စုစုက ထပ်ပြောလိုက်၏။

'မမဖြူပဲ မှတ်ဉာဏ်မကောင်းလို့လား မသိဘူး တွေးလို့
မရအောင် ဖြစ်နေတယ်၊ ရင်းရင်းနှီးနှီး တွေ့ဘူးနေ
တာတော့ အမှန်ပဲ'

ကိုဇော်ဝေက ပြုံးရင်း နားထောင်နေတာ တွေ့သည်။

'ပြောလိုက်ပါ ကိုကိုဇော်၊ မမဖြူ စဉ်းစားရ ခက်
နေပြီ'

ဟု စုစုက ရယ်ပြော ပြောလိုက်ပြန်၏။

'အလျင်တုန်းက ကော်ပိုရေးရှင်းနိုင်းက ထုတ်တဲ့ဓာရေး
စက္ကူရဲ့ မျက်နှာဖုံးမှာ ပါတဲ့ ဓာတ်ပုံလေ၊ ဒီလမ်းရဲ့
ပုံပေါ့'

'ဪ... ဟုတ်ပါရဲ့ ကြည့်စမ်း'

ပြောပြီး လမ်းကလေးကို နောက်တစ်ကြိမ် လှမ်းငေးမျှော်
ကြည့်မိပြန်၏။

* * *

'အဲဒါ ညောင်စင်ရွာလေ၊ ဒီရွာကျော်ယင် တောက်ထိန်တောင်
ရောက်တော့မယ်'

www.burmeseclassic.com

ချောကိုကျော်ဖြတ်လာခဲ့ပြီးနောက် ကားလေးသည်ဘယ်ဘက် မြေနီလမ်းအတွင်းသို့ ချိုးဝင်ခဲ့လိုက်သည်။

'ကိုဇော်ဝေတောင်မှ ထားဝယ်တစ်ခိုက်ကိုတော်တော် နှံ့နေပြီ ထင်တယ်'

ဟု ကိုဇော်ဝေကို ကြည့်လျက် မေးလိုက်မိသည်။

'ဒီလိုပါပဲ မမဖြူရယ်၊ ဒီနေရာတွေပဲ သွားစရာရှိတာ ကိုတော့ ရောက်ဖြစ်တယ်လေ၊ ပြီးတော့လဲ ပြန်ပြောလို့ ရအောင် စာအုပ်တွေဘာတွေ ဖတ်ကြည့်မိရင်းနဲ့မှတ်မိ နေတာပါပဲ'

ကိုဇော်ဝေက ပြောနေစဉ် စုစု ကိုဇော်ဝေကို ကြည့်ရင်း ပြုံးနေသည်။ ပြီးမှ

'ကိုကိုဇော်....ကို ထားဝယ်သားတော့ ဖြစ်သွားချေ တယ် မမဖြူရဲ့၊ ဒါပေမယ့် စုစုက စကားစတိုင်း မေမေ ကအမြဲပြောတယ်၊ ကိုကိုဇော့်မေမေလေ၊ ဒေါ်ကြီး အကြောင်းသိသားနဲ့ ဘာလို့မဟုတ်တာတွေပြောနေ တာလဲတဲ့၊ ဒေါ်ကြီးက သူ့သားကို အခုထိ ကလေး လိုထင်နေတုန်းလေ'

သည်အထိ ရင်းနှီးကျွမ်းဝင်စွာ သူတို့အိမ်တွင်းရေး တစ် စွန်းတစ်စကို စုစုက ပွင့်လင်းစွာ ပြောလိုက်ပြန်၏။ အလိုက် အထိုက် ပြုံးရိပ်မျက်နှာဖြင့် နားထောင်နေရပြန်သည်။

'အလကားပါ စုစုက အပြောသာရှိတယ် နင် တကယ် လဲရှာမပေးဘဲနဲ့၊ ဘာတဲ့ အပြောကတော့ကောင်းတယ်၊ စကားပုံတွေဘာတွေနဲ့'



ကိုဇော်ဝေက သူ့ညီမကို နောက်လိုက်ပြန်သည်။

'မမဖြူရဲ့ စုစုကသူ့ကို စိတ်ကူးမလွဲနဲ့ ထားဝယ်သူကိုယူ စကားပုံရှိတယ်လို့ ပြောတာလေ၊ ဟို....ဘာလဲ ရန်ကုန် အကြွား၊ မန္တလေးစကား၊ မော်လမြိုင်အစား၊ ထား ဝယ်မယားတဲ့... မမဖြူရဲ့'

'ဟာ....တယ်ဟုတ်ပါလား၊ဒီစကားပုံကို မမဖြူလဲအခုမှ အပြည့်အစုံသိရတယ် မှတ်ထားရဦးမယ်'

ဟု အရယ်နှောပြီး ပြောလိုက်ပြန်သည်။

'အလကားသာပြောတာပါ မမဖြူရယ်၊ ကိုကိုဇော်က ရန်ကုန်ပဲ အမြဲလွမ်းနေတာ သူ့ကို ကြည့်ရင်း သိနား တောင်လာတယ်'

ဟု စုစုကရယ်ရင်း ပြောလိုက်သော်လည်း ကိုဇော်ဝေက ျက်ပြုံးကာ မျက်နှာကိုအပြင်သို့ ငေးမောလိုက်တာမြင်၏။ ြော်....သူတောင်မှ ရက်ပိုင်းလောက်ခွဲရရုံနှင့် ကိုလေးကို တမ်းမောစွာ ခံစားရသေးတာကလား။ရက်လများစွာ သည့်ခဲ့ရသူအတွက် ကိုယ်ချင်းစာစိတ်ဖြစ်မိရပြန်၏။

နီလမ်းကလေးသည် ဖြောင့်ဖြူးနေပြီး လမ်းကလေး သော့ တောက်ထိန်တောင်ခြေရင်းကိုရောက်သည်။

www.burmeseclassic.com



တောင်ခြေရင်း ကွက်လပ်မှာ ဒူးရင်း၊ ပိန္နဲ၊ ကနစိုးပင်တို့ဖြင့် ဝေဆာဆာရှိလှသည်။

'ကဲ....တောင်ပေါ်တက်ကြရအောင်'

ဟု အန်တီကပြောပြီး စောင်းတန်း အုတ်လှေကားဆီသွားသည်။

စိမ်းစို နုသစ်လျက်၊ အရိပ်ဝေဆာနေသော သစ်ပင်အုပ်တို့ကြားမှ ဘုန်းကြီးကျောင်းလေးတွေနှင့် ဇရပ် ကလေးတွေကို ကြည့်ရင်း ခင်ဖြူအတွေးမှာ စစ်ကိုင်းချောင်နှင့် တူသလိုလို ခံစားရသေး၏။

'လာ တောင်ပေါ်တက်ရအောင် မခင်ဖြူ'

ဟု ကိုဇော်ဝေက ပြောသည်။

'မမဖြူစိတ်ဝင်စားယင် အဲဒီစောင်းတန်း တစ်လျှောက်မှာ မြတ်စွာဘုရားရဲ့ ဖြစ်စဉ်တော်တွေ တည်ရှိတဲ့ နေရာတွေရဲ့ ဓာတ်ပုံတွေရှိတယ်'

'ဟုတ်လား'

ပြောရင်း အုတ်လှေကားအဘက်မှာပင် ချိတ်ဆွဲထားသော ဓာတ်ပုံတို့ကို တွေ့ရ၏။

အိန္ဒိယနှင့် နီပေါတို့တွင်ရှိသော ဗုဒ္ဓနှင့်စပ်လျဉ်းသည့် ထင်ရှားသောနေရာများဖြစ်သည်။

'ကောင်းတယ်နော်၊ ဗဟုသုတလဲရတယ်၊ ဓာတ်ပုံရိုက်ပြီး တောင်ပေါ်တက်ရတော့ အမောလဲပြေတယ်၊ သက်သက်နားနေစရာမလိုတော့ဘူးပေါ့ စုစုရဲ့'



အတူယှဉ်တွဲလိုက်လာသော စုစုကို လှည့်စောင်း ပြောလိုက်သည်။ တောင်ပေါ်ရောက်လို့ အောက်ကို ငေးမျှော်လိုက်တော့ တောက်ထိန်တောင်သည် လယ်ကွင်းတွေကြားမှာ ထီးထီးထိုးထွက်နေသည့် တောင်နှာမောင်း တစ်ခု ပါလားဟု စဉ်းစားမိသေး၏။

'ကိုလေးပါလာလျှင် ဘယ်လောက်ကြည်နူးစရာကောင်းမှာတဲ့လဲကွယ်'

* * *

...တက်မောင်းရင်းကို ဆွဲခိုနဲ့မှီလျက် တက်ချင်သော်လည်းကိုလေးကား နွား ခပ်ခွာခွာကသာ ခင်ဖြူလိုက်ခဲ့ရသည်။

ဘေးပတ်ဝန်းကျင်မှာ အသိတွေနေလေမလား ဆိုသည့် ...မိစိတ်ကြောင့် လွတ်လပ်ချမ်းမြေ့မှုကို ပြည့်ဝအောင် မရ...နိုင်သိ၏။

'ခင်ဖြူရယ်၊ ချစ်သူဘဝမှာ ရွှေတိဂုံ ဘုရားတောင်မှာ အတူမဖူးနိုင်ဘူးဆိုယင် မကောင်းပါဘူး၊ ရန်ကုန်မှာ ရှိနေကြပြီး ကိုယ့်ချစ်သူနဲ့ကိုယ်တော့ ဘုရားကို ကြည်ကြည်နူးနူး ဖူးချင်တာပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှတ် ကြိမ်ဖန်များစွာပင် ကိုလေးက ဘုရားပေါ် သွားရန် ပူဆာတတ်စမြဲ။

'မပိုစမ်းပါနဲ့ ကိုလေးရာ၊ တစ်ခြားကောင်မလေးတွေနဲ့ ကိုလေး ဘုရားပေါ် ရောက်ဖူးမှာပါ'

ခနဲ့စကားကို ခင်ဖြူ ပြောမိသေးသည်။

'ခင်ဖြူရယ် ကိုလေးပြောပြီးပြီပဲ၊ ကိုယ့်ချစ်သူနဲ့ဘုရားပေါ် အဘူတက်ပြီး ကြည်ကြည်နူးနူး ဖူးချင်ပါတယ် လို့လေ၊ ခင်ဖြူက ကိုယ့်ချစ်သူပဲဟာ'

'ကိုလေးက စကားတတ်တိုင်းနော်'

မျက်စောင်းထိုး၍ မကျေနပ်စကား ဆိုမိသေးသည်။

'မနက်ဖြန် သွားရအောင်နော် ခင်ဖြူ၊ အိမ်ကို အိုဗာတိုင် ရှိတယ်လို့ ညာပြောခဲ့ကွာ၊ ရုံး ဆင်း ခါ နီး မှာ ကိုလေး လာစောင့်နေမယ်နော် ဟုတ်လား'

ကိုလေးက ဘုရားသွားဖို့ အစီ အ စဉ် ကို သာ ရေးဆွဲနေတော့သည်။

'ကိုလေးရယ်....ကိုလေးလဲ သိသားနဲ့၊ အန္တရာယ်များတဲ့ကိစ္စတွေကိုဘာလို့လုပ်ချင်တာလဲဟင်၊အသိတစ်ယောက်ယောက် တွေ့သွားလို့ အိမ်ကပြန်သိယင် ဘယ်လိုလုပ်မလဲ ကိုလေး၊ အားလုံး ဒုက္ခရောက်ကုန်ကြမှာပေါ့ ကိုလေးရာ'

သောကစကားကိုမပြောချင်သော်လည်းပြောဖြစ်ပြန်သည်။

မှလွှတ်မလပ်နှင့် ပုန်းလျှိုးကွယ်လျှိုးနိုင်စွာ အိမ်က ပြန်သိသွားမှာ ကြောက်နေရသည့် ချစ်သူဘဝကို ရင်မဆံ့အောင်



ခံစားရပြန်ပါသည်။ သည်အတွက် ကိုလေး ဘယ်မျှခံစားရမည်ကို ခင်ဖြူ နားလည်နိုင်ပါ၏။

'ခင်ဖြူရယ်....ကိုလေးကတော့ ကိုယ့်ချစ်သူနဲ့ကိုယ်....'

'တော်ပါတော့ ကိုလေးရယ်၊ ခင်ဖြူ့အိမ်အကြောင်းလဲ ကိုလေး အသိဆုံးပါ၊ ကိုလေးတို့ အိမ်အကြောင်းလဲ ခင်ဖြူတို့အားလုံး အစင်းသိပဲဟာ၊ ခင်ဖြူ ဘာကြောင့်ပြောနေတယ်ဆိုတာ ကိုလေး သိမှာပါနော်'

'အင်း'

ဟု နားလည်စွာ ခေါင်းညိတ်လိုက်သော်လည်း ကိုလေး မျက်နှာက ညှိုးရော်သွားတာ ခင်ဖြူအသိ။

'မနက်ဖြန် ကိုလေး လာစောင့်ကြည့်နော် ဟုတ်လား၊ အဆင်ပြေယင်လဲ ဘုရား သွားတာပေါ့ ကိုလေးရာ နော်'

ကိုလေးက ခေါင်းညိတ်ပြရင်း ခင်ဖြူကို စူးစိုက်ကြည့်နေမိပြန်တာ ပြန်တွေးမိသေးသည်။

'ဘာတွေစဉ်းစားနေတာလဲ ခင်ဖြူ'

ဘုရား ရင်ပြင်ပေါ်ရောက်တော့ ကိုလေးက မေးလိုက်၏။ အတွေးရပ်ကာ ကိုလေးကို မော့ကြည့်လိုက်မိသည်။ နှစ်ဦးသား ကြည်နူးစွာ ပြုံးပြလိုက်မိကြပြန်၏။ ပြီးတော့ စေတီတော်မြတ်ကြီးကို ကြည်ညိုစွာ မော့ဖူးမိကြပြန်သည်။

'စိတ်ထဲမှာကြည်နူးလိုက်တာ ကိုလေးရာ'

ခြေစုံရပ်လျက် မော့ဖူးကြည်ညိုနေရင်းမှာ ခင်ဖြူက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လာ....ခင်ဖြူ၊ တန်ဆောင်းထဲဝင်ပြီး ဝတ်ပြုကြရအောင်'

တန်ဆောင်းထဲသို့ အတူဝင်ရောက်ခဲ့ကြ၏။ ပြီးတော့ အတူယှဉ်ဘဲ့ထိုင်ကာ ဘုရားဝတ်ပြုလိုက်ကြသည်။ ဘုရားဝတ်ပြုပြီး လက်ယာရစ်ပတ်စဉ် အသိ မြင်သွားလေမလား စိုးရိမ်စိတ်ဖြင့် ဟိုကြည့်သည်ကြည့် ဖြစ်ရပြန်၏။

'ခင်ဖြူရယ်....ကိုလေးတို့ ဘဝဘလဲ့ ကျိုးလန့်စာစားပဲနော်'

ကိုလေးကို စိတ်မကောင်းစွာဖြင့် မော့ကြည့်မိသေးသည်။

'ခင်ဖြူ ဘယ်လိုကတိတွေ ပေးထားရတယ်၊ ခင်ဖြူ့ကို ဘယ်လို ဆုံးမထားတယ်ဆိုတာ ကိုလေး သိပါတယ်၊ ခင်ဖြူလေ ...ကိုလေးကို သိပ်ချစ်လွန်းလို့သာ အခုလို ရတာ၊ အိမ်ကသိသွားယင် ခင်ဖြူတော့ ဆက်မစဉ်းစားရဲတော့ဘူး'

ကိုလေးမျက်နှာကို မော့ကြည့်လိုက်ဖြစ်၏။

'ခင်ဖြူ့ အိမ်က သိသွားတော့လဲ ပြီးတာပဲလေ၊ တစ်ခါတည်း ခေါ်သွားရုံပေါ့'

'လွယ်လွယ်လေး မပြောစမ်းပါနဲ့ ကိုလေးရာ'

ခင်ဖြူ့စကားက ကိုလေးကို သဘိပေးလိုက်သလို ဖြစ်သွားလေသလား မသိ။ စကားပြတ်ကာ ကိုလေး သက်ပြင်းချသံကို ခင်ဖြူကြားလိုက်ရသည်။



'ဘုရားတစ်ပတ် ပတ်ပြီး ပြန်ကြရအောင်နော် ကိုလေး၊ တော်တော်ကြာ လူတွေ တဖြည်းဖြည်း များလာယင် အသိနဲ့တိုးနေဦးမယ်'

ခင်ဖြူ မျက်နှာကို ငုံ့ကြည့်လျက် ခေါင်းညိတ်ပြနေသည့် ကိုလေးမျက်နှာ ကိုလေး ရင်ဘဲက ခံစားမှုများ ပေါ်လွင်နေသည်။

'ခင်ဖြူ့ကို ချစ်ရတာ ကိုလေး စိတ်ညစ်နေပြီလားဟင်' ဆိုတော့

ကိုလေးက အကြည့်ဆုံကာ ပြုံးပြခေါင်းယမ်းသည်။ ကိုလေးရယ်....

ခင်ဖြူလည်း ချစ်သူနဲ့အတူ လွတ်လပ် ကြည်နူးစွာနဲ့ သဘာကာလို ပျော်ပျော်ရွှင်ရွှင် နေလိုက်ချင်တာပေါ့ဟု ရင်ထဲက ပြောနေမိပြန်၏။

* * *

'တွေလား....မမဖြူ၊ ဇူဇကာပုဏ္ဏားကို ကြောက်ပြီး ပုန်းနေတာ ဘယ်လောက် သဘာဝကျလဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



စေတီကုန်းတော်ပတ်လည်မှ စေသန္တရာဇာတ်တော် ဖြစ်စဉ်များကို ထွင်းထုထားသော ရုပ်လုံးများ အမြင့်အရှိမှာ ပီသ ကြည်လင်လာ၏။ အတွေးကို ချက်ချင်းရပ်လျက် စုစု မျက်နှာကို လှမ်းကြည့် ပြုံးပြလိုက်မိပြန်သည်။

'ဟုတ်တယ်နော်၊ ကြည့်ပါဦး.... ဇက် က လေး ပုပြီး ကြာရွက်အောက်မှာ ပုန်းနေလိုက်တာ'

အေးနားမှ မေမေက လူအရွယ်အစားလောက်ရှိသော ပန်းပု လက်ရာများကို သဘောကျစွာ ပြောလိုက်၏။

'ခင်ဖြူက ဒီအခန်းကို ပိုသဘောကျတယ်၊ ကြည့်ပါဦး... ပုဏ္ဏားရဲ့နံငယ်ပိုင်းကို ကျားသင်ကလှမ်းဆွဲလို့ ထိတ်ထိတ် လန့်လန့် ဖြစ်နေတာ ဘယ်လောက် သဘာဝကျလဲ'

ဇူဇကာပုဏ္ဏားက ကလေးငယ်နှစ်ဦးအား သင်ပင်အောက်မှာ ထားလျက် သူက သစ်ပင်ခွကြားမှာ ဝင်နေစဉ် ကျားသစ်က နံငယ်ပိုင်းကို လှမ်းဆွဲ၍ ကြောက်လန့်နေပုံ ထုလုပ်ထားခြင်း ဖြစ်သည်။

ငုံငုတို့ မေမေတို့က စိတ်ဝင်တစား ပြောနေကြတော့ သူ ဝင်မပြောလိုက်လျှင် သူ့စိတ်တွေ ကိုလေးထံ ရောက်နေတာ မေမေ ရိပ်မိလေမလားဟု မလုံစိတ်ဖြစ်ရပြန်၏။

'ဒီမှာလဲ ကြည့်ပါဦး၊ ဒီအခန်းလဲ လက်ရာမြောက် တာပါပဲ'

ကိုဇော်ဝေက ရှေ့ကသွားရင်း ပြောသည်။

'အင်း၊ ဟုတ်တယ်နော်'

ဟု ကြည့်ရင်း ခင်ဖြူက ထောက်ခံလိုက်မိ၏။



ခမည်းတော် မယ်တော်တို့ ရောက်လာပြီး မင်းခြောက်ပါး ဖင်းမောနေဟန်ဖြစ်သည်။ အားလုံး ကြည့်ပြီး နောက်ကြောင်း ပြန်လှည့်၏။

'ဟာ....ဒါကျတော့ ဘာလို့ ဒီလို ထုထားရတာလဲ မသိ ဘူးနော်'

ဟု ခင်ဖြူက နောက်ကြောင်း ပြန်အလှည့်မှာ အခန်း တစ်ခန်းကို ကြည့်ရင်း ပြောသည်။

'မခင်ဖြူလဲ ကျွန်တော်နဲ့ အတွေးတူနေပြီ ထင်တယ်၊ ဟိုအမျိုးသမီးနဲ့ အမျိုးသားရဲ့ ဆင်ယင်ထုံးဖွဲ့မှုကို ပြော တာ မဟုတ်သား'

အနားသို့ ကိုဇော်ဝေ ရောက်လာရင်း ပြောတော့

'ဟုတ်တယ် ကိုဇော်ဝေ၊ ကြည့်ပါဦး.... အမျိုးသမီးက အင်္ကျီလက်ပြတ်၊ ဘောင်းဘီနဲ့၊ အမျိုးသားက တိုက်ပုံ ရင်စေ့နဲ့ ကြိုးကြီးချိတ်လုံချည်ဝတ်ပြီး မောင့်ကျက်သရေ ပေါင်းလို့လေ'

ဟု လက်ညှိုးညွှန်ရင်း ပြောလိုက်၏။

'ဟုတ်တယ်နော် မမဖြူ၊ ကြည့်ပါဦး....ဟိုတစ်ယောက်က ပိုဆိုးသေးတယ်၊ ဘောင်းဘီတိုနဲ့၊ စွပ်ကျယ်လက်ပြတ်နဲ့.... ကင်းဘတ်ရှူး စီးထားတယ်နော်'

စုစုကပါ ဝင်ပြောလိုက်သည်။

'ဝတ်စားဆင်ယင်မှုတွေက ဟိုအလျှင် ခေတ်နဲ့ မတူဘဲ အခုခေတ်လို ဖြစ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကျွန်တော်လဲ အဲဒါကို သဝင်မကျသလိုဘဲ'

ဟု ကိုဇော်ဝေက သူ့ကို ပြန်ပြောလိုက်သည်။

ခင်ဖြူ[illegible]ကို [illegible]သောကြောင့် တိုင်းသူပြည်သားများ မကျေမနပ်ဖြစ်နေသော အခန်း ရှေ့မှာ ခင်ဖြူ ရပ်၍ ကြည့်မိနေခြင်းဖြစ်၏။

'ဆင်းကြရအောင်'

ဒေါ်မေက လှမ်းခေါ်တော့မှ ကိုဇော်ဝေ၊ စုစုနှင့် ခင်ဖြူတို့ သုံးဦး လှေကားရှိရာသို့ ထွက်လာခဲ့ကြသည်။

* * *

'ဘာဘုရား....စုစု'

'ရှင်မုတ္တီးဘုရား မမဖြူ'

အပြန်လမ်းမှာ ကားထိုးရပ်တော့ ခင်ဖြူ စုစုကို မေးရပြန်သည်။

ရောင်းတန်းထဲတွင် မြတ်စွာဘုရား၏ နိပ္ပါတ်တော်လာ ရုပ်စုံ ပန်းချီကားတို့ကို ခင်ဖြူ မော့ကြည့်လာမိသည်။

'ဒီ ဘုရား သမိုင်းကလဲ စိတ်ဝင်စားစရာကောင်းတယ် မမဖြူရဲ့'



'အင်း....ဆိုပါဦးစုစု'

ဘုရားဝတ်ပြုအပြီးမှာ စုစုက လာပြောသည်။ ခင်ဖြူက စိတ်ဝင်တစားပြန်မေးလိုက်မိ၏။

'မေမေတို့ ခဏခဏပြောလို့ စုစုမှတ်မိနေတာ မမဖြူ၊ ရှင်အရဟံရယ်၊ မဟာနာဂသေနမင်းကြီးရယ်နဲ့ သံကြ[illegible]မင်း သုံးဦးတိုင်ပင်ပြီးတော့ ဖောင်တော်ဦးမှာ ရုပ်ပွားတော် လေးဆူကို တင်ပြီး မျှောလိုက်ကြတယ်တဲ့၊ ဟို...ပွင့်ပြီး သွားဘုရားလေးဆူလေ

'ကကုသံ၊ ကောဏဂုံ၊ ကဿပနဲ့ဂေါတမ ဘုရားလေး ဆူရဲ့ဆင်းတုပေါ့နော် စုစု'

ခင်ဖြူက စကားထောက်ပေးလိုက်သည်။

'ဟုတ်တယ် မမဖြူ၊ အဲဒီလို ဘကြိန်းထုံးဖောင်တော်နဲ့ မျှောလိုက်တဲ့ ဘုရားလေးဆူဟာ ဒီရှင်မုတ္တီးချောင်းဝမှာ လာဆိုက်သတဲ့၊ ဩော်....မေ့နေတယ် မမဖြူ၊ ဖောင် ပေါ်မှာတင်ပြီး မမျှောခင် အဓိဋ္ဌာန်ပြုကြသေးတယ်တဲ့၊ သာသနာတော် အနှစ် ၅၀၀၀ တည်တံ့မယ့်နေရာမှာ ဆိုက်ကပ်ပါစေပေါ့လေ'

'ဩော်..ဟုတ်ပြီ'

'ဒါပေမယ့် ဒီရုပ်ပွားတော်ကို ဘယ်သူမှ ပင့်လို့မရ ဘူးဖြစ်နေတာ၊ မယ်သီလရှင် တစ်ဦးက အိပ်မက်ရပြီး ချည်မျှင်ခုနစ်ပင်နဲ့ အဓိဋ္ဌာန်ပြု ဆွဲပြီး ပင့်လာတော့မှ ဒီရှင်မုတ္တီးဆိပ်ကမ်းကို ရောက်လာတာတဲ့ မမဖြူ'

'စုစုက တော်တော်သိတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရယ်ပြီး ပြောလိုက်မိသည်။

'လူကြီးတွေပြောတာလဲ ဟောဟော ကြားနေရတယ်လေ၊ ပြီးတော့ စာထဲမှာလဲဖတ်ဖူးတော့ ကိုယ့်အရပ် ဒေသ အကြောင်းဆိုတော့ မှတ်မိနေတာပေါ့မမဖြူရယ်၊ လာ သွားရအောင် မမဖြူ၊ ကိုကိုဇော်တို့တောင် မရှိကြ တော့ဘူး၊ ရေတွင်းကြီးရောက်နေပြီထင်တယ်'

* * *

လာ....လာကြည့် မခင်ဖြူ၊ ဒီလေ ဝက်ကျယ်တဲ့ရေတွင်း ရန်ကုန် မှာ တွေ့ဘူးလား'

ကိုဇော်ဝေက လှမ်းခေါ်ပြောလိုက်သည်။

ကားလမ်းဘေးရှိ ရေတွင်းကြီးဆီအရောက်မှာ ကိုဇော်ဝေ နှင့် မေမေတို့လူသိုက်ကို တွေ့ရ၏။

'ဟာ....အရမ်းကျယ်တာပဲနော်'

'ဟုတ်တယ်၊ ပေ ၃၀ လောက် အချင်းရှိလိမ့်မယ် ထင် တယ် မခင်ဖြူ'

'ပေ ၄၀ ကျော်လောက် အနက်ရှိတယ်လို့ ကြား ဖူးတယ် မမဖြူ'



ဟု စုစုက ဝင်ပြောသည်။

'ကဲ....ပြောပါဦး စုစုရဲ့၊ ဒီရေတွင်းကြီးသမိုင်းကို'

'စုစု သိပ်မသိပါဘူး မမဖြူ၊ ဟို ရေတွင်းဘောင်မှာ ထိုးထားတဲ့အမှတ်အသားအတော့ သက္ကရာဇ်ရှစ်ရာပြည့်နှစ်မှာ ရှင်မတော် ဘုရားကြီးသခိုက် အလိုအလျောက် သုံးမြောင့် ကျောက်ဆောင်ပုံပေါ်လာတဲ့ ဒီရေတွင်းကြီးကို မြန်မာ ဘုရင်တို့က သစ်သားနှတ်သီးနဲ့ပြုပြင်ခဲ့တယ်လို့ ရေးထိုး ထားတယ်တဲ့'

စုစုပြောမှ သတိပြုကြည့်မိသည်။ ရေတွင်းဘောင်မှာ အုတ် မြင့်ပြုလုပ်ထား၍ သဘော်ပွဲနှင့် တူနေပြန်သည်။

'နောက်မှ သစ်သားကို အုတ်တွေကျောက်တွေနဲ့ပြန်ပြီး ပြုပြင်တယ်လို့ ပြောကြတယ်'

ဟု စုစုက စကားကို အဆုံးသတ်လိုက်၏။

'ကဲ....ကဲ....လာကြ၊ ဟိုလက်ဖက်ရည်ဆိုင်မှာ ခဏဝင်ပြီး လက်ဖက်ရည်သောက်ကြရအောင်'

ဒါန်တီက လက်ဖက်ရည်သောက်ရန် လောဆော်လိုက်၏။

လက်ဖက်ရည်ဆိုင်ထိုင်မိတော့လည်း ကိုလေးနှင့်အတူ လက် ဖက်ရည်ဆိုင် ထိုင်ခဲ့တာတွေ အတွေးထဲ ရောက်လာပြန်တော့ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲဖွဲအောက်မှာ လမ်းလျှောက်ရတာကို ခင်မြူကြိုက်၏။ မိုးမှုန်ကလေးတွေ မျက်နှာကို ထိလျက် အေးစက်စက် ခံစားရသည့်အရသာကို ဘာနှင့်မှ နှိုင်းစာ၍မရဟုထင်သည်။

'ခင်မြူ အအေးမိနေဦးမယ်နော်'

'ရတယ်....ကိုလေး'

ဟု ပြန်ပြောရင်း ပြုံးလျက် ကိုလေးကို မော့ကြည့် မိတော့ ကိုလေးဆံပင်ဖွာဖွာမှာ မိုးပွားကလေးတွေ ကပ်ငြိနေတာ ဘယ်လောက် ကြည့်ကောင်းလိုက်ပါသလဲကွယ်။

'အထဲရောက်အောင် လမ်းလျှောက်ဝင်ရဦးမယ့် ဒီဆိုင်လေးက လူရှင်းပြီး အေးတယ်နော်'

ဆိုင်နားရောက်တော့ ကိုလေးက ပြောလိုက်သည်။

ဆိုင်ထဲကို လှမ်းအကြည့်မှာ စားပွဲနံဝိုင်းမှာသာ အတွဲတစ်တွဲနှင့် လူနှစ်ဦးထိုင်နေတာ တွေ့သည်။ ထိုင်ခုံကျ [illegible] စားပွဲကို သွားပြီး ထိုင်လိုက်ကြ၏။

'ရော့....ခင်မြူ၊ ဆံပင်တွေ သုတ်[illegible]လိုက်'

'ရတယ် ကိုလေး၊ အပြန်လဲ မိုးထ[illegible]ဦးမှာပဲ၊ မသုတ်တော့ပါဘူး'

ကိုလေးလှမ်းပေးသည့် ပုဝါလေးကို မယူဘဲ ပြောလိုက်သည်။

'ကော်ဖီခါးခါး နှစ်ခွက်ပေးပါ'

အနားရောက်လာသည့် စားပွဲထိုးလေးကို မှာလိုက်သည်။

'ကြည့်စမ်း....ခင်မြူ့ စိတ်ထဲမှာရှိတာ ကိုလေးဘယ်လိုသိလဲ'



ပြုံးပြီး မေးမိသည်။

'ဘာကိုလဲ ခင်မြူ'

'ဪ....ဒီတစ်ခါ လက်ဖက်ရည် ချိုပေါ့ကျ အစားကော်ဖီ ခါးခါးလေး သောက်ရယင် ကောင်းမှာလို့တွေးပြီး ကိုလေးကို ပြောတော့မလို့'

'ခင်မြူရယ် နှစ်ကိုယ့်တစ်စိတ် ဆိုတဲ့စကား ရှိသားပဲ'

ဟု ကိုလေးက ပေပြုံးပြုံးနှင့် ပြောလိုက်၏။

'မနေ့က မေမေလေ....ခင်မြူ့ကို ထပ်ပြီးသတိပေးပြန်ပြီ ကိုလေး'

'ဟင်....ဘာလဲ ခင်မြူ၊ ကိုလေးတို့ ဘုရားသွားတာ သိသွားလို့လား'

ကိုလေးကို ခေါင်းရမ်းပြလိုက်မိသည်။

'မဟုတ်ဘူး ကိုလေး၊ ဘုရားသွားတာများသိယင် သတ်များ သတ်မလားမသိဘူး၊ အခုဟာက ခင်မြူ ကိုလေးကို ခင်ခင်မင်မင် ဆက်ဆံတယ် ဆိုတာလောက် သိနေကြတာ၊ ဟိုတစ်နေ့က ခင်မြူ အိမ်ရှေ့ရပ်နေတုန်း ကိုလေးပြန်လာတော့ ခဏ စကားရပ်ပြောကြတာလေ၊ ဘယ်သူမှ ရှိမယ်မထင်လို့ စကားပြောမိတာကို အောင်အောင်ရော မမဘွေးပါ တွေ့သွားကြတယ်'

'ခင်မြူရယ်....တစ်ရပ်ကွက်တည်း တစ်လမ်းတည်းနေတဲ့သူချင်းကို စကားပြောတာတောင် မကြိုက်ဘူးတဲ့လား'

ခင်မြူက သက်ပြင်းကို ချမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ စွပ်စွဲချက်တွေကို ကိုလေးသိအောင် ခင်ဖြူ ပြောထားပြီးပြီပဲ'

'အင်းပေါ့လေ....ကိုယ်တို့ သားအဖကို လူတွေက ဒီလိုပဲ ထင်ကြမှာ နားလည်ပါတယ်'

ကိုလေးလေသံက လျော့ရဲတိုးညင်လွန်းသည်။

'ပတ်ဝန်းကျင်ဆိုတာ ဖြစ်ရပ်ပေါ်မှာ ကြည့်ပြီး မြင်မှာပေါ့ကိုလေး၊ ဘာကြောင့်ဖြစ်တယ်လို့ နားလည်ဖို့ ဘယ်ကြိုးစားပါ့မလဲ'

'ခင်ဖြူ ကိုလေးကို နားလည်တာကိုပဲ ကျေနပ်ပါပြီ ခင်ဖြူရယ်'

ကိုလေးမျက်နှာကို စူးစိုက် ကြည့်မိပြန်သည်။

နှာတံပေါ်ပေါ်အောက်မှ နှုတ်ခမ်းပါးပါးသည် မာနငွေ့ သန်းယောင် ရှိသော်လည်း စေ့ရီရီနှင့် စူးလက်သော ညှို့ မျက်လုံး အစုံကြောင့် ကြင်နာရိပ်ကိုတွေ့နိုင်သည်ပဲ။

လာချပေးသည့် ကော်ဖီ နှင့်ခွက်မှာ အငွေ့ တထောင်းထောင်း ထနေ၏။

တစ်ခွက်ကို ခင်ဖြူ ရှေ့သို့ ကိုလေးက ထိုးပေးလိုက်သည်။ ခေါင်းအငုံ့မှာ ကော်ဖီငွေ့ တို့ မျက်နှာကို ဟပ်၏။

* * *



ရှင်မတ္တိုး လက်ဖက်ရည်ဆိုင်မှ ထတော့ အချိန် သိပ်မရှိတော့ဘူး၊ လျောင်းတော်မူကို ရောက်တယ်ဆိုရုံတော့ ဝင်ကြမယ်ဟု ဒန့်တိက ပြောသည်။

အံ့သြစရာ ကောင်း လောက် အောင် ကြီး မား လှ သော လျောင်းတော်မူ ဘုရားကြီးကို စုစုက ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူ ဘုရားကြီးဟု ပြော၏။

စုစုက သူသိသမျှ ပြောပြနေသော်လည်း ခင်ဖြူ့ ရင်ထဲမှာ ကိုလေးကိုသာ သတိတရ ဖြစ်နေမိတော့သည်။

ချစ်သူနှင့် ဝေးကွာနေခြင်းဖြင့် တမ်းတ သတိရမှုကို မဟန့်ထားနိုင်ပါလားလေ။

*

www.burmeseclassic.com

[၃]

…ရောက်တော့ လက်ဖက်သုပ်ပြီး စကားဝိုင်းဖွဲ့ခဲ့သည်။ ခေါင်း…ဘာ အုံ့နေလို့ဟု အကြောင်းပြကာ ခင်ဖြူ စောစောအိပ်ရာ…ခဲ့၏။ ဘုရားဖူးတာ ပင်ပန်းသွားပြီ ထင်တယ်ဟု လှမ်းပြော…းသည်။

ညမအိပ်ခင် ဘုရားဝတ်ပြုပြီး မေတ္တာသုတ်ကို ရွတ်ဆော့…လေးကို တမ်းတမ်းတတ သတိရနေမိပြန်သည်လေ။

သည့်အချိန်ဆို ကိုခလေးတစ်ယောက် သူ ပေးထားသည့်…တွဲသုတ်စာအုပ်ငယ်ကလေးကို ကြိုးစားပမ်းစားနှင့် ဖတ်နေ…သား။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာသုတ်ကို ရွတ်ဖတ်နေရင်း သူ သတိရသလို ကိုလေး သူ့ကို သတိရမှာလား။

ဘုရားဝတ်ပြုပြီး မျက်စိကို ဖွင့်လိုက်တော့ မျက်ဝန်းမှာ မျက်ရည်စတို့ ဝေ့လည်နေတာ ဘာသာ သတိပြုမိလိုက်သေး သည်။

အိပ်ရာပေါ် ပစ်လှဲလိုက်မိသော်လည်း အိပ်ပျော်ရန် ခက် လေဦးမည်ပဲဟု နားလည်ပြန်သည်။

သက်ပြင်းကို အဖန်ဖန်အထပ်ထပ် ချမိလျက် ညဥ့်နက်နက် အိပ်မပျော် ညကား အလျားရှည်ပေဦးမည်တည်း။

* * *

'ခင်ထွေးခိုင်ဆိုတဲ့ နာမည်ကို မှည့်တုန်းကတော့ ဗေဒင်ဗေ ဇာတာတွေနဲ့ ညှိပြီး ဗေဒင်ဆရာတွေက မှည့်ပေးခဲ့တာပေ ကျော်ခိုင်ဆိုတဲ့ ဖေဖေ့နာမည် နောက်က ခိုင်တစ်လုံးပါ ဖေဖေကျေနပ်ပေမယ့် အမိပွားယ်က မထိရောက်ဘူးထင်တယ် ဒါကြောင့် ခင်ဖြူမွေးတော့ ဖေဖေကိုယ်တိုင် နာမည်ပေး တာပဲ၊ နေ့နံနဲ့ ဗေဒင်သဘောအရ ကိုက်မကိုက်တော့ မသိဘူး ဖေဖေ့သမီးဟာ စိတ်ထားဖြူစင်ပြီး၊ ရဲရင့်ခိုင်ခံ့တဲ့ စိတ်ဓာတ်



ရှိစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုး၊ အမိပွားယ်မျိုးနဲ့ ခင်ဖြူခိုင် လို့ ဖေဖေနာမည်ပေးခဲ့တာ'

ညအိပ်ရာမဝင်ခင် ဖေဖေ့ကို နှိပ်ပေးနေတုန်း ဖေဖေက ဟု ထုံးစံအတိုင်း ခင်ဖြူကို ဆုံးမစကား ဆိုတော့သည်။

'လူတစ်ယောက်မှာ စိတ်ဓာတ်ဟာ အရေးကြီးဆုံးပဲ သမီးရဲ့၊ ဖြူစင်ရိုးဖြောင့်တဲ့စိတ် ရှိပေမယ့် ရဲရင့်ပြတ် သားပြီး ခိုင်ခံ့တဲ့စိတ်ဓာတ် မရှိဘဲ ပျော့ညံ့ညံ့ ဖြစ်နေ ယင်လဲ မကောင်းဘူး၊ ရဲရင့်ပြတ်သားပြီး စိတ်ဓာတ်က ခိုင်မာပေမယ့် ရိုးဖြောင့် ဖြူစင်တဲ့စိတ် မရှိပြန်ယင်လဲ၊ တစ်ဖက်သား ဒုက္ခရောက်တတ်ပြန်တယ်၊ ဘဝဆိုတာ ချောမွေ့ဖြောင့်ဖြူးနေတဲ့ သင်ရွက်ကြွေမဟုတ်ဘူး၊ ရှက်နွဲ့ဝေဖို့ ကိုယ်ဘာသာကိုယ် စိုက်ပျိုးယူရတဲ့ အပင်ငယ်ပဲသမီး၊ ကိုယ့်ပြုစုပျိုးထောင်မှုနဲ့ ကိုယ့်ဘဝအရွက်ဝေဖို့ကိုယ်တိုင် ဖန်တီးယူရမှာပဲ၊ ဘဝဆိုတဲ့ အပင်ငယ်ကို ဖျက်စီးနိုင်တဲ့ ပိုးမွှားဆိုတာကို ကိုယ့်ဘာသာ ဖယ်ရှားရမှာပဲ၊ အဲဒီ ဘဝ အပင်ငယ်ရဲ့ ကြီးထွားမှု နှောင့်နှေးပေမယ့် ပေါင်းမြက်ရှိနေယင်လဲကိုယ့်ဘာသာရှင်းလင်းခုတ်ထွင် ရမှာပဲလေ၊ အဲဒီအချိန်မျိုးမှာဖြူစင်ရိုး သားစိတ်နဲ့ရဲရင့် ပြတ်သားစွာဆုံးဖြတ်ရမယ်၊ ဆုံးဖြတ်ပြီးတာကို ခိုင်ခိုင် မြဲမြဲ ...ားနိုင်တဲ့စိတ် ငြိုဖို့လဲ လိုတယ်လေ၊ ဖေဖေပြော တာတွေ သမီးသဘောပေါက်ပါတယ်နော်'

'သဘောပေါက်ပါတယ် ဖေဖေ'

ဖေဖေ့အမေးကို ခင်ဖြူက သွက်လက်စွာ ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် နေရာတကာ ဇေ့စပ်သေချာသူဖြစ်ပြီး သား သမီးတွေကို အသေးစိတ် ဂရုစိုက်သွန်သင်သူလည်း ဖြစ်သည် စကားပြောတာ၊ အစား သောက်စားတာ၊ နေတာထိုင် တာ၊ ဝတ်တာစားတာမှအစ ဖေဖေ့ အလိုကျ ငယ်စဉ်က ပုံသွင်း ခြင်းကို ခံခဲ့ရသည်ပဲ။

* * *

'ခင်ဖြူခိုင်ဆိုတဲ့ နာမည်က ကိုလေးရဲ့....'

ဟု အစချီပြီး ဖေဖေက ဘာအဓိပ္ပာယ်နှင့် မှည့်ခေါ်ခဲ့သည် ကို ကိုလေးနှင့် ဆုံခိုက်မှာ ပြောပြဖြစ်သည်။ ကိုလေးကလည်း သည်အဓိပ္ပာယ်ကို သဘောကျနေပြန်၏။

'မင်းထွဋ်ဆိုတဲ့ နာမည်ကလဲ မင်းစိုး ရာဇာတွေ အထွတ်အထိပ် ရောက်စေချင်တဲ့ စေတနာနဲ့ ကိုလေး ကိုလေး ဖေဖေက နာမည်ပေးခဲ့တာလား မသိဘူးနော်'

ခင်ဖြူက စပ်စုကြည့်လိုက်သည်။

ကိုလေး မျက်နှာမှာ ရုတ်တရက် ကြေကွဲရိပ်သန်းသွားသည် ထင်၏။ အကြည့်ကို အဝေးသို့ ပို့ထားသည့် မျက်ဝန်းအစုံသည် ညို့မှိုင်းဝေရီနေမှန်း ခင်ဖြူ သိသည်။



'ခင်ဖြူရယ်....ဖေဖေနဲ့ ခင်ဖြူ့ဖေဖေ လုံးလုံး တူတာမှ မဟုတ်တာ၊ ဖေဖေက ကိုလေးတို့ကို နာမည်မှည့်တာက အစ ဒီလောက်ထိ ဂရုစိုက်မှာ မဟုတ်ပါဘူး၊ ဖေဖေက သားသမီးကိစ္စကို ခေါင်းထဲထည့်တတ်တာမျိုးမှ မဟုတ် တာ'

ကိုလေး အသံသည် အားငယ်ဆွေးမြည့်သံ ဖြစ်မည် ထင်၏။ ကိုလေးကို ခင်ဖြူ မေးလိုက်တာ မှားပြီဟု စိတ်ထဲက သိလိုက် သည်။

'ခင်ဖြူ စောစောကပြောတဲ့ အဓိပ္ပာယ်တွေ ဘာတွေ ဘာမှ တွေးကြမှာ မဟုတ်ပါဘူး ခင်ဖြူ၊ ဝင်းထွဋ်ရဲ့ ညီမို့ မင်းထွဋ် ဖြစ်လာတာပဲ ဖြစ်မယ်ထင်တယ်....'

'ဟာ....ကိုလေးကလဲ'

'ဟုတ်တယ်လေ၊ ကိုယ့်အဖေအကြောင်း ကိုယ်သိတာပဲ ခင်ဖြူရယ်'

ကိုလေးကို ဘာမှ ပြန်မပြောမိတော့။

'ခန္ဓာကိုယ်ပေါ်မှာဒဏ်ရာရရယင် ကုလို့လွယ်တယ် သမီး၊ စိတ်မှာဒဏ်ရာရသွားတဲ့အခါ သေသည်အထိ အဲဒီဒဏ်ရာ ဟာ ပါသွားတတ်တာပဲ၊ ကလေးတွေရဲ့ စိတ်ထဲမှာ ဘဝ်ခုခု ထိခိုက်ခံစားရပြီး ဒဏ်ရာလို ရသွားယင် သူ့ မသိစိတ်မှာ အဲဒီအနာဟာ ပြန်ပြန်ပေါ်လာပြီးနေတတ် မှာပဲ၊ ဒါကြောင့် မိဘဆိုတာ သားသမီးတွေရဲ့ ခန္ဓာ ကိုယ် ကျန်းမာရေးကို ဂရုစိုက်ရသလို စိတ်ခေတ်ဖြီးမှု ကိုလဲ အလေးထား လေ့ကျင့်ပေးဖို့လိုတာပေါ့

www.burmeseclassic.com



ကိုလေးကို ငေးကြည့်ရင်း ဖေဖေ ပြောပြခဲ့သည့် စကား
တို့ကို နားမှာပြန်ပြီး ရစ်ဝဲကြားယောင်လာသည်။

ကိုလေး ဖေဖေ့ကို ကိုလေး မကျေနပ်စိတ်ဖြင့် အရေး
အကောင်းမမြင်ဘဲ ရှိနေတတ်ပါသလားကွယ်။

* * *

မေမေ အခန်းတွင်းသို့ ဝင်လာသည်ကို သိသော်လည်း နှစ်နှ
ခြိုက်ခြိုက် အိပ်ပျော်ဟန်ဆောင်သားရသေးသည်။

တကယ်တမ်း အိပ်ပျော်နိုင်ရန်အတွက် တွေးလက်စ အတွေး
တို့ကို ဖြတ်ရမည်ဟု ခင်ဖြူ နားလည်ပါသည်လေ။

ဒါပေမယ့် အတွေးတိုင်းမှာ၊ အာရုံတိုင်းမှာ ကိုလေး
ထာဝရ ရှိနေတတ်တာကလား။

"ကိုလေးကို နားအလည်ဆုံးလူဆိုတာ ဒီလောကမှာ
မရှိနိုင်တော့ဘူး ထင်ထားခဲ့တာ၊ ခင်ဖြူနဲ့ တွေ့တော့
ခင်ဖြူ ကိုလေးကို နားလည်နိုင်ပါလားလို့ ယုံစားမိပြ
တယ်"



စကားသံတို့ကို အဖန်တလဲလဲ ပြန်ကြားနေနိုင်ရန်အတွက်
သုံးသားထက်မှာ အက္ခရာတင်ထားခြင်း ခံခဲ့ရပါသလားကွယ်။

သံယောဇဉ် အနှောင်အဖွဲ့ကို ရှောင်လွှည့်လို့ရော ရနိုင်ပါ့
သား ကိုလေးရယ်....။

*

www.burmeseclassic.com

www.burmeseclassic.com

[၄]

လေထဲမှာ သင်္ကြန်အငွေ့အသက်တို့ ပါလာပြီထင်၏။ အုံ့ဆိုင်းဆိုင်း ကောင်းကင်ကို မျှော်ငေးလျက် မျက်ရည်က ဝေ့ချင်လာပြီ။ တစ်ချက်တစ်ချက် ဝေ့သွားသည့် လေသည် ဖားလျားချထားသည့် ဆံစရှည်ကို တို့ခတ်သွားပြန်သည်။

ဝရန်တာမှာရပ်ရင်း မျှော်ငေးလျက် ကိုင်းဖျားမှ သစ်ရွက်တို့ လှုပ်ခတ်တာ တွေ့နေသည်။

လမ်းထိပ်က ပိတောက်ပင်ကြီးမှာ ပိတောက်ဖူးတံညှာတွေ ဝေရော့မည်။ သည်နှစ် သင်္ကြန်မှာ ဖေဖေ့ကို မကန်တော့ရတော့ပါလားဟု စဉ်းစားမိ၏။ အဝေးကပင် လှမ်း၍ ကန်တော့ဖြစ်တော့မည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



'မောင်ဇော်ဝေဘောင် သင်္ကြန်တွင်းပြန်လာမယ် ပြောသွားတာ၊ ရောက်တော့မယ်လေ...သူက ရန်ကုန်သင်္ကြန်ကျချင်တာ၊ ဖုန်းလှမ်းဆက်တော့ သူ့အမေက မပြန်ခဲ့နဲ့ဆိုလို့ သူ့ခမျာ ကြိတ်မှိတ်ပြီး ထားဝယ်မှာပဲ နေရတော့မယ်'

မနေ့ညနေက ကိုဇော်ဝေ၏ ဒေါ်ဒေါ် ရောက်လာပြီး အန်တီ့ကို ပြောနေသံ ကြားလိုက်ရသည်။

ခင်ဖြူလည်း ရန်ကုန်သင်္ကြန်ကို လွမ်းနေတာ မေမေ မရှိပိပါနေနှင့်ဟု ဆုတောင်းရသေး၏။

သင်္ကြန်အငွေ့အသက်တည့် ရင်ထဲက အိပ်မက် များစွာကို ပြန်လည်နှိုးဆွတတ်ပါသလားကွယ်။

* * *

တစ်လမ်းတည်းနေသူချင်းမို့ ရင်းနှီးကျွမ်းဝင်သည်မှာမဆန်း။ ကိုလေးတို့ ခြံကြီးက လမ်းဆုံးကာနီးမှာရှိပြီး ကျယ်ဝန်းသော်လည်း ပြုပြင်ခြင်းကင်း၍ သပ်ရပ်လှပမှုမရှိ။ ခင်ဖြူတို့အိမ်က လမ်းသိပ်နှားမှာ။ ခင်ဖြူတို့မမွေးခင်ကပင် သည်အိမ်ကို ဖေဖေတို့ပြောင်းခဲ့သည်ဆို၏။ အိမ်ကို ခင်ဖြူတို့ ဖေဖေ့သူငယ်ချင်းက



ငင်ပြီး ပိုနေသဖြင့် ဖေဖေအိမ်ထောင်ကျပြီးတော့ ဖေဖေ့ကို ငှိမ်းသွားအဖြစ်ပေးခဲ့တာ ခင်ဖြူသိရသည်။ အခုတော့ဖေဖေ့သူငယ်ချင်း ဆုံးသွားပြီး ဖေဖေတို့နှင့် အိမ်ရှင်ပြဿနာဖြစ်နေသာတင်စွန်းတစ်စသိ၏။

ခင်ဖြူငယ်ငယ်ကဆို ကိုလေးတို့ ခြံတစ်ဝိုက်မှာ ကစားခဲ့သည်ပဲ။ ကိုလေးက ခင်ဖြူထက် လေးငါးနှစ်လောက်အသက်ကြီးပေမည်။ ကိုလေးညီမ (ညီမအရင်း မဟုတ်မှန်း ကြီးမှသိရသည်) ကေခိုင်နှင့် ခင်ဖြူက ရွယ်တူဖြစ်မည်။

ခင်ဖြူတို့ ကိုးနှစ်ဆယ်နှစ်အရွယ်မှာ ကိုလေးကို လမ်းထဲမှာ တွေ့ရခဲတာ။ ကျောင်းပိတ်ရက်တွေမှာပဲ ရံဖန်ရံခါ ကိုလေးပြန်လာတတ်တာတွေ့ရသည်။

ခင်ဖြူ ငယ်စဉ်ကပင် ကိုလေးနှင့် ပတ်သက်၍ မှတ်မိစရာတစ်ခုဖြစ်လာခဲ့ပါ၏။

ကေခိုင်နှင့် ခင်ဖြူ ကစားရင်း ရန်ဖြစ်တတ်သည်။ ကိုလေးရှိခဲ့ရှေ့မှာ ကေခိုင်နှင့် ခင်ဖြူ လုံးထွေးသတ်ပုတ် နေစဉ်မှာ ကိုလေးရောက်လာပြီး လူချင်းခွဲပေးလိုက်၏။

ကိုလေးကို တွေ့တော့ ကေခိုင်က ကိုလေးလက်ကိုပြေးဆွဲပြီး သည်။ ခင်ဖြူသူ့ကို စ,လုပ်ပါသည်တိုင်၏။ ခင်ဖြူကတော့ ကိုလေးရှေ့မှာ ယို့ယို့ကလေးရပ်ရင်း မျက်နှာကို လက်ဖဝါးဖြင့် ပွတ်သပ်နေမိသည်။ ကုတ်ခြစ်ခံထားရသည့် ဒဏ်ရာတို့က ပြင်းဖျင်းနှင့် နာနေ၏။

'ကေခိုင်က အပေါ်ကနေ ခင်ဖြူကို ကုတ်ခြစ်နေတာတွေ့တာ ကိုလေး မြင်တာပဲ၊ ကေခိုင်ကလုပ်ပြီး၊ ကေခိုင်က

www.burmeseclassic.com



ဘာလို့ငိုနေတာလဲ ဟိုမှာ အလုပ်ခံရတဲ့လူကတောင် မငို ဘဲနဲ့'

ဟု ကိုလေးက ပြောရင်း လက်ကိုင်ပဝါဖြင့် ခင်ဖြူမျက်နှာကိုသုတ်ပေးသည်။ ထိုစဉ် ကိုလေးတို့ ဖေဖေခြံထဲဆင်းလာတာ ကေခိုင်တွေ့ပြီး ဖေဖေဒီမှာ ကိုလေးနဲ့ခင်ဖြူ သမီးကို ဝိုင်းလုပ်နေကြတယ် အော်ရင်း ငိုကာပြေးထွက်သွား၏။

'ကေခိုင်က သိပ်ဆိုးတာ ခင်ဖြူ၊ဒီကောင်မလေးနဲ့ အတူမကစားနဲ့၊ သိပ်ဗိုလ်ကျချင်တာ၊ တွေ့လား၊ ပြီးတော့ သူကချည်းဦးအောင်တိုင်တတ်တယ်'

ဟု လက်ကိုင်ပဝါနှင့် မျက်နှာက ချွေးစကို သုတ်ပေးရင်း ကိုလေးကပြောတော့ ခင်ဖြူ အံ့ဩစိတ်ဖြစ်သည်။

ကိုလေးကို တစ်လမ်းလုံးက ကိုလေးဟုခေါ်သလို ခင်ဖြူကလည်း ကိုလေးဟုပင် ငယ်စဉ်ကစ၍ ခေါ်တတ်ခဲ့၏။

'ကိုလေး ဘာဖြစ်လို့ ကေခိုင်ဘက်က မလိုက်တာလဲဟင်'

ဟု မေးလိုက်တော့ ကိုလေးက ရယ်ရင်း

'ကိုလေးက ဘာလို့ ကေခိုင်ဘက်ကလိုက်ရမှာလဲခင်ဖြူ'

ဟု သူ့ကိုမေးသည်။

ကိုလေးမျက်နှာမှအကြည့်ကို ရုတ်တရက် လွှဲလိုက်မိသည်။ ပြီးမှ ပြုံးနေသော ကိုလေးကို မော့ကြည့်ရင်း

'ကေခိုင်က ကိုလေးညီမပဲဟာ'

ဟု သူပြောလိုက်မိ၏။

ကိုလေးက သူ့ပခုံးနှစ်ဖက်ပေါ်သို့ လက်တင်ကာ



'ကိုလေးက မှန်တဲ့လူဘက်ကို လိုက်မှာပေါ့ ခင်ဖြူရဲ့ ကေခိုင်ဆိုးတာ ကိုလေးသိတာပဲဟာ'

ဟု ပြောလိုက်သည်။ ခင်ဖြူရင်ထဲမှာ ကျေနပ်ကြည်နူးပြီး ပျော်သွားခဲ့သည်မှာအမှန်။ ကိုလေးကိုလည်း အလျင်ကထက် ပိုပြီး ခင်မင်သွားမိတော့သည်။

'နေပါဦး၊ ကိုလေးကလဲ ခင်ဖြူကိုမေးရဦးမယ်၊ ကေခိုင်လိုပဲ အိမ်ရောက်ယင် ခင်ဖြူဖေဖေကို ပြန်တိုင်မှာလား'

ဆိုတော့

'မတိုင်ပါဘူး'

ဟု ချက်ချင်းပြန်ဖြေလိုက်မိသည်။

'ဘာဖြစ်လို့ မတိုင်တာလဲခင်ဖြူ'

'ရန်ဖြစ်တာကို ဖေဖေကမကြိုက်ဘူး၊ ပြီးတော့ အပြင်မှာဘာဖြစ်ဖြစ် အိမ်ထဲကို ယူမလာရဘူးလို့ ဖေဖေက မှာထားတာ'

ဟု ကိုလေးကို ပြန်ပြောလိုက်သည်။

ဆံပင်ဘိုတိုလေးညှပ်ထားသော သူ့ခေါင်းပေါ်သို့ ကိုလေးက လက်ဖဝါးနှင့်တင်၍ ပုတ်လိုက်ရင်း

'ကဲ... သွားတော့ ခင်ဖြူ၊ နောက်ရက်တွေမှာလဲ ရန်မဖြစ်နဲ့၊ ကိုလေးလဲ ရှိမှာမဟုတ်ဘူး၊ ကျောင်းပိတ်ရက်မို့ ကိုလေးပြန်လာတာ'

ဟု ပြောလိုက်သည်၊

ကိုလေးကို တစ်ချက်မော့ကြည့်ပြီး အိမ်ဘက်သို့ပြေးထွက်လာခဲ့မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးက မုန့်တွဲဘက်ကလိုက်တယ်၊ ကိုလေးက ခင့်ဖို့ သိပ်ကောင်းတာပဲဟု စိတ်ထဲက တွေးနေမိသေးသည်။

သည်ကတည်းက စခဲ့တဲ့ သံယောဇဉ်ပါ ကိုလေးရယ်။

* * *

'သမီးညနေက လမ်းထိပ်ထွက်သေးလား'

ဟု ဖေဖေမေးလိုက်တော့ အငယ်ကောင် အောင်အောင် ဖေဖေ့ကို တစ်ခုခုတိုင်ပြီဟု ခင်ဖြူသိလိုက်သည်။

'ဘာဖြစ်လို့လဲ ဖေဖေ၊ ခင်ဖြူ ညနေက လမ်းထိပ်ထွက် မုန့်စားတယ်'

ဖေဖေ့ စာကြည့်စားပွဲနားမှာရပ်ရင်း ပြောလိုက်သည်။

ဖေဖေက စာကြည့်စားပွဲမှာထိုင်ရင်း သူ့ကို မော့ကြည့်လျက်

'ခုံတစ်လုံးဆွဲပြီး ထိုင်ဦးသမီး'

ဟု ပြောသည်။

ခုတင်ခြေရင်းက ခုံပုကလေးကို ဆွဲယူကာ စာကြည့်စားပွဲထိပ်မှာ ထိုင်လိုက်၏။

'သမီး၊ လောကမှာ လူဆိုတာ ဘာအရေးကြီးဆုံးလဲ သိလား'



ဖေဖေ့ကို ပြန်မဖြေဘဲ ငြိမ်ငြိမ်လေး နားထောင်နေလိုက်သည်။ ဖေဖေက ခင်ဖြူ့မျက်နှာကို အကဲခတ် စူးစိုက် ကြည့်နေ၏။

'ပြောပါ ဖေဖေ'

ဟု ခင်ဖြူက စကားထောက်သည်။

'လူမှာ အကျင့်သီလဟာ အရေးကြီးဆုံးပဲသမီး၊ အကျင့်သီလဟာ လူ့ရဲ့ တန်ဖိုးပဲ၊ အကျင့်သီလ ချို့ယွင်းတာကို ဘယ်လိုဖြည့်လို့မှ မပြည့်နိုင်ဘူး၊ အဲ့ဒီတော့ အပေါင်းအသင်းပေါင်းတဲ့အခါမှာ အကျင့်သီလ ရှိမရှိဆိုတာကို ကြည့်ပြီး ပေါင်းရသင်းရမယ် သမီး'

အခုထိ ဖေဖေဘာကို ပြောချင်သည်ဟု ခင်ဖြူမရိပ်မိသေး။ ညနေက လမ်းထိပ်ထွက်သေးလားဆိုသည့် အမေးနှင့် ဆက်စပ်တွေးယူ၍ မရနိုင်ဖြစ်ရပြန်သည်။

'အပုပ်နံ့ ထွက်တဲ့အရာဟာ အနီးအနားမှာပါ အပုပ်နံ့ကို ကူးစက်သွားစေတယ်၊ အပုပ်နံ့ထွက်တဲ့အရာနားမှာ ကိုယ်ရှိနေယင် ကိုယ်က အပုပ်နံ့ရရုံတင်မဟုတ်ဘူး ပတ်ဝန်းကျင်က ကိုယ့်ဆီက အပုပ်နံ့ ထွက်တယ်လို့တောင် ထင်ယောင် ထင်မှား ဖြစ်လာနိုင်သေးတယ်၊ ဒီတော့ အပုပ်နံ့ ထွက်တဲ့အရာနဲ့ ဝေးဝေးမှာ နေသင့်တာပေါ့ သမီးရယ်၊ ဒီလိုပဲပေါ့သမီးရယ်....အပေါင်း အသင်းမှာလဲ အပုပ်နံ့ ထွက်တယ်၊ အကျင့်သီလ ကင်းတယ်ဆိုတဲ့ လူတွေနဲ့ မပေါင်းရ မသင်းရဘူးလေ'

'သမီး အပေါင်းအသင်းတွေ ထဲမှာ....'

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ သိသလောက် သမီးအပေါင်း အသင်းတွေထဲမှာ ဒီလိုလူမျိုးတွေ မရှိပါဘူး၊ ဒါပေမယ့် မနေ့ညနေက သမီး မောင်မင်းထွဋ်ဆိုတဲ့ သူငယ်နဲ့ တရင်းတနှီး ပြောဆိုနေတယ်လို့ ဖေဖေသိရတယ်'

'သမီး မုန့်ဝယ်နေတုန်း လမ်းထဲပြန်ဝင်လာတဲ့ကိုလေးနဲ့ စကားပြောတာပဲ'

'ဟုတ်တယ်သမီး၊ လမ်းထိပ်ဆိုင်မှာဆိုတော့ ပိုဆိုးတာပေါ့၊ အများသူငါ မြင်နိုင်တွေ့နိုင်တဲ့ နေရာပဲလေ'

'မဟုတ်ဘူးဖေဖေ သမီး မရှင်းလို့ ထပ်မေးပါရစေ၊ ကိုလေးနဲ့ ရိုးရိုးသားသား ခင်ခင်မင်မင် စကားပြောတာ အပြစ်ရှိသလား ဖေဖေရယ်'

ဖေဖေ့ထံမှ သက်ပြင်းချသံကို ကြားရပြန်သည်။

'သမီးလဲ သိသားနဲ့သမီးရယ်၊ မောင်မင်းထွဋ်ဆိုတဲ့သူငယ်တို့ မိသားစုကို ရပ်ကွက်ထဲက သိပ်အပေါင်းအသင်းလုပ်ကြတာ မဟုတ်ဘူး၊ ဒီသူငယ်ရဲ့အဖေကိုလဲ အားလုံးက ကိုယ်ကျင့်တရား ချို့ယွင်းသူအဖြစ် ဟက်ဟက်ပက်ပက် ဆက်ဆံကြတာမှ မဟုတ်တာ၊ ဒီကြားထဲမှာ ဒီသူငယ်လေးကလဲ ရှုပ်ရှုပ်ယှက်ယှက်ဆိုတော့ သူတို့နဲ့သမီးခင်မင်ရင်းနှီးတယ်ဆိုတာအောင် သိက္ခာကျလှပြီသမီး၊ ဖေဖေစောစောက ပြောခဲ့သလို အပုပ်နံ့ ထွက်တဲ့လူတွေလို့ သမီးစိတ်ထဲက သိပြီး ဝေးဝေးမှာ ရှောင်စေချင်တယ်လေ'



ဖေဖေ့ထံမှ အကြည့်ကိုလွှဲလျက် သက်ပြင်းကို ခင်ဖြူချလိုက်တော့သည်။

* *

ခင်ဖြူက ဖေဖေ့ကို အချစ်ဆုံးပဲ သင်းသင်းရဲ့၊ သင်းသင်းလဲ သိပါတယ်၊ ဖေဖေကလဲ သားသမီးသုံးယောက်ထဲမှာ ခင်ဖြူကို အချစ်ဆုံးပဲလေ၊ ခင်ဖြူက ငယ်ငယ်လေးကတည်းက ခင်ဖြူ အရမ်းကြိုက်တဲ့ချော့ကလက်ရယင်တောင်ဝှက်စားတတ်ပေမယ့် ဖေဖေ့ကိုတော့ နည်းနည်းဖြစ်ဖြစ် ကျွေးရမှ ကျေနပ်တာ၊ အဖေဆိုးမတာတွေကိုယ် အားလုံး အလေးအနက်ထားပြီး အဖေစိတ်တိုင်းကျအောင် လိုက်နာခဲ့တာပဲလေ၊ ဒါပေမယ့် သင်းသင်းရယ်၊ မနေ့ညက ဖေဖေက ကိုလေးနဲ့ ပတ်သက်ပြီး ပြောတာတော့ ခင်ဖြူ စဉ်းစားကြည့်တယ်၊ တစ်ဖက်သတ် ဆန်နေမလားလို့'

ကျောင်းမှာ သင်းသင်းနှင့်ဆုံတော့ ခင်ဖြူ ပြောပြဖြစ်ခဲ့သည်။ သင်းသင်းဆိုတာကအိမ်မှာ ဝင်ထွက်နေပြီး အိမ်သားလိုဖြစ်နေတဲ့ ခင်ဖြူရဲ့အချစ်ဆုံး သူငယ်ချင်းလေ၊ တစ်ခုခုဘိုင်ပင်စရာ ရင်ဖွင့်စရာရှိလျှင် သင်းသင်းကိုတော့ ခင်ဖြူ ဖွင့်ဟတိုင်ပင်ရင်ဖွင့်စမြဲ။ အခုလဲ ညက ဖေဖေဆိုးမတာကို စိတ်ထဲမှာ ဆိုးခုလုဖြစ်ပြီး သင်းသင်းကို ပြန်ပြောပြမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အန်ကယ်က သိပ်စည်းကမ်းကြီးပြီး၊ စည်းစနစ်နဲ့ ကိုယ်ကျင့်တရားကို သိပ်အနိဖိုးထားတဲ့သူဆိုတော့ ကိုလေးတို့အမေနဲ့က ဆန့်ကျင်ဘက် ဖြစ်နေတာပေါ့၊ ဒါကြောင့် ခင်ဖြူကို အန်ကယ်က သတိပေးဆုံးမတာ နေမှာ'

ဟု သင်းသင်းက ပြောသည်။

'ခင်ဖြူက သဘောပေါက်ပါတယ်သင်းသင်း၊ ကိုလေးတို့ရဲ့ မိသားစု ပြဿနာတွေဟာပဲဖြစ်ဖြစ်ပေါ့၊ နောက်ဆုံး ကိုလေးတို့ ဖေဖေကို တစ်ရပ်လုံးက ကျဉ်ချင်ယင်ကျဉ်ထားပစေပေါ့၊ ခင်ဖြူနဲ့ ကိုလေးရဲ့ ဆက်ဆံမှုမှာ ဘာအမှားအယွင်းရှိလို့ဟန့်တားထားရမှာလဲ သင်းသင်းရယ်၊ ပြီးတော့ ကိုလေး ရှုပ်ရှုပ်ပွေပွေဆိုးတယ်ဘာဦး၊ ကိုလေးက ခင်ဖြူအပေါ်မှာ ကောင်းယင် သူ့ကို ခင်ဖြူအပေါင်းအသင်း မလုပ်ရဘူးလား၊ ကိုလေးဟာ တစ်ရပ်ကွက်တည်းတစ်လမ်းတည်းလား၊ခင်ဖြူငယ်ငယ်ကတည်းက တရင်းတနှီး နေခဲ့တဲ့သူ၊ ခင်မင်နေတဲ့သူပဲ သင်းသင်းရယ်'

'ဒါပေမယ့် ကိုလေးကလဲ ပွေတယ်ဆိုတော့'

ဟု သင်းသင်းက ထောက်ပြသည်။

'ဒါကတော့ ကိုလေးအပိုင်းပဲ့ သင်းသင်းရယ်၊ သူပွေတဲ့ကိစ္စ သူ့အပြစ် သူခံရမှာပဲပေါ့၊ အရေးကြီးတာက ခင်ဖြူတို့အပေါ်မှာ သူ စိတ်ကောင်း-စေတနာကောင်း ရှိယင် ပြီးတာပဲ မဟုတ်လား၊ လူတစ်ယောက်ကို အတွင်းကျကျ မပေါင်းဘူးဘဲ၊ ကျကျနန မသိရဘဲနဲ့ အပေါ်ယံအမြင်နဲ့ ကြည့်ပြီး ကောင်းတယ် မကောင်းဘူး ဆုံးဖြတ်တာ သင့်ပါ့မလား၊ နှင်းစဉ်းစားကြည့် သင်းသင်း'



'နှင်းနဲ့ ကိုလေးတို့ သံယောဇဉ်ကို ငါသိတယ်၊ ခင်ဖြူကိုလေး နှင့်အပေါ်မှာ ကောင်းတာလဲ ငါနားလည်တယ်၊ မုန့်ဟင်းခါးဆိုင်မှာ နှင်းက သူ့ဘေးနားကပ်ထိုင်တော့ သူက အလျင်စလို စားပြီး ခင်ဖြူ ကိုလေးသွားတော့မယ်၊ ခင်ဖြူနဲ့ ကိုလေးကို အခုလို တွေ့သွားလို့ မဟုတ်တရုတ် သတင်းထွက်ပြီး ခင်ဖြူ သိက္ခာကျနေဦးမယ် ပြောတယ်ဆို၊ ပြီးတော့ ပိုက်ဆံရှင်းခဲ့ပြီး ဆိုင်ထဲက ထွက်သွားတယ်လို့ နှင်းပဲ ပြောခဲ့တာလေ၊ အဲဒါကိုထောက်ယင် သူ နှင့်အပေါ်မှာ ဘယ်လောက် စေတနာထားတယ်၊ စောင့်စည်းတယ်ဆိုတာ ငါနားလည်တယ်၊ သူ့ကြောင့် နှင့်သိက္ခာကို ထိပါးမှာတော့ သူ ဘယ်တော့မှ အဖြစ်ခံမှာ မဟုတ်ဘူး ခင်ဖြူ၊ ဒါပေမယ့် ပတ်ဝန်းကျင်ဆိုတာက နှင်းပြောသလို ရေ့ရေ့ရာရာ မသိဘဲ ပြောချင်တာကို ပြောတတ်ကြတာ၊ အဲဒီလိုပြောစရာ ရှိလာယင် ကိုယ်က မိန်းကလေးလေ'

သင်းသင်း စကားကိုနားထောင်ရင်း အတွေးထဲမှာ ကိုလေးကို သူ ပြန်မြင်ယောင်သည်။ မုန့်ဟင်းခါးဆိုင်ထဲကို သူဝင်လိုက်သည် ကိုလေး ထိုင်နေတာ တွေ့၏။ ကိုလေးဘေးမှာ နေရာလွတ်နေ၍ နှုတ်ဆက်ရင်း သူ ဝင်ထိုင်လိုက်သည်။ ကိုလေးက သူ့ကို တရင်းတနှီး ဆက်ဆံသော်လည်း ခေါင်းငုံ့ပြီး မုန့်ကိုသာ အလျင်

www.burmeseclassic.com



စလို စားနေတော့ ကိုလေးစိတ်ခုရသေးသည်။ သူ့ကောင်မ
လေး တစ်ယောက်ယောက် မြင်မှာ ကိုလေးကြောက်နေ
ဟု ထင်ကာ မကျေမနပ် ဖြစ်ရသေးသည်။ မုန့်းဖို့ ရှင်းပိုပိုက်ဆံ
ထုတ်ပေးရင်း ကိုလေးပြောလိုက်သည့် စကားကို ကြားရတော့
ကိုလေး အံ့သြစိတ်ဖြစ်ရပြန်၏။ မဟုတ်တရုတ် သတင်းတွေ
ထွက်ပြီး ခင်ဖြူသိက္ခာကျနေဦးမယ်ဆိုတဲ့ စေတနာ စကားက
နှလုံးသား ထိရိုက်ခတ်တုန်ခါသွားစေသည်ပဲ။

'အဲဒီလောက်ထိဂရုစိုက်နေရယင်လဲ လူ့ဘဝကျဉ်းကျ
ပြီး နေချင်စရာ ရှိနိုင်ပါတော့မလား သင်းသင်းရယ်
ကိုယ်တကယ် မဟုတ်တဲ့ ကိစ္စအတွက်တော့ ပြောသမျှ
ဂရုစိုက် ခံစားမနေချင်တော့ဘူးလေ၊ သင်းသင်းက
ခင်ဖြူ ပြောခဲ့ဖူးပါတယ်၊ သင်း သင်း ဆယ် တန်း
လောက်ကဆို ကိုလေး ကိုအရမ်း မုန်းသွားဖူးတယ်
ကိုလေးကလဲ အဆောင်မှာ သွားနေတာများပြီး အတွေ့
နည်းသွားတော့ ပိုစိမ်းသွား သလိုပဲ၊ ဒီကြားထဲမှာ
ကိုလေး အကြောင်းတွေ ကြားပြီး မုန်းတယ်.... ကိုယ်
ခင်တဲ့သူတစ်ယောက်အကြောင်း ကောင်းတာပဲ ကြား
ချင်တယ်လေ၊ ဒါပေမယ့် နောက်တော့လဲ.... ကိုလေး
စိတ်ရင်းကို နားလည်ပြီး အလျင်ကလိုပဲ တရင်းတနှီး
ပြန်ဖြစ်သွားတာပဲ'

'သူ့ကြည့်ရတာတော့....ဘယ်သူတွေဘာပြောပြော သိ
ဂရုစိုက်ပုံမရဘူးနော် ခင်ဖြူ'

ခင်ဖြူ စကားအဆုံးမှာ သင်းသင်းက မေးလိုက်သည်။



'ဂရုစိုက်နေယင်လဲ.... သူ့ဘဝမှာ နေစရာ ရှိတော့မှာ
မဟုတ်ဘူး သင်းသင်း၊ ဒါပေမယ့် ကိုလေးမှာ အပေါင်း
အသင်း သိပ်နည်းတာပဲ၊ သူ့မျက်နှာက တစ်ခုခုကို
မကျေမနပ်ဖြစ်နေတယ်ဆိုတာ တစ်ချက်ချက် ပေါ်ပေါ်
လာတယ်ကွ'

'ဘာလဲ....နင်က မျက်နှာကြည့်ရုံနဲ့ သူ့စိတ်ကိုပါ သိနေ
ပြီလား'

ဆိုတော့....ခင်ဖြူ သင်းသင်း လက်မောင်းကို ဆွဲလိမ်လိုက်မိ
သေး၏။

*  *  *

'ဟာ....ကိုလေး'

သင်းသင်းနှင့် သူ ဘတ်စ်ကားမှတ်တိုင် နေပူကျဲကျဲမှာ ကား
ရပ်စောင့်နေတာ တစ်နာရီနီးပါး ရှိခဲ့လေပြီ။ ကားက အလာ
ကျဲ၏။ ကားတစ်စီး ထိုးရပ်လျှင်လဲ တိုးလိုးတွဲလောင်းတွေနှင့်
တက်ဖို့ မလွယ်လှ။ မြို့ထဲက အိမ်ပြန်ရောက်ဖို့ စိတ်က စောနေ
သည်။ သင်းသင်းနှင့်သူ ဈေးခဏသွားမည် ပြောရှိ ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ ပြန်ရောက်မည်ပြောခဲ့သည့်အချိန်ထက် အတော် နောက်ကျနေပြီ။ မေမေ စိတ်ပူနေမလား စိုးရိမ်တွေး တွေးဖြစ်၏။

ထိုစဉ် သူတို့ရှေ့မှာ ကိုလေးကား ထိုးရပ်တော့ ဝမ်းသာစိတ်ဖြင့် နှုတ်က ခေါ် လိုက်မိသည်။

'အိမ်ပြန်မှာလား ခင်ဖြူ'

ဟု ကိုလေးက မေးသည်။

'ပြန်မှာ ကိုလေးရဲ့'

'ဒါဆို...တက်လေ'

ပြောရင်း ကားတံခါး ဖွင့်ပေးတော့ ခင်ဖြူရော သင်းသင်းပါ ကားပေါ် တက်ခဲ့ကြသည်။ ကားနောက်ခန်းမှာ သင်းသင်းနှင့် နှစ်ယောက် ထိုင်လိုက်၏။

'ကိုလေး လမ်းထိပ်မှာပဲ ကားရပ်ပေးနော်'

ဟု ရောက်ကာနီးမှာ ပြောလိုက်တော့....

'လမ်းထဲက လူတွေ ပြောမှာစိုးလို့လား ခင်ဖြူ'

ဟု ကိုလေးက ခပ်ပြုံးပြုံးနှင့် မေးလိုက်သည်။

ကိုလေးကို အားနာစိတ်ဖြင့်ကာ မဟုတ်ပါဘူး ကိုလေးရဲ့ဟု စကားကို ဖာထေး ပြောနေမိပြန်၏။ ကိုလေးကတော့ ဘာမှ ပြန်မပြောသော်လည်း ပြုံးနေတာ ဘေးတိုက် အနေအထားနှင့် ခင်ဖြူ မြင်သည်။

'ကိုလေးကလဲ...ခင်ဖြူက ဘယ်သူ ဘာပြောပြော ကိုယ်မှန်တယ်ထင်ယင် လုပ်ရဲတဲ့စိတ်ရှိတာ ကိုလေး သိပါတယ်၊ လမ်းထိပ်မှာ ရပ်ခိုင်းတာက သင်းသင်းနောက်လိုက်သွားစရာရှိလို့ပါ'



လှိုးလွဲစကားကို ဆိုလိုက်ရသော်လည်း လိပ်ပြာမသန့်ချင်။ သင်းသင်းတို့လမ်းက ခင်ဖြူတို့လမ်းနှင့် တစ်လမ်းကျော်မှာမို့ ကိုလေးက ယုံတော့ ယုံပေမည်။

'ပြီးတာပါပဲ ခင်ဖြူရယ်'

လမ်းထိပ် အရောက်မှာ ကိုလေး ကားပေါ်က ဆင်းပြီး သင်းသင်းနှင့်အတူ လမ်းထိပ်ဈေးဆိုင်လေးမှာ မုန့်ဝယ်စားရင်း စကားပြောနေမိသေးသည်။ ခဏကြာမှ လမ်းခွဲအိမ်ပြန်ဖြစ်ခဲ့၏။

* * *

'သမီး....မောင်မင်းထွဋ် ကားပေါ်က ဆင်းလာတာကို အန်တီနဲ့က တွေ့တယ်လေ၊ အဲဒါ သမီး ဘာလို့အဲဒီကားနဲ့ လိုက်လာရလဲပေါ့.... သူများ ပြောစရာ မေးငေါ့စရာ ဖြစ်နေမယ်....ဒီကောင်လေးတွေက ကောင်းတာ မဟုတ်ဘူး.... ဘာညာနဲ့ လာပြောသွားတော့ သမီး ဖေဖေလဲ ကြားသွားတယ်.... သမီးဖေဖေက ချက်ချင်း မျက်စိမျက်နှာပျက်ပြီး ထသွားတယ်လေ.... သူ သမီးကို စိတ်ဆိုးနေပုံရတယ်၊ သူ ပြောယင် ဘာမှ ပြန်လှန်မပြောမိနေနဲ့ဦး'

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ညနေမှာ မေမေက သူ့ကိုခေါ်ပြီး ပြောပြသည်။ အန်တီနွဲ့က မျက်နှာချင်းဆိုင် အိမ်က ဖြစ်ပြီး စကားရှုပ်တတ်၊ စပ်စုတတ်တာ အားလုံး အသိ။

'ဟုတ်ကဲ့ မေမေ'

ဟုသာ ခေါင်းငုံ့ ပြန်ပြောဖြစ်ပြီး ဘာမှ မဆက်ဘဲ ငြိမ်နေလိုက်မိသည်။ တစ်အိမ်လုံးမှာက မေမေ့ကို အချက်အလက်နှင့် ပြန်ပြောဝံ့တာက သူ တစ်ဦးတည်းသာ ရှိသည်။ မေမေက တစ်ခါခါမှာ တစူးစားနိုင်လွန်းသည် ထင်၏။ သူ ထင်တာသာ အမှန်ဖြစ်၍ ကျန်တဲ့သူစကားကို အလေးမထားချင်။ မေမေက သူ့ကိုအချစ်ဆုံးမို့ သူကတော့ သူမှန်တာထင်လျှင် မေမေ့ကို ပြန်ပြောတတ်သည်။ မေမေကလဲ သူပြောလျှင် အပြစ်ဟုမမြင်တတ်။ ကိုလေးကိစ္စမှာတော့ ခင်ဖြူ့ဘာမှ ပြန်ပြောချင်စိတ်မရှိတော့ မေမေပြောသမျှ ခေါင်းငုံ့နားထောင်မည် ဆုံးဖြတ်သည်။

ညရောက်တော့ ခါတိုင်းနှယ် မေမေဆုံးမစကား ပြောမည်ဟု သူထင်၏။ နောင် တစ်ရက်နှစ်ရက်ကြာထိ မေမေ သူ့ကို စကားမပြောဘဲ ခပ်တန်းတန်းနေတော့မှ မေမေ သူ့ကိုစိတ်ဆိုးနေပြီသိလိုက်သည်။ မိမိကိုယ်တိုင်က ခံစားနားလည်သော်လည်း အခြားသူတို့ နားလည်အောင် ရှင်းလင်းပြောပြရန်ခက်ခဲသော ကိစ္စများစွာရှိတတ်သည်ပဲဟုသာ ခင်ဖြူ့တွေးနေမိတော့၏။

* * *



သမီး ...ထမင်းစားလိုက်ရအောင်လေ'

နောက်နားက အန်တီတို့အသံကို ကြားတော့မှ အတွေးစတို့ ခိုဝင်ပြစ်သွားတော့သည်။

'ဘာလဲ ရန်ကုန်ပြန်လွမ်းနေပြီလား ခင်ဖြူ၊ မနက်ဖြန် ဆိုအကြီးနွေတောင်ရောက်တော့မယ်၊ ထားဝယ်သင်္ကြန် ကိုကြုံဖူးသွားတာပေါ့၊ လာလာ ထမင်းစားရအောင်'

နောက်ကို ပြန်အလှည့်မှာ အန်တီက သူ့ကိုကြည့်ရင်း ပြောသည်။

'အကြိုနေ့ဆိုတော့ ရေမပက်ရသေးဘူးပေါ့နော်အန်တီ'

ဟု အန်တီ့အနားလျှောက်လာရင်း မေးလိုက်၏။

'မနက်ဖြန်သမီး တွေ့လိမ့်မယ်၊ ထားဝယ်မှာက အကြို နေ့ကစပြီး ရေပက်တာကွယ့်'

'အော်'

'သမီးပျော်မှာပါ'

ဟု အန်တီက ပြောလိုက်သည်။

သောကအကြည့်နှင့် ရင်သည်ပျော်ရွှင်ခြင်းကို ခံစားနိုင်ပါဦးမလားဟု သံသယဝင်မိပြန်၏။

အကြိုနေ့တောင် ရောက်တော့မှာပါလား ကိုလေးရယ်။

*

www.burmeseclassic.com

www.burmeseclassic.com

[၃]

ကိုဇော်ခဝေ ပြန်ရောက်လာပြီ ဖြစ်၍ ကိုဇော်ဝေနှင့်စုစုတို့လိုက် သည်ဟု သိရသည်။ ပြီးတော့ စုစုသူငယ်ချင်းနှစ်ယောက်လည်း ပါမည်ဆို၏။ ကိုဇော်ဝေနှင့် အတူပါလာသော ကိုဇော်ဝေ သူငယ်ချင်း တစ်ယောက်လည်း ရှိသေးသည်။ အန်တီမေမေနှင့် ခင်ပြုံပါဆိုလျှင် လူအုပ်ကအများသား။

ကားပေါ်မှာ အစားအသောက်ချက်ပြုတ်ပြီးသားတွေရော ဆန်နှင့် အိုးခွက် ပန်းကန်ထည့်သည့် တောင်း နှစ်တောင်းပါ ပါလာသေးသည်။

စုဝုတို့အိမ်က အိမ်ဖော်မလေး တစ်ယောက်လည်း လိုက် သွား၏။ မောင်းမကန်ကို တစ်ခါမှမရောက်ဖူးသေး၍ အသစ်

www.burmeseclassic.com



အဆန်းဖြစ်ကာ ရောက်လိုစိတ်ရှိသော်လည်း ရင်ထဲမှာပိုပြီးခံစား နေမည်ဟုဘာသာသိနေပြန်ပါသည်။

'ဟဲ့....မောင်ဇော်ဝေတို့တက်လေ'

ဟု အန်တီက ကားပေါ်တက်ကြရန်ပြောသည်။

'တက်ကြပါအန်တီ၊ ကျွန်တော်တို့နှစ်ယောက်က မော် တော်ဆိုင်ကယ်နဲ့ လိုက်ခဲ့မယ်'

ဟု ကိုဇော်ဝေက ပြန်ပြောတာကြားရ၏။

'ဟိုမှာလဲ စီးလို့ရအောင် ဝယ်စရာရှိတာလဲဝယ်လို့လ အောင် စုစုတို့အိမ်က ဆိုင်ကယ်ယူလာတယ်အန်တီ'

စုစုက ဝင်ပြောလိုက်သည်။

'ဒါဆိုတော့လဲပိုပြီး အဆင်ပြေသွားတာပေါ့ကွယ်'

ဟု အန်တီက ပြောသည်။

ကားပေါ်တက်ကြပြီး ကားစထွက်၏။

* * *

မြို့ထဲကဖြတ်၍ ကားမောင်းခဲ့စဉ်မှာ ကလေးတွေရေပက်နေကြ တာမြင်သည်။



'တွေ့လား မမဖြူ ကလေးတွေရေပက်နေကြပြီ၊ သား ဝယ်မှာတင်မကဘူး လမ်းတစ်လျှောက် ရွာတွေမှာလဲ ရေပက်ကြလိမ့်မယ်၊ လူကြီးတွေတော့ ရေမပက်ကြ ပါဘူး၊ ကလေးတွေပဲပက်ကြသာ'

စုစုက ရေပက်ဆော့ကစားနေကြသောကလေးတွေကိုပြရင်း ပြောသည်။

'ရန်ကုန်မှာလဲ ငချို့ကလေးငယ်တွေတော့ အကြိုနေ့ မှာ ဒီလိုပဲဆော့ကြတတ်တယ် စုစုရဲ့'

ဟု ခင်ဖြူက ပြန်ပြောလိုက်၏။

'ဒီမှာက အကြိုသုံးရက်တောင်ပဲ မမဖြူရဲ့'

'ဟင်....အကြိုသုံးရက် ဟုတ်လား'

အံ့သြစွာ မေးလိုက်မိပြန်သည်။

'ဟုတ်တယ်မမဖြူရဲ့၊ အကြိုမရောက်ခင်နှစ်ရက်ကတည်း က ကြိုပြီး ကလေးတွေ ရေပက်နေကြပြီလေ'

'သြော်....'

ကားလေးသည် ကမျှောကင်းတံတားကြီးကို ဖြတ် ကျော် ပြီ။

'ထားဝယ်နဲ့ မောင်းမကန် အတော်ဝေးလားစုစု'

ခင်ဖြူက မေးလိုက်သည်။

'ဆယ့်နှစ်မိုင်လောက် ဝေးမယ်ထင်တယ်မမစု၊ ဒီတံတား က ထားဝယ်နဲ့ နှစ်မိုင်လောက် ဝေးတယ်လေ'

စုစုက ခင်ဖြူ့အမေးကို ပြန်ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကားလေးသည် တံတားကိုဖြတ်ကျော်ပြီးနောက် ကွေ့ကာ ပတ်ကာနှင့် တောင်တက်လမ်းကို တက်နေလေပြီ။

အပြင်ကို လှမ်းမျှော်ကြည့်စဉ် စိမ်းစိမ်းစိုစို တောအုပ်တော တန်းကို မြင်ရသည်။ ခဏအကြာမှာ တောင်ပေါ် ရောက်ပြီ ကမ်းခြေကို လှမ်းမြင်ရတော့သည်။

တောင်ထိပ်မှ ကွေ့ပတ်ဝေ့ဝိုက်ကာ အဆင်းလမ်းကို ကား လေး ပြေးနေပြန်သည်။

'အဲဒီ တောင်ခြေက ရွာက မောင်းမကန်ရွာပဲ မမဖြူ'

စုစုပြောသည့် မောင်းမကန်ရွာကြီးကို ကားဖြတ်ပြန်လေပြီ။

မောင်းမကန်ရွာကြီးသည် တောင်နှင့် ပင်လယ်ကမ်းတို့ ကြားမှာရှိသော မြေပြန့်ဖြစ်နေသည်။ ငှက်ပျောခြံ၊ မင်းကွ သီးခြံ၊ ဒညင်းခြံတို့ကို စိမ်းစိမ်းစိုစို လှမ်းမြင်ရပြန်သည်။

ရွာလည် လမ်းမကို ဖြတ်မောင်းနှင်ခဲ့ရင်း ရွာအလွန်တွင် လမ်းသွယ်များကို တွေ့ရသည်။

ဘန်ဂလိုများကို မြင်နေရပြန်၏။ လမ်းသွယ်တို့သည် ဘန် ဂလိုသို့သွားရာ လမ်းကလေးများ ဖြစ်လေမည်။

တစ်နေရာအရောက်မှာ ကားလေးသည်။ ဘယ်ဘက် လမ်း သွယ် တစ်ခုသို့ ချိုးဝင်လိုက်၏။

'အဲဒီ ဘန်ဂလိုလေ၊ စုစုတို့ အခုနေကြမှာ၊ ဖေဖေ့ မိတ်ဆွေရဲ့ ဘန်ဂလိုပေါ့'

ခြေတံအမြင့်နှင့် ရေနံသုတ်ထရံများ ကာထားသော ဘန် ဂလိုကို ဘွားခနဲ တွေ့၏။



ဘန်ဂလိုသည် အတော်လေးကြီးသည့် အိမ်ကြီးနှင့်ပင် တူ သည်ဟု ခင်မြူထင်လိုက်သည်။

* *

ဘန်ဂလိုနှင့် ပင်လယ်ကမ်းစပ်ကို အုန်းပင်တန်းဖြင့် စည်းခြား ထားသလို ထင်ရ၏။

အုန်းလက်တို့ကို လေတိုးသံတရှဲရှဲ မြည်နေသည်မှာ ဂီတသံ တစ်ခုနှယ်ပင်။

သဲဖွေးဖွေးပေါ်သို့ လှမ်းလျှောက်ရသည့် အရသာကို ခင်မြူ သဘောကျနေ၏။

ကမ်းပေါ်မှ ရေစပ်အထိ ကမ်းပါးဆင်ခြေလျှောကို ဖြတ် ဆင်းရင်း သောင်ပြင်နူးနူးပေါ် လျှောက်လျက် သွားရပြန်သည်။

ပင်လယ် ခရုလေးများ၊ ဝင်ကစွပ်ကောင်ကလေး များကို သောင်ပြင်ထက်မှာ တွေ့နေရ၏။

ဟိုးအဝေးမှ အားမာန်အပြည့်နှင့် ပြေးလာသော လှိုင်း ဖြူ ဖြူတို့သည် ကမ်းကို ထိနမ်းရိုက်ခတ်ကာ လာရာလမ်းဆီသို့ ပြန် သွားကြရှာပါလား။ မှိုင်းညို့ပြာရီနေသော ပင်လယ်ပြင်ကို ခပ်လျှက် ငေးမောနေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လာလေ မမဖြူ၊ ဆင်းခဲ့လေ'

ရေထဲသို့ ပြေးဆင်းသွားရင်း စုစုက ခေါ်သည်။

'လာပါ မမရဲ့'

စုစုနှင့်အတူပါသည့် သူငယ်ချင်းကလည်းခေါ်၏။

ဟိုဘက်တစ်ခေါက် လောက်မှာ ကိုဇော်ဝေနှင့် သူ့သူငယ်ချင်း ကို ရေထဲမှာ လှမ်းမြင်ရသေးသည်။ ရေထဲသို့ ဆင်းလိုက်၏။

* * *

ရေချိုးပြီးတော့ ထမင်းစားဖို့ပြင်ဆင်ကြသည်။ သည်မနက် စာအတွက် ချက်ပြုတ်ယူလာသော ထမင်းဟင်းတို့ အဆင်သ ရှိနေပြီဖြစ်၍ ထမင်းပွဲပြင်ရုံသာ အလုပ်ရှိသည်။

ဘန်ဂလိုသည် အိပ်ခန်း နှစ်ခန်း၊ ထမင်းစားခန်း၊ မီး ဧည့်ခန်းကျယ်၊ ဝရန်တာနှင့် အတော်လေး စနစ်တကျ ရှိလှ

ထမင်းစားခန်းက စားပွဲမှာ အားလုံးဝိုင်းဖွဲ့ စားသောက် သည်မှာ တစ်ပျော်တစ်ပါး ဖြစ်ပါလျက် အိမ်က ထမင်းဝိုင်း ခင်ဖြူ သတိရနေပြန်သည်။

ဇီဇာကြောင်တတ်သည့် ဖေဖေတစ်ယောက် မေမေရော သူ မရှိခိုက် မမထွေးလက်ရာကို စားနိုင်ပါ့မလား တွေးမိပြန်သည်



ထမင်းစားပြီးတော့ စုစုတို့အိမ်က - အိမ်ဖော်ကောင်မလေး မီးဖိုထဲဝင်သွားပြီး ဒူးရင်းသီးပန်းကန်ကို ယူလာပေးသည်။ လက်သုတ်ပဝါကိုချပြီး မတ်တတ်ရပ်စဉ်

'မမဖြူ....ဒူးရင်းသီးစားပါဦး'

ဟု စုစုက ပြောလိုက်၏။

'တော်ပြီ စုစု၊ မမဖြူ မကြိုက်လို့ပါ'

ခင်ဖြူက ဒူးရင်းသီးကို သူ တကယ်ပင်မကြိုက်၍ငြင်းသည်။ နံ့ပြင်းလို့ မကြိုက်ဘူး ခင်ဖြူရာဟု ကိုလေးပြောခဲ့တာကိုပြန် သတိရလိုက်မိ၏။ ကိုလေးနှင့်သူ အကြိုက်ချင်းတူတတ်၍ မကြိုက် တာချင်းလည်း တူတာများသည်လေ။

'စားကြည့်ပါဦး မမဖြူရဲ့၊ အရမ်းကောင်းတာ၊ ဒါ ဘာမျိုးထင်လို့လဲ'

စုစု သူငယ်ချင်း ကောင်မလေးက ပြုံးလျက်ပြောပြန်သည်။

'ဟုတ်တယ်... ဟုတ်တယ်....မမဖြူ စားလိုက်၊ ကိုကိုဇော် ဆို ဒီ ဒူးရင်းသီးက သူ့အတွက်ဆေးပဲ'

ဟု စုစုပြောတော့ ခင်ဖြူ သူ့စကားကို နားမလည်။

'အလကားပါ စုစုရာ၊ နှင့်ဆေးက မတိုးဘူးဟ၊ ငါက ရောဂါရင့်နေလို့လားတော့ မသိဘူး'

'ဒါပေမယ့် နည်းနည်းတော့ သက်သာတာပေါ့ ကိုကို ဇော်ရာ'

ဟု စုစုက ပြန်ပြောလိုက်ပြန်သည်။

'နေပါဦး စုစုရဲ့၊ ဒူးရင်းသီးက ဘာမျိုးမို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရည်းစားမေ့တဲ့လေ၊ စားလိုက်ယင် ရည်းစားကို မေ့သွားမယ်တဲ့'

ဟု ပြောရင်း စုစု ရယ်သည်။

ခင်ဖြူလဲ ပြုံးလိုက်မိ၏။

'ဟုတ်တယ် ခင်ဖြူရဲ့၊ ရွှေဒဂ်ါးတို့၊ ရည်းစားမေ့တို့ ဆိုတာ ဒီမှာ နာမည်ကြီး ဒူးရင်းသီးမျိုးတွေပေါ့'

ဟု အန်တီကလည်း ဝင်ပြောလိုက်သည်။

'ကဲ....ဒီလောက်ပြောနေတာ ဟုတ်မဟုတ်စမ်းကြည့်မယ် ဒါပေမယ့် ကိုဇော်ဝေ ပြောသလို ခင်ဖြူတို့က တိုး တိုးပါ့မလား မသိဘူးနော်'

ရယ်ပြော ပြောကာ မေမေ့မျက်နှာကို ဝေ့ကြည့်လိုက် သေးသည်။

မေမေ သူ့ကိုလှမ်းကြည့်တော့ပြုံးပြလိုက်မိသည်။ ဒူးရင်းသီး တစ်မြွာကို ယူပြီးစားလိုက်မိ၏။

ထမင်းဝိုင်းသိမ်းပြီးတော့ ညှော်ခန်းမှာ လက်ဖက်သုတ်နှင့် ဝိုင်းဖွဲ့ကြပြန်သည်။

'ဖဲထုပ်သွားယူကွာ၊ ပိုကာဒေါင်းမယ်'

ဟု တစ်ယောက်က စ ပြောလိုက်ပြီး လက်ဖက်ဝိုင်းနှင့်ပိုကာ ဝိုင်း နှစ်ဝိုင်းကွဲသွားတော့သည်။

'မမဖြူ....လာပါ'

ဟု စုစုက ခေါ်တော့ မမဖြူ မကစားတတ်လို့ပါ စုစု သူ ပြန်ဖြေရင်း ဝိုင်းနားမှာရပ်ရင်း ခဏကြာတော့ ဝရန်တာ ထွက်ခဲ့၏။



ဝရန်တာမှ လှမ်းကြည့်လျှင် ပင်လယ်ပြင်ကို မြင်နေရသည် ။ ပင်လယ်လေပြည် တဖြူးဖြူးသည် ဆံစဖားများကို တိုး လာသည်။

ရေလှိုင်းသံတို့ကို ကြားနေရ၏။

ရေလှိုင်းနှင့် ကမ်းခြေသောင်စပ်ကို ထိခတ် တွေ့ဆုံရှိမှုနှင့် ကြရမှာလား ကိုလေးရယ်။

'ရည်းစားမေ့'ကို စားထားလျက် ဘယ့်အတွက် ကိုလေးကို မေ့နိုင်ရပါသလဲကွယ်။

အသက်နှင့်ခန္ဓာ မြဲနေသရွေ့ မေ့တတ်ခြင်း ဆိုတာ မရှိ တာင်းပါ ကိုလေး။

အသေးအဖွဲလေးမှအစ ကိုလေးနှင့် ပတ်သက်နေသမျှသည် ထာဝရကိန်းအောင်းတည်မြဲ နေတော့မှာပါလေ။

ဒီနေ့ သကြံန်အကြိုနေ့ပေါ့ ကိုလေး။

မနက်ဖြန်ဆို သကြံန်ကျပြီလေ။

* *

အဝေ့မှာ လမ်းထိပ်ပိတောက်ပင်ကြီးမှ ပိတောက်ပန်းရနံ့ ါလာတတ်သည်။ လမ်းမကြီး ပေါ်မှ လူသံ၊ ကားသံ၊

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုသံ၊ အော်ဟစ်နှောက်ပြောင်သံမျိုးစုံကိုလည်း သဲ
ကြားရတတ်စမြဲ၊ လမ်းထိပ်မဏ္ဍာပ်မှ သီချင်းဖွင့်သံဖြင့် ဆူညံ
လေပြီ။

'မေဦးတို့အိမ်ရှေ့က မဏ္ဍာပ်မှာ သမီးနဲ့သင်းသင်း
သွားကစားမယ် မေမေ'

ဟု သင်းသင်းကိုပါ အဖော်ခေါ်လာပြီး မေမေ့ကို ပြေ
ခဲ့သည်။

အသွားအပြန်ရော သမီးတို့အဆင်ပြေပါ့မလားဟု မေမေ
မေးသည်။ မေဦးတို့အိမ်နှင့် သူတို့အိမ်က ကားနှစ်ဆင့်စီး
ရောက်မည်ကို မေမေသိ၍ မေးလိုက်ခြင်းဖြစ်သည်။

'သမီးတို့အိမ်က ကားနဲ့ အသွား အပြန် ပို့ပေးမှာ
အန်တီ'

ဟု သင်းသင်းပြောတော့ ဒါဆိုယင်တော့ အဆင်ပြေ
ပေါ့ သမီးရယ်၊ ကောင်းကောင်းမွန်မွန် ထိန်းထိန်းသိမ်းသိ
တော့ ကစားကြပေါ့ကွယ်ဟု မေမေက ခွင့်ပြုခဲ့သည်။

အကျနေမို့ လမ်းပေါ်မှာ ကားတွေရော လူတွေပါ
ကား နေလိမ့်မည်ဟု ခင်ဖြူ တွေးကြည့်မိသည်။

မမထွေးနှင့် အောင်အောင်တို့တော့ လမ်းထိပ်ကမဏ္ဍာပ်
ထွက်သွားကြပြီ။

သင်းသင်းကားအလာကို အိမ်ကပင်စောင့်နေလိုက်၏။

ခဏကြာတော့ သင်းသင်းတို့ကား ရောက်လာသည်။ သ
တော့မယ် မေမေ ဟု မေမေ့ကို နှုတ်ဆက်ရင်း ထွက်လာပြီ



ပြန်လှည့်သွားကာ ဖေဖေ့ကိုရော ပြောလိုက်ဦး မေမေ တာမှ
သမီးအတွက် စိတ်ပူမနေနဲ့လို့ဟု ပြောမိပြန်သည်။

ဖေဖေ ရေချိုးခန်းဝင်နေ၍ ဖေဖေ့ကို ကိုယ်တိုင်မပြော
ဖြစ်သော်လည်း မေမေနှင့်တစ်ဆင့်ပြောလိုက်ရတာ စိတ်ထဲပေါ့
သွားသည်။

ဖေဖေက သူ့အတွက်ဆိုအမြဲပူပန်စိုးရိမ်တတ်သူဖြစ်ကြောင်း
ခင်ဖြူ အသိဆုံး။

'ခင်ဖြူ သိပ်လှတာပဲကွာ'

ကားထဲရောက်တော့ သူ့ကိုကြည့်ရင်း သင်းသင်းက ပြော
လိုက်သည်။

'ဒီလိုပဲ ပြောကြတာပဲ'

ဟု ရယ်ရင်း သင်းသင်းကိုနှောက်လိုက်မိ၏။
စိတ်ထဲမှာ ပေါ့ပါး ရွှင်မြူး နေပြန်သည်။

* * *

အိမ်ရှေ့မှာသူတို့ နှစ်ယောက်ကားပေါ်က ဆင်းပြီး သင်းသင်း
ကလာကြိုရမည့် အချိန်ပြောကာ....ကား ပြန်ထွက်သွားသည်။

'လာ....လာ....သင်းသင်းနဲ့ခင်ဖြူ လာကြ'

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်ထဲမှ မေဦးက ပြေးထွက်လာပြီးခေါ်သည်။ လှမ်းအကြည့်မှာ သူငယ်ချင်းအချို့ကို တွေ့သည်။ မေဦးတို့ရပ်ကွက်ထဲက တစ်ချို့ ပါကြမည်ထင်၏။

မေဦး ရေပိုက်တစ်ခုစီ ယူပေးလိုက်သည်။ ရှေ့မှာ ရပ်နေသည့်ကားကို မဏ္ဍပ်မှလူတွေ သဲသဲမဲမဲ ဝိုင်းပက်နေကြပြီတည်း။

အော်ဟစ် နောက်ပြောင်သံများ၊ တေးသီချင်းသံများ၊ ကားသံများနှင့် အတူ ဆူညံနေကြသည်။

သကြန်ရေသည် လူတွေကို ညှို့ယူ ဖမ်းစား၍ ပျော်ပါးမြူးတူးအောင် သွေးဆောင် တတ်ပါသလား။

* * *

'လာ....ခင်ဖြူ၊ သင်းသင်းလာ မုန့်သွားစားမယ်....ဆန်ပြုတ်လဲလုပ်ထားတယ်'

မေဦးက လာခေါ်သည်။

'ကျန်တဲ့လူတွေက မနက်က စားပြီး ကြပြီ... နင်တို့နှစ်ယောက်ပဲ ကျန်တာ.... လာကြ'

မေဦးက လာပြောတော့ ရေပိုက်မှရေဖြင့် လုံချည် အောက်နားကို ပက်ဖျန်းရင်း မေဦးကို ပြုံးကြည့် မိသေးသည်။



'အေး....အတော်ပဲ ကော်ဖီ တစ်ခွက်ပဲ သောက်ထားတာ ဗိုက်ဆာနေပြီဟ'

ရေပိုက်ကိုချရင်း သင်းသင်းက ပြောလိုက်သည်။

'လာ....သွားကြရအောင်'

မေဦးနောက်မှ သူတို့နှစ်ဦး လိုက်ခဲ့ကြ၏။ အိမ်နှင့်အဝင်ဝ ပန်းခြံလေးနှင့် ခြားထားသည်။ ပန်းအိုး ပန်းချုံများ၊ ပန်းချုံ များကို စနစ်တကျ စိုက်ထားပြီး နှင်းဆီပင်တန်း ခြံတစ်ဖက်မှာ သီးသန့်ရှိနေ၏။

ပန်းခြံလေး ကျော်လျှင် ပေါ်တီကိုအောက် ရောက်သည်။ တံခါးကို ဖွင့်ပြီး အိမ်ထဲသို့ မေဦးဝင်၏။ မေဦးနောက်မှ သူတို့နှစ်ဦး ဝင်လိုက်သည်။

ဂီတာတီးသံကို အလျင်ကြားလိုက်၏။

အိမ်အဝင်မှ ဘယ်ဘက်တွင် ဧည့်ခန်းရှိသည်။ ဧည့်ခန်းကို ကြည့်လိုက်၏။

'ဟာ....ခင်ဖြူ....'

'ဟင်....ကိုလေး'

ဂီတာကို ကိုင်ရင်း ထရပ်သည်။ ခင်ဖြူလည်း ကိုလေးကို ကြောင် ကြည့်နေ လိုက်မိ၏။

'သင်းသင်းလဲ ပါလာတာပဲ....'

ကိုလေးကစပြီး သတိဝင်သည် သင်းသင်းကိုစပြီး နှုတ်ဆက်သည်၏။

'ကဲ....မိတ်ဆက်ပေးစရာ မလိုဘူးပေါ့၊ နင်တို့ ကိုလေးနဲ့ ဘယ်လိုလုပ် သိကြတာလဲ....'

www.burmeseclassic.com

www.burmeseclassic.com



မေဦးကမေးသည်။

'ဟဲ့ .. ငါတို့နဲ့တစ်လမ်းထဲပဲဟာ'

'တစ်လမ်းထဲ....ဟုတ်လား၊ ငါကနင်တို့အိမ်သာရှောက် ဖူးတာ ကိုလေးဘယ်မှာနေတယ်ဆိုတာမသိဘူး၊ နော ဆို ကိုကို....ကိုလေးတို့အိမ်သွားယင်နင်တို့အိမ် လိုက်လ လို့ရတာပေါ့၊ကြည့်စမ်း....ကိုကိုနဲ့ငါ စကား မစပ်မိ ဘူး'

မေဦးက ခင်ဖြူ့ပုခုံးကို ဖက်ရင်း ပြောလိုက်သည်။

'ထိုင်ကြလေဟာ .. ငါစားစရာ သွားယူလိုက်မယ်'

'ရေတွေ စိုကုန်လိမ့်မယ်'

ဟု သင်းသင်းက အားနာစကားဆိုသည်။

'သကြိုန်တွင်းပဲဟာ စိုစိုပေါ့... ထိုင်'

'မေဦး နင့်အစ်မ မတွေ့ပ်မှာရှိလား'

ကိုကိုလေးက လှမ်းမေးလိုက်သည်။

'မရှိဘူးကိုလေး....ဟိုဘက်မတွေ့ပ် သွားမှာပေါ့၊ ကိုလေ သိသားနဲ့....'

မေဦးက နောက်ပြန်လှည့်ရင်း လှမ်းပြောလိုက်၏။

ကိုလေးနှင့် မျက်နှာချင်းဆိုင်မှာ သူတို့နှစ်ဦး ဝင်ထိုင်လို ကြသည်။

* * *



ကြာတော့ အိမ်ဖော်ကောင်မလေး ဆန်ပြုတ်ပန်းကန် တွေ ယူလာချပေးသည်။ မေဦးက မုန့်ပန်းကန်တွေ ယူလာ ၏။ ပြီးတော့ မေဦး ဝင်ထိုင်သည်။

'စားကြဟာ'

ဟု မေဦး ပြောလိုက်၏။

'ကိုလေးရော'

ခင်ဖြူက ကိုလေးကို ကြည့်ရင်း လှမ်းမေးသည်။

'စား ခင်ခင်ဖြူ....ကိုလေး စားပြီးပြီ'

ဂီတာကိုယောင်ထားရင်း ကိုလေးကပြော၏။

'ဒီဆန်ပြုတ်က ကိုကိုနဲ့ ကိုလေးလက်ရာလေ'

'မေဦးကလဲ စားမယ့်သူတွေ မစားချင်တော့အောင် ဘာလို့ ပြောလိုက်ရတာလဲ'

'ကောင်းပါတယ် ကိုလေးရဲ့၊ မေဦးက ကြွားလဲ ပေးရ သေးရဲ့'

ခင်ဖြူ့ စိတ်ထဲမှာ အံ့ဩသွားမိပြန်သည်။ ကိုလေးက မီးဖို ချောင်ကိစ္စတွေဘာတွေ ဝင်လုပ်တာဆိုတော့ ထူးဆန်းနေသလို

'ကိုလေး...ဘာလို့ ဒေမကစားတာလဲ'

သင်းသင်းက ဆန်ပြုတ်သောက်ရင်း မေး၏။

'ကစားပါတယ် သင်းသင်းရဲ့၊ ဒါပေမယ့်ငယ်ငယ်တုန်း ကလိုတော့ အရမ်းမပျော်တော့ဘူးလေ'

ကိုလေးစကားကြောင့် မျက်နှာကို လှမ်းကြည့်ဖြစ်သေး သည်။ ကိုလေးလို လူမျိုးကို ထာဝရ ပျော်ရွှင်စွာဖြင့် ပေါ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့သာ နေတတ်သူဟု လူတွေ ဘာကြောင့် ထင်ကြပါသလဲ ရင်ထဲမှာ အတွေးဝင်ပြန်သည်။

'ကဲ....စားပြီးယင် ပြန်သွားရအောင်'

မေဦးက လေသည်။

သင်းသင်းက မေဦးကိုကူပြီး ပန်းကန်တွေ သိမ်းပေး၏။

'ရတယ် သင်းသင်း'

'ရပါတယ်'

ဟု ပြောကာ ပန်းကန်တွေကိုကိုင်လျက် မီးဖိုခန်းသို့ သွားသည်။

'ခင်ဖြူကိုတွေ့တော့ ကိုလေး အရမ်း အံ့သြသွားတယ် ပြီးတော့'

ခင်ဖြူက ကိုလေးနှင့် အကြည့်ဆုံကာ နားစွင့်နေလိုက်၏။ ကိုလေးက စကားကို မဆက်သေးဘဲ ခင်ဖြူကို စူးစိုက်ကြည့်နေပြန်သည်။

'အရမ်းပျော်သွားတယ် ခင်ဖြူ'

ဆိုတော့ ရုတ်တရက် မျက်လွှာကို ချလိုက်မိ၏။ ကိုလေး သူ့ကို စူးစိုက်ကြည့်နေမှန်း သိပြီး ရင်ထဲမှာ တလှပ်လှပ် ခါသည်။

မေဦးနှင့် သင်းသင်းတို့ ပြန်လာတဲ့ ခြေသံကြားမှ ခေါင်းကို မော့လိုက်ပြီး

'ကိုလေး....မကစား တော့ ဘူး လား၊ လာ က စား ပါ လား'

ဟု သူ ပြောလိုက်မိသည်။



ကိုလေးက ခေါင်းညိတ်ပြလိုက်၏။ အိမ်ထဲမှ ထွက်လာခဲ့ကြသည်။

* * *

ထမင်းစားရန် နားချိန်ရောက်တော့ အားလုံး ပြန်သွားကြသည်။ မေဦးတို့အိမ်မှာ သင်းသင်းနှင့်ခင်ဖြူ နှစ်ဦးသာကျန်ခဲ့သည်။ ကိုလေးကိုတော့ မေဦးတို့အစ်ကိုနှင့်အတူ ရှိနေဆဲ။ ကိုလေးက အကြွေ့နွေ့ကတည်းက မေဦးတို့အိမ်မှာပဲ တစ်နေကုန် ရှိနေသည်ဆို၏။

'ခင်ဖြူနဲ့ ကိုလေး ဒီမှာတွေ့တယ်ဆိုတာကို မေဦးရောက်ယင် မပြောဖို့ မှာထားဦးမှ'

ထမင်းစားပြီးချိန်စွာ သင်းသင်းကို ခင်ဖြူ ပြောလိုက်မိသည်။ စကားစပ်မိပြီး အိမ်မှာ မေဦးပြောလိုက်မိပါက မိုးမီးလောင်ပေတော့မည်။

'ဒါပေမယ့် သင်းသင်း၊ မေဦးက ငါ့ကို၊ ကိုလေးနဲ့ တစ်မျိုး ထင်သွားယင် ဘယ်လိုလုပ်မလဲ'

'ဘယ်လိုမှ မလုပ်နဲ့၊ မေဦးက ငါ့ကိုပြောတောင်ပြီးပြီ'

'ဟင်....ပြောပြီးပြီ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မေဦးက သင်းသင်းကို ဘာပြောသည်မှန်း မစဉ်းစားတတ်။

'ဘာပြောတာလဲ သင်းသင်း'

'ကိုလေးက မေဦးအစ်ကိုနဲ့ အရမ်းတွဲတာလို့ပြောတယ်၊ မေဦးတို့အိမ်ကိုလဲ အလာများတယ်တဲ့၊ မေဦး အစ်ကိုကို ပြောပြောနေတာ မေဦးက နားစွန်နားဖျား ကြားတာတဲ့ ခင်ဖြူ'

'ဘာပြောလို့လဲ...ဟင်း...သင်းသင်း'

သိချင်စိတ်ဖြင့် ခပ်လောလော မေးလိုက်မိသည်။ သင်းသင်းပြုံးတာတွေတော့မှ ရှက်သလိုခံစားလိုက်ရသေး၏။

'ကောင်မလေး တစ်ယောက်ကို သူ တကယ် ချစ်နေပြီဆိုတာ ပြောတယ်တဲ့၊ အဲ့ဒီတော့ မေဦးတို့ အစ်ကိုက ရယ်ပြီး မယုံသလိုနေတော့...မင်းတောင် မယုံယင် ငါ့အချစ်ကို ဘယ်သူမှ ယုံမှာယ် မထင်ပါဘူးကွာလို့ ပြောတယ်တဲ့၊ အဲ့ဒီ ကိုလေးပြောတဲ့ ကောင်မလေးကခင်ဖြူဖြစ်နေမလားဘဲလို့ မေဦးက ငါ့ကိုပြောတာ'

'ကိုလေး သူ့ဟာသူ ကောင်မလေးတစ်ယောက်ကို ချစ်တာ ငါနဲ့ဘာဆိုင်လဲ သင်းသင်း'

'ဒါတော့ ငါ ဘယ်သိမလဲ ခင်ဖြူ၊ ဒါပေမယ့် မေဦးထင်သလို ငါလဲထင်တယ်'

'အဓိပ္ပာယ်မရှိတာ သင်းသင်းကလဲ'

ပြောရင်း သင်းသင်းမျက်နှာက အကြည့်ကို လွှဲလိုက်မိသည်။



'ချစ်တယ်ဆိုတာ ဘယ်လောက်လျှို့ဝှက်တဲ့လူပဲ ဖြစ်ဖြစ် လုံခြုံအောင် ထိန်းသိမ်းထားဖို့ သိပ်ခက်ပါတယ်ခင်ဖြူ၊ ကိုလေး မျက်လုံးတွေကိုကြည့်ယင်'

'တော်ပါတော့ သင်းသင်းရယ်'

ခင်ဖြူက သင်းသင်းလက်မောင်းကို ဆွဲလှုပ်ရင်း ပြောလိုက်စဉ်မှာ မေဦးတို့မောင်နှမနှင့် ကိုလေးတို့ ညှော်ခန်းထဲ ဝင်လာသည်။

*

www.burmeseclassic.com

[ ၆ ]

င်လယ်လှိုင်းလုံးရိုက်သံတွေ၊ အုန်းပင်ထိပ်ဖျားကို လေတိုး ဖျားသံတွေ အိပ်ရာထဲမှ အတိုင်းသားကြားနေရသည်။

ညနေဘက်မှာ ပင်လယ်ရေ ချိုးကြသော်လည်း ခင်ဖြူက ချောင်စုံလေးတွေကောက်ရင်း ကိုလေးကို သတိတရဖြစ်နေ သည်။ ပင်လယ်ရေမချိုးဖြစ်တော့။ ညစာ စားပြီး ပိုကာစိုင်း ချိန်မှာ မေမေတို့နှင့် ခဏထိုင် စကားပြောသည်။ က် စော ာ ထ,ကာ မြေတောင်သွားကြမည်ဆို၍ စောစောအိပ်ရာဝင် သည်။

တကယ်တမ်း အိပ်ရာထဲရောက်တော့ ချက်ချင်းအိပ်မပျော်။ ခနဲ့ပျော်သွားချိန်မှာ စုစု သူ့ကို နှိုးသည်။ ထ,တော့ မမဖြူ ကြမယ်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့်အန်တီကတော့ စောစောစီးစီး မမြင်မစမ်းနှင့်မို့ မလိုက်တော့ဟု ဆိုသည်။

သူတို့ လူငယ်တွေချည်း သွားဖို့ ပြင်ဆင်ကြ၏။ ဘန်ဂလို အောက်ကို ဆင်းလာတော့ မှောင်ရီနေဆဲ။ သောင်ပြင်အစပ် ရောက်အောင် ဆင်းလာခဲ့ကြပြီး သောင်ပြင်ပေါ်မှ လျှောက်ခဲ့ကြသည်။

'ကိုကိုဇော်တို့ရော'

ဟု စုစုက မေးတော့

'နောက်မှာကျန်ခဲ့တယ်လေ၊ အဲ့ဒီနှစ်ယောက်ကလဲ ဘာတွေ ပြောမှန်းမသိဘူး၊ အမြဲပြောခနေတာကြတာပဲ'

ဟု စုစု သူငယ်ချင်းက ပြန်ပြောလိုက်သည်။

သောင်ပြင်မာမာပေါ်မှာ သူတို့ လျှောက်ခဲ့ကြ၏။ သဲနုန်းပျော့ပျော့နှင့် ရေစပ်ကို သူတို့ မဆင်းရဲ။

မှိုင်မြင်တင်ထင် ဆိုယင်တော့ ရေစပ်ကလျှောက်ရင်း ခြေထောက်ကို ရေလှိုင်းအိအိကလေးတွေ လာလာထိတာ အယ်လောက် အရသာရှိမလဲဟု ခင်ဖြူ တွေးမိသေးသည်။

တစ်နာရီကျော်ကျော်လောက် လျှောက်ပြီးတော့ ရောက်ပါတော့မယ် စုစုက ပြောသည်။ တစ်ခါတစ်ခါမှာ လျှောက်ရင်းမှ ရေစပ်စပ်ရှိသောနေရာများကို ဖြတ်ကျော်ရစဉ် မဝံ့မရဲနှင့် ပိုမိုပြီး ကြာပြန်၏။

'ဟောဟိုမှာတွေ့လား မီးရှောင်'

စုစု သူငယ်ချင်းတစ်ယောက်က ပြသည်။



'ဟုတ်ဘယ်ကွ ရောက်တော့မယ်၊ ဒါ ဆိုင်လေးခဘွကာ ရေနံဆီမီးခွက်မီးရောင်ထင်တယ်'

ဟု စုစုက ပြောလိုက်၏။

ဆိုင်အတွေနားမရောက်ခင်မှာ မီးလုံးနေကြသော လူလေးငါးယောက်ကိုတွေ့၏။

'ဒီ မြေတောင်ကိုလာကြတဲ့သူတွေ ထင်တယ်နော်'

'မဟုတ်ဘူး မမဖြူရဲ့၊ ဒါ ဒီအနီးအနားက ငါးဖမ်းတဲ့သူတွေဖြစ်မယ်၊ ဒီရွာဈေးမှာ လာရောင်းကြတာ၊ စုစုတို့လာတာ စောနေသေးလို့ ငါးဈေး မဖြစ်သေးတာ'

စောစောက မီးရောင်မြင်ရသော ဆိုင်ကလေးဆီသို့ သူတို့သွားသည်။ လက်ဖက်ရည်ကော်ဖီ ရမည်ဆို၍ မှာရင်း ထိုင်လိုက်၏။ ခဏကြာတော့ ကိုဇော်ခဝတို့ နှစ်ယောက် လာကြသည်။

စားသောက်ကြပြီး ဆိုင်မှထွက်တော့ အလင်းရောင်မြင်ရပြီ။ ပင်လယ်ထဲမှာ ငါးဖမ်း လှေလေးတွေကိုလည်း တွေ့နေရ၏။ သဲပြန့်ပြန့်ပေါ်မှာ လျှောက်ရင်း ကျောက်တုံးကျောက်ခဲကြီးတွေ တဖြည်းဖြည်း ထူထပ်လာတာ တွေ့ရသည်။

ကျောက်တုံး အကြီးကြီးတွေပေါ်မှာ စေတီငယ် တည်ထားတာ မြင်သည်။

'ဟို....ကျောက်တုံးကြီးပေါ်က ဘုရားပဲ'

'မြေတောင်ဆိုတာက....'

ခင်ဖြူက နားမလည်သလို မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



‘ဟိုတောင်လေ....မမဖြူ၊ ဒီကျောက်တုံးကြီးတွေ ကြားမှာ မြွေတွေရှိတတ်လို့ မြွေတောင် ခေါ်တာလားတော့ မသိဘူး’

ကမ်းခြေနှင့်စပ်လျက် တောင်စွယ်ကို လှမ်းမြင်ရသည်။

‘အဲဒီ ကောက်ညှင်းပေါင်းက ဘာလုပ်ဖို့လဲဟင် စုစု’

ဆိုင်က ဝယ်လာသော ကောက်ညှင်းပေါင်းထုပ်ကလေးကို စုစု ဖြန့်နေတာ မြင်ပြီး ခင်ဖြူ မေးလိုက်ပြန်သည်။

‘မြွေကျွေးဖို့လေ’

‘ဟင်....မြွေက ကောက်ညှင်းပေါင်း စားလို့လား’

စုစု သူငယ်ချင်း နှစ်ယောက်က ရယ်သည်။

‘မမဖြူက လဲ.... ဒီမြွေတွေကို ရိုးရိုးမြွေ မဟုတ်ဘူး၊ နတ်မြွေလို့ ယူဆကြတယ်လေ၊ ဒါကြောင့် မြွေတွေကို ဘာခေါ်မလဲ....ပူဇော်တဲ့ သဘောပေါ့’

‘သြော်....သြော်.... မမဖြူ သဘောပေါက်ပြီ’

‘လာ....လာ....စုစု....ဒီအပေါ် တက်ရအောင်’

ကိုဇော်ဝေတို့က ဘုရားလေး တည်ထားသော ကျောက်ဆောင် ကျောက်တုံးကြီးဆီသို့ သွားရင်း ပြောသည်။

ပြီးတော့ ကျောက်တုံးကြီးပေါ် တက်နေတာ မြင်၏။ ကျောက်တုံးကြီး နှစ်တုံးမှာ တစ်လုံးအပေါ် တစ်လုံး တပ်နေသလို ဖြစ်၏။

‘ဖြည်းဖြည်းလာနော်....စုစုချော်လဲမယ်’

ကိုဇော်ဝေက လှမ်းပြောသည်။



တစ်ယောက်လက် တစ်ယောက်တွဲကာ ကျောက်တုံးပေါ် တက်ခဲ့ကြ၏။

‘ဟာ....ဟိုမှာတွေ့လား၊ မြွေ ခွေနေတယ်’

ကိုဇော်ဝေ့ သူငယ်ချင်းက ကျောက်တုံးတွေအကြားကြည့်ရင်း ပြသည်။

စုစုက ကျောက်တုံးပေါ်မှာ ကောက်ညှင်းပေါင်း ထုပ်ကလေးတင်တာတွေ့ရ၏။

တစ်ယောက်ပြီးတစ်ယောက် မြွေရှိသည် ဆိုသောကျောက်တုံးအက်ကြားကိုကြည့်ကြသည်။

အဝါနှင့် အနက်ကြားသားသော ခွေနေသည့် မြွေတစ်ကောင်ကို ခင်ဖြူမြင်ရတော့ အံ့ဩမိသည်မှာ အမှန်။ မြွေက ဦးခေါင်းကိုဝှက်ထားသည်။

‘ဒီမှာလဲ တစ်ကောင်ရှိတယ် ကြည့်’

နောက်ထပ် ကျောက်ပတ်ကြားအက်ထဲသို့ကြည့်ရင်းကိုဇော်ဝေက လှမ်းပြော၏။

မြွေတစ်ကောင်ကို တွေ့ရပြန်သည်။

မြွေကိုကြည့်ပြီးတော့ ကျောက်တုံးပေါ်မှ သူတို့ ဆင်းခဲ့ကြသည်။

‘ဟိုဘက်နားမှာ ကျောက်သေတ္တာနဲ့ကျောက်ကုလားထိုင် ရှိတယ်’

စုစုသူငယ်ချင်းက ပြောလိုက်၏။

ကျောက်ဆောင် ကျောက်သားတို့မှ သဘာဝ အကျောက်သေတ္တာပုံစံနှင့် ကုလားထိုင်ပုံစံဖြစ်နေတာမြင်ရသည်။

www.burmeseclassic.com



'ဟိုကဘုရားက မျှော်ရစ်လေ'

စုစုလက်ညှိုးညွှန်ရာသို့ ကြည့်လိုက်မိ၏။

'မျှော်ရစ်ကဝေးလို့သာပဲ၊ သိပ်သာယာတာ မမြ...

'မျှော်ရစ်....တဲ့နော်၊ နာမည်လေးက လှလိုက်တာ'

ပြောရင်း ကိုလေးကို သတိရလာမိပြန်သည်။

အခုလောက်ဆို ကိုလေး သူ့ကိုမျှော်နေတော့မှာပါလား... တွေးမိပြန်၏။

* * *

သူတို့ပြန်လျှောက်လာစဉ် ဈေးကိုလှမ်းမြင်ရသည်။ စောစော... နှယ်မဟုတ်တော့။ သောင်ပြင်ပေါ်မှာ ဈေးသည်များ ဈေ... ဝယ်များကို တွေ့ရသည်။

ပင်လယ်ထွက်ပစ္စည်းများကို ချရောင်းနေခြင်းဖြစ်၏။ ... လယ်ထဲမှာ လှေများနှင့် လာနေကြသည်ကိုလည်း လှမ်းမြင်... ပြန်သည်။

မောင်းမကန်နှင့် အလှမ်းမဝေးလှသော်လည်း သည်နေ... မှာ မောင်းမကန်နှင့် လူနေမှုကွာဟလှကြောင်း ခင်ဖြူနားလည်... လိုက်၏။



ညစ်နွမ်းပေရေနေသည့် အဝတ်အစားများ အောက်မှနေ လောင်ညှိုမည်းနေသော အသားအရေတို့က ဘဝ၏ ကြမ်းတမ်းခြင်းကို ပြညွှန်နေသည်ထင်ပါသည်။

မောင်းမကန် ဘန်ဂလိုတွေမှာတော့ လာရောက်...နားနေ အပန်းဖြေကြသူများနှင့် ပြည့်နေကြလိမ့်မည်။

သူတို့ဘဝမှာရော အပန်းဖြေကာလ ရှိနိုင်ကြပါသလား။ ဈေးသို့အမီ ငါးတောင်းတွေရွက်လာသည့် မိန်းမကြီးများကို ကြည့်ရင်း ခင်ဖြူတွေးဖြစ်ပြန်သည်။

* * *

ဘန်ဂလိုကို တန်းမပြန်ကြသေးပဲ ကော်ဖီသောက်ချင်သည်ဆိုပြီး ဆိုင်ကိုသွားသည်။ ကိုဇော်ဝေက ကော်ဖီ သောက်ချင်သည့် ပြောတော့ စုစုက အားလုံးကိုတိုက် ကိုကိုဇော်ဟု ပြောကာ အားလုံးဆိုင်ကိုလိုက်သွားကြပြန်၏။

'ငွေ့ပင်လယ်'

ဆိုင်နာမည် တော်တော်လှသည်။ ဆိုင်ထဲရောက်တော့အအေး အသောက်စုံလင်စွာ ရနိုင်တာတွေ့၏။

'လက်ဖက်ရည်ချိုပေါ့ကျ'

www.burmeseclassic.com



ဟု ခင်ဖြူမှာတော့ အားလုံးက သူ့ကိုဝိုင်းကြည့်သည်။

'မခင်ဖြူ လက်ဖက်ရည်ကြိုက်တယ်ဟုတ်လား'

'ဟုတ်ပါတယ် ကိုဇော်ဝေ၊ ကော်ဖီကိုလဲသောက်တော့ သောက်ပါတယ်၊ ကော်ဖီကိုတော့ အိမ်မှာစိတ်ကြိုက် ဖျော်သောက်ရတာကြိုက်တယ်၊ လက်ဖက်ရည်ကတော့ ဆိုင်မှာ ပိုကြိုက်တယ်လေ၊ အိမ်မှာက အချိန်မပေး နိုင်ဘူး'

စားပွဲထိုးလေးက လက်ဖက်ရည် လာချပေးသည်။ ကျန်သူ အားလုံးက ကော်ဖီသောက်ကြ၏။

'မမဖြူ လက်ဖက်ရည်ကလဲ အုတ်နီခဲရောင်ကျနေတာပဲ'

'အကျရေမျှားလို့ စုစုရဲ့'

စုစုက ပခုံးတွန့်ပြသည်။

'စုစုဆို ညဘက် လက်ဖက်ရည်သောက်ယင် ရင်တွေ တုန်ပြီး အိပ်လို့ မရတော့ဘူး၊ ဒါတောင်မှ အခုလို ကျသေးတာ မဟုတ်ဘူး'

ဟု စုစုက စကားဆက်၏။

'မမဖြူကတော့ လက်ဖက်ရည်သောက်လဲ အိပ်မရဘူး၊ မသောက်လဲ အိပ်လို့မရဘူး ဆိုတော့ မထူးပါဘူးကွယ်'

ဟု ပြုံးလျက်ပြောလိုက်မိပြန်သည်။

ကိုလေးကြိုက်တတ်တဲ့ လက်ဖက်ရည်ကို မြင်တော့လည်း ကိုလေးကို သတိရလိုက်မိတာပါပဲလေ။



ဘန်ဂလိုကိုပြန်ရောက်လို့ စားသောက်ကြပြီး ပင်ပန်းတယ် ဆို၍ အားလုံးအိပ်ကြသည်။ ခင်ဖြူ တစ်ယောက်တည်း ဝရန် တာမှ ပင်လယ်ပြင်ကို ငေးမိပြန်ပြီလေ။

မနက်ဖြန်ဆို သကြန်အကြတ်နေ့။ သန်ဘက်ခါဆို အတက် နေ့ ရောက်တော့မယ် ကိုလေး။

*

www.burmeseclassic.com

www.burmeseclassic.com

[၇]

'မဦး....နင် အိမ်ကိုရောက်ယင် ဒီမှာ ကိုလေးနဲ့ငါ တွေ့တယ်ဆိုတာ ယောင်ပြီး မပြောမိစေနဲ့နော်၊ အို....ကိုလေးအကြောင်း အိမ်မှာ ဘာမှမပြောတာအကောင်းဆုံးပဲကွာ'

မဦးကို ခင်ဖြူက ခပ်အုပ်အုပ် ပြောလိုက်သည်။

'ငါ သိပါတယ်ကွာ၊ ဒါမျိုးကို အိမ်ကလူကြီးတွေရှေ့မှာ ငါ ဘယ်ပြောပါ့မလဲ'

မဦးစကားကြောင့် တုန့်တုန့်လှုပ်လှုပ် ဖြစ်သွားမိပြန်သည်။

'မဦး....ငါပြောတာကို နင် တလွဲတွေးနေပြီ'

'ဘာလို့လဲ ခင်ဖြူ'

www.burmeseclassic.com

www.burmeseclassic.com



မေဦးက တကယ်ပင် ကိုလေးနှင့်သူ့ကို တစ်မျိုးထင်လေ
လား မသိ။

'ငါတို့ ဘာမှဖြစ်ကြတာမဟုတ်ဘူး မေဦး'

'ခင်ဖြူကလဲကွာ'

'တကယ်ပါ မေဦးရာ....ငါ ပြောတာကို ယုံစမ်းပါ
ကိုလေးကို ငါ့အိမ်က သိပ် ကြည့်ရတာ မဟုတ်ဘူး
ကိုလေးနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံတာလဲ မကြိုက်ဘူး
ဒါကြောင့်....ဒါကြောင့်....ငါ ပြောတာပါ'

ခင်ဖြူက မေဦးကို ကြိုးစားရှင်းပြနေမိသည်။

'အေးပါဟာ....စိတ်အေးအေးထားစမ်းပါ၊ နင်တို့ချင်း
ဘာပဲ ဖြစ်နေဖြစ်နေ ငါ နှုတ်လုံမှာပါ'

မေဦးလက်မောင်းကို လိမ်ဆွဲလိုက်မိ၏။ နှုတ်က ဘာမှ ဆက်
မပြောမိတော့။

* * *

အကျနေ့မှာလည်း ကိုလေးနှင့်ဆုံသည်။

သူရောက်ပြီး မကြာခင်မှာ ကိုလေး ရောက်လာ၏။ မဏ္ဍာပ်
ကို သွားရန် ပေါ်တီကိုအောက်မှာရပ်ရင်း မေဦးနှင့် သင်းသင်း



ကို စောင့်သည်။ ခဏအကြာမှာ ကိုလေး သူ့ရှေ့မှာလာရပ်၏။
ကိုလေးလက်ထဲမှာ ရေဖလား ကိုင်ထားသည်။

'ခင်ဖြူ'

ပြန်မထူးမိဘဲ ကိုလေးကို မော့ကြည့်မိသည်။ ဘယ်သော
အခါမှ အကြည့်ဆုံယင် မျက်လွှာကိုမချခဲ့ဟု ဘာသာသတိထား
မိသော်လည်း ကိုလေးအကြည့်ကို ကြာရှည်မခံနိုင်တာ ဘာ
ကြောင့်ရယ်မသိ။ မျက်လွှာကို အလျင်ချလိုက်မိသည်။

'ကိုလေး....ခင်ဖြူ့ကို ရေလောင်းပါရစေ'

'သကြိန်တွင်းပဲ ကိုလေးရယ်'

ဟု ပြောရင်း ကိုလေးနှင့် အကြည့်ဆုံဖြစ်ပြန်၏။

'မနေ့ကပဲ ခင်ဖြူကို ကိုလေး ရေလောင်းမလို့လေ၊
ဒါပေမယ့် ကိုလေးနဲ့တွေ့တော့ ခင်ဖြူ တစ်ကိုယ်လုံး
ရေတွေရွှဲနေပြီ'

'မဏ္ဍာပ်ထဲမှာ ရေပက်ပြီးမှ ကိုလေးနဲ့တွေ့တာပဲ'

'ဟုတ်တယ်... ကိုလေးက ခင်ဖြူ့ကို ဘယ်သူမှ ရေ
မလောင်းခင်မှာဘဲ ဦးဦးဖျားဖျား လောင်းချင်တယ်
လေ၊ ဒါကြောင့် ဒီနေ့မှ'

ပြောပြောဆိုဆို ခင်ဖြူ့ ပခုံးပေါ်မှ ရေလောင်း ချလိုက်
သည်။

ကိုလေး ရေလောင်းနေခိုက်မှာ မျက်စိကို မှိတ်ထားလျက်
ရင်ခုန်ချင်ပြန်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရေပက်ခံ တစ်ပတ် ထွက်မည်ဆိုတော့ ခင်ဖြူ ထိပ်ထိပ်ပျာပျာ ဖြစ်ရပြန်၏။ သင်းသင်းရော မေဦးပါ ရေပက်ခံ ထွက်ချင်ကြတာ ခင်ဖြူအသိ။ ဘယ်သူမှ ကျန်ခဲ့မည် မဟုတ်။ ကားထွက်ကာနီးမှ သူကျန်ခဲ့မည်ပြောလျှင်လည်း ဘာ့ကြောင့်ညာ့ကြောင့်ဟု တွေးစရာတွေ ဖြစ်ဦးမည်။

ကိုလေးနှင့် သူတို့ ကားတစ်စီးပေါ်မှာ ရေပက်ခံထွက်တာ တစ်ယောက်ယောက် တွေ့သွားမည်ကို သူအကြောက်ဆုံး။ အိမ်ကသာ ပြန်သိသွားလျှင် ဘယ်လိုမှ ဖြေရှင်းလို့ ရနိုင်တော့မည် မဟုတ်တော့။

သက်ပြင်းကိုသာ ခဏခဏချမိရင်း အစဉ်းစားရခက်လေပြီ။

'လာလေ....ခင်ဖြူ၊ တက်၊ ဘာ စဉ်းစားနေတာလဲ'

သင်းသင်းက ခေါ်လိုက်၏။

'လာ....ခင်ဖြူ၊ ကားပေါ်တက်ရအောင်'

မေဦးကလည်း ကားပေါ်တက်ရင်း ခင်ဖြူကို ခေါ်ပြန်၏။

ဖြစ်ချင်ရာဖြစ် မသူးတော့ပြီ အတွေးနှင့် ကားပေါ်တက်လိုက်သည်။

'ကဲ....လူစုံပြီလား-- သွားကြရအောင်'

မေဦးအစ်ကိုက ကားနား ရောက်လာပြီး မေးလိုက်၏။

'ကိုလေး ကျန်သေးတယ် ကိုကို၊ ကိုလေး မရောက်သေးဘူး'

မေဦးက ကားပေါ်ကနေ အော်ပြောသည်။

ခင်ဖြူ ရင်ထဲမှာ စိုးရိမ်စိတ်ဖြင့် လှုပ်ရှားနေ၏။



မေဦးတို့ကိုကို ကိုမြင့်ဦးက ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

'ကိုကိုရေ....ကိုလေး ကျန်သေးတယ်လေ'

မေဦးက လှမ်းအော်သည်။

'ကိုလေးက မလိုက်ဘူးတဲ့ကွ၊ သူ အိမ်မှာပဲ ကျန်ခဲ့မယ်ပြောတယ်'

ကိုမြင့်ဦးက မေဦးကိုလှမ်းပြောရင်း ကားပေါ် တက်လိုက်သည်။

'ကိုလေးတစ်ယောက်က ဘာမှန်းလဲမသိဘူး'

ဟု မေဦးက ရေရွတ်နေ၏။

မေဦးမျက်နှာကို ခင်ဖြူမကြည့်ရဲ။

ခင်ဖြူအတွက် စဉ်းစားပြီး သူ သက်သက် ကျန်ခဲ့ပေးတာဟု ခင်ဖြူ အလိုလိုသိနေပြန်သည်။

စိတ်မကောင်း ဖြစ်မိပြန်၏။

မနက်ဖြန်တော့ အစောကြီးကတည်းက ရေပက်ခံထွက်လျှင် သူ မလိုက်တော့ဟု မေဦးတို့ သင်းသင်းတို့ကို ကြိုပြောထားမည်။

ဒါမှ ကိုလေးလိုက်လို့ရမည်ဟု ခင်ဖြူ တွေးလိုက်မိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မနက်ကတည်းက သင်းသင်းနှင့်မေဦးကို သူ ပြောလိုက်သည်။

'ဒီနေ့တော့ ရေပက်ခံထွက်ယင် မလိုက်တော့ဘူးကွာ၊ ရေပက်တာတွေက တစ်ချို့ သိပ်ကြမ်းတာပဲ၊ ခင်ဖြူက ခပ်သဲ့သဲ့ရယ်၊ သင်္ကြန်လဲပြီးရော အိပ်ရာထဲ လဲသွားမှာ ကြောက်တယ်'

'နင်ကလဲ ပျော့လိုက်တာ'

ဟု သင်းသင်းက ပြောသည်။

'လိုက်ခဲ့ပါဟာ...ဒီနေ့ ထွက်ယင် ကိုလေးလဲ လိုက်မှာပေါ့၊ နှစ်ရက်ပဲ ရေပက်ခံထွက်တာ၊ တစ်ရက်တော့ သူ လိုက်မှာပါ'

မေဦးက သူ့ကိုနောက်နေမှန်း သူသိ၏။

'မဆိုင်လိုက်တာ'

ဟု သူပြန်ပြောလိုက်မိသည်။ မေဦး ပြောသည့်အတိုင်း သည်နေ့ ကိုလေးလိုက်မည်ထင်၏။ သူပါလိုက်လျှင် သူ့ကိုငဲ့ညာပြီး ကိုလေးမလိုက်ဖြစ်မှာ စိုးပြန်သည်။

'နင် ငါ့အခန်းထဲမှာ အိပ်ချင် အိပ်နေပေါ့၊ ငါတို့ သိပ်ကြာမှာ မဟုတ်ပါဘူး'

ဟု သူတို့သွားကာနီးမှာ မေဦးက ပြောသည်။

ရပါတယ်၊ ဧည့်ခန်းထဲမှာပဲ ငါ စာဖတ်နေမယ် ဟု သူပြောလိုက်ကာ ဝတ္ထုစာအုပ်နှင့် ဧည့်ခန်းမှာထိုင်၏။

'သွားကြမယ်'

ကိုလေးနှင့် ကိုမြင့်ဦးတို့ အပေါ်ထပ်လှေကားမှ ဆင်းလာရင်းကနေ ပြောသည်။



'ငါ့သူငယ်ချင်းကတော့ ထူးခြားတယ်၊ ဒီသင်္ကြန်မှာ ရေပက်ခံ မထွက်တော့ဘူးတဲ့လေ'

'ဟင်....ကိုလေး ရေပက်ခံမလိုက်ဘူးလား'

ကိုမြင့်ဦး စကားကြောင့် မေဦးက လှမ်းမေးလိုက်၏။

ခင်ဖြူကလဲ ကိုလေးကို လှမ်းကြည့်ပြီး ကြောင်နေမိပြန်သည်။

'ကိုလေးမလိုက်ဘူး မေဦး'

'ဟာ.... ဒါဆို ခင်ဖြူ အဖော်ရတာပေါ့၊ ခင်ဖြူလဲ မလိုက်ဘူးလေ'

'ဟင်....ခင်ဖြူမလိုက်ဘူးလား၊ ဘာဖြစ်လို့လဲ ခင်ဖြူ'

ကိုလေးက ခင်ဖြူကို လှမ်းမေးသည်။

'မနေ့ကလိုက်ပြီး ခင်ဖြူလန့်သွားတယ်၊ ရေပက်တာကြမ်းယင် ခင်ဖြူ ကြောက်တယ်၊ ပြီးတော့ ခင်ဖြူက သိပ်အပင်ပန်းမခံနိုင်လို့ပါ'

'ကဲ....ဒါဖြင့်လဲ၊ မင်းတို့စကားပြောကျန်ခဲ့၊ ငါတို့သွားမယ်၊ လာ သင်းသင်း၊ လာ....မေဦး'

ပြောရင်း ကိုမြင့်ဦးက အိမ်ထဲက ထွက်သွားသည်။

'ကိုလေးမလိုက်တော့ နင် အဖော်ရတာပေါ့၊ ငါတို့ သွားမယ်'

မေဦးက ပြောရင်း ထွက်သွားသည်။

သွားမယ်ဟု သင်းသင်းကပြောလျက် မေဦး နောက်က လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုလေး ဧည့်ခန်းဆီသို့ လျှောက်လာသည်။ ဆောက်တည်ရာမဲ့ ရင်ကို ဘာသာမကျေနပ်ချင်မိ။

သူနှင့်မျက်နှာချင်းဆိုင်မှာ ကိုလေး ဝင်ထိုင်လိုက်သည်။

* * *

'ခင်ဖြူ လိုက်လို့ရအောင်လို့ ကိုလေးအာ တမင်မလိုက်ဘဲနေခဲ့ပေးတာ ခင်ဖြူ'

ကိုလေး မျက်နှာကို ငေးကြည့်နေလိုက်မိသည်။

'ကိုလေးလိုက်လို့ရအောင် ခင်ဖြူလဲ နေခဲ့ပေးတာပါ'

ဟု စိတ်ထဲက ပြန်ပြောမိသော်လည်း နှုတ်ကမထွက်။

'ကိုလေးနဲ့အတူ ခင်ဖြူကို တွေ့သွားလို့ ခင်ဖြူအိမ်က သိသွားယင် ခင်ဖြူ အဆူခံရမှာစိုးလို့'

ဒါတွေကို ကိုလေး ဘယ်လိုသိနေပါလိမ့်ဟု အံ့ဩစိတ်ဖြစ်ရပြန်သည်။

'ရပါတယ် ကိုလေးရဲ့'

ဟု စကားကိုဖော့ကာ ပေါ့ပေါ့တန်တန်အဖြစ် ပြန်ပြောလိုက်မိသည်။



'ကိုလေး သိပါတယ် ခင်ဖြူရယ်၊ လမ်းထဲက လူတွေက ကိုလေးကို သိပ်ကြည့်ရတာမှမဟုတ်တာ၊ လူငယ်တွေက ကိုလေးကို တရင်းတနှီးရှိကြပေမယ့် လူကြီးတွေအမြင် ကျတော့ တစ်မျိုးလေ'

ကိုလေးကို ဘာပြန်ပြောရမည်မသိ၍ ကိုလေးမျက်နှာကို ကြည့်ရင်းသာ ငြိမ်လိုက်မိသည်။

'ကိုလေးကို နားလည်တဲ့သူမရှိပါဘူး ခင်ဖြူရယ်'

ပြတင်းဝမှ လှမ်းမြင်နေရသော ပိတောက်ပင်ကိုင်းဖျားကို ငေးရင်း ကိုလေး၏အသံမှာ တိုးညင်ဆွေးမြည့်နေသည်ထင်၏။

'ခင်ဖြူ....'

သူ့ဘက်သို့ မျက်နှာလှည့်လာပြီး ခေါ်လိုက်သည်။

'ရှင်'

ဟု ပြန်ထူးမိရင်း ကိုလေးနှင့်အကြည့်ဆုံဖြစ်၏။

'ကိုလေး ဘဝမှာ သိပ်အထီးကျန်နိုင်တယ် ပြောယင် ခင်ဖြူယုံမလားဟင်၊ ဒီလိုလူမျိုး ဒီလောက်သွက်သွက် လက်လက်နေတဲ့သူဟာ ဘယ်လိုလုပ်အထီးကျန်ဆန်ပါ့မလဲလို့ ခင်ဖြူ တွေးချင်တွေးမှာပဲ၊ တကယ်တော့ ခင်ဖြူရယ်....လူတွေအများကြီးကြားမှာလဲ ကိုယ့်ကို နားမလည်ယင် အထီးကျန် ဖြစ်တတ်တာပါပဲ၊ အဲဒီ တော့ တစ်ခါခါမှာ အရှဲ့တိုက်ပြီး လုပ်မိတာတွေလဲ ကိုယ့်ဘဝမှ အမည်းစက်လို့ စွန်းထင်နေတာပြန်ရော လေး

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးစကားကို နားထောင်ရင်း သက်ပြင်းသာ ချမိပြန်သည်။

'ကိုလေး ဘာတွေလျှောက်ပြောနေလဲတွေးပြီး စိတ်ညစ်နေပြီလား ခင်ဖြူ'

အရယ်နှော၍ ပြောလိုက်သော်လည်း ကိုလေးမျက်ဝန်းမှာ ဝေခိုလျက် ကိုလေး၏ခံစားချက်တို့ အရိပ်သန်းနေပြီထင်၏။

'ခင်ဖြူ မထင်ပါဘူး ကိုလေးရယ်၊ ခင်ဖြူ ကိုလေးပြောတာတွေကို အလေးအနက်ထားပြီး နားထောင်နေပါတယ်'

ဝေ့ဝဲဝင်လာသော လေပြည်မှာ ပိတောက်နံ့တို့ တွဲခိုပါလာသည်လားမသိ။ ဖြတ်သန်းအော်ဟစ်သွားသော သကြံန်ကားတို့မှ အသံများကြားရပြန်သည်။

'ကျေးဇူးပါပဲ ခင်ဖြူရယ်.... ကိုလေး ရင်ထဲမှာ ရှိတာတွေကို အနီးကပ်ဆုံးခံစားနိုင်တာ မြင့်ဦးတစ်ယောက်ပဲရှိတာ၊ အခု ခင်ဖြူကိုပါ ကိုလေး ထည့်တွက်လို့ရပြီလေ'

ဆိုတော့ တာမှ ပြန်မပြောမိဘဲ ပြုံးရုံသာ ပြုံးပြနေလိုက်ပြန်၏။

ကိုလေးတို့ မိသားစုအကြောင်း၊ အထူးသဖြင့် ကိုလေးအဖေအကြောင်းကိုတော့ လမ်းထဲမှာနေသူချင်းမို့ ကြားဖူးနေသည်။ ကိုလေးကိုလည်း ခပ်ပွေပွေ ခပ်ရှုပ်ရှုပ်၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားဟု သတ်မှတ် ထား တာ လောက် တော့ ခင်ဖြူ သိ၏။ သည့်ထက်ပို၍ ခင်ဖြူ နားမလည်။ ကိုလေး သူ့ကို စေတနာ



ထားသည်။ ကျွမ်းဝင်ရင်းနှီးစွာ ဆက်ဆံတတ်သည်။ စိတ်ထားမှန်သည်ဟု သူ ယုံ၏။

'ခင်ဖြူရယ်.... လူတွေရဲ့ သဘာဝက မရောင့်ရဲနိုင်ကြပါဘူး'

'ရှင်....'

စကား အဆက်အစပ် မရှိ၍ ခင်ဖြူ ကြောင်သွားသည်။ ကိုလေး ဘာ ဆက်ပြောမည်ကို နားစွင့်ရင်း အကြည့်ဆုံမိပြန်၏။

'နေရာဘကာမှာ လောဘရှိကြတယ် ခင်ဖြူ.... ကိုလေးပြောချင်တာက ပစ္စည်းဥစ္စာလောက်ကိုသာ မဟုတ်ဘူး၊ စိတ် ပိုင်း ဆိုင် ရာ ခံစားမှုပိုင်းတွေမှာလဲ လောဘတွေ အတ္တတွေ ရှိနေတတ်ကြသလားပဲလေ....'

'ခင်ဖြူ နားမလည်ဘူး ကိုလေး'

ကိုလေး ဘာပြောချင်သည်ကို ခင်ဖြူ ချက်ချင်း နားမလည်။

'ကိုလေးက နား လည် လွယ် အောင် မရှင်းတတ်လို့ဖြစ်မှာပါ ခင်ဖြူ....'

ကိုယ်ကို ကိုင်းလျက် ရှေ့ညွတ်ရင်း ကိုလေးက စကားဆက်သည်။

'ဥပမာကွာ....လူတစ်ယောက်ကို ချစ်တယ် ခင်ဖြူ'

ပြောရင်း ခင်ဖြူ့ကို စူးစိုက်ကြည့်တော့ ခင်ဖြူ မျက်လွှာကို ချသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်၊ ကုလားထိုင် လက်တန်းကို တင်းတင်းဆုပ်ကိုင်ထားလိုက်မိပြန်သည်။

'အဲဒီ မေတ္တာစိတ်ဟာ ရင်ထဲမှာ အလိုလို ဖြစ်လာတာတာပဲ၊ ဒါ သူ့ သဘာဝ အလျောက် ဖြစ်ချင် ဖြစ်ပေါ့၊ သူနဲ့ကိုယ် ပေါင်းစပ်ဖို့မသွယ်မှန်း သိပေမယ့် အဲဒီ မေတ္တာစိတ်ကို သူ ရိပ်မိစေချင်တယ်၊ အဲဒီ မေတ္တာတရားကို သူ ခံစားပြီး သိစေချင်လာတယ်၊ ဒါတွေက လောဘသဘောပေါ့ ခင်ဖြူရယ်၊ သူ သိလို့လဲ စိတ်ဆင်းရဲပြီး ခံစားရမှာကလွဲလို့ ဘာမှ ဖြစ်မလာနိုင်တာ၊ သူ နားလည်လို့လဲ ရင်ထဲကို အပူမျှဝေးရုံ ဖြစ်မှာဆိုယင် ကိုယ်က ထိန်းသိမ်း ချုပ်တည်းထားဖို့ ဘယ်လောက်ကောင်းသလဲ၊ ဒါပေမယ့်... ဖွင့်ပြောလိုက်ချင်တယ်၊ ပြောလိုက်လို့ သူသိသွားယင် ကျေနပ်ရပါပြီ ဆိုရင်နဲ့ သူကိုယ်တိုင် ပြန်ချစ်လာစေချင်တဲ့ဆန္ဒက တဆင့်တက်လာပြန်ရော....'

ကိုလေးက မပြောရင်း စူးစူးစိုက်စိုက် ကြည့်ပြန်သည်။

ကိုလေး အကြည့်ကို သူ မဆုံရဲ။ ချက်ချင်း အကြည့်လွှဲကာ ပြတင်းမှ အပြင်သို့ ပို့သည်။

'ဟာ....ပိတောက်ကိုင်းတွေ လှိုင်နေတယ် ကိုလေး'

ခြံဘောင့်လမ်းထိပ်က ပိတောက်ပင်ပေါ်မှ ရွှေဝါရောင်တွေ အဆုပ်လိုက် အထွေးလိုက် ကျလာသလို ထင်နေရ၏။



ကိုလေးက ပြတင်းဝဆီ လှမ်းကြည့်လိုက်သည်။

'လာ.... ခင်ဖြူ.... နည်းနည်းလောက် သွားတောင်းရအောင်'

ဆိုပြီး ကိုလေး ထိုင်ရာမှထ၏။

ပိတောက်ပန်းခေတွကို ခင်ဖြူ ချစ်သည်။

ပိတောက်ပန်းတွေကို ချစ်ရုံမျှနှင့် ကိုလေးနှင့်အတူ လိုက်သွားသင့်ပါမလားဟု စဉ်းစားမိချိန်မှာ ထိုင်ရာက ထလိုက်ပြီးပြီ။

ဘာလို့မျှား မငြင်းမိလေသလဲကွယ်။

* * *

'မေဦးကလဲ ပိတောက်ဆိုယင် သိပ်ရူးတာ၊ ပြန်လာယင်ဘုရားတင်လို့ရတာပေါ့....'

ဟု ပိတောက်ပန်းတွေ တောင်းပြီး ရူးနေသော ကိုလေး အနားမှာ ရပ်ရင်း ပြောသည်။

'လှလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



ကိုလေး ပေးသော ပိတောက်ခက်များကို ခင်ဖြူက လှမ်းယူ ရင်း ပြော၏။

ကျေးဇူးတင်စကားပြောပြီး ခြံဘက်သို့ပြန်လာသည်။

'ပေး....ခင်ဖြူ၊ ကိုလေး ရေဆေးလိုက်မယ်'

'ရတယ် ကိုလေး.... ခင်ဖြူ ဆေးပါ့မယ်၊ ဘယ်မှာ ဆေးရမှာလဲ'

'လာ....'

ပန်းခြံထောင့်မှာရှိသော ပုန်းညက်ပင်အောက်မှ ရေဘုံပိုင် ရှိရာသို့ ကိုလေး ဦးတည်လိုက်သည်။

ကိုလေးနောက်မှ လိုက်လာခဲ့၏။ ရေဘုံပိုင်ခလုတ်ကိုဖွင့်ရင်း

'ခင်ဖြူ ပန်းတွေကို နှစ်စုခွဲလိုက်'

'ဘာလုပ်မလို့လဲကိုလေး'

'တစ်စုက ဘုရားတင်ဖို့လေ၊ ကျန်တဲ့ တစ်စုက ပန်လို့ ရအောင်'

ကိုလေးပြောသလို ဘုရားတင်ရန် နှင့်သူတို့ပန်နိုင်ရန် ခွဲထား လိုက်သည်။

'ပန်ဖို့ပန်းတွေကို ကိုလေးကို ပေး၊လက်ထဲက ဘုရားတင် မယ့်ပန်းကို အလျင်ရေဆေးလိုက်'

ကိုလေးကို ခွဲထားသော ပိတောက်ခက်တွေ လှမ်း ပေး လိုက်၏။



ပြီးတော့ သူ့လက်ထဲက ပိတောက်ခက်တွေကို ရေဆေး သည်။

'ဒီ ပန်ဖို့ပန်းတွေကိုတော့ ရေမဆေးပါနဲ့ ခင်ဖြူရာ၊ ရေဆေးယင် ပိတောက်ပွင့်တွေ ကြွေသွားလို့ မလှပဲနေ နေမယ်၊ ဒီအတိုင်းပဲပန်နော်'

ခါးကိုင်းပြီး ရေဆေးနေရာမှ ရပ်လိုက်တော့ ကိုလေးက ပြောသည်။

ပြုံးလျက်နှင့် ခေါင်းကို ဆတ်ကာ ညိတ်လိုက်၏။

'အိမ်ထဲသွားရအောင် ကိုလေး'

အကြည့်ဆုံလျက် နှုတ်ဆိတ်စွာ ကြာရှည်နေရခြင်းကို ခင်ဖြူ မနေတတ်။ အိမ်ထဲသွားရန် ပြောလိုက်သည်။

'ခင်ဖြူ....ကိုလေး ခင်ဖြူ့ကို ပန်းပန်ပေးပါရစေ'

ကြည့်ရင်း ကိုလေးပြောလိုက်တော့ ရှက်စိတ်ဖြင့် ခေါင်းငုံ့ မပြန်တာ ဘာသာမကျေနပ်ချင်။

ကိုလေး သူ့ရှေ့တိုးကာ လာရပ်သည်ကို သိလိုက်စဉ်မှာ ရင်တွေ တလှပ်လှပ်ခါနေပြီ။

ကလင်နှင့် သူ့ဆံစကြားမှာ ပိတောက်တစ်ခက်ကို ရွရွလေး ထိုးစိုက်ပေးလိုက်တာကို သိလျက် မျက်စိ မှိတ်ထားမိပြန်၏။

'ခင်ဖြူ'

တိုးလျက် တုန်ယင်သောအသံကိုကြား၍ မျက်လုံးဖွင့်တော့ သူ့ပခုံးနှစ်ဖက်ကို ကိုလေး ဆုပ်ကိုင်ထားပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ချောက်ချားလျက် မင်တက်မိသလို၊ ကိုလေးကို ငေး စိုက်ကြည့်နေမိပြန်သည်။

လက်ထမှာကိုင်ထားသည့် ပိတောက်ခက်တို့ကို တင်းတင်း ဆုပ်ထားမိပြန်၏။

‘ကိုလေး....ခင်ဖြူကိုချစ်တယ်’

ပြောလျက် နဖူးဆံစကို ရှုရှိုက်နမ်းလိုက်စဉ်မှာ ခေါင်းငုံ့ပစ် လိုက်မိသည်။

ခင်ဖြူရင်ထဲသို့ ဝေဒနာတစ်ခုကို ကိုလေးထည့်ပေးလိုက်ပြီ လားကွယ်။

နှလုံးသားထိ နက်ရှိုင်းစွာဝင်ရောက်လာသော ချစ်စကား ကို ဘာလို့များငြင်းဆန်ရန် အင်အားမရှိလေသလဲ။

သိပ်ချစ်တာပဲဟု ပြောခဲ့သည့်စကားတွေလဲ နားလျှံမတတ် ကြားခဲ့ဘူးပြီ။

ရည်ရွယ်ရာမဲ့ လက်တည့်စမ်းသလို လမ်းသွားလမ်းလာ သိပ် ချစ်တယ်ဆိုတဲ့ စကားတွေလဲ နား မဆံ့အောင် ကြားခဲ့ဘူး ပြီပဲ။

ရင်ထဲမှာ ထူးခြားပြီး မတုန်လှုပ်။ ကျောက်ရုပ်တစ်ရုပ်နှယ် ခံစားမှုကင်းပြီလားဟု သူ့ကိုယ်သူထင်သည်။

အခုတော့....သံယောဇဉ်ဆိုတဲ့ကြိုးကို ဆွဲလှုပ်၍ အနိုးခံရ လေပြီလား။



သမုဒယဆိုတဲ့ ကွန်ယက်မှာ ရှောင်ထွက်မရအောင် အနှောင် အချုပ်မိလေပြီလားကွယ်....။

* * *

‘ကိုလေးမှားသွားပြီလား ခင်ဖြူရယ်၊ တကယ်ဆိုယင် ကိုလေး မျိုသိပ် ချုပ်တည်းနိုင်ဖို့ကောင်းပါတယ်၊ ချစ်တယ်ဆိုတဲ့စကား ကို ရင်ကြားမှာပဲ သိုသိပ်ထားနိုင်ခဲ့ယင် ခင်ဖြူ ကိုလေးကို ဘယ်တော့မှ မုန်းသွားမှာမဟုတ်ဘူးနော်၊ အခုတော့ ကိုလေး ခင်ဖြူကိုချစ်တယ်လို့ပြော လိုက်တာ ခင်ဖြူအမုန်းခံရဖို့အတွက် လားလို့ တွေးမိပြန်တယ်လေ’

မျက်ဝန်းကိုဖွင့်လိုက်စဉ်၊ ပါးပြင်ပေါ်သို့ မျက်ရည်စက်တို့ လိမ့်ဆင်းလာတာ ခင်ဖြူသိ၏။ မငိုမိပါဘဲ၊ မျက်ရည်ဝဲတတ်ခြင်း သည် ရင်တွင်းက ဝေဒနာကို ပြသနေပါသလား။

ကိုလေးစကားကြောင့် ကိုလေးမျက်နှာကို ဖျတ်ခနဲ မော့ ကြည့်လိုက်မိသည်။

ကိုလေးအကြည့်က အဝေးကို ငေးရီနေတာတွေ့၏။

ကိုလေး မျက်နှာသည် ဝေရီရီ မှိုင်းညို့၍ ဆွေးရိပ်တို့ သန်းနေသလို။

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးကိုကြည့်ရင်း လက်တွင်းက ပိတောက်ခက် တွေကို ကျစ်ကျစ်ပါအောင် ဆုပ်သားမိပြန်၏။

'လူတွေအားလုံး ကိုလေးကို နားမလည်ကြတာ၊ မုန်းတီးကြတာထက်၊ ခင်ဖြူ ကိုလေးကို နားမလည်မှာ၊ မုန်းတီး သွားမှာကိုတော့ ကြောက်ပါတယ်လေ'

စကားအဆုံးမှာ ခင်ဖြူကို အကြည့်ဆုံသည်။

'ကိုလေး ဘာတွေပြောနေတာလဲ'

ခင်ဖြူ အသံ တုန်ခါနေမည်လားမသိ။ ပြောပြီး မျက်နှာကို ချက်ချင်းငုံ့ချလိုက်မိပြန်သည်။ တာရှည်အကြည့်ဆုံခဲ့မှာ ဝေ့ဝဲလိမ့်စီးကာကျလာမည့် မျက်ရည်စကို ကိုလေးမတွေ့စေချင်ပါ။

'ကိုလေးကို ကြိုးစားပြီး နားလည်ပေးပါ ခင်ဖြူရယ်၊ ကိုလေးကို နားအလည်နိုင်ဆုံးသူအဖြစ်နဲ့ ကိုလေးအနားမှာ ခင်ဖြူရှိနေယင် ကိုလေးတောင့်တခဲ့သမျှ အရာရာပြည့်စုံပြီလို့ ကိုလေး မှတ်ယူနိုင်မှာပဲလေ၊ ခင်ဖြူ့ကို ကိုလေးချစ်တယ်လို့ ပြောမိလိုက်တာ ရင်ထဲကလာတဲ့ စကားပါခင်ဖြူ၊ ချစ်တယ်လို့ဆိုတဲ့စကားထက် ပြည့်စုံလုံလောက်တဲ့စကားမရှိလို့သာ ချစ်တယ်လို့ ပြောရတာ ကိုလေး ခင်ဖြူ့အပေါ်မှာ ထားမိတဲ့စေတနာ၊ မေတ္တာနဲ့ဟာ ချစ်တယ် ဆိုတာထက် ပိုပြီး လေးနက်ပါတယ် ခင်ဖြူ၊ ဟိုး....ခင်ဖြူငယ်ငယ်ကလေးကတည်းက ခင်ဖြူ စိတ်၊ ခင်ဖြူဗီဇကို ကိုလေး နားလည်ခဲ့တာ ကိုလေး ဘွဲ့ရပြီး အိမ်မှာအနေများလာတော့ သွားသွားလာလာ



ခင်ဖြူနဲ့ ပြန်တွေ့ပြန် ရင်းနှီးခွင့်ကိုရလာတာ၊ ကိုလေးအတွက်တော့ အပြောင်း အလဲတစ်ခု ဖန်တီးလိုက်မိသလိုပါပဲ'

ကိုလေးကိုကြည့်ရင်း ကိုလေးစကားတို့ကို နားစွင့်ထားမိပြန်၏။

'ကိုလေးစကားတွေကို ခင်ဖြူသေသေချာချာ နားလည်ချင်မှလည်လိမ့်မယ်၊ ဒါပေမယ့် ကိုလေးတစ်ခုထပ်ပြောချင်တယ်။ အဲဒါက ကိုလေး ခင်ဖြူကို ချစ်မိပြီလို့ သိလိုက်တာနဲ့ ခင်ဖြူ ကိုလေးကို မုန်းတီး ရွံရှာသွားနိုင်တယ် ဆိုတာကို တွေးပြီး တုန်လှုပ်မိတာ အမှန်ပဲ ခင်ဖြူ'

'ကိုလေးက ခင်ဖြူ ရန်သူမှမဟုတ်တာ'

စကားသံတိုးတိုးညင်ညင် နှုတ်မှထွက်သွားသည်။

'ရန်သူတစ်ယောက်ကိုမုန်းတာထက် မနှစ်မသက်နိုင်တဲ့ အမူအကျင့်ကြောင့် ရွံရှာစက်ဆုပ်တာက ပိုပြီးဆိုးမှာပါ ခင်ဖြူ'

'ကိုလေးမှာ ဘာစက်ဆုပ်ရွံရှာလောက်တဲ့ အမူအကျင့် ရှိနေလို့လဲ'

ကိုလေးထံမှ သက်ပြင်းချသံကို ကြားရသည်။ ခဏကြာမှ

'ခင်ဖြူ'

ဟု ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှ ပြန်မထူးမိဘဲ အကြည့်ဆုံလိုက်သည်။

'အချစ်ဆိုတာကို ကိုလေး မယုံခဲ့ဘူး ခင်ဖြူ'

'ဟင်'

အံ့သြသံ နှုတ်မှလျှံကျသည်။

'ခင်ဖြူ့ကိုချစ်မိပြီလို့သိပြီး အချစ်ဆိုတာကို ယုံမိတဲ့ အခါကျတော့ ကိုလေးဘဝဟာ အချစ်နဲ့မထိုက်တန် သလို ခံစားရပြန်တော့လေ'

'ကိုလေးရယ်'

'အချစ်ရဲ့ တန်ဖိုးကိုမသိဘဲ ချစ်တယ်လို့ နှုတ်ဖျားက ထမင်းစားရေသောက် ပြောမိတဲ့ အပြစ်တွေအတွက် ကိုလေးရင်ထဲမှာ တနင့်တပိုး ခံစားရတာဖြစ်လာတယ် လို့ပဲ ယူဆပါတယ်ခင်ဖြူ။ သိမ်ငယ်ပေ့ဘာပဲလို့ လမ်း ထဲက စကားတွေကို ခင်ဖြူကြားဖူးမှာပါ။ ကိုလေးက မဟုတ်ပါဘူးလို့ ငြင်းပယ်ခဲ့ပေမဲ့ ခင်ဖြူက ကိုလေး ဘက်က ကာကွယ်ပြီး ရပ်တည်ပေးခဲ့တယ်။ ဒါပေမယ့် ခင်ဖြူ ကိုလေး ငြင်းချက်ဘူး။ ဘယ်လောက်အထိ နက် နက်ရှိုင်းရှိုင်း ရှုံ့တယ် ပွေတယ်ဆိုတာ ပတ်ဝန်းကျင် က အမှန်မသိပေမယ့် ရှုပ်ခဲ့တာ၊ ပွေခဲ့တာတော့ ကိုလေး ဝန်ခံပါရစေ'

စကားကိုဖြတ်ပြီး တံတွေးကို မျိုချလိုက်ပြန်သည်။

'ကိုလေးဘဝကို ခင်ဖြူသိအောင် ကိုလေး ပြောပြချင် တယ်ခင်ဖြူ၊ လာ အိမ်ထဲသွားရအောင်'



ပြောပြီး အိမ်တက်သို့ ခြေဦးတည့်သည်။

ခေါင်းငုံ့ရင်း လျှောက်သွားသည့် ကိုလေး၏ ကျောပြင်ကို တစ်ချက်လှမ်းကြည့်လိုက်မိသေးသည်။

ကိုလေးနောက်မှ ဖြည်းဖြည်းလျှောက်လာခဲ့မိ၏။

*

www.burmeseclassic.com

www.burmeseclassic.com

[၈]

'မခင်မြူ၊ စုစုတို့က ဓာတ်ပုံရိုက်ရအောင်လို့ ခေါ်နေတယ်'

ညနေ တားဝယ်သို့ ပြန်တော့မည်ဖြစ်၍ ပစ္စည်းသိမ်းနေသော အန်တီနှင့် မေမေ့ကို ခင်မြူ လုပ်ကိုင်ပေးနေစဉ် ကိုဇော်ဝေ ရောက်လာပြီး ပြောလိုက်သည်။

စုစုတို့သူငယ်ချင်းတစ်စုနှင့် ကိုဇော်ဝေတို့ ဓာတ်ပုံရိုက်ကြမည် ပြောကာ ပင်လယ်ကမ်းစပ်ကိုဆင်းသွားတာ သိလိုက်၏။ ဓာတ်ပုံရိုက်တာကို ဝါသနာမပါ၍ ခင်မြူ လိုက်မသွားခြင်းဖြစ်သည်။

မရိုက်ချင်ဘူး စုစုရာဟု စုစုခေါ်တော့ သူငြင်းခဲ့သေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ... ဓာတ်ပုံရိုက်တာ ဝါသနာ မပါ လို့ပါ ကိုဇော်ဝေ'

ကိုဇော်ဝေကိုပြုံးလျက် ပြောလိုက်မိပြန်သည်။

'လာပါဗျာ၊ ရောက်တုန်းအမှတ်တရပေါ့'

ကိုဇော်ဝေက ထပ်ခေါ်ပြန်၏။

'ကဲ...ဒါဆို ကျွန်မ ဓာတ်ပုံတော့ မရိုက်ချင်ဘူး၊ ခုစုတို့ ရိုက်တာကို ကျွန်မ လိုက်ကြည့်ပါ့မယ်'

'အမှတ်တရရိုက်ပေါ့ သမီးရဲ့'

မေမေက လှမ်းပြောလိုက်သေးသည်။

'မေမေ သမီးတို့ခဏလိုက်သွားဦးမယ်'

ဟုသာ ပြောလိုက်ရင်းကိုဇော်ဝေနှင့်အတူ ဘန်ဂလိုပေါ်မှ ဆင်းလာခဲ့၏။

ဘန်ဂလိုရှေ့မှာ သဲတွေအပေါ်မှာ လမ်းလျှောက်ရတာ အရသာတစ်မျိုးဟု တွေးမိသေးသည်။

'မခင်ဖြူတို့ သင်္ကြန်ပြီးတာနဲ့ တန်းပြန်ကြမှာလား'

ဟု မေးလိုက်တော့ ကိုဇော်ဝေ့ဆီ အကြည့်ရောက်၏။

'လေယာဉ်လက်မှတ်က ဘယ်နေ့ရမယ်မှ မသေချာတာဘဲ ကိုဇော်ဝေရယ်၊ သင်္ကြန်ပြီးယင် လက်မှတ်ရဖို့ လုပ်ရဦးမယ်လေ၊ လက်မှတ်ရတဲ့နေ့ ပြန်ဖြစ်မှာပဲပေါ့'

'အင်း...ကျွန်တော်တော့ ဒီရက်ပိုင်းတွေမှာ ပြန်လို့ မလွယ်တော့ဘူးလေ၊ အမှန်ဆို သင်္ကြန်တွင်း ပြန်မလို့ အားခဲထားတာ မေမေကပြန်မလာနဲ့ဆိုတော့ ထားဝယ်



မှာပဲ ဆောင်ဘင်သွားရတာပေါ့၊ နောက် သုံးလေးလ လောက်နေပြီးမှပဲ ခွင့်ယူပြီး ပြန်ဖြစ်တော့မှာပဲ'

ကိုဇော်ဝေက မိဘစကားကို တသွေမတိမ်း နားထောင်တတ်သူပါလားဟု တွေးမိသေးသည်။ သင်္ကြန်တွင်း ရန်ကုန်ပြန်မပြန်ကိစ္စတာဘဲမှ သူ့အမေဆုံးဖြတ်ချက်အတိုင်း လိုက်နာတတ်သူပဲ။

'ဟုတ်တယ်နော်...သွားရေးလာရေးတွေက လွယ်တာ မဟုတ်တော့ ခွင့်ဆိုလဲ ရက်ရှည်ယူမှ ဖြစ်မှာ'

ဟု ကိုဇော်ဝေ့ကို မကြည့်ဘဲ ပြောလိုက်သည်။

ပင်လယ်ပြင်လို လှမ်းကြည့်ရင်း လှိုင်းပုတ်သံများကို ကြားနေရ၏။

'ခွင့်ရက်ရှည် ယူလို့ ရသေးဘူးလေ၊ ကျွန်တော်က အလုပ်ဝင်တာ တစ်နှစ်မှ မပြည့်သေးတာ၊ ဒါကြောင့် ခွင့် သုံးလေးရက်နဲ့ သင်္ကြန်ပိတ်ရက်နဲ့ ဆက်ပြီး ယူချင်တာ'

'ကိုဇော်ဝေလဲ ရန်ကုန် တော်တော်လွမ်းနေပြီနဲ့ တူတယ်နော်'

ဟု ရယ်ပြောပြောကာ လှည့်ကြည့်မိသည်။

'အဟုတ်ပဲဗျာ...ရန်ကုန်ကို လွမ်းတာပေါ့၊ ရန်ကုန်မှာ ကျွန်တော့်ကောင်မလေး ကျန်ခဲ့တယ်လေ'

ဟု ပြုံးပြီး ပြန်ပြောလိုက်သည်။

ကိုဇော်ကို စိတ်ထဲက ချီးကျူးစကား ဆိုခဲ့မိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ဦးနှင့် တရင်းတနှီးရှိစေရန် အခွင့်အရေးကြုံ ခိုက်မှာပင် မည်သူကမျှ မမေးရပါဘဲ မိမိမှာ ချစ်သူရှိသည့်အကြောင်း ပြောလိုက်ခြင်းအတွက် ခင်ဖြူ သဘောကျသည်။ ရိုးသားပွင့်လင်းစိတ် ရှိသူဟုလည်း အသိဝင်မိပြန်၏။

'လာ... မမဖြူ....လာ၊ စုစုတို့မမဖြူကို စောင့်နေကြတာ'

ကမ်းခြေဆီသို့ ခပ်ပြေပြေ လျှောလျှော ဆင်းသွားသည့် လမ်းကလေးအတိုင်း ဆင်းလာစဉ်မှာ စုစုက လှမ်းအော်ပြောသည်။

ကိုဇော်ဝေ၏ သူငယ်ချင်းက စုစုသူငယ်ချင်းတွေကို ဓာတ်ပုံရိုက်ပေးနေတာမြင်သည်။

'လာ...မမဖြူ...လာ၊ ဓာတ်ပုံရိုက်ရအောင်'

'ရိုက်ပါကွယ်၊ မမဖြူဝါသနာ မပါလို့'

ဟု ပြုံးရင်း ပြန်ပြောလိုက်စဉ်

'လာပါ မခင်ဖြူ၊ အားလုံးစုံတုံး ဂရုပ်ဖိုတို တစ်ပုံလောက်တော့ ရိုက်လိုက်ပါ'

ဟု ကိုဇော်ဝေက ပြောသည်။

'အမှတ်တရပေါ့ဗျာ...နောင် ပြန်ဆုံချင်မှ ဆုံကြမှာပဲ'

ဟု ကိုဇော်ဝေ့ သူငယ်ချင်းက ကင်မရာကိုင်ကာ လျှောက်လာရင်း ဝင်ပြောတော့ ခင်ဖြူ အားနာလာသည်။ သိပ်ဈေးကိုင်တာပဲ ထင်သွားမှာလည်းစိုး၏။

'ဒါဆိုလဲ ရိုက်ပါမယ်ရှင်'

ဟု ပြုံးပြီး ခင်ဖြူ ပြောလိုက်မိသည်။



ပင်လယ်ပြင်မှ လှိုင်းလုံး ကြီးတွေ တလိမ့်လိမ့် တက်တက်ကိုနောက်ခံထားလျက် သူတို့ စီတန်း ရပ်လိုက်ကြ၏။ အရပ် အနိမ့်အမြင့် အလိုက် တန်းစီလိုက်စဉ် ကိုဇော်ဝေ၏ ဘေးနားတွင် သူ ရပ်နေမိပြန်သည်။

'လှိုင်းလုံးတွေ ကမ်းနား ရောက်လာတဲ့ အချိန်နဲ့ ကိုက်ပြီး ရိုက်ကွာ'

နောက်ဘက်သို့ ပြန်မလှည့်ပါပဲ လှိုင်းလုံးရိုက်သံ အကြားမှာ ကမ်းနားသောင်စပ်ထိ လှိုင်းလုံးတွေ ရောက်လာပြီဟု သိလိုက်သည်။ ရေစရေမွှာများ ခြေချင်းဝတ်ထိ စိုစွတ် အေးမြသွားစေ၏။

ကင်မရာ အလင်းရောင် လက်ခနဲကို မြင်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

'ရောက်တုန်း ရေပူစမ်းကို ဝင်လိုက်ရအောင်'

ဟု အန်တီက ကားမောင်းသူကို ပြောသံ ကြားရသည်။

'ရေပူစမ်းက ဘယ်နားမှာလဲ အန်တီ'

ခင်ဖြူက ကားပေါ်မှ မဆင်းခင် မေးလိုက်သည်။

'မောင်းမကာန်ရွာ မြောက်ဘက်မှာ ခင်ဖြူ၊ တစ် မိုင်လောက်ဝေးမလားဘဲ'

ဟု အန်တီက ဝင်ဖြေသည်။

စုစုနှင့် သူငယ်ချင်း များက ကားပေါ် ရောက်နေသော ပစ္စည်းများကို စစ်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်သင့် ဖြစ်ပြီဆိုသော အခါကားထွက်သည်။

'ရေပူစမ်း ဝင်မယ်ပြောတယ်ကိုဇော်ဝေတို့ သိရှိလားစုစု' မော်တော်ဆိုင်ကယ်နှင့် ရှေ့က ထွက်သွားကြပြီ ဖြစ်သော ကို ဇော်ဝေတို့ ရေပူစမ်း ဝင်မယ်ဆိုတာ မသိမှာစိုး၍ မေးလိုက် သည်။

'သိတယ် မမဖြူ၊ အန်တီ ပြောနေသံ ကြားတယ်'

ဟု စုစုက ဝင်ပြောလိုက်၏။

မောင်းမကန်ရွာရောက်တော့ ကားလမ်းခွဲတစ်ခုကို ချိုးကွေ့ သည်။ ကားလမ်းမှာအတန်ငယ်ကြမ်းသည်ဟု ခင်ဖြူထင်သည်။

'ဒါ .... မောင်းမကန်နဲ့ ပန်းတက်အင်းရွာကို သွားတဲ့ လမ်းလေ'

ဟု စုစုံ သူငယ်ချင်းက ပြော၏။

'ရေပူစမ်းကို ရောက်ပြီ'

ကား အရှိန်သတ်၍ ရပ်လိုက်စဉ်မှာ အုတ်ကန်ငယ်ကလေး များကို ခင်ဖြူတွေ့ရသည်။ အင်္ဂတေဘောင်ကွပ်၍ အုတ်ပိုက် လိုင်းနှင့်ဆက်ကာ အုတ်ကန်ငယ်များသို့ ရေပူကို ပို့သည်။

ရေပူကန်ဘေးမှာ ကိုဇော်ဝေတို့ သူငယ်ချင်းနှစ်ယောက် ရပ်နေတာတွေ့၏။

'ကျွန်တော်တို့တော့ ရေချိုးပြီးသွားပြီ'

သူတို့ ကားပေါ်မှအဆင်းမှာ လှမ်းပြောသည်။

အခြားရေချိုးသူများလဲ ရှိကြသည်။

'သကြံန်ရက်မို့ လူများတယ်'

ဟု အန်တီပြောသံ ကြားရ၏။



'ဒီကန်က ခပ်နွေးနွေးပဲ၊ ဟိုဘက်ကန်က ရေ သိပ် ပူတယ်'

ကိုဇော်ဝေ့ သူငယ်ချင်းက ပြောလိုက်သည်။

သူတို့အားလုံး ရေပူစမ်းနှင့် မျက်နှာသစ်လိုက်ကြ၏။

ပူနွေးနွေးရေကို မျက်နှာသစ်အပြီးမှာ လန်းသွားသည်ဟု စိတ်မှာထင်သည်။ မျက်နှာသုတ်ပဝါနှင့် မျက်နှာကို သုတ်ရင်း ကားကိုမှီရပ်ကာ အန်တီတို့ မျက်နှာသစ်နေတာမြင်၏။

'ရှမ်းပြည်သွားတုန်းက ရေပူစမ်းမှာဝင်ပြီး ရေချိုးတာ ကိုလေးရာ ဘာဖြစ်တာလဲမသိဘူး၊ သတိလစ်ချင်သလို ဖြစ်သွားတယ်'

တစ်ခါက ကိုလေးကိုပြောခဲ့ဖူးသည်ပဲ။ အစာမရှိပဲ ရေပူစမ်း မှာ ရေမချိုးရဘူး ခင်ဖြူရဲ့၊ အစာမရှိပဲ ရေချိုးယင် အဲဒီလို ဖြစ်တတ်တယ်ဆိုတဲ့ ကိုလေး စကားသံတွေ နားထဲမှာ ဝေ့ဝဲ လာပြန်သည်။

ရေပူစမ်း....တဲ့။

အခုတော့ ရင်ပူစမ်းဖြစ်နေပြီလား ကိုလေးရယ်....။

*

www.burmeseclassic.com

www.burmeseclassic.com

[၁၀]

လွမ်းတယ် ကိုလေးရယ်....

အဝေးကို ရောက်နေမှ အမှတ်တရများစွာဟာ ဝေဒနာအဖြင့်နဲ့ ရင်ထဲမှာ နုသစ်နေပြန်ပါရောလား။ ပြောဖူးခဲ့သည့် စကားကို နားမှာရစ်ဝဲကြားယောင်နေတတ်ဆဲပါတည့်။ ထိုင်ခဲ့ဖူးသည့် နေရာဟောင်း၊ အိပ်မက်ပေါင်းများစွာမှာ ရောက်လာတတ်စမြဲ။ စွဲနှစ်ခိုင်ကျည် နှလုံးသား၌ ထာဝရ တည်မည့် ကြည်နူးဖွယ်အနမ်းတို့၊ အခုတော့ 'အလွမ်း'ဖြစ်ရပြီ ကိုလေး။

www.burmeseclassic.com

www.burmeseclassic.com



ခရီးပန်းလာလိုလားမသိ။ အန့်တီတို့ မေမေတို့ စောစော အိပ်ရာဝင်ကြတယ်လေ ။ ခင်ဖြူက အိပ်ရာထဲမှာ တလူးလူး တလိမ့်လိမ့်နဲ့ အိပ်မရတဲ့အဆုံးမှာ အသာလေး ထ၊ ခြေကို ဖွဖွနင်းပြီး ပြတင်းကို အသံမမြည်အောင် ဖွင့်လိုက်မိပါတယ်။

ပန်းနံ့ သင်းသင်း သယ်ဆောင်လာတဲ့ လေနုအေးတစ်ချက် မျက်နှာကို ဖျတ်ခနဲ တိုးဝေ့သွားရင်း အလင်းရောင် မှုန်မှုန်ရီရီ အခန်းထဲဆီ ထိုးကျလာပါရောလား။ ပြတင်းနားမှာရပ်လျက် အပြင်ဘက်ကို ငေးရီနေမိပြန်တယ် ကိုလေးရယ်....။

ဟိုး....ရှေးရှေးက ဆိုတဲ့ ပုပြင်လို မတုတ်တဲ့ အဖြစ်အပျက်တွေ အာရုံမှာ ဖွံထင်နေတတ်တာ၊ အာမျှားဆန်းလို့လဲကွယ်....။

တွယ်တာနေ မျှ၊ အလွမ်း ဆိုတာ ထာဝရပါ ကိုလေး....။

* * *

'ထိုင်....ခင်ဖြူ'

ဧည့်ခန်းထဲရောက်တော့ ကိုလေးက မတ်တတ်ရပ်စောင့်ရင်း ထိုင် ခင်ဖြူဟု သူ့ကို အလျင်ထိုင်ခိုင်းသည်။

'ပန်းတွေက....'



လက်ထဲက ပိတောက်ပန်းတွေကိုကြည့်ရင်း ခင်ဖြူက ပြောသည်။

'ကိုလေးကိုပေး....ကိုလေးသွားထားလိုက်မယ်၊မေဦးတို့ ပြန်ရောက်လာယင် သူတို့ကို ပေးလိုက်တာပေါ့'

ဟု ပြောရင်း သူ့လက်က ပိတောက်ခက်တွေကို ကိုလေး ညှမ်းယူသည်။

'ခဏထိုင်ဦးနော်'

ပြောကာ ကိုလေး အိမ်ပေါ်ထပ်သို့ တက်သွားတာတွေ့သည်။ သိလယ်ယူထားကြသည့် မေဦးတို့ ဖဖေနှင့် မေမေ အိမ်ပေါ်မှာရှိနေတာ ခင်ဖြူသိ၏။ ပန်းတွေကို ကိုလေးအိမ်ပေါ်ထပ်သွားထားတယ်ထင်တယ်ဟု ခင်ဖြူတွေးနေမိသည်။

လှေကားမှဆင်းလာသည့်ခြေသံကိုကြားတော့ ခင်ဖြူလှည့်ကြည့်ဖြစ်။

ကိုလေး သူ့အနားရောက်လာတာသိသည်။

'အန့်တီ့ကိုသွားမေးတာ ပန်းတွေ ဘယ်မှာထားမလဲ ဆိုတော့ အပေါ်ထပ်က စားပွဲပေါ်မှာပဲထားခဲ့၊ မေဦး ပြန်လာမှ ဘုရားပန်း လဲခိုင်းမယ်ပြောတယ်'

ဟု ပြောရင်း ဧည့်ခန်းစားပွဲထိပ်မှ ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

မျက်နှာချင်းဆိုင်မဟုတ်သဖြင့် ခင်ဖြူနှင့် ကိုလေး ပို၍ နီးကပ်နေသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးက သူ့ကိုမကြည့်ဘဲ အင်္ကျီအိတ်ထဲမှစီးကရက်ဘူး ထုတ်လျက် တစ်လိပ်ကို မီးညှိလိုက်သည်။ စီးကရက်ဘူးနှင့် ရောင်ရှန်ဆင်မီးခြစ်အပြားလေးကို စားပွဲပေါ်သို့ တင်ထား လိုက်၏။

မီးခိုးငွေ့ကို မှုတ်ထုတ်လိုက်သည်။ လိုအပ်သည်ထက်ပို ကျယ်လောင်သွားသည်လားမသိ။ မီးခြစ်ပြားလေးကိုကြည့် ခင်ဖြူ ကိုလေးမျက်နှာကို မော့ကြည့်ဖြစ်သည်။ မီးခိုးငွေ့ ကြားမှာ ကိုလေးမျက်နှာကိုမြင်ရ၏။

'မနေ့က ဒီမီးခြစ်မဟုတ်ဘူးထင်တယ်နော် ကိုလေး' ဟု ခင်ဖြူက မေးလိုက်သည်။

'ဟုတ်တယ်....ခင်ဖြူ၊ ကိုလေးမှာ မီးခြစ်တွေ အမျာ ကြီးပဲ'

ခင်ဖြူစကားကြောင့် ခင်ဖြူမျက်နှာဆီ အကြည့်ရောက် ကိုလေးက ပြောလိုက်သည်။

'ခြင်စရာတွေများတာပေါ့နော် ကိုလေး'

ဘာရယ်မဟုတ် ခင်ဖြူက ပြုံးရယ်ထက်ဝက်နှင့် ကိုလေး ပြောလိုက်မိ၏။

ကိုလေးမျက်နှာမှာ ခံစားမှု တစ်စုံတစ်ရာ ဖြတ်သန်းခေ သွားမှန်း ခင်ဖြူ သိလိုက်သည်။

မျက်ဝန်း ဝေရီရီသည်၊ သူ့ကိုကျော်လျက် နံရံဆီသို့ ငေး သွားသလို။



ခဏကြာမှ ခင်ဖြူမျက်နှာကို အကြည့်ပြန်ပို့၏။

'ဝါသနာပါလို့စုထားမိတာပါ ခင်ဖြူ၊ ခင်ဖြူ ပြော လိုက်တဲ့စကားကြားတော့'

'ကိုလေး ခင်ဖြူက ဘာရယ်မဟုတ်ဘူး ပြောလိုက်တာ ပါနော်'

သူ့စကားကြောင့် ကိုလေးစိတ်မှာ တစ်ခုခုဖြစ်သွားပြီထင် လျက် ခင်ဖြူက စကားပြတ်ကာ ပြောသည်။

'ကိုလေးသိပါတယ် ခင်ဖြူ၊ ခင်ဖြူက ဘာရယ်မဟုတ် ဘူး ပြောလိုက်တာပါ၊ ဒါပေမယ့် ဟို....တစ်ချိန်တုန်းက ကိုလေးပြောခဲ့ဘူးတဲ့စကားနဲ့ တူနေလို့ပါ ခင်ဖြူ၊ အဲဒီ တုန်းကတော့ အစဉ်းစား အဆင်ခြင်မရှိဘဲ ကိုလေး ပြောခဲ့ဘူးတယ်လေ'

စီးကရက်ပြာကိုခြွေလျက် စကားလိုနားသည်။ ကိုလေးကို စူးစိုက်ကြည့်နေမိပြန်သည်။

ကိုလေးက ခါးညွှတ်ကာစီးကရက်ပြာခွက်ဆီမှာ အကြည့်ကို ပို့ထား၏။

ပြီးမှကိုယ်ကိုပြန်မတ်လျက်စီးကရက်ကို ဖွာသည်။

'သိပ်လှလို့ သိပ်လိုချင်တဲ့ မီးခြစ်တွေယင် ဝယ်တယ်၊ ဒီထက်ဆန်းတဲ့ လှတဲ့နောက်တစ်လုံးတွေယင် အဲဒီ မီးခြစ်ကို မသုံးတော့ဘူး၊ နောက်တစ်လုံးကိုကိုင်မိတယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒီလိုနဲ့ မီးခြစ်တွေများများလာတာ၊ ကိုလေးက မိန်းကလေးတွေကိုလဲ မီးခြစ်လှလှလေးတွေလိုပဲ သဘောထားခဲ့တာလေ’

ပြောရင်း ခင်ဖြူကို အကြည့်ဆုံသည်။ ကိုလေး၊ စကားကြောင့် ခင်ဖြူ မျက်ခုံးတွန့်သွားမိ၏။ ဘာမှတော့ နှုတ်က မထွက်။

‘ဟုတ်တယ် ခင်ဖြူ၊ စီးကရက်သောက်လိုက်ယင် ခံစားနေရတာတွေ၊ မကျေမနပ်ဖြစ်နေရတာတွေကို မီးခိုးငွေ့နဲ့အတူ မှုတ်ထုတ်လိုက်နိုင်သလိုပဲပေါ့၊ ပေါ့ပါးသွားတယ်ထင်ရတယ်၊ စီးကရက်သောက်နိုင်ဖို့ မီးခြစ်လှလှလေးတွေက ကူညီသလိုပဲ့၊ ကောင်မလေးလှလှလေးတွေနဲ့ တွဲနေရတဲ့အခါ အရာရာကို ခဏဖြစ်ဖြစ်တော့ မေ့ထားနိုင်အောင် သူတို့က ကူညီချင်ဘယ်လို့ ထင်ခဲ့တယ်လေ’

‘သူတို့ကို ကိုလေးမချစ်ဘူးလားဟင်’

ကိုလေးက ခေါင်းကို ညင်သာစွာ ခါရမ်းပြလိုက်သည်။

‘ခင်ဖြူက ထင်မလားဘဲ၊ ငါ့ကိုချစ်ဘယ်ပြောထားတော့ ကျန်တဲ့ လူတွေကို မချစ်ဘူးလို့ဘဲ ဖြေမှာပေါ့လို့လေ၊ ကိုလေး တကယ်မချစ်ခဲ့တာပါ ခင်ဖြူ၊ မချစ်တဲ့ အပြင် အချစ်ဆိုတာကိုတောင်မှ ကိုလေး မယုံကြည်ခဲ့ပါဘူး၊ ကိုလေးကို စွဲလမ်းလာပြီထင်တာနဲ့ ကိုလေးက



ဖြတ်ခဲ့တာပါပဲ၊ သူတို့ရင်ထဲကိုလဲ သောကမပေးချင်ဘူးလေ’

‘ဒါပေမယ့် ကိုလေးရယ်’

‘ကိုလေး တစ်ခုပြောမယ် ခင်ဖြူ၊ ကိုလေး တွဲခဲ့တဲ့ထဲမှာ မိန်းကလေးအများစုက ကိုလေးနဲ့ သဘောထား တူတယ်’

‘ဘယ်လိုတူတာလဲ ကိုလေး’

‘ကိုလေးက မိန်းကလေးတွေကို မီးခြစ်လှလှလေးတွေလို သဘောထားနိုင်သလို သူတို့ကလဲ ယောကျ်ားလေးတွေကို လက်သည်း ဆိုးဆေးလို သဘောထားနိုင်ခဲ့တာပဲပေါ့’

‘ခင်ဖြူ နားမလည်ဘူး ကိုလေး’

စီးကရက်ကို တစ္ဖွာရှိုက်သည်။

ပြီးမှ စကားကိုဆက်၏။

‘ခင်ဖြူကလဲ လက်သည်းဆိုးဆေး တစ်ရောင်ကို လက်သည်းမှာ ဆိုးထားပေမယ့် နောက်တစ်ရောင်ပြောင်းပြီး ကြိုက်တဲ့အခါ ဖျက်ဆေးနဲ့ဖျက်ပြီး နောက်တစ်ရောင် တင်လိုက်ရတာ သူတို့အတွက် ဘာဆန်းလို့လဲ၊ ဒီလိုပဲ ပေါ့’

‘သြော်’

www.burmeseclassic.com

www.burmeseclassic.com



ကိုလေး မျက်နှာမှအကြည့်ခွာလျက် ပြတင်းမှအပြင်လို ငေး ကာ ထူးဆန်းသော အတွေးတွေပါလားဟု စဉ်းစားသည်။

'သွားပါတော့ ခင်ဖြူရယ်၊ ကြွားက ဖြတ်ပြောယင် ခင်ဖြူ နှာရှုပ်နေမယ်၊ ကိုလေး ဘဝကို အစကနေ ပြောပါရစေ၊အဲ့....ပြီးတဲ့အခါကျတော့ ခင်ဖြူ ကိုလေး အပေါ်မှာ ကြိုက်သလို သုံးသပ်နိုင်ပါတယ် ခင်ဖြူ၊ ကို လေးရဲ့ ဘဝမှာ အချိုးအကွေ့၊ အပြောင်းအလဲတွေ သိပ်များခဲ့ပါတယ်၊ ခင်ဖြူ နားထောင်ရတာ ငြီးငွေ့ နေမလားမသိဘူး'

စီးကရက်ပြာကို ခြွေလိုက်ပြန်သည်။

'ပြောပါ ကိုလေး၊ ခင်ဖြူ စိတ်ဝင်စားပါတယ်'

သက်ပြင်းချသံကို ကြားရပြန်၏။

'နက်ရှိုင်းတဲ့ ခံစားမှုကို ငယ်ဘဝကပဲ ရခဲ့ပါတယ် ခင်ဖြူ'

ကိုလေးအသံက တိုးညင်းလျက် ကြေကွဲသံပါသည်။

* * *



…ရာ အစစ ခမ့်လို့ရတဲ့အခါ ဆိုတာ မရှိသေးပါ ကိုလေး …သွးမြည့်သံ၊ ကြေကွဲသံ၊ လှိုက်မောတုန်ခါသံတို့ တစ်ရံခါရက် …ျားကလို ရင်ကိုလှုပ်ခါ ဆူးနစ်နေစေမြဲ။

စွဲလမ်းခြင်းဖြင့် သံသရာကို ရှည်စေတတ်ပါသလား ကိုလေး …ယ်....

*

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

[ ၀ ]

အိမ်ထဲကို ပြေးဝင်လာခိုက်မှာ ခြံဝက ကားထွက်သွားတာ တွေ့လိုက်သည်။ ကားထဲကိုလှမ်းကြည့်မိသော်လည်း ဘာကိုမှ မတွေ့လိုက်။ ဖေဖေ့ကိုတော့ အမြင်လိုက်သား။

'ကိုကြီး....ဖေဖေ ဘယ်သွားတာလဲကွ'

အိမ်အဝင်ဝ သံဆွဲတံခါးမှာ ရပ်နေသော ကိုကြီးကိုမေး လိုက်သည်။

သူ့အမေးကြောင့်ကိုကြီးမျက်နှာ သူ့ဘက်သို့လှည့်လာ၏။ ကိုကြီးမျက်ဝန်းမှာ မျက်ရည်စတွေ ဝေ့ဝဲနေတာမြင်သည်။ ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းတွေကို တွေ့ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



‘ကိုကြီး…ဘာဖြစ်တာလဲကွ’

‘ကိုလေး…မေးတာမှ မသိပါဘူးကွာ’

ပြောရင်း ကိုကြီးက ချာခနဲ လှည့်ထွက်သွားတော့ အူကြောင်ကြောင်ဖြစ်ကျန်ခဲ့သည်။ ပြီးတော့ ကိုကြီးနောက်သို့ လိုက်သွားမိ၏။ ကိုကြီးက အောက်ထပ်မှာရှိသော သူ့အခန်းထဲသို့ ဝင်သွားသည်။

‘ဟဲ့ ကိုလေး…လာ…လာ…ကြီးကြီးရေချိုးပေးမယ်’

မီးဖိုခန်းထဲမှ ထွက်လာသော ဒေါ်အေးမြက သူ့ကိုမြင်တော့ လှမ်းခေါ်သည်။

‘ခဏနေဦး ကြီးကြီး’

ဟုပြောကာ ကိုကြီးအခန်းထဲသို့ ဝင်လိုက်သွား၏။

‘ကိုကြီး…မင်းဘာဖြစ်နေတာလဲ’

ခုတင်ပေါ်မှာ ဝမ်းလျားမှောက်လျက်နေသည့် ကိုကြီးဘေးမှာ သူဝင်ထိုင်ရင်း မေးလိုက်သည်။

ကိုကြီးက တစောင်းအနေအထားလှည့်လိုက်တော့ ကိုကြီးငိုနေတာ တွေ့၏။

‘မင်း ဘယ်ကောင်နဲ့ရန်ဖြစ်လာတာလဲ၊ ဟို…သန်းဦးတို့နဲ့လား ကိုကြီး၊ ငါသွားချမယ်’

ခုတင်ပေါ်မှ ဝုန်းခနဲထရပ်လိုက်သည်။

‘ကိုလေး…’

သူ့ကို လှမ်းခေါ်လိုက်သည့် ကိုကြီးကို ပြန်ကြည့်မိ၏။ ကိုကြီးက ခုတင်ပေါ်မှာလှဲနေရာမှ ထထိုင်လိုက်သည်။

‘ရန်ဖြစ်တာ မဟုတ်ဘူးကွ’



ဟုပြောတော့ ကိုကြီးအနားသို့ပြန်လာပြီး ကိုကြီးဘေးမှာ ဝင်ထိုင်လိုက်သည်။

‘ဒါဆိုဘာဖြစ်လို့လဲ၊ ဖေဖေမင်းကိုရိုက်လို့လား’

ကိုကြီးက ခေါင်းခါ၏။

‘ဒါဆို…’

‘ကိုလေး…’

ကိုကြီးမျက်နှာကိုအကြည့်ဆိုက်ကာ ပြောမည့်စကားကို နားစွင့်ထားလိုက်သည်။

‘ဖေဖေ နောက်မိန်းမယူလိုက်ပြီကွ’

‘ဘာကွ…ကိုကြီး’

ကိုကြီးက လေးတွဲ့စွာ ပြောလိုက်သော်လည်း ကိုလေး အသံက ကျယ်လောင်သွားသည်။

‘ဖေဖေက ဘာလို့မိန်းမယူတာလဲကွ၊ မေမေမရှိသားပဲ ဟာ…’

‘မင်း မသိပါဘူးကွာ’

‘ဘယ်သူ့ကိုယူတာလဲကွ’

‘အန်တီ့ကို’

‘ဘာကွ…ကိုကြီး’

ခုတင်ပေါ်မှ ဝုန်းခနဲထရပ်ကာ ကိုကြီးကိုမေးလိုက်ရင်း တစ်ကိုယ်လုံး တုန်ယင်နေသည်။

‘ဖေဖေက ဘာလို့အန်တီ့ကိုယူရမှာလဲကွ၊ အန်တီကရော ဘာလို့ယူရမှာလဲ’

ကိုလေးရင်ထဲမှာ ဆို့တက်လာပြီး ထအော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းအန်တီကို ငါမုန်းတယ် ကိုလေး'

ကိုကြီးက သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း ပြောလိုက်သည်။ ကိုကြီးပြောလိုက်သော မင်းအန်တီဆိုသည့် အသုံးအနှုန်းကို ကိုလေးနားလည်သည်။

ကိုလေးက အန်တီ့ကိုသိပ်ချစ်သည်။ ကိုလေးငယ်စဉ်ကပင် အန်တီနှင့်အတူနေရင်း ကြီးပြင်းခဲ့ရသည်ပဲလေ။

မေမေသည် ကိုလေးမွေးပြီးစမှာပင် ချည့်နဲ့ပြီး အိပ်ရာထဲလဲသွားခဲ့သည်ဆို၏။ ပြီးတော့ မေမေ့မှာ နှလုံးရောဂါလည်း ရှိသေးသည်ဟု ဆရာဝန်က ပြောသည်။

ကိုကြီးကလည်း ငယ်ငယ်ရှိသေးသည်မို့ မေမေ့ညီမဝမ်းကွဲ အန်တီမှုကို မေမေက အိမ်မှာခေါ်ထားလိုက်၏။

ဖေဖေက တစ်နေ့လုံး သူ့အလုပ်နှင့်သူ။ ပြန်လာတော့လည်း အရက်မူးလာတတ်သူမို့ အိမ်ကိုစီမံရန် အန်တီမှုအား တာဝန်ယူရသည်။ မေမေ့ကိုပြုစုဖို့အတွက်လည်း အန်တီမှုပင်။

ကိုလေးသိတတ်ခါစမှာပင် အန်တီမှုနှင့်သူ အတူအိပ်ခဲ့ရတာကို မှတ်မိနေ၏။ ယခုရှစ်နှစ်သားအထိ အန်တီမှုနှင့်အတူအိပ်တုန်းလေ။

ကိုကြီးက သူ့ထက် နှစ်နှစ်သာကြီးသူမို့ သူငယ်ချင်းနှယ်ဖြစ်နေသည်။ မင်းအန်တီဟု ကိုကြီးက ခဏခဏ ပြောတတ်သည်။ အစစအရာရာ ဘာဖြစ်ဖြစ် အန်တီက ကိုလေးကို ဦးစားပေးတာ ကိုကြီးက မကျေနပ်။

အခုတော့ မင်းအန်တီကို ငါမုန်းတယ်လို့ ကိုကြီးပြောတော့ သူဘာပြန်ပြောရမည်မသိအောင် ဖြစ်သည်။



အန်တီ့ကို သူချစ်သေးလား၊ မုန်းရမှာလား တွေဝေသွားတော့၏။

'အေး....ငါလဲမုန်းတယ် ကိုကြီး'

ဟု သူပြန်ပြောလိုက်သည်။

'အခု ဖေဖေ ဘယ်သွားတာတဲ့လဲ'

ကိုကြီးကိုမေးလိုက်တော့ ကိုကြီး ထိုင်ရာမှ ထရပ်သည်။

'ဖေဖေ ဆေးရုံသွားတာ၊ မေမေ မေ့လဲသွားလို့'

'ဘာကွ....'

နှုတ်မှ အသံဆက်မထွက်တော့ဘဲ အံကို တင်းတင်း ကြိတ်မိပြန်၏။

'ဖေဖေတာ အန်တီနဲ့သူ လက်မှတ်ထိုး လက်ထပ်ပြီးပြီလို့ မေမေ့အခန်းထဲမှာ သွားပြောလိုက်တာကွ၊ မေမေက အသံကျယ်ကြီးနဲ့ အော်ငိုပုံက်ရင်း တက်သွားတာပဲ၊ ကြီးကြီးနဲ့ငါ မေမေ့အခန်းဝမှာရှိနေတာ'

'မေမေသေယင်တော့ကွာ....တောက်'

တက်တစ်ချက်ခေါက်ရင်း ကိုကြီးအခန်းထဲက ထွက်လာခဲ့မိသည်။

'ဟဲ့...လာလေ ကိုလေး၊ ဆေးရုံသွားရအောင်'

ကြီးကြီး ဒေါ်အေးမြလှမ်းခေါ်တာကို ဂရုမစိုက်နိုင်တော့ အိမ်ပေါ်ထပ်သို့ ပြေးတက်သွားလိုက်သည်။

အမောတကော ပြေးတက်လာရင်း အန်တီ့အခန်းဝမှာ ရပ်လိုက်၏။ တံခါးဖွင့်ထားတာကို တွန်းဖွင့်ဝင်လိုက်စဉ် ခုတင်ပေါ်မှာထိုင်ရင်း အန်တီငိုနေတာ တွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြောင်ပြီး ရပ်ကြည့်နေမိသည်။

'ဘာလဲ...သား...ကိုလေး၊ ဘာလဲ...'

အန်တီက မျက်နှာမှမျက်ရည်စတွေကိုသုတ်ရင်း မေးလိုက်၏။ အန်တီ့မျက်နှာကို စူးစိုက်ကြည့်နေမိပြန်သည်။

'ကိုလေး...'

အန်တီက ခေါင်းရင်း ခုတင်ပေါ်မှ ထရပ်လိုက်၏။

'ကျွန်တော် အန်တီ့ကို အရမ်းမုန်းတယ်'

ပြောပြီး ချာခနဲ လှည့်ထွက်ပြေးရင်း အောက်ထပ်သို့ ဆင်းခဲ့မိတော့သည်။

အန်တီက သူ့အခန်းဝမှာ ရပ်ကျန်ခဲ့သည်ထင်၏။

* * *

နှနယ်လွန်းတဲ့နှလုံးသားမှာ ဒဏ်ရာစပြီး ရခဲ့တဲ့နေ့ပါ ခင်ဗြ။ ကိုလေး လူမှန်းသိတတ်စအရွယ်မှာပဲ ဖေဖေ့ကို ကိုလေ စပြီး မုန်းခဲ့တယ်။ ဖေဖေဟာ ကိုလေးကို မချစ်ဘူးလို့လဲ မှတ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုလေးကို ပြောဆိ မရတဲ့အခါတိုင်း 'ဂွိုဟ်ကောင်လေး....သူ့ကိုမွေးပြီးစာဘည်းအ အမေလဲ အိပ်ရာထဲ လဲရတယ်၊ ဘယ်တော့မှ အောင်းကို မပေးဘူး' လို့ ဖေဖေဟာ အမြဲ စိတ်ဆိုး မာန်ဆိုး အော်ဟ လေ့ရှိတယ်လေ။ ပြီးတော့ ဖေဖေအဲဒီလိုပြောပါများလာ



တော့ မေမေမနေမကောင်းဖြစ်တာ ငါ့ကြောင့်... ငါ့ကြောင့် ဆိုတဲ့ စိတ်လဲ ရင်ထဲမှာ စွဲထင်နေခဲ့ရပြန်တယ်။

မိခင်ရဲ့ပြုစုယုယမှုနဲ့ကင်းခဲ့ရတော့ ရင်းနှီးရာ အန်တီကိုပဲ ချစ်ခဲ့ပြန်တယ် ခင်ဗျ။

ဒါပေမယ့်....ဖေဖေ အန်တီ့ကိုလက်ထပ်လိုက်ပြီဆိုတာသိရ တော့ အန်တီ့ကိုလဲ ဖေဖေ့လိုပဲ မုန်းတီးတဲ့စိတ် ဝင်သွား ခဲ့ပြန်ပါတယ်။

အစဉ်သဖြင့် သနားစရာလိုဖြစ်နေတဲ့မေမေဟာ ဖေဖေ့ ကြောင့် သေးရှိတက်ချပြန်တယ်ဆိုတဲ့အသိကြောင့် ဖေဖေ့ကို ပိုပြီး မုန်းတီးမိပြန်တယ်လေ။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

မမမေ ဆေးရုံကပြန်ဆင်းလာပေမယ့် အယင်ကထက် အခြေအနေ ပိုဆိုးလာပါတော့သည်။ ကြီးကြီးက မမမေ့ကို ပြုစုစောင့်ရှောက်သည့်တာဝန်ကို ယူရ၏။

မမမေသည် အိပ်ရာထဲ လဲသည့်အခါ လဲနေ၍၊ အတော်အသင့်နေကောင်းလို့ ထူထူထောင်ထောင်ဖြစ်ကာ အခန်းထဲမှ ထွက်လျှင် ဖေဖေနှင့်သော်လည်းကောင်း၊ အန်တီနှင့်သော်လည်းကောင်း ရန်ဖြစ်နေတတ်သည်။

ဖေဖေကလည်း အယင်ကထက်ပိုပြီး အရက်သောက်လာသည်ဟု ကြီးကြီးက စိတ်ပျက်လက်ပျက် ပြောတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်အန်တီ လက်ထပ်ပြီးကတည်းက အောက်ထပ် ပြောင်းကာ ကိုကြီးနှင့်အတူ အိပ်ခဲ့သည်။

ဖေဖေသည် အရက်မူးပြီးပြန်လာတိုင်း မေမေနှင့်စကား များရန်ဖြစ်တတ်ကာ သူတို့ကိုသည်း အယင်ကထက် ပိုပြီးရိုက် နှက်လာ၏။

တစ်နေ့ ဖေဖေနှင့်မေမေ အော်ကြီးဟစ်ကျယ်နှင့် ရန်ဖြစ် ကြရင်း မေမေအော်ငိုကာ သတိလစ် လဲကျသွားတော့သည်။

မေမေ သတိပြန်လည်မလာတော့။ အသက်ပါသွားပြီ ကြီးကြီးက ပြောပြသည်။

မေမေဆုံးပြီဆိုသောအသိနှင့် ရင်၌ ကြီးမားစွာ ထိခိုက် ကြေကွဲရပြန်၏။ ထိုနေ့က မိုးသည်းထန်စွာရွာနေတာ မှတ်မိနေ တုန်း။

မိုးရွာထဲကိုပြေးထွက်လာခဲ့ရင်း ရည်ရွယ်ရာမဲ့နှင့် လမ်းထိပ် မှာရပ်ရင်း တရှုပ်ရှုပ်ငိုခဲ့ရသေးသည်။

ကြီးကြီးရောက်လာပြီး ချော့မော့ခေါ်မှ အိမ်ပြန်လိုက် လာခဲ့မိ၏။

* * *

'စောစောသေသွားတာ ကောင်းပါတယ်၊ စောစောငြိမ် ကျွတ်သွားတာပေါ့'



ဟု တစ်ဦးက ပြောသည်။

'ဦးတင်ထွဋ်အအရက်သောက်ပြီးယင် ဒေသွးဆိုးတယ်၊ ဟိုတုန်းကတည်းက လင်ဆိုးမယား တဖားဖားလေ၊ နေမကောင်းလို့ အိပ်ရာထဲလဲနေတုန်း ညီမဝမ်းကွဲကို ကောက်ယူလိုက်တာ ပိုဆိုးသွားတာပေါ့၊ တစ်အိမ် အတူ နေရတာဆိုတော့လဲ တစ်နေ့မှစိတ်ချမ်းသာရှာ မှာ မဟုတ်ဘူးလေ၊ ဦးတင်ထွဋ်ကလဲ ဆိုးပါတယ်၊ နောက်မိန်းမက မြှောက်ပေးတိုင်း နေမကောင်းတဲ့လူ နဲ့ဖက်ပြီး ရန်ဖြစ်တတ်တယ်ကွာ'

'ဟုတ်ပါရဲ့၊ အခုလဲ သူ့မိန်းမ သူပြန်သတ်သလိုဖြစ် တာပေါ့၊ သူ့ကြောင့်ပဲသေရတာ'

တစ်ယောက်တစ်ပေါက် ပြောနေကြသော စကားဝိုင်းမှ စကားသံတို့က ရင်ထဲကို ခါးနှင့်မှန်းသလို ထိခိုက်နာကျင်ရ ပြန်ပါသည်။

မေမေ့အလောင်း ပြင်ထားရာနားသို့သွားကာ ရပ်ကြည့် ရင်း မျက်ရည်တွေတွေ ကျဆင်းလာပြန်၏။

မေမေ့ကို ဖေဖေသတ်တာဆိုသည့်အသိဖြင့် ဖေဖေ့ကို ကြီးမုန်းတီးသွားမိပြန်သည်လေ။

* *

www.burmeseclassic.com

www.burmeseclassic.com



ကေခိုင့်ကို အန်တီမေးလာတဲ့အခါမှာတော့ ဖေဖေနှင့်အန်တီသည် သူတို့ညီအစ်ကိုနှင့် ဘာမှမဆိုင်တော့သလို ရင်မှာခံစားလာမိတော့၏။

ကြီးကြီးသည်လည်း ခါတိုင်းနှယ် သူတို့ညီအစ်ကိုကို ဂရုမစိုက်နိုင်တော့ဘဲ အန်တီ့သမီးငယ်တလေး၏ အလုပ်နှင့်သာ အချိန်ကုန်ပြန်သည်။

တစ်အိမ်လုံး ဘယ်သူကမှ သူတို့ကို ဂရုတစိုက်မရှိတော့ပါလားဟု အားငယ်ကြေကွဲရပြန်သည်။

ကေခိုင်လမ်းလျှောက်တတ်စအရွယ်မှာ ပြဿနာတစ်ခု ဖြစ်ပြန်၏။

*

[ ၃ ]

ကြီးကြီး ထမင်းစားမယ်၊ ထမင်းခူးပေးပါ'

လမ်းသဲမှာခဆော့နေရင်း ထမင်းဆာသို့အိမ်ပြန်လာခဲ့သည်။ ...ခန်းမှာ ကြီးကြီးက ခသားထိန်းနေဘာ တွေ့ရ၏။ အန်တီက ...တင်းစာဖတ်နေသည်။

'လာ...လာ...သမီး လာ'

အန်တီက ကုလားထိုင်ပေါ်မှာထိုင်ရင်း ကလေးကိုလှမ်းခေါ်၏။ ကလေးက အန်တီ့ဆီပြေးလာသည်။

'ဒီကလေးကို ထားစမ်းပါကြီးကြီးရာ'

ပြောရင်း ကလေးကိုဆီးဖမ်းမည့် ကြီးကြီးကြီးလက်ကို ...တရက် သူတွန်းဖယ်လိုက်၏။ ကြီးကြီး အနားရောက်တော့

www.burmeseclassic.com



ကြီးကြီး လက်တမ်းရာသို့ ကလေးက အရှိန်နှင့် ထိုးချ လိုက်၏။

ကြီးကြီးလက်ကို သူဖယ်ပြီး အတွန်းနှင့် ကလေးက အရှိန်နှင့် ထိုးအချ၊ အရှိန်လွန်တာ ကြီးကြီးလက်ဆီ မရောက်ဘဲ ကုလားထိုင်လက်တန်းနှင့် မျက်နှာဆောင့်မိပြီး လဲကျသွား သည်။

ဝါးခနဲအော်သံကြောင့် အန်တီ သတင်းစာကို ဖယ်လိုက် ရင်း....

'အံမယ်လေး....ဏလေးသေပါပြီ'

ဟု အော်လျက် ဏလေးအနား ရောက်လာသည်။ ကြီးကြီး က ကလေးကို ဆွဲထူပွေ့ချီလိုက်သည်။ ကလေးက ကြီးကြီး လက်ထဲမှာ အော်ငိုနေ၏။

'ဟယ်....ကြည့်စမ်း၊ မျက်နှာကိုနိုက်မိသွားပြီ'

'ဘာမှမဖြစ်ပါဘူး၊ သွေးစို့ရုံလေးပါ'

ဟု ကြီးကြီးက ပြောလိုက်သည်။ ကလေးက အော်ငိုနေဆဲ

'ကိုလေး...နင် တော်တော်မိုက်တာပဲ'

ဟု ပြောရင်း သူ့လက်ကိုဆွဲကာ တင်ပါးကို လက်ဝါးနှင့် ဖြန်းခနဲမြည်အောင် အန်တီ ရိုက်၏။

အန်တီ့မျက်နှာကို စူးစိုက်ကြည့်မိရင်း ချွဲခနဲ လှည့်ထွက် လာခဲ့မိသည်။

* * *



ည ဖေဖေပြန်လာတော့ အန်တီက ဖေဖေ့ကိုတိုင်လိုက်သည် ထင်၏။

'ကိုလေး....လာဦး'

ဟု ခေါ်တော့ ဖေဖေ့ရှေ့မှာ သူရပ်သည်။

'မင်း ဘာလို့ ဒီလောက်ဆိုးနေရတာလဲ'

ဆိုတော့ ဖေဖေ့မျက်နှာကို မော့ကြည့်မိသည်။ အကြည့် က မထီတရိဖြစ်နေမည်လား မသိ။ ဖေဖေက ဘာမှ ဆက် မမေးတော့ဘဲ ဝါယာကြိုးခေါက်နှင့် တရွှမ်းရွှမ်း ရိုက်တော့ ၏။

အော်ဟစ်မငိုမိဘဲ အံကိုကြိတ်ရင်း လဲကျသွားသည်။ ကြီးကြီး အိမ်ပေါ်ပြေးတက်လာရင်း သူ့ကို ဆွဲပွေ့ခေါ် သည်။ ကြီးကြီးလက်ထဲမှ ရုန်းထွက်လျက် ဖေဖေ့မျက်နှာကို တစ်ချက် စူးစိုက်ကြည့်လိုက်မိသည်။

ထိုအကြည့်တွင် မုန်းတီးနာကြည်းမှုတွေ ပြည့်နှက်နေလိမ့် မည်ပုံ ၊ငင်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



သည့်လို့နဲ့ ကိုလေးဟာ ငယ်ငယ်ကတည်းက လူဆိုးလေး ဖြစ်လာခဲ့ရပါတယ် ခင်ဗျား။

ကျောင်းနေတဲ့အရွယ်မှာလဲ ကျောင်းမှာ ခဏခဏ ရန်ဖြစ်လို့ ကျောင်းသားဆိုးစာရင်း ဝင်ခဲ့ရပြန်တယ်လေ။

ကိုကြီးက အေးတယ်၊ ပျော့တယ်၊ ဒါပေမယ့် သူလဲ ကျောင်းမှာ သူ့နည်းသူ့ဟန်နဲ့သူ ဆိုးခဲ့ဘာပါပဲ။

ရပ်ကွက်ထဲမှာတော့ အိမ်နာမည် ကိုကြီး ကိုလေး ဆိုတာ အရမ်းဆော့၊ အရမ်းဆိုးလို့ နာမည်ထွက်ပြီး ကျောင်းမှာတော့ ကျောင်းနာမည် ဝင်းထွန်း မင်းထွန်းဆိုယင် ရန်ဖြစ်၊ ကျောင်းပြေးတဲ့ ညီအစ်ကိုပဲလို့ ဆရာ၊ ဆရာမတွေက သိနေကြလေရဲ့။

နှစ်ယောက်ပေါင်းမိယင် ပိုဆိုးဘယ်လို့ ဖေဖေကပြောပြီး ကိုလေးကို စည်းကမ်းကြီးတဲ့ ဘော်ဒါတစ်ခုမှာ သွားထားလိုက်တော့ ကိုလေးဘဝမှာ ပိုပြီး အထီးကျန်တဲ့ ခံစားမှုကို ရလာခဲ့ပြန်ပါတယ် ခင်ဗျား။

*

[ ၄ ]

ဆေးရုံကိုရောက်တော့ ကိုကြီးဆုံးပြီလေ။ ဆေးရုံကို မနက်တင်ပြီး ညနေပိုင်းမှာပဲ ကိုကြီးဆုံးတယ်လို့ သိလိုက်ရ၏။

အိမ်မှာ ခုနစ်ရက်လောက် အပြင်းဖျားပြီးမှ ဆေးရုံရောက်လာသည်။ ဆေးရုံရောက်တာ နောက်ကျသွားတယ်ဟု ပြောကြောင်း ကြီးကြီးက ပြန်ပြောပြ၏။

တစ်ခုတည်းသော အတွယ်အတာကို ရင်ထဲက ဆွဲနုတ်ယူ ရှားခြင်း ခံလိုက်ရသလို ကြေကွဲရပြန်သည်။

'ဖေဖေတို့ အသုံးမကျလို့ ကိုကြီးသေရတာ၊ ဖေဖေတို့ ဂရုမစိုက်ဘဲ ပစ်ထားလို့ အခုလိုဖြစ်တာ၊ မေမေ့ကို

www.burmeseclassic.com



ဖေဖေ ဟတ်သလို အခုလဲ ကိုကြီးကို ဖေဖေ သတ်လိုက်ပြန်ပြီ'

အိမ်ရောက်တော့ ဖေဖေ့ကို မကျေနပ်စကားဆိုရင်း အော်ဟစ် ငိုမိတော့သည်။ သည်တစ်ခါတော့ ဖေဖေ သူ့ကို ဘာမှ ပြန်မပြောဘဲ ငိုက်ကြည့်ကာ မျက်ရည်တွေ စီးကျလာတာ တွေ့၏။

'ဖေဖေက ကျွန်တော်တို့ညီအစ်ကိုကို သားလို့တောင် အသိအမှတ်ပြုသေးရဲ့လား၊ ဖေဖေ့မယားနဲ့ ဖေဖေ့ သမီးရှိယ်၊ အရက်ရယ် ဖေဖေ့အလုပ်ရယ်၊ ဒါပဲ ဖေဖေ့စိတ်မှာ ရှိနေတာယ်မဟုတ်လား'

ရင်ထဲမှာစုထားသည့် စကားတို့နှင့် ဖေဖေ့ကို စွပ်စွဲသည်။ ကြီးကြီးက သူ့လက်မောင်းကိုဆွဲကာ အခန်းထဲသို့ ခေါ်လာခဲ့၏။

လမ်းထဲမှာ၊ ပတ်ဝန်းကျင်မှာ လူများစွာက ဖေဖေ့ကို သည်အတိုင်း ပြောကြဆိုကြတာတွေ သူကြားခဲ့ရပြီပဲ။

'ကလေးက မသေသင့်ပါဘူး၊ သေလောက်တဲ့ရောဂါလဲ မဟုတ်ပါဘူး၊ လူကြီးတွေအသုံးမကျလို့၊ ဂရုမစိုက်လို့ ဒီလိုဖြစ်ရတာ'

ဒီစကားမျိုးတွေ ပတ်ဝန်းကျင်ကပြန်ကြားရတော့ ရင်ထဲမှာပိုပြီးနာမိပြန်သည်။

ကိုကြီးအသုဘချသည့်နေ့က မေမေ့အသုဘ ချသည့်နေ့လိုပင် တိုက်ဆိုင်စွာ မိုးစွေတူနေ၏။



အသုဘချပြီးတော့ သူအိမ်ကိုမပြန်ချင်တော့။ ကျောင်းက အဆောင်ကို တန်းပြန်ဖြစ်ခဲ့သည်။

သည်တုန်းက သူ ရှစ်တန်းကျောင်းသားဘဝ။

* * *

လောက၌ မိမိတစ်ဦးတည်း ရှိပါတော့လားဟု ခံစားလာရသည်။ ကိုကိုကြီးဆုံးသွားတာ နောက်ဆုံးကျန်သည့် သံယောဇဉ်ကြိုးတစ်ချောင်းကို အဖြတ်ခံလိုက်ရသည့်နှယ် ပူပန်ရ၏။ နှစ်ဦးတည်းသာ ရှိနေသည့်ကန္တာရတွင် တစ်ဦးပျောက်ဆုံးသွားပြန်သကဲ့သို့ အားငယ်ထိတ်လန့်မိပြန်သည်။

ဖေဖေနှင့်အန်တီသည်လည်းကောင်း၊ အန်တီ့သမီးကေခိုင်သည်လည်းကောင်း မိမိဘဝနှင့် မည်သို့မျှ မသက်ဆိုင်သလို ထင်လာ၏။

ဖေဖေ ကားနှင့်လာ၍ ငွေပို့လျှင် ခါတိုင်းဖေဖေနှင့် စကားပြောဖြစ်ခဲ့သေးသော်လည်း ကိုကိုကြီးဆုံးပြီးမှ ဖေဖေရောက်လာတိုင်း သူထွက်မတွေ့ဖြစ်တော့။ ငွေလိုလျှင် သူငယ်ချင်းတစ်ဦးကိုစာရေးပြီး အိမ်လွှတ်သည်။

သီတင်းကျွတ်၊ တန်ဆောင်တိုင် ကျောင်းပိတ်ရက်များတွင်လည်း အိမ်မပြန်ဖြစ်သည်က များ၏။ အိမ်ပြန်လျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



အခန်းမအောင်းနေတတ်စမြဲ။ လမ်းထဲက သူငယ်ချင်းတွေအိမ်မှာသာ အနေများလာခဲ့၏။

* * *

ကိုလေးရင်ထဲမှာ ချစ်ခြင်းဆိုတာကို နားမလည်တတ်၊ မခံစားတတ်ခင်မှာပဲ မုန်းတီးခြင်းနဲ့ နာကြည်းခြင်းကို စပြီးခံစားနားလည်ခဲ့ရပါတယ် ခင်ဖြူ။

လူတွေဟာ ရက်စက်တယ်၊ တစ်ကိုယ်ကောင်း ဆန်တယ်၊ ကြောက်စရာ ကောင်းတယ်ဆိုတဲ့အသိ ဖေဖေ့ကိုကြည့်ရင်း ရင်ထဲမှာ ဖြစ်တည်လာခဲ့ပါတယ်။

လူတွေကို မုန်းတယ် ခင်ဖြူ၊ လူတွေကို မယုံတတ်တော့ဘူး။ လူတွေဟာ ကိုယ့်အပေါ်မှာ ဘယ်တော့မှ ကောင်းမှာမဟုတ်ပါဘူးလို့ သံသယဖြစ်နေတတ်ပြီလေ။

အဲဒီခံစားမှုတွေများလာတော့ လူတွေကို ပေါင်းရသင်းရမှာ ကြောက်လာတယ်။ လူတွေကို ရှောင်တတ်လာတယ်။ ပြောရဆိုရ ဆက်ဆံရတာတွေ အဆင်မပြေ ဖြစ်လာပြီပေါ့ ခင်ဖြူရယ်။

ဒီလိုနဲ့ ကိုလေးဘဝဟာ ပိုပြီးအထီးကျန် ဆန်လာခဲ့ပါတယ်။ ကိုလေးရဲ့ငယ်ဘဝမှာ စာအုပ်တွေရယ်၊ ဂစ်တာရယ်



ဆေးလိပ်ရယ်ကလွဲပြီး အဖော်ကင်းလာခဲ့ပါတယ်။ ဆေးလိပ်သောက်တတ်ခဲ့တာလဲ ကိုးတန်းနှစ်လောက်က စခဲ့တယ်လို့ထင်တယ်လေ။

ဘယ်သူမှ ငါ့ကိုမခင်ဘူး၊ ဘယ်သူမှ ငါ့ကိုမချစ်ဘူးဆိုတဲ့ အစွဲနဲ့ ဘယ်သူ့ကိုမှ ကိုယ်ကလဲမခင်မိအောင် မချစ်မိအောင် သတိနဲ့နေတတ်တာကိုက သဘာဝကိုဆန့်ကျင်သလို ပင်ပန်းရပါတယ် ခင်ဖြူ။

တစ်စုံတစ်ခုကို ကြောက်နေတဲ့စိတ်နဲ့ ကြောက်ကန်ကန်မိတာ အရာရာအတွက် ပိုပြီးဆိုးရွားတဲ့ အခြေအနေတွေကို ဖန်တီးမိသလို ဖြစ်ရပြန်ပါရော။

ဒီလိုနဲ့ ကိုလေး ထက္ကသိုလ်ကိုရောက်ခဲ့ရတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

အထီးကျန်စိတ်၊ အားငယ်စိတ်ကို မာနနှင့်ဖုံးကွယ်ရန် ကြိုးစားမိပြန်သည်။

မိမိကို လူတွေဂရုစိုက်စေလိုခြင်း၊ အရေးပေးစေလိုခြင်းတို့ ရရှိနိုင်ရန် တပ်မက်လာခဲ့ပြန်သည်။ ကျောင်းစာ၊ အားကစားကအစ ထိပ်ဆုံးမှာရှိနေအောင် စွမ်းဆောင်နိုင်ခြင်းဖြင့် လူသိများလာတာကို ကျေနပ်၏။

တက္ကသိုလ်ရောက်သည့် နှစ်မှာပင် ဖေဖေ့ကို ကားဝယ်ပေးရန် ပူဆာသည်။ ဖေဖေက သူ့ကို ကားပေးသည်ကိုပင် မယူဘဲ၊ သူ့အတွက် သတ်သတ် ဝယ်ပေးရန်

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ဖေဖေ ကားဝယ်ပေးခဲ့၏။ ဘယ်သဘောနှင့် ဖေဖေ ဝယ်ပေးသည် မသိသော်လည်း ကားဝယ်ပေး၍လော နဲ့တော့ ဖေဖေ လုပ်ခဲ့တဲ့ အပြစ်တွေ မပျောက်နိုင်ကောင်းပါ ဘူးဟု သူစိတ်ထဲက တွေးခဲ့သေးသည်။

တက္ကသိုလ်မှာ နာမည်ကြီးသည့် ကောင်မလေးတွေနှင့် တွဲလိုက်ခြင်းဖြင့် နေ့ညှင်းညချင်း သူ့ကို လူသိများသွား တာကို ပိုပြီး နှစ်ခြိုက်လာခဲ့ပြန်၏။

ကြာတော့ ကောင်မလေးတွေထက် သူ့နာမည်က ပိုထွက် လာသည်။

ကားတစ်စီးနှင့် ကောင်မချောချောလေးတော တစ်ယောက် ပြီး တစ်ယောက် တွဲတတ်သော သူဟုဆိုလျှင် မင်းသွင်ရှေ ကိုလေးဟု တက္ကသိုလ်ဝန်းကျင်မှာ အားလုံးသိလေပြီ။

* * *

မယုံကြည်စိတ်၊ သံသယစိတ်တွေနဲ့ပဲ ကိုလေး ရင်ထဲမှာ ကြည် နူးမှု၊ မေတ္တာတရားရဲ့ ဆွတ်ပျံ့မှုဆိုတာကို မခံစားခဲ့ရတာတော့ အမှန်ပါ ခင်ဖြူ။

ချစ်မိလို့ ရှုံးသွားမှာကို ကြောက်ရွံ့စိတ်နဲ့ သံယောဇဉ် ဆနွှောင်အတွင်း မခံရအောင် သတိကြီးစွာ ထားခဲ့ပြန်ရော



လူတွေဟာ ချစ်ဘတ်ကြဘာမှ မဟုတ်ဘဲ ဆိုတဲ့ အစွဲနဲ့ တစ်နေ့ ကိုယ့်ကို ခွဲသွားခံရမှာ စိုးရိမ်လို့ ကိုယ်ကပဲ စတင်ပြီး ဖြတ်ခဲ့ တာချည်း။

ကိုယ့်အပေါ်မှာ တကယ်ကောင်းပြီး တကယ် နှစ်နှစ် ကာကာ ချစ်တဲ့သူတွေရဲ့ မေတ္တာတရားကိုလဲ ခင်ထဲမှာ မခံစား တတ်နိုင်ခဲ့တာ ကိုလေးရဲ့ အစွဲအလမ်းတွေကြောင့် ဖြစ်မယ် ထင်ပါတယ် ခင်ဖြူ။

ကိုယ့်အဖေ ကိုယ်တိုင်တောင်မှ ကိုယ့်ကို ချစ်တယ်လို့ မယူဆ၊ မခံစားရတော့... 'အချစ်' ဆိုတာကို ကိုလေး မယုံ ချင်ဘော့ဘူးလေ။

အကြင်နာတရား၊ မေတ္တာတရားကို တမ်းမောတပ်မက်စွာ တောင့်တ လိုချင်ခဲ့ပါတယ်။ နားလည်မှုနဲ့ အယုအယကို ချင်ချင်းကြီးစွာ ဝတ်မွတ်ခဲ့ရပါတယ်။

ဒါပေမယ့် ခင်ဖြူရယ်...

လူသားတွေရဲ့ ရင်ထဲက အတ္တ၊ မာနနဲ့ အာဃာတတရား တွေကိုပဲ ကိုလေးက မြင်တတ်နေတယ်။

ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်းနဲ့ မုန်းတီးရွံရှာခြင်းတွေ ကိုပဲ ကိုလေး ဂရုပြုမိတယ်။

ဟန်ဆောင်ခြင်း၊ လှည့်ဖျားခြင်းနဲ့ မာယာများခြင်းတွေ ကိုပဲ ကိုလေးက သတိပြုမိနေပြန်တယ်။

အကြင်နာတရား၊ မေတ္တာတရားကို တောင့်တပြီး အကြင် နာ မေတ္တာကိန်းအောင်းတဲ့ နှလုံးသားကို ကိုလေး မမြင် တတ်ခဲ့ပါဘူး။

www.burmeseclassic.com



နားလည်မှုနဲ့ အသုအသယကို ဖော်မှတ်ပြီး နားလည်တတ်၊ ယုယတတ်တဲ့ စိတ်ထားတွေကို ကိုလေး နားမလည်နိုင်ခဲ့ပါဘူး ခင်ဖြူ။

မည်းမည်းမြင်ရာ ရန်သူမှတ်လို့ ကိုယ့်အရိပ်တောင် ကိုယ်မယုံကြည်တတ်တဲ့ အတွေးတွေက ကိုလေးကို နှိပ်စက်ခဲ့ပါတယ်လေ။

ဒီလိုနဲ့....

*

## [ ၆ ]

'မင်း...မာရီယာနဲ့ ဘာလို့တွဲတာလဲ ကိုလေး'

စီးကရက်ကို ဖွာရှိုက်ရင်း မြင့်ဦး စကားကြောင့် မြင့်ဦးမျက်နှာကို ဖျတ်ခနဲ ကြည့်မိပြန်သည်။

'ကောင်မလေး တစ်ယောက်နဲ့ ငါတွဲတာ ဘာဆန်းလို့လဲ မြင့်ဦး၊ မင်း ဘာလို့မေးတာလဲ'

စီးကရက်ပြာကို ခြွေရင်း 'မြင့်ဦးကို ပြန်မေးလိုက်မိ၏။

'မဟုတ်သေးပါဘူးကွာ၊ မာရီယာ့ အကြောင်းကို မင်းက ငါ့ထက်ပိုသိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦး စကားကြောင့် ပခုံးကိုဘွန့်ပြီး တစ်ချက် ပြုံးလိုက်သည်။ စီးကရက်တိုကို အောက်သို့ချကာ ဖိနပ်ဦးဖြင့် နင်းလိုက်၏။

'မာရီယာက တိုဆန်ဘယ် ပွင့်လင်းတယ်၊ အဲဒါကို ငါကြိုက်တယ် မြင့်ဦး'

'အဲဒါ ငါသိပါတယ်....မာရီယာ့ ပုံစံမျိုးကို မင်းကြိုက်တယ်ဆိုတာ၊ ငါ ပြောချင်တာက အဲဒါ မဟုတ်ဘူး ကိုလေး၊ မာရီယာက ဘော်မိနဲ့တွဲနေခဲ့တာ မင်းအသိပဲဟာ'

'ဟုတ်တယ်ဒလ....ဘော်မိနဲ့ပြတ်ပြီး ငါနဲ့တွဲတာပဲ'

မြင့်ဦးက သူ့မျက်နှာကိုကြည့်ရင်း သူပြောတာကို နားထောင်သည်။

စီးကရက်ဘူးထဲမှ စီးကရက်အသစ်တစ်လိပ်ကို တုတ်ယူလိုက်၏။

'မာရီယာက တော်မီ့ကို သိပ်ချစ်တယ်မြင့်ဦး'

စီးကရက်ကိုင်ရင်း သူပြောလိုက်တော့ မြင့်ဦးက အံ့သြဟန်ဖြင့် သူ့မျက်နှာကို ကြည့်လိုက်ပြန်သည်။

'ငါ အဲဒါပြောမလို့ ကိုလေး၊ မာရီယာ တော်မီ့ကို ချစ်တယ်ဆိုတာလဲ မင်းသိနေတာပဲ'

'အင်း....သိတယ်လေ'

ပါးစပ်မှာဘပ်ထားသောစီးကရက်ကို ဇစ်ပိုမီးခြစ်နှင့် မီးညှိနေလိုက်၏။



'တော်မီနဲ့ခဏပြတ်သွားတုန်းမှာ မင်းကို ခဏအစားထိုးတွဲတာ မဖြစ်နိုင်ဘူးလား၊ ဒါကြောင့် မင်း မာရီယာကို ဘာသို့တွဲရတာလဲလို့ ငါမေးခဲ့တာ'

စီးကရက်ဘူးကို လှမ်းဆွဲယူရင်း မြင့်ဦးက သူ့စကားကို အဆုံးသတ်၏။

ဖွာ ရှိုက် လိုက် သော မီးခိုးကို ရှူးခနဲ အသံ မြည်အောင် အဝေးသို့မှုတ်ထုတ်သည်။ ပြီးမှ မြင့်ဦးကို မျက်နှာချင်း ပြန်ဆိုင်၏။

'ဖြစ်နိုင်ပါတယ်....မင်းပြောတာ ဖြစ်နိုင်တယ်မြင့်ဦး၊ တော်မီက သူ့ကိုဖြတ်လိုက်တော့ မာရီယာ တော်တော်ခလေး ခံစားရပုံရတယ်၊ ဒါပေမယ့် မာရီယာ့မှာ မာန ရှိတယ်ကွ၊ တော်မီ့ကို ဒူးမထောက်ချင်ဘူး၊ ငါ့ကိုတွဲခဲ့တာလဲ မင်းပြောသလို တော်မီ သူ့အပေါ်မှာ ပြန်ပြီး စိတ်လည်သာမလားလို့ ငါ့ကို ခုတုံးလုပ် တွဲတာလဲ ဖြစ်နိုင်တယ်လေ၊ ဒါတွေအားလုံး ငါစဉ်းစားမိပါတယ်၊ ဒါပေမယ့်.... သူ ငါ့ကိုချစ်တာ မချစ်တာတွေက အကြောင်းမှုမဟုတ်တာ၊ ငါ သူ့ပုံလေးကို ကြိုက်တယ်၊ သူလဲ ငါ့ကိုကြိုက်တယ်၊ ဒါကြောင့် ငါတို့ တွဲဖြစ်ကြတယ်၊ ဒါပါပဲ၊ နောက်တော့လဲ လမ်းခွဲကြရုံရှိတာ....'

စီးကရက်ကို လက်ညှိုးနှင့် ပုတ်လျက် ပြာကို ခြွေသည်။ စီးကရက်မှာရှိစဉ်က သဘောင့်လိုက် စုစည်းနေသော ပြာတို့သည် တစ်စစီဘင်စစီကွဲလျက် ကြွေကျသွားလေပြီ။

www.burmeseclassic.com



'သိပ်ပြီး ပေါ့ပေါ့တန်တန် မပြောသင့်ဘူး ကိုလေး မုဆိုး မြားသင့်တတ်တယ်၊ တံငါ ရေနစ်တတ်တယ် လေ....'

မီးခြစ်ကို စားပွဲပေါ်မှာပြန်ချရင်း မြင့်ဦးက သူ့မျက်နှာကိုကြည့်လျက် ပြောလိုက်၏။

'ဘာလဲ....မာရီယာက ငါ့ကိုဖမ်းမယ်လို့ မင်းထင်လို့ လား....'

'မင်း လှည်းကျိုးထမ်းနေရမှာပဲ ငါစိုးရိမ်တယ်'

သက်ပြင်းတစ်ခုကို ချပြန်သည်။

'မာရီယာ့စိတ်က ဒီလောက်မသေးသိမ်ပါဘူး မြင့်ဦး ဒါပေမယ့် မင်းထင်သလိုပဲ ပတ်ဝန်းကျင်က ထင်ရင် ထင်မှာပေါ့၊ မာရီယာကိုလဲ ခတ်ရှုပ်ရှုပ်ခပ်ပေ့ပေ့ လူတွေက ထင်ထားကြတာပဲဟာ၊ လူတစ်ယောက် အဝတ်အစား အနေအထိုင်နဲ့ စတိုင်ကိုကြည့်ပြီးတော့ လဲ အထင်သေးတတ်ကြတာပဲလေ၊ ငါနဲ့မာရီယာ တွေ့ ကြတော့ ဘယ်သူခံရမလဲ ဆိုတဲ့အကြည့်နဲ့ ကြည့်ကြ အကဲခတ်ကြတာ ငါရိပ်မိတယ် မြင့်ဦး'

ကုန်ဇာနီး စီးကရက်တိုကို လက်ညှိုးလက်မနှင့် တောက်၍ ပစ်လိုက်သည်။ စားပွဲခွေမှကျက်လပ်သို့ စီးကရက်တို ရောက် သွား၏။

မီးခိုးငွေ့တို့ တငွေ့ငွေ့နှင့် လွင့်တက်နေဆဲ....။

*

[ ၇ ]

'ကိုမင်းထွဋ်ဟာ မာရီယာ့အတွက် အဖော်ကောင်းတစ်ယောက် ပါပဲ'

ခုံတန်းရှည်နောက်မှီပေါ်သို့ ဆန့်၍တင်ထားသောလက်ကို ပြန်ရုပ်လိုက်ကာ စီးကရက်ဘူးကို နှိုက်သည်။

'မာရီယာ ဘာကိုဆိုလိုချင်တာလဲ ဟင်'

ဟု မာရီယာ့မျက်နှာကိုကြည့်ကာ မေး၏။ မာရီယာက သူ့ကိုမကြည့်ဘဲ ရှေ့တည့်တည့်က ကော်ပင်အုပ်ဆီ အကြည့်ကို တူရှုထားသည်။

'မာရီယာ ကိုမင်းထွဋ်နဲ့ တွဲစက စိတ်ပြေလက်ပျောက် ဆေးမြီးတို ရှာတဲ့သဘောနဲ့ တွဲမိတာလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ…တော်မီနဲ့ရတဲ့ဒဏ်ရာကို ကုသဖို့လား'

မကြည့်ဘဲ ဆေးလိပ်မီးညှိရင်း ပြောလိုက်သည်။

'အမှန်ပဲ ကိုမင်းထွန်း၊ ကိုမင်းထွန်းကို အပေျာ်အပျက်တွဲဖို့ လက်ခံလိုက်ပြီးမှ နည်းနည်းလန့်မိတယ်၊ ဒီလောကနာမည်ကြီးတဲ့လူတစ်ယောက်နဲ့တွဲမိတာ အန္တရာယ်များမှာပဲလို့ တွေးပြီး ကြောက်လဲ ကြောက်မိတယ်ဆိုတာ ဝန်ခံပါတယ်'

'ပြောပါဦး'

စီးကရက်ကိုဖွာရှိုက်ရင်း စကားထောက်သည်။

'တွဲရင်း ကြာလာတော့ ကိုမင်းထွန်းကို မာရီယာနားလည်လာတယ်လေ အပြင်မှာသွက်နေတဲ့သတင်းတွေနဲ့ ဆန့်ကျင်ဘက်တွေကို မာရီယာကိုယ်တိုင် သိလာတယ်၊ ပြောရယ်င်ကွာ …ကိုမင်းထွန်း မာရီယာ့အပေါ်မှာ ဘာအခွင့်အရေးမှ မယူတတ်တာကို မာရီယာလေးစားလာခဲ့မိတယ်၊ အခွင့်အရေးကို ရတိုင်းယူတတ်တဲ့လူမျိုးကို မာရီယာ သိပ်မုန်းတာပဲ'

'မာရီယာ ကိုယ့်ကိုလေးစားတယ်ပြောတာ သိပ် ရယ်စရာကောင်းတာပဲ ဒါပေမယ့် ဒီစကားမျိုးကို ကိုယ်ပထမဆုံးကြားဖူးရတာပါ၊ ကြက်သီးတွေထောင် ထသွားသလို ခံစားလိုက်ရတယ်မာရီယာ ဘာလို့လဲဆိုတော့ အဲဒီစကားလုံးနဲ့ ကိုယ်နဲ့ မသိုက်တန်ဘူးလို့ထင်လို့ပါ'

မာရီယာ သူ့မျက်နှာကို လှည့်ကြည့်သည်။



'အခွင့်အရေး မယူတတ်တဲ့ယောကျ်ားနဲ့ ကိုယ့်တာဝန်ကိုယ်ယူဖို့ သိတတ်တဲ့ယောကျ်ား ရှားတယ်လို့ မာရီယာထင်လို့ပါ၊ အဲဒါကြောင့် ပွေ တာရှုပ်တာနဲ့မဆိုင်တဲ့ ပင်ကိုစိတ်ပါ ကိုမင်းထွန်း၊ စိတ်ခတ်မြင့်မြတ်တာနဲ့ အောက်တန်းကျတာဟာ ပွေတာမပွေတာနဲ့ မသက်ဆိုင်ဘူးလို့လဲ မာရီယာထင်တယ်လေ'

'နေပါဦး…မာရီယာ ဒီနေ့ပြောနေတဲ့ စကားတွေဟာ သိပ်လေးနက်နေပါလား၊ မာရီယာ ဒီနေ့ဘာဖြစ်နေလဲဟင်'

စီးကရက်ပြာခြွေရင်း မေးလိုက်၏။

'ကိုမင်းထွန်း'

မာရီယာကခေါ်ရင်း သူ့ဘက်သို့ ကိုယ်ကို တစောင်းလှည့်လိုက်သည်။

အကြည့်ဆုံ၍ စူးစိုက်ထားလိုက်ကြပြန်၏။

'ကိုမင်းထွန်းလဲ မာရီယာ့ကိုမချစ်ဘူးဆိုတာ မာရီယာ နားလည်ပါတယ်၊ မာရီယာနဲ့ ကိုမင်းထွန်း ခွဲကြရလို့ ဘယ်သူမှ ရင်ထဲမှာ စူးစူးရှရှခံစားကြရမှာ မဟုတ်ကြပါဘူး၊ ဒါပေမယ့် အဖော်ကောင်း တစ်ယောက် ပျောက်ဆုံးသွားသလိုတော့ မာရီယာ နှမြောနေမိမှာပါ၊ ဒီနေ့ပဲ မာရီယာနဲ့ ကိုမင်းထွန်းတို့ လမ်းခွဲကြရအောင်လေ၊ အဲဒီလိုဆုံးဖြတ်ထားလို့ မာရီယာ ကိုမင်းထွန်းကို တစ်ခါမှ မပြောခဲ့ဖူးတဲ့စကားတွေ ပြောနေမိတာ….'

www.burmeseclassic.com

www.burmeseclassic.com



မဖွာဖော်သည်း လက်မှာကိုင်ထားသည့် စီးကရက်မီးခိုး ငွေ့သည် သူတို့နှစ်ဦးကြားမှာ တလွင့်လွင့်ထကြနေသည်။

'မာရီယာ့ သဘောပဲပေါ့လေ၊ ဒါပေမယ့်....'

'ဘာလဲ....ဘာကြောင့် ဒီလောက်အချိန်တိုတိုနဲ့လမ်းခွဲ တယ်ဆိုတာကို ကိုမင်းထွဋ် သိချင်တာယ်မဟုတ်လား'

'ဆိုပါတော့ မာရီယာ၊ တကယ်တော့ ကိုယ်တို့နှစ်ဦး လုံး တစ်ယောက်ကိုတစ်ယောက် မငြီးငွေ့နိုင်သေးတဲ့ အချိန်ပဲရှိသေးတယ်'

'အင်း....ကိုမင်းထွဋ်သိချင်ယင် မာရီယာပြောပါ့မယ်၊ မာရီယာလေ....ဘာမှစိတ်ထဲမှာ သိုသိပ်မထားချင်ပါ ဘူး....'

စကားကိုဖြတ်ကာ အဝေးဆီသို့ငေးရီသည့်အကြည့်ကို သူ့ မျက်နှာသို့ ပို့သည်။

ပြီးမှ မာရီယာက စကားကိုဆက်၏။

'ကြာယင် မာရီယာကြောင့် ကိုမင်းထွဋ် နာမည်အရမ်း ပျက်မှာစိုးတယ်၊ မာရီယာကြောင့် ကိုမင်းထွဋ် ဘာမှ မထိခိုက်စေချင်တဲ့ စေတနာကြောင့်ပါ'

အလိုလို ပြုံးမိလျက်သားဖြစ်သွား၏။

'မာရီယာကလဲ....ကိုယ့်ကို ရှုပ်တယ် ပွေတယ်လို့ လူတွေ သတ်မှတ်ထားကြတာပဲ၊ ဘာထူးပြီး နာမည်ပျက်စရာ ရှိလို့လဲ'

'မဟုတ်ဘူး ကိုမင်းထွဋ်၊ ရှုပ်တယ် ပွေတယ်ဆိုတဲ့ နာမည်ထက် ယုတ်မာတယ် မိုက်ရိုင်းတယ်ဆိုတဲ့ စွပ်စွဲ



ချက်မျိုးကတော့ ကိုမင်းထွဋ်ဘဝကို အနည်းငယ်ကြီး ထိသွားနိုင်တယ်လေ'

'ဘယ်လို....ဘယ်လို....မာရီယာ'

စီးကရက်ကို အဘားသို့ဆောက်ထုတ်လိုက်ရင်း မေးသည်။

'မာရီယာ ရှင်းရှင်းပဲပြောမယ် ကိုမင်းထွဋ်ရယ်၊ မာရီယာ တော်မီ့ကို အရမ်းချစ်တယ်'

'ကိုယ်သိပါတယ်'

'တော်မီနဲ့မာရီယာ လက်ထပ်ဖို့အထိ ရည်ရွယ်ထားခဲ့ ပါတယ်၊ တော်မီက နိုင်ငံခြားထွက်ဖို့ စီစဉ်ထားတယ် လေ၊ ထွက်ဖို့လဲနီးနေပါပြီ၊ ဒါပေမယ့် တော်မီ့စိတ် ကို မာရီယာ သိရတဲ့အချိန်မှာ နောက်ကျနေပါပြီ ကိုမင်းထွဋ်၊ တော်မီ မာရီယာ့ကို တကယ်မချစ်ဘဲ အခွင့်အရေး ရသလောက်ယူနေတာပဲလို့ နားလည်တဲ့ အချိန်ကျတော့ မာရီယာ အချိန်နှောင်းသွားပြီလေ၊ တကယ်လိုအပ်လို့ တကယ် လက်ထပ်ရမယ့် အခြေ အနေမျိုးမှာ မာရီယာနဲ့သူ သဘောထားကွဲပြီး ပြတ်စဲ ခဲ့ကြတာပဲ'

မာရီယာကို မကြည့်မိဘဲ ဆက်မည့်စကားကိုသာ စိတ်ဝင် တစား နားစွင့်ထားမိပြန်၏။

'ရှင်းရှင်း ပြောပါရစေတော့ ကိုမင်းထွဋ်ရယ်၊ မာရီယာ့မှာ ကိုယ်ဝန်ရှိတော့ မာရီယာက လက်ထပ် ဖို့ပြောတယ်၊ သူက အဲဒီကိုယ်ဝန်ကို ရှင်းလိုက်ပြီး

www.burmeseclassic.com



ပြန်လာမှ ဘာညာဆိုပြီး တာဝန်မဲ့စကား ဆိုတော့တာပဲ'

'ဘယ်လို မာရီယာ...မာရီယာ့မှာ'

'ဟုတ်တယ် ကိုမင်းထွဋ်၊ မာရီယာ့မှာ ကိုမင်းထွဋ်နဲ့ တွဲကတည်းက ကိုယ်ဝန်ရှိပါတယ်၊ ဒါကြောင့် ကြာယင် မာရီယာ့ကြောင့် ကိုမင်းထွဋ် သိက္ခာကျမှာ ပတ်ဝန်းကျင်က အထင်သေးမှာ မာရီယာ စိုးရိမ်လာတာပါပဲ'

မာရီယာနှင့်သူ တွဲခဲ့သည်မှာ လေးလကျော်ပြီဟု အတွေးရောက်သည်၊ မင်း လှည်းကျိုးထမ်းနေရမှာ ငါစိုးရိမ်တယ် ဆိုတဲ့ မြင့်ဦး စကားကို နားမှာ ပြန်၍ ကြားယောင်သည်။

'မာရီယာ့မှာ သန္ဓေရှိတယ် ကိုမင်းထွဋ်၊ ကိုယ့်အမှား ဖြစ်နေကြောင့် သူတစ်ပါး ဘဝကို မထိခိုက်စေချင်ဘူးလေ၊ မာရီယာ့အမှားကို မာရီယာ တာဝန်ယူမှာပါ'

'မာရီယာ့ အိမ်က....'

'မာရီယာ နောက်နှစ်လ အတွင်းမှာ နိုင်ငံခြား ထွက်လို့ ရမယ်ထင်တယ် ကိုမင်းထွဋ်၊ အကြာဆုံး အချိန်ဟာ နှစ်လပါပဲ'

လေပူတစ်ချက်ကို မှုတ်ထုတ်မိသည်။ ပြီးတော့ မာရီယာ့ မျက်နှာကို သူ မျက်နှာချင်းဆိုင်လိုက်၏။

'မာရီယာ့ စိတ်ထားကို ကိုယ် အရမ်းလေးစားသွားတယ် မာရီယာ၊ ခုလို လုပ်တတ်တဲ့စိတ်နဲ့ ကိုယ့်ကြောင့်



သူများ နစ်နာမှာကို မလိုလားတဲ့ စိတ်ဟာ သိပ်မြင့်မြတ်ပါတယ်၊ ပြီးတော့ ကိုယ့်အမှားရဲ့ တာဝန်ကို ကိုယ်ယူဖို့ ဆုံးဖြတ်တဲ့ စိတ်ဓာတ် သတ္တိဟာလဲ ချီးကျူးစရာပါပဲ၊ ဒါပေမယ့် မာရီယာ...ကိုယ် တော်မီ့ကို သွားတွေ့ချင်တယ်'

'ဟာ...အဓိပ္ပာယ်မရှိတာ ကိုမင်းထွဋ်ကလဲ'

'ဒါပေမယ့် သူ့မှာတာဝန်ရှိတာပဲ'

'သစ္စာမဲ့တဲ့ လူတစ်ယောက်မှာ တာဝန်သိတတ်မှု ဆိုတာ မရှိနိုင်ပါဘူး ကိုမင်းထွဋ်'

'ဒါပေမယ့် သူ့အမှား သူသိယင် သူ့တာဝန် သူ ယူနိုင်ရမှာပေါ့'

'မာရီယာ ဘယ်ယောကျ်ားကိုမှ ဒူးမထောက်နိုင်ဘူး ကိုမင်းထွဋ်၊ လူတစ်ယောက်ကို ချစ်တာဟာ ချစ်တာပါပဲ၊ မှားယွင်းတဲ့လူကို မှန်ကန်တဲ့လူက နှိမ့်ချတောင်းပန်ဖို့တော့ မလိုအပ်ဘူး ထင်လို့ပါ'

'လာ...မာရီယာ၊ မာရီယာ ကားပေါ်မှာပဲ နေခဲ့ပါ၊ ကိုယ် တော်မီနဲ့ စကားပြောချင်တယ်၊ အဲဒါက မာရီယာ တော်မီ့ကို တကယ်ချစ်တယ်ဆိုတာ နားလည်လို့ပါပဲ'

ပြောရင်း မာရီယာ့လက်ကိုဆွဲလျက် ကားဆီသို့ လျှောက်လာ၏။

'မာရီယာ့အတွက် ကိုမင်းထွဋ် အောက်ကျနောက်ကျ နိုင်နေပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာရင်း မာရီယာက ပြောနေပြန်၏။ မာရီယာကို ဘာမှ ပြန်မပြောမိဘဲ ကားပေါ်တက်သည်။ ကားတံခါးကို ဆောင့်ပိတ်လိုက်တော့ လိုအပ်သည်ထက် ပို၍ အသံမြည်သွားတာ ဘာသာ သတိထားလိုက်မိပြန်၏။

အမှန်တရားဘက်မှ ရပ်တည်လိုစိတ်သည် လူပီသသော စိတ်ဟု သူယုံမိပြန်သည်။

*

[ ၈ ]

ချောင်ရိုမပျိုးသော်လည်းသစ်ပင်ကြီးတွေအုပ်အုပ်ဆိုင်းဆိုင်းနှင့် ခန်းခြံကျယ်ကြီးတွေရှိသော အရပ်မို့ နည်းနည်း စိမ့်ချင်သသည်။

'ဟိုရှေ့က ခြံပဲ ကိုမင်းထွဋ်'

ဘေးနားက မာရီယာက တော်မီတို့ ခြံကိုပြသည်။ ကားကို ခြံဝမှာပင် ရပ်လိုက်၏။

'ခဏနေခဲ့ မာရီယာ'

ဟု ပြောကာ ကားပေါ်မှ ဆင်းလျက် ပိတ်ထားသော တံခါးဝမှ ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မာလီ ဟု ထင်ရသော လူ တစ်ယောက် ခေါက်သော
ကိုတော်မီနဲ့တွေ့ချင်လို့ပါ၊ သူ့ သူငယ်ချင်းပါ ဟု ပြော၏။
ပေးသောခြံတံခါးမှ ဝင်၍သည်

ခြံ၏ သုံးပုံနှစ်ပုံလောက်မှာ အိမ်ရှေ့မြက်ခင်း ပြုလုပ်ထား
သေးနားမှာ သင်းနှစ်ကွင်းတစ်ခုရှိပါ တွေ့၏၊ မြက်ခင်း
ပတ်လျှောက်လျက် အိမ်ဆီသွားသည်။

အိမ်အဝမှာရပ်ရင်း လူခေါ်ခေါင်းလောင်းကို တီး၏။

'ကျွန်တော် ကိုတော်မီနဲ့တွေ့ချင်လို့ပါ'

ဟု သံဆွဲတံခါးမှလာရပ်သူကို သူပြောလိုက်သည်။

'ကျွန်တော် တော်မီပါ ဘာကိစ္စရှိလို့လဲ'

သူ့ကို စူးစိုက်ကြည့်ရင်း ပြောသည့်တော်မီကို သူ
လိုက်သည်။

'ကျွန်တော် မင်းထွဋ်ပါ၊ ကိုတော်မီနဲ့ ခဏ
စကားပြောချင်ရဲ့။ ခြံဝမှာပဲ ရပ်ပြော
ပေါ့ဗျာ'

ဟု တစ်ဆက်တည်း ပြောလိုက်သည်၊ အကဲခတ်သလို
ငြိမ်နေပြီးမှ တံခါးကိုဖွင့်သည်။ ပြီးတော့ အပြင်ထွက်လာ

* * *

'အဲဒါပါပဲ ကိုတော်မီ၊ ကျွန်တော့်ကို မာရီယာရဲ့ မိတ်
တစ်ဦးလိုပဲ သဘောထားပါ၊ ကျွန်တော်က ကြားဝင်



ဆွေးနွေးပေးတဲ့သဘောပါ၊ ဘာကြောင့်လဲဆိုတော့ မာရီယာ
ကိုတော်မီ့ကို သိပ်ချစ်တယ်ဆိုတာ သိနေလို့ပါပဲ'

ပေါ်တီကိုရှေ့ကာပန်းခြံအဝင်ဝမှာစိုက်ထားသည့် ထင်းရှူး
ပင်ကိုလက်ထောက်ရင်း တော်မီ့ကို သူရှင်းပြလိုက်သော စကား
ကို နိဂုံးချုပ်၏။

တော်မီက သရော်ရယ် တစ်ချက်ရယ်လိုက်သည်ကို သူ
သဘောမကျချေ၊ သို့သော် စိတ်ကိုချုပ်တည်းလျက် ပြုံးနေ
မိပြန်သည်။

'ကိုမင်းထွဋ်၊ ခင်ဗျားပြောတာတွေက ဝတ္ထုသိပ်ဆန်
တယ်ဗျာ၊ မာရီယာမှာ ကိုယ်ဝန်ရှိတာ ကျွန်တော်နဲ့
ဘာဆိုင်သလဲဗျ၊ သူနဲ့တွဲနေတဲ့သူရဲ့ တာဝန်၊ သူ့ခြံ
ဝင်မှတော့ သူ့နွားပဲဖြစ်ရမှာပေါ့လေ'

'ဟာ...ကိုတော်မီ၊ အဲဒီလောက် တာဝန်မဲ့စကား
မပြောပါနဲ့ဗျာ၊ ကျွန်တော် မာရီယာ့ကို ယုံတယ်၊
အခုလဲ မာရီယာကပြောခိုင်းလို့ ကျွန်တော်လာပြော
တာမဟုတ်ပါဘူး'

'မာရီယာနဲ့ ကျွန်တော် ပြတ်ခဲ့ကြပြီ ကိုမင်းထွဋ်'

'လူချင်းပြတ်ကြပေမယ့် ပြဿနာကမှ မရှင်းသေးတာ'

'အဲဒါ ကျွန်တော့်ကိစ္စမဟုတ်ဘူး'

'ဒါဆို မာရီယာပြောတာကို ခင်ဗျားက ငြင်းတာ
ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်မှာ ငြင်းပိုင်ခွင့် ရှိတယ်လေ၊ အခု ခင်ဗျားနဲ့တွဲနေတာဆိုတော့ ခင်ဗျားကိုယ်ဝန်မဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်မှာတဲ့လဲ၊ ခင်ဗျားတို့အရှုပ်ကို ကျွန်တော့်ဆီလာပြီး....'

'တော်ဗျာ'

ထောင်းခနဲဖြစ်လာသော ဒေါသစိတ်ဖြင့် သူ အော်လိုက်မိသည်။ ဘော်မီ့မျက်နှာကို စေ့စေ့ကြည့်လျက် နှုတ်ခမ်းတဆတ်ဆတ်တုန်ကာ စကားမထွက်မိ၊

'ကိုဘော်မီ၊ ကျွန်တော်လဲ ပွေတာ ရှုပ်တာပါပဲ၊ ဒါပေမယ့် ကျွန်တော် မစော်ကားဘူးဗျာ၊ ကျွန်တော့်မှာ ယောကျာ်းစိတ် ရှိတယ်၊ ခင်ဗျား သိပ်ယုတ်ညံ့တဲ့ ယောကျာ်းပဲ'

တစ်ခွန်းချင်းပြောကာ ချာခနဲ လှည့်ထွက်လာခဲ့မိသည်။

* * *

ပြောပြီးတော့ အမြှုပ်ထနေသော ဘီယာဖန်ခွက်ကို ငုံ့ကြည့်လိုက်မိ၏။ ကောက်ယူပြီး တစ်ကျိုက်မော့သည်။

'မာရီယာ ပြောသားပဲ ကိုမင်းထွဋ်ရယ်'

မာရီယာ့စကားသံကြောင့် မာရီယာ့ထံ အကြည့်ရောက်၏။ ပါးပြင်ပေါ်မှ မျက်ရည်စကို လက်ကိုင်ပဝါနှင့် တို့၏။



'သူတာဝန်မယူနိုင်ဘူးငြင်းတာကို ဝမ်းနည်းလို့ ကျတဲ့ မျက်ရည်မဟုတ်ပါဘူး ကိုမင်းထွဋ်၊ မေတ္တာတရားနဲ့ မတန်တဲ့ ယောကျာ်းတစ်ယောက်ကိုမှ မာရီယာက မေတ္တာပေးခဲ့မိတာ ယူကျုံးမရဖြစ်မိလို့ ကျရတဲ့ မျက်ရည်ပါ၊ မာရီယာနဲ့ကိုမင်းထွဋ်ကို ထပ်ပြီးစွပ်စွဲလိုက်တဲ့ စကားက သူ့စိတ်ထားယုတ်ညံ့မှုကို ထပ်ပြီး ပြလိုက်တာပဲလေ၊ ဒီလိုယောကျာ်းကို ဝဋ်ရှိလို့ မာရီယာ ချစ်ခဲ့မိပေမယ့် တန်ဖိုးမထားနိုင်ပါဘူး ကိုမင်းထွဋ်၊ အိမ်ဦးနတ်လို ကိုးကွယ်ရိုသေမှုမျိုး မာရီယာမလုပ်နိုင်ပါဘူး'

ရင်မှ တွန်းကန် ပွင့်အန် ထွက်လာသော မာန စကားများဟု သူနားလည်လိုက်သည်။ ဘီယာဖန်ခွက်ကို ကိုင်ရင်း လက်နှင့်လှည့်ကာ ခေါင်းကို ငုံ့ထားမိပြန်၏။

ပြီးတော့ ဘီးယာတစ်ကျိုက်ကို မော့ကာ ဖန်ခွက်ကို ပြန်ချရင်း မာရီယာကို အကြည့်ဆုံသည်။

'မာရီယာ စိတ်ဓာတ်သိပ်ခိုင်တာပဲ'

မာရီယာက ဘာမှ သူ့ကို ပြန်မပြော။

'ထားပါတော့ မာရီယာ၊ တော်မီဆိုတာကို မေ့ထားပြီး လက်ရှိပြဿနာကို ဘယ်လိုရှင်းကြမလဲ စဉ်းစားရအောင်၊ မာရီယာနဲ့ အရင်းနှီးဆုံး မိတ်ဆွေလို မာရီယာ ကိုယ့်ကိုသဘောထားပါ'

'ဘာလဲ ရည်းစားမဟုတ်တော့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



မာရီယာက ပြုံးပြီး ပြောလိုက်တော့ သွေးအေးသော မာရီယာ့ကို သူ ပြန်ပြုံးပြမိပြန်သည်။

'သဘောပါပဲ မာရီယာ'

'ကိုမင်းထွဋ်ရယ်.... ရှင်းဖို့ လိုတဲ့ပြဿနာ မလိုတဲ့ ပြဿနာရယ်လို့ ရှိမှာပေါ့၊ ပြီးတော့ ရှင်းတယ်ဆိုတာလဲ မှန်ကန်တဲ့နည်းနဲ့ ရှင်းနိုင်ဖို့လိုတယ်လေ၊ မမှန်မကန်တဲ့နည်းနဲ့ ရှင်းတာမျိုးကို မာရီယာ လက်ခံနိုင်မှာ မဟုတ်ဘူး၊ ဒီကိစ္စကတော့ ရှင်းစရာမလိုတဲ့ ပြဿနာလို့ပဲ မာရီယာ ဆုံးဖြတ်ပြီးသားပါ၊ တစ်ခုပဲ ရှိတယ်၊ မာရီယာကြောင့် မာရီယာ့အိမ်ကို သိက္ခာမကျစေချင်ဘူးလေ၊ တစ်ခု မာရီယာ့အတွက် ကံကောင်းတာက ဟို စောစောကတည်းက နိုင်ငံခြားထွက်ဖို့ ပြင်ဆင်ထားခဲ့တာပါပဲ၊ ပတ်ဝန်းကျင်မှာ ဘူးပေါ်သလို မပေါ်ခင်မှာ မာရီယာ နိုင်ငံခြားရောက်နေမှာပါ၊ ဟိုရောက်မှတော့ မာရီယာ့ ရင်သွေးကို မာရီယာ မွေးပြီး ပြုစုသွားရုံကလွဲလို့ ဘာမှ မရှိဘူးလေ၊ ကိုမင်းထွဋ်ရယ်...လောကမှာ အဖေမရှိတဲ့ ဘူးချွန်လာ ကလေးတွေ အများကြီးပါ'

လေးစားမြတ်နိုးစိတ်ဖြင့် ကြည့်နေမိပြန်သည်။

'တစ်ခု ပြောချင်တယ် မာရီယာ'

ဘင်ဆင်စီးကရက်ဘူး ရွှေရောင်ကလေးကို ပစ်ချလိုက်ရင်း ပြော၏၊ မီးညှိဖွာရှိုက်လိုက်သော မီးခိုးငွေ့တို့ နှာခေါင်းမှ



ထွက်သည်။ မာရီယာက သူ့ကို ကြည့်နေသော သိသည်။ မာရီယာ့ကို မကြည့်မိဘဲ ပြာနုနုံ့ရုံ့ဒေါ်မှ စိတ္တဇပန်းချီကားကို ငေးစိုက်ကြည့်နေမိပြန်၏။

'ပြောလေ ကိုမင်းထွဋ်'

'ကိုယ့်ဘဝ ကိုယ့်အတွေ့အကြုံအရပေါ့လေ၊ ကိုယ် လူတွေကို မယုံဘူး မာရီယာ၊ လူတွေကို မချစ်မိဘူး၊ လူတွေရဲ့ မကောင်းတဲ့ စရိုက်တွေကိုပဲကိုယ်သတိပြုနေမိတယ်၊ ဥပမာ ပြောရရင် တော်မီ့လိုစရိုက်မျိုးတွေကိုပဲ ကိုယ်က ဂရုစိုက်မိတယ်ပေါ့၊ ဒီတော့ ကိုယ်မခံရအောင် အခု မာရီယာဖြစ်တဲ့ အဖြစ်မျိုးနဲ့ မကြုံရအောင် ကိုယ်ကလဲ သတိထားတဲ့ စိတ်နဲ့ မယုံမရဲ ဆက်ဆံလာတတ်တယ်၊ ကိုယ့်ရဲ့ ကောင်းတဲ့ စရိုက်တွေ စိတ်တွေဟာ အလိုလို အမြှုပ်နှံခံထားရသလိုပဲလေ၊ အခု မာရီယာ့ပြဿနာနဲ့တွေ့တော့ ကိုယ် မာရီယာ့ကို ကြည့်ရင်း လူတွေရဲ့ ကောင်းမြတ်တဲ့ စရိုက်တွေကိုလဲ ကိုယ်သတိပြုမိလာတယ်လေ၊ တော်မီရဲ့ မကောင်းတဲ့ စရိုက်နဲ့ မာရီယာရဲ့ လေးစားစရာကောင်းတဲ့ စရိုက်ကို နှိုင်းယှဉ်ကြည့်သာမိတယ်'

ရွှေမှုန်ဒေဆားလိပ်ပြာ ဖန်ခွက်ကို လှမ်းယူပြီး စီးကရက်ပြာကို ခြွေသည်၊ ပြီးမှ စကားကို ဆက်ပြန်၏။

'ကောက်ကျစ် ယုတ်ညံ့တဲ့ စိတ်ထားရှိသလို မွန်မြတ် မြင့်မြတ်တဲ့ စိတ်ထားလဲရှိတဲ့ လူ့စရိုက်ကို ကိုယ်နားလည်လာတယ်၊ ယုတ်ညံ့တဲ့ စိတ်ထားကို မုန်းတီး

www.burmeseclassic.com

www.burmeseclassic.com



တတ်သလို မှန်မြတ်ဖြူစင်တဲ့ စိတ်ဓာတ်ကို မြတ်နိုး ချစ်ခင်တတ်ဖို့လဲ လိုပါလားလို့ သိလာရတယ်လေ ကိုယ့်မှာရှိတဲ့ မှန်မြတ်တဲ့ စိတ်ထားကို သူများတွေနဲ့ မတန်ပါလား ဆိုပြီး ဝှက်ထားမိတာကို မာရီယာ့ အတွက် ကိုယ်သုံးပါရစေ'

'ကိုမင်းထွဋ် ဘာကိုဆိုလိုတာလဲဟင်....'

အကြည့်ဆုံပြီး မာရီယာက မေးသည်။

'ကိုယ်မာရီယာ့ကို လက်ထပ်ပါရစေ'

'ကိုမင်းထွဋ်ရယ်....'

လိုက်လျောတုံ့ယင်သော အသံနှင့်အတူ သက်ပြင်းချသံ ကိုပါကြားရ၏။ အကြည့်ဆုံထားရင်း မျက်ဝန်းမှ မျက်ရည် ဖြိုင်ဖြိုင် စီးကျလာတာ တွေ့သည်။

'မငိုပါနဲ့ မာရီယာ၊ ကိုယ်မာရီယာ့ကို လက်ထပ်ရင်း မာရီယာ့ အခက်အခဲကို ဖြေရှင်းပေးပါရစေ၊ ကိုယ် မှားခဲ့တဲ့ အမှားတွေအတွက် ကိုယ့်လိပ်ပြာ ကိုယ် သန့်စင်အေးကြောတဲ့ အနေနဲ့လဲ တာဝန် တစ်ခုကို ယူပါရစေ'

မာရီယာ၏ရှိုက်သော သက်ပြင်းချသံသည် ခါတိုင်းထက် ပို၍ ကျယ်လောင်သွားမည် ထင်၏။

'မာရီယာ ကိုမင်းထွဋ်ကိုချစ်နိုင်ယင် သိပ်ကောင်းမှာပဲ နော်'

'ကိုယ် မာရီယာ့ကို နားလည်မှာပါ'



'ကိုမင်းထွဋ်ရယ်.... ချစ်ခြင်းမေတ္တာကို မပေးနိုင်တဲ့ မာရီယာ့အတွက် ကိုမင်းထွဋ်ဘဝနဲ့ ရင်းနှီးရတဲ့တန်ဖိုး မျိုး မထိုက်တန်ပါဘူးလေ၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ကိုမင်းထွဋ်၊ မာရီယာကလဲ လူတစ်ဖက်သားကို မညှာ မတာ ကိုယ့်ပြဿနာရှင်းယင်ပြီးရော ဆိုတဲ့သဘောနဲ့ ချမနင်းရက်ပါဘူး၊ ကိုမင်းထွဋ်စိတ်ထားကို မာရီ ယာ လေးစားပြီးသားပါ၊ အခုလို စကားကြားရ တော့ ပိုပြီးတန်ဖိုးထားမိပါတယ်၊ ဒါပေမယ့် မဖြစ် နိုင်ပါဘူး ကိုမင်းထွဋ်ရယ်၊ ဝတ္ထုတွေထဲမှာဆိုယင် တော့ သိပ်ကောင်းမှာပဲ၊ ဒီပြဿနာအတွက် အပြစ် မဲ့တဲ့လူတစ်ယောက်ကို အပြစ်မျှဝေပေးသူအဖြစ် တစ် ဘဝလုံး ယူကျုံးမရ မဖြစ်ချင်ဘူး၊ ကိုယ့်အပြစ် ကိုယ် ခံရတဲ့သူအနေနဲ့ပဲ ဝေဒနာကို ရဲရဲရင်ဆိုင်ပါတော့ မယ်....'

'စဉ်းစားပါဦး မာရီယာရယ်'

'စဉ်းစားစရာမလိုတဲ့အဖြေပါပဲ ကိုမင်းထွဋ်၊ ကိုမင်းထွဋ် လဲ မာရီယာ့ကို မချစ်တာ၊ မာရီယာကလဲ ကိုမင်းထွဋ် ကိုမချစ်တာ နှစ်ဦးလုံးက သိနေကြတာပဲ၊ ကူညီဖေးမ တတ်တဲ့ အဖော်တစ်ဦးအနေနဲ့ မပေးသင့်တဲ့အကူအညီ မျိုးကို မပေးချင်ပါနဲ့လေ၊ မာရီယာကလဲ ယူရမယ့် အကူအညီမဟုတ်တာကို မယူပါရစေနဲ့၊ ကိုမင်းထွဋ် မာရီယာ့ကို နားလည်လိုက်ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါသက်ပြင်းချမိသူက မင်းထွဋ်။ စီးကရက်ကို ပြာခွက်ထဲသို့ တို့ခြေထည့်သည်။

'မာရီယာ့စိတ်ကို ကိုယ်လေးစားနေမှာပါ မာရီယာ'

'လမ်းခွဲကြပေမယ့် ကိုမင်းထွဋ်ရဲ့ အနစ်နာခံစိတ်ကို မာရီယာလဲ ကြည်ညိုရင်း သတိရနေမှာပါ၊ အဲဒီလိုစိတ်ကောင်းရှိတဲ့ ကိုမင်းထွဋ်ရဲ့ကောင်းတဲ့စရိုက်တွေကို ပတ်ဝန်းကျင်က အသိအမှတ်ပြုအောင် ကိုမင်းထွဋ် ကြိုးစားပါလားဟင်'

အလင်းရောင်တစ်ချက် လက်ခနဲ ခေါင်းထဲမှာ ပွင့်သွားသည်။

'မကောင်းတဲ့စိတ်နဲ့ ကောင်းတဲ့စိတ်၊ မှန်မြတ်တာနဲ့ ယုတ်ညံ့တာ၊ လောကမှာ ဒွန်တွဲနေမှာပါ ကိုမင်းထွဋ်ရယ်၊ ကောင်းမွန်မြင့်မြတ်တဲ့ စိတ်ထားကိုရင်းပြီး ကောင်းမွန်မြင့်မြတ်ခြင်းတွေကို ကိုမင်းထွဋ် ရယူပိုင်ဆိုင်ခွင့် ကြုံဟာပါလိမ့်မယ်'

'မာရီယာ...ကိုယ်မာရီယာ ပြောတာတွေကို သဘောပေါက်တယ်၊ မာရီယာ့ကိုလဲ သိပ်ကျေးဇူးတင်တာပဲလေ...'

ပိုက်ဆံရှင်းပြီး ကားဆီသို့ လာခဲ့၏။ မာရီယာ့ကို အိမ်အထိ ကားနှင့်လိုက်ပို့သည်။

ခြံဝင်းဝမှာကားရပ်ပြီးဆင်းတော့ သူပါလိုက်ပြီးဆင်းမိ၏။ တားနားမှာ မျက်နှာချင်းဆိုင် ရပ်မိကြသည်။



'သမီးရည်းစားအနေနဲ့ လမ်းခွဲကြပေမယ့် အဖော်ကောင်း သူငယ်ချင်းကောင်းတွေအနေနဲ့ မာရီယာ့အတွက် ကိုယ်အမြဲရှိနေမှာပါ မာရီယာ'

မာရီယာက သူ့ပခုံးကို လက်နှစ်ဖက်တင်လိုက်၏၊ သူက ခေါင်းကိုငုံ့လိုက်တော့ သူ့နဖူးကို မာရီယာနမ်းသည်။

'မြင့်မြတ်တဲ့စိတ်ရှိတဲ့ ယောကျ်ားတစ်ယောက်လို့ မာရီယာ့တစ်သက်လုံး လေးစားသွားမှာပါ ကိုမင်းထွဋ်ရယ်၊ သွားမယ်'

တီးတိုးပြောရင်း ချာခနဲလှည့်ထွက်သွားသည်။ ဝင်းတံခါးကိုဖွင့်နေစဉ်မှာ ကားထဲသို့ဝင်လိုက်၏။

*

www.burmeseclassic.com

[ ၉ ]

'ငါဘယ်လိုလုပ်ပြီး မေ့ထားနိုင်မှာတဲ့လဲ မြင့်ဦး၊ အိပ်မက်တစ်ခုမှ မဟုတ်တာ၊ ငါ့အမြင်မှာ မပီမသ ဝိုးတိုးဝါးတားမဖြစ်သေးဘူး၊ သူဝတ်လာတဲ့ အဝတ်အစားကအစ ငါမှတ်မိနေတုန်းပဲ၊ သူပြောခဲ့တဲ့စကားတွေကို ငါ့နားထဲမှာ ပြတ်ပြတ်သားသား ကြားနေရတုန်းပဲ၊ ငါနဲ့မတွေ့တာ နှစ်ပတ်ကျော်ကျော်ပဲ ရှိသေးတာ'

မျက်ဝန်းမှာ မျက်ရည်တို့ဝေ့လာသည်ကို မျက်ခတောင်ခတ်ရင်း ထိန်းသည်။

မြင့်ဦးက သူ့ကို စူးစိုက်ကြည့်နေရာမှ အကြည့်ကိုလွှဲကာ ဒိုးကရက်တိုကို ထိုးခြေလျက် ပြာခံခွက်မှာ ထည့်သည်။ လက်နှစ်ဖက်ကို နားထင်မှာကပ်လျက် ခေါင်းကို ငုံ့ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ခေါင်းထဲမထည့်ခင်မှာ ဇာပဝါပါးပါးဖြင့် အုပ်လျှက်ထားစဉ် လူအုပ်ထဲမှ သူလှမ်းကြည့်၏။ မာရီယာသည် အိပ်မောကျနေသယောင် ထင်သည်။

သူကြိုက်သည့် နှင်းဆီပန်းတွေဖြင့် ပြုလုပ်ထားသော ပန်းခွေတွေ သူ့ခေါင်းရင်းမှာ စီလျက်ချိတ်ဆွဲထားသည်။

ကြေတာသူသန့်၏ မီးသဂြိုဟ်စက်နှင့် အနီးဆုံး အဆောက်အအုံထဲမှာ မာရီယာ့အလောင်းကို ပြုပြင်ထားသည်။ မိသားစုအားလုံးက အလောင်းပြင်ထားရာအနားမှာထိုင်ရင်း တရှုပ်ရှုပ်ငိုနေတာ တွေ့သည်။

လိုက်ပို့သူများက အဆောက်အအုံထဲက နောက်ဘက်မှာ ကုလားထိုင်တွေနှင့် ထိုင်နေကြ၏။ တချို့က အပြင်ဘက်မှာ ရပ်နေကြသည်။

ရပ်နေသူတွေကြားမှ မာရီယာ့ကို သူ လှမ်းကြည့်ဖြစ်သေးသည်။ ရှေ့ကိုတိုးပြီး အနီးသို့ရောက်အောင် သွားကြည့်မည်ပြုစဉ် မြင့်ဦးက သူ့လက်မောင်းကို ဆွဲထားလိုက်၏။

'ပြန်ရအောင် ကိုလေး'

သူ ဘာမှမပြောမိဘဲ ကြောင်လျက် ရပ်ကြည့်နေမိသေးသည်။

'လာပါကွာ....မထူးပါဘူး'

လက်မောင်းရင်းကိုဆွဲကာ အတင်းခေါ်၏။ မြင့်ဦးလက်မှာ ယပ်တောင်ကလေးကို ကိုင်ထားသည်။

ထိုစဉ် ကပ်လျက်ရှိသော အဆောက်အအုံထဲမှ အော်ငိုလိုက်သံတွေ ကြားရ၏။ အခေါင်းထဲ သွင်းပြီထင်ရသည်။



ခြော်....မကြာခင်မှာပဲ မာရီယာ့ကိုလဲ အခေါင်းထဲသို့ သွင်းတော့မှာပါလား။

နောက်ခိုင်းခဲ့ကာ တားဆီးလျှောက်သော ခြေလှမ်းတို့က တုံ့ဆိုင်းသည်။

ကားမောင်းထွက်လာတော့ အားလုံးကို မင်းမေ့လိုက်ပါတော့ ကိုလေးရာဟု မြင့်ဦးက ဖြေသိမ့်စကား ဆိုသည်။

ငါဘယ်လိုမေ့နိုင်မှာတဲ့လဲဟု မြင့်ဦးကိုမကြည့်ဘဲ သူ ပြောဖြစ်ခဲ့၏။

နောက်ဆုံးတွေ့စဉ်က ပြောခဲ့သည့်စကားတွေကို နားမှာ ပြန်၍ကြားနေဆဲပါလေ။

မာရီယာ့ဗရယ်ဟု နှုတ်မှမထွက်ဘဲ ရင်ထဲက ရေရွတ်မိပြန်၏။

* * *

ဆိုင်ထဲကိုလှမ်းအဝင်၊ ကံ့ကော်ပင်တွေအောက်မှ စားပွဲမှာထိုင်နေသည့် ကောင်မလေးတွေက သူတို့နှစ်ဦးကို လှမ်းကြည့်နေတာ မြင်၏။

ဟိုးဘက်အစွန်ဆုံး ခြံထောင့်စားပွဲမှာ သူတို့နှစ်ဦး ထိုင်ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'မာရီယာ သိပ်ခေါင်းမာတယ်ကွာ၊ မာနသိပ်ရှိတယ်၊ ဘယ်သူ့မှ ဒုက္ခမပေးဘူးဆိုတဲ့စိတ်ကြောင့် သူသေခဲ့ရတာ....'

စားပွဲပေါ်တင်ထားသည့် ယပ်တောင်ဆီ အကြည့်ရောက်ချင်း ပြောလိုက်မိသည်။

'မင့်ကို တော်တော်များများတွေ့ကြတယ်၊ သူ့မိသားစု မတွေ့တာပဲ ကံကောင်းတယ်မှတ်ရမယ်၊ ဒါကြောင့် မင်းရွှေဘိုးသွားမယ်လုပ်တော့ ငါဆွဲထားတာ'

မြင့်ဦးကို အကြည့်ဆုံဖြစ်သေးသည်။

'ဘာဘာတ်နိုင်မှာတဲ့လဲ'

'ငါဟိုဘက်လျှောက်သွားတုန်း မာရီယာ့သူငယ်ချင်းက ငါ့ကိုလာပြောသွားသေးတယ်'

'ဘာတဲ့လဲ'

'ရှင့်သူငယ်ချင်း သိပ်ယုတ်မာလွန်းတယ်တဲ့၊ ရှင့်သူငယ်ချင်းကြောင့် မာရီယာသေသွားရတာ၊ ဒီဘစ်သက်မကျဘူးပြောတယ်'

'ဘာဘာတ်နိုင်မှာတဲ့လဲ မြင့်ဦး'

အဝေးဆီငေးရင်း ပြောလိုက်မိသည်၊ ရင်ထဲမှာတော့ ခင်းကျုပ်လိုက်မောလာသည်။

'ငါပြောသလို ငါ့ကိုလက်ထပ်ယင် မာရီယာသေမှာ မဟုတ်ဘူး မြင့်ဦးရာ....'

မြင့်ဦးကို အကြည့်ဆုံလျက် ပြောသည်။



'ဒါကတော့ မဆိုင်ပါဘူးကွာ၊ သူ့ကံလို့ပဲ ပြောရမလား၊ သူ့ဟာသူ ရေချိုးခန်းထဲ ချော်လဲတာပဲ၊ ဘာဘာတ်နိုင်မလဲ'

'မဟုတ်ဘူးလေ... ဘာဖြစ်ဖြစ် ငါနဲ့ လက်ထပ်ဖို့ကို သူလက်ခံလိုက်ယင် သူ့အိမ်ကသိမှာ သူကြောက်နေစရာမလိုဘူးပေါ့၊ အခုတော့ အဲဒီလို ချော်လဲတာကို ဘယ်သူ့မှမပြောဘဲ သူ့ဟာသူ ကျိတ်ပြီး ခံနေတော့ အချိန်လွန်မှ သူ့အိမ်ကသိပြီး ဆေးရုံရောက်တော့ အားလုံး ဘူးပေါ်သလို ပေါ်တာပဲ အဖြတ်တင်တယ်၊ သူ့အသက်လဲ ဆုံးရှုံးရပြီလေ....'

နှစ်ယောက်စလုံး စကားမပြောဘဲ ငြိမ်နေလိုက်မိကြပြန်သည်။ လာချမေးထားသော လက်ဖက်ရည်ပန်းကန်ကို ဘယ်သူမှ မသောက်ဖြစ်ကြသေး။

'မာရီယာ့ သူငယ်ချင်း ဘာတွေပြောနေလဲ မင်းသိလား ကိုလေး'

ပြန်မဖြေဘဲ အကြည့်ဆုံလိုက်သည်။

'မင်းနဲ့ မာရီယာ ပြတ်ပြီဆိုတာ သူတို့သိတယ်၊ မာရီယာက ပြောထားမှာပေါ့'

'ဟုတ်တယ်....ငါ့သိက္ခာတရားအတွက် ငါနဲ့သူ မဆိုင်ဘူးဆိုဘာဖြစ်အောင် သူ ငါ့ကို ဖြတ်ခဲ့တာပဲ'

'ဒါပေမယ့် အဲဒီလိုဖြစ်မလာဘဲ ပိုဆိုးကုန်ပြီ ကိုလေး'

'ဘယ်လိုကွ....မြင့်ဦး'

'မင်းစဉ်းစားကြည့်လေ၊ မင်းနဲ့ မာရီယာ ပြတ်စဲကြ

www.burmeseclassic.com



တာ နှစ်ပတ်လောက်ပဲ ရှိသေးတယ်၊ အခု မာရီယာ သေတော့ ကိုယ်ဝန်က လေးလဆိုတော့ မင်းက ဘယ်လိုထင်ကြမလဲ၊ မင်းက ယုတ်မာပြီး မယူနိုင်ဘဲ လမ်းခွဲလို့ မာရီယာ ကျန်ခဲ့ရပြီးမှ ဒီလိုဖြစ်တယ်လို့ ထင်ကြမှာ၊ မာရီယာ့ အစ်မဆီက မင်းကို သတ်ပစ်ရလောက်အောင် မုန်းတယ်လို့ သူ့သူငယ်ချင်းတွေကို ပြောတယ်၊ အားလုံးကပါပဲလေ၊ ဒီအတိုင်းပဲ မင်းကို စွပ်စွဲပြီး ရှုံ့ရှာကုန်ကြပြီ၊ မင်းပြောပြတာကို ယုံကြည်တာ ငါတစ်ယောက်ပဲရှိမယ် ကိုလေး၊ ငါက မင်းရဲ့ အကြောင်းသိမို့ မင်းပြောတာကို ယုံတာ၊ မင်း စကားတွေကို ဘယ်သူက ယုံကြမှာတဲ့လဲ၊ မင်းဘယ်လိုမှ ချေဖျက်လို့ မရနိုင်တော့တဲ့ အမည်းစက်ကြီး တစ်ခု ဖြစ်သွားပြီ ကိုလေး'

သောက်လက်စ ဝီစကီရက်စိုကို မြေပေါ်သို့ ပစ်ပေါက်လိုက်သည်။

'ငါဘာတတ်နိုင်မှာလဲ မြင့်ဦးရယ်၊ ငါလေ...ငါ တော်မီ့ကိုပဲ သတိရနေတယ်'

'မာရီယာ ရှိတုန်းကတောင် ခေါင်းရှောင်တဲ့ တော်မီဟာ အခုတော့ အပြစ်အားလုံး မင်းအပေါ် ပုံချတော့မှာပေါ့ကွာ'

'တောက်....'

တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်မိတော့သည်။

*

[ ၁၀ ]

ယုတ်မာရက်စက် မိုက်ရိုင်းရက်သူဟု ပတ်ဝန်းကျင်က ထင်လေပြီ။

ပန်းချက်မှဆိုး၊ နံ့သင်ခိုးသူဟု အမျိုးမျိုး ယိုးစွပ်ကြလေပြီ။

စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ်ကောင်းသူဟု နှာခေါင်း ရှုံ့တာ အဝေးက ရှောင်ကြလေပြီ။

တက္ကသိုလ် ဝန်းကျင်မှာသာမက နီးစပ်ကြရာ အသိုင်းအဝိုင်းမှာ မင်းထွန်းဆိုတာ လူယုတ်မာဟု အားလုံးက တညီတညွတ်တည်း သမုတ်ကြပြန်၏။

www.burmeseclassic.com

နေစရာမရှိအောင် သူ့အတွက် တဖြည်းဖြည်း ဖောခင် ကျဉ်းလာသည်။ အကြည့်ပေါင်းများစွာ၏ စူးရှမှုကို သူ မခံနိုင်တော့။ လူတို့၏ ရှုရှာမုန်းတီးမှုကို နေရာတကာမှာ သူ ရင်ဆိုင်ရလေပြီ။

ကြည့်...

* * *

'ဖေဖေ ဒီစကားတွေပြောတော့ သား ဖေဖေ့ကို ပိုပြီးမုန်းတီး ဦးမယ်ဆိုတာ ဖေဖေ နားလည်တယ် သား၊ ဒါပေမယ့် အဖေ တစ်ယောက် အနေနဲ့တော့ ပြောသင့်တာ ပြောရမှာ ပဲလေ'

သွဲ့ရပြီးတော့မှ အိမ်မှာမနေချင်လို့ မဖြစ်တော့။ အိမ်မှာပဲ သူ ပြန်နေခဲ့ရသည်။ တစ်နေ့တော့ ဖေဖေ သူ့ကိုခေါ်ပြီး ပြောသည်။

ဖေဖေ့ကို သူဘာမှ ပြန်မပြောဖြစ်ခဲ့။

'အမှားကို ကျူးလွန်ထားခဲ့တဲ့သူဟာ အဲဒီအမှားရဲ့ ဒဏ်ကို တစ်သက်လုံး ခံသွားရမှာပဲသား၊ ဖေဖေ့ကို တစ်ရပ်ကွက်လုံးက တစ်လမ်းလုံးက ခပ်ရှောင်ရှောင် နေကြတယ်၊ ကိုယ်ကျင့်တရား ချွတ်ယွင်းသူလို့ သတ်မှတ်



ကြတယ်ဆိုတာ ဖေဖေ နားလည်တယ်၊ ဖေဖေ့ အတွက် ဖေဖေ ဘာမှထူးခြားပြီး မခံစားရတော့ ပါဘူး၊ ဖေဖေ့ကြောင့် သားတို့ ဂုဏ်သိက္ခာကို ထိပါးပြီး မျက်နှာငယ်မှာကိုတော့ ဖေဖေ တွေးပြီး ပူတယ်လေ၊ ဒီကြားထဲမှာ သား လုပ်လိုက်တာက ပိုဆိုးသွားတယ်'

ဖေဖေ့ မျက်နှာကို တစ်ချက်မော့ကြည့်သည်။ ငယ်စဉ်က လိုတော့ ဖေဖေ့ကို တစ်ခွန်းမခံ ပြန်မပြောချင်တော့။

'သား လုပ်ခဲ့တဲ့ အမှားဟာ သိပ်မိုက်ရိုင်းပြီး သိပ် အောက်တန်းကျတယ်လို့ ဖေဖေလဲ ယူဆတယ်၊ အခု လမ်းထဲက ဘာတွေပြောနေလဲ သား သိလား၊ သား ဟာ ပေတယ် ရှုပ်တယ်ဆိုတာထက် ယုတ်မာတယ် မိုက်ရိုင်းတယ်ဆိုတဲ့ ဝိသေသကိုပါ ရနေပြီလေ၊ သား နောက်ဆုံးနှစ်မှာ ဖြစ်ခဲ့တဲ့ အပြစ်ဟာ နောက်နှစ် ပေါင်း ဘယ်လောက်အထိ စွဲထင်နေဦးမယ် မသိဘူး၊ လမ်းထဲက သားကို ခင်မင်ကြတဲ့ ကလေးတွေရှိယင် တောင်မှ သူတို့မိဘတွေက သားနဲ့ ခင်မင်တာကို လိုလားကြတာ မဟုတ်ဘူး၊ သား ဖြစ်ခဲ့တဲ့ကိစ္စကလဲ ဟိုးလေးတကျော် အားလုံးလိုလို သိနေကြတာလေ'

'နေပါဦး ဖေဖေ၊ အဲဒီကိစ္စက သားကြောင့်ပဲလို့ ဘာလို့ လူတွေက တစ်ထစ်ချစွပ်စွဲနေကြတာလဲ'

မကျေနပ်စကားကို ဆိုမိသည်။

www.burmeseclassic.com



'ဘာလို့ ဖုံးကွယ်နေတော့မှာလဲ သားရယ်၊ ဆင်ခြေသာ ဆိုတ်ရေနဲ့မုံးလို့ ရမတဲ့လား၊ ဖြစ်ပြီးသား အတွက် မေမေ ဘာမှ မပြောချင်တော့ဘူး၊ အခုလို သား စိတ်ပြောင်းပြီး အနေအထိုင်ပါ ပြောင်းသွားတာကို မေမေ ကျေနပ်တယ်၊ ဒီအတိုင်း ဆက်နေပါ သား၊ မေမေ နောက်ထပ် ပြောချင်တာကတော့ သားရင်ထဲမှာ အားငယ်စိတ် ခံပြင်းစိတ်တွေနဲ့ အယင်လို အရှုံမတိုက်ချင်ပါနဲ့၊ ဖြစ်သမျှကို ရင်ဆိုင်ရဲပါ၊ အဖေရင်းဖြစ်တဲ့ သူကိုတောင်မှ သား နားမလည်သေးတာ၊ သားကို ပတ်ဝန်းကျင်က နားမလည်တာလဲ အပြစ်မဟုတ်ဘူးလေ၊ ဒါတွေကို ဖုံးကွယ်သွားနိုင်အောင် သား လုပ်လို့ ရနိုင်ပါသေးတယ်ကွယ်....'

မေမေ့ကို ဘာမှပြန်မပြောဖြစ်တော့။

*

[ ၁၃ ]

အဲဒါပါပဲခင်ဖြူ၊ ကိုလေးအဖြစ်အပျက်တွေကို မြင့်ဦးကလွဲပြီး ဘယ်သူကမှ မသိခဲ့ပါဘူး၊ နားလဲ မလည်ခဲ့ပါဘူး၊ ကိုလေး ခင်ဖြူ့ကိုပြောပြနေမိတာလဲ ခင်ဖြူသိသွားယင် ကိုလေးကျေနပ်နိုင်ပြီဆိုတဲ့အတွေးနဲ့ ပြောပြမိတာပဲလေ၊ ယုံပါလို့ ကိုလေး ခင်ဖြူ့ကို မတိုက်တွန်းချင်ပါဘူး၊ ယုံကြည်နိုင်လောက်အောင်လဲ ကိုလေးဘက်က ဘာအထောက်အထားမှ ပြစရာမရှိခဲ့ပါဘူး ခင်ဖြူ၊ ကိုလေးတစ်ခုတော့ စိတ်မကောင်းဖြစ်ရတယ်လေ၊ ကိုလေးဘွဲ့ရပြီးတော့ အိမ်မှာပဲ စာဖတ်ရင်း အချိန်ဖြုန်းခဲ့တယ်၊ ဒီပတ်ဝန်းကျင်မှာ ကိုလေးနေရတာလဲ မပျော်ပိုက်

www.burmeseclassic.com



တော့ဘူး၊ ဖေဖေ့မိတ်ဆွေတွေရဲ့ဆာကူအညီနဲ့ ကိုလေးနိုင်
ခြားထွက်ဖို့ စီစဉ်ထားပါတယ်၊ အားလုံးက အဆင်ပြေပြ
တယ်၊ ကိုလေး မြင့်ဦးအိမ်ဧ လဲ့လိုလဲ ဘယ်ကိုမှ မသွားဖြစ်
တော့ဘူး လမ်းထိပ် ထွက်တယ်၊ မြင့်ဦးအိမ် သွားတယ်၊ ခိုး
နေတုန်းမှာပဲ လမ်းထဲမှာသွားရင်းလာရင်းနဲ့ ခင်ဖြူနဲ့ပြန်တွေ့
ပြီး ခင်ဖြူ့ကို ကိုလေး သတိထားမိလာတယ်လေ'

ကိုလေးက ခင်ဖြူ့ကိုကြည့်တဲ့ သူ့ကောကို ဆက်ပြန်
သည်။

* * *

'ဘာလဲ ကိုလေး၊ မင့်စိတ်တွေ ပြန်ဖောက်လာပြန်ပြီလား
အေးအေးဆေးဆေး နေစမ်းပါကွာ၊ သူများတွေကို ဒုက္ခထပ်
မပေးချင်စမ်းပါနဲ့တော့'

မြင့်ဦးစကားကြောင့် မြင့်ဦးမျက်နှာကို ကြည့်လိုက်မိကာ
ဆက်ပြင်းကို ချမိသည်။ ရင်ထဲမှာဖြတ်သန်းသွားသော ဝေ
ဒနာ အငွေ့အသက်တို့ကြောင့် မျက်နှာညိုးသွား လိမ့်မည်
ထင်၏။

'အေးကွာ...မြင့်ဦး၊ မင်းတောင်မှ ငါ့ကိုဗီစတားမျိုး
ပြောပြီဆိုတော့ ငါ့အခြေအနေကို ငါသိလိုက်ပါပြီ
လေ၊ ဒါပေမယ့် ငါ့ရင်ထဲမှာရှိတာတွေကိုတော့ မင်း



ယုံတာမယုံတာထား၊ မင်းကလွဲပြီး ငါ့မှာ ပြောစရာ
လူမှမရှိတော့ မင်းကိုပဲ ငါပြောရမှာပဲ'

သူ့စကားကြောင့် မြင့်ဦးက သူ့ကို စာနာနားလည်စွာ
ကြည့်နေပြန်သည်။

'မာရီယာနဲ့ ပြတ်ပြီးကတည်းက ငါ ခြေငြိမ်နေတာ
အစစအရာရာ ပြောင်းလဲသွားတာ မင်းအသိဆုံးပါ
မြင့်ဦး။ ဖြစ်ခဲ့သမျှကိစ္စတွေအတွက် ငါ့ရင်ထဲမှာ ဘယ်
လောက် ခံစားခဲ့ရတယ်ဆိုတာလဲ မင်း နားအလည်ဆုံး
ပါ၊ ဒါပေမယ့်...အခုကိစ္စကိုတော့ အယင်က တက္က
သိုလ်မှာ ပေ့ခဲ့ရှုပ်ခဲ့တဲ့ မင်းထွန့်အနေနဲ့ ပြောနေတာ
လို့ သဘောမထားဘဲ မင်း နားလည်ပေးစေချင်တယ်
လေ....'

မြင့်ဦးကို အကြည့်ဆုံကာ ညင်သာစွာ ပြောလိုက်၏။

'ငါစကားပြောတာ လောသွားတယ် ကိုလေး၊ ငါ
ပြောဘာဟာလဲ မင့်ကိုစောနာသားလို့ အယင်က
စိတ်မျိုးတွေ မင့်မှာ ပြန်ဝင်လာမှာစိုးလို့ ပြောတယ်
ဆိုတာ မင်းသိမှာပါ'

ဟု မြင့်ဦးက ပြောသည်။

'အဲဒါကို ငါနားလည်တယ် မြင့်ဦး၊ ဒါပေမယ့် ငါ့
လိုလူမျိုးရဲ့ နှလုံးသားထဲမှာ တကယ်ချစ်တဲ့စိတ်ရှိတယ်
ဆိုတာ ဘယ်သူကယုံပါ့မလဲလို့ အားငယ်နေတဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



မျိုးမှာ မင်းပြောလိုက်တဲ့စကားကြားတော့ ငါတော်တော် တုန်လှုပ်သွားမိတယ်လေ၊ ငါ့ကို နားအလည်ဆုံး ဖြစ်တဲ့ မင်းတောင်မှ မယုံပါလားလို့ တွေးရင်း ဝမ်းနည်းသွားလို့ပါ'

စီးကရက်ကို ပြာခံခွက်မှာ ထိုးခြေလိုက်သည်။

'နှစ်နှစ်ကာကာ စူးစူးနစ်နစ် ချစ်တယ်ဆိုတဲ့အဓိပ္ပာယ်ကို ငါသိခွင့်ရပြီလေ၊ ဒါပေမယ့် အဲဒီအချစ်ကို ငါ ပြောခွင့်လဲ ကြုံမယ်မထင်တော့ပါဘူး၊ ပြောယင်လဲ ငါ့ကို နားလည်လက်ခံမယ်လို့ ငါကိုယ်တိုင်က မယုံတော့ဘူး မြင့်ဦး၊ သူသိအောင်လဲ ငါကြိုးစားမှာ မဟုတ်တော့ပါဘူး၊ ငါ ကောင်မလေးတွေနဲ့ တွဲခဲ့ပွေခဲ့ပေမယ့် အချစ်ဆိုတာကို မယုံကြည်ခဲ့ နားမလည်ခဲ့တာ မင်းလဲသိပါတယ်၊ အခု ငါနားလည်ခွင့်ကို ရပြီလေ၊ အချစ်ဆိုတာ မြင်ရရုံ တွေ့ရရုံ တခဏမှာပဲ ရင်ထဲမှာ မွေးဖွားလာတတ်တာကို ငါယုံပြီ၊ အကြာကြီးတွဲခဲ့ပေမယ့် ရင်ထဲမှာ အချစ်ဆိုတာ ဖြစ်ချင်မှဖြစ်လာတတ်တာပဲ၊ ခဏတစ်ဖြုတ် ကြုံတွေ့ပြောဆိုခွင့်လေးရရုံနဲ့လဲ နှလုံးသားမှာ စွဲထင်ကျန်ခဲ့နိုင်တာပါပဲ မြင့်ဦး၊ သူဘာမှသိမယ်မထင်ပေမယ့် ငါ့ရင်ထဲမှာ သူနဲ့ပတ်သက်တဲ့ပုံရိပ်တွေကို ဘာသာမက်ရင်းနဲ့ပဲ ငါ့အချစ်ကိုငါ ကျေနပ်သွားမှာပါကွာ'



မြင့်ဦးက သူ့ကိုကြည့်လျက် သူ့စကားကိုနားထောင်ရင်း၊

'ဘယ်သူလို့ မင်းကိုမေးယင် မင်းပြောမှာ မဟုတ်ပေမယ့် ငါရိပ်မိတယ်သူငယ်ချင်း'

ဟုဆိုသည်။

'ထားပါတော့ကွာ၊ ငါသူ့ကိုချစ်မိတာနဲ့ပဲ သူ့သိက္ခာကိုထိပါးသလိုဖြစ်မလားအတွေးနဲ့ သူ့အတွက် ငါဆင်ခြင်ရမှာပေါ့၊ သူ့မိဘ သူ့အသိုင်းအဝိုင်းဘက်ကကြည့်ယင်လဲ ငါနဲ့သဘောတူဖို့ နေနေသာသာ ရင်းရင်းနှီးနှီး ဆက်ဆံတာတောင် ကြိုက်မယ်မထင်ဘူး'

'ဘာဖြစ်ဖြစ် မင်းအကြောင်းတွေ သူလဲ ကြားမှာသိမှာပဲပေါ့'

လေပူကိုမှုတ်ထုတ်ရင်း....

'သိနိုင်တာပေါ့ကွာ၊ ပတ်ဝန်းကျင်ကသိသလိုပဲ သိပ်ရှုပ်သိပ်ပွေတဲ့ လူတစ်ယောက်အနေနဲ့ သိမှာပေါ့'

ဟု ပြန်ပြောလိုက်မိသည်။

'ဒါပေမယ့် သူ့စိတ်ကို ငါကြိုက်တယ်၊ သိပ်ရိုး သိပ်ရှင်းတာပဲ၊ အဲဒါတွေဟာ သူနဲ့ဘာမှမဆိုင်သလို ငါ့ကိုတရင်းတနှီးဆက်ဆံတယ်၊ ရွံရှာစက်ဆုပ်ဖွယ်လို့ ငါ့ကိုအားလုံးက အထင်အမြင်သေးနေသလို သူကတော့ မဆက်ဆံဘူး၊ စိတ်ကူးယဉ်တယ် ပြောချင်ပြောကွာ၊ သူ ငါ့ကိုနားလည်နိုင်တယ်လို့တွေးရင်း ငါကြည်နူးတာအမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု မြင့်ဦးကို ပြန်ပြောနေလိုက်မိသည်။

'အချစ်ဆိုတာကို မင်းနားလည်ပြီး လက်ခံလာတာကိုပဲ ငါကျေနပ်ပါပြီကွယ်။ ဒါပေမယ့် မင်းတကယ်တမ်း အချစ်ကိုနားလည်ပြီဆိုတဲ့အခါကျတော့ မင်းအချစ်ကို ဘယ်သူမှယုံနိုင်မယ်လို့ ငါတော့မထင်တော့ဘူး၊ မင်းက ရေသဖန်းသီးလို နှလုံးသားတွေကို ပေးခဲ့ပေမယ့် တကယ့်နှလုံးသားအစစ်ကို ပေးချိန်ကျတော့လဲ ရေသဖန်းသီးလိုပဲ ထင်နေကြတော့မှာ၊ ဒါအတွက်ကတော့ ငါစိတ်မကောင်းပါဘူးကွာ'

ပြတင်းမှ အပြင်ကိုခဲကာ သက်ပြင်းရှည်ချမိပြန်သည်။ မြင့်ဦးကို ဘာမှပြန်မပြောဖြစ်တော့။

* * *

'မြင့်ဦးကတောင် ကိုလေးအချစ်ကို သံသယဝင်သေးတာပဲ ခင်ဖြူရယ်၊ ကိုလေးလိုလူမျိုးရဲ့ရင်ထဲမှာ တကယ့်မေတ္တာစစ်ရှိနိုင်ပါ့မလားလို့ ခင်ဖြူတွေးမယ်ဆိုယင် တွေးနိုင်ပါတယ်၊ ကိုလေး ခင်ဖြူ့ကို ချစ်တယ်ဆိုတာကို မယုံချင်ဘူးဆိုယင်တောင်မှ ခင်ဖြူမယုံနိုင်လောက်တဲ့ အနေအထားတွေပါလို့ ကိုလေးဖြေသိမ့်လိုက်ပါ့မယ်၊ ဒါကြောင့် ကိုလေး ခင်ဖြူ့ကို



ပြောခဲ့တာပေါ့၊ ကိုလေး ခင်ဖြူ့ကို ချစ်တယ်လို့ပြောတာ ခင်ဖြူ့အမုန်းကိုခံယူဖို့ ဖြစ်နေမလားပဲလို့လေ....'

ပြောရင်း ကိုလေးက ခင်ဖြူ့မျက်နှာကို စူးစိုက်ကြည့်သည်။ ကိုလေးမျက်ဝန်းထဲမှာ ရိုးသားမှုကိုတွေ့နိုင်သည်ဟု ခင်ဖြူထင်၏။

'ခင်ဖြူ....'

'ရှင်....'

အတွေးဖြင့် ငေးနေမိုက်မှာ ကိုလေးခေါ်သံကြောင့် ခင်ဖြူ ကိုလေးနှင့်အကြည့်ဆုံလိုက်၏။

'ခင်ဖြူ ကိုလေးပြောခဲ့တာတွေကို ယုံရဲ့လားဟင်'

ခင်ဖြူက သက်ပြင်းရှည်ကိုချကာ ကိုလေးကို အကြည့်ဆုံထားလိုက်သည်။ ကိုလေးက ခင်ဖြူ့စကားကို နားစွင့်နေပုံရ၏။

'ကိုလေး ခင်ဖြူ့ကို ဘယ်လိုထင်သလဲ ဟင်'၊

ကိုလေးက ခေါင်းကိုခါယမ်းရင်း....။

'ကိုလေးမသိတာ အမှန်ပဲခင်ဖြူ'

ဟု ညင်သာစွာ ပြန်ဖြေသည်။

'ကိုလေး အံ့ဩမသွားပါလေ၊ ခင်ဖြူက သူများနဲ့ မတူတာတော့ အမှန်ပဲကိုလေး၊ ကိုလေးပြောပြသလို

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးအကြောင်းတွေကို သေသေချာချာတော့ ခင်မြူ မသိပါဘူး၊ ဒါပေမယ့် လမ်းထဲမှာ ဟိုလူပြော ဒီလူပြောနဲ့ ကိုလေးဆိုးတယ်ဆိုတာလောက်တော့ ခင်မြူ သိတယ်၊ ရှင်းရှင်းပြောရရင် ကိုလေးကို အရှင်းတနိုးနဲ့ ပြောတာဆိုတာ ဆက်ဆံတာကိုပဲ ခင်မြူ ကိုတားကြတယ်လေ၊ ခင်မြူ့အိမ်ကလဲ ကိုလေးနဲ့ ပြောဆိုဆက်ဆံတာကို မကြိုက်တာအမှန်ပဲကိုလေး၊ ဒါပေမယ့် ခင်မြူ ခံစားတာက တစ်မျိုးလေး ကိုလေး ဆိုးတာ မဆိုးတာ ခင်မြူနဲ့မှ မဆိုင်တာ ကိုလေး ခင်မြူ့အပေါ်မှာ ဆက်ဆံတာတွေကို ကြည့်ပြီး ကိုလေးမှာ ယုန်မရှိဘူး၊ ခင်မြူ့အပေါ်မှာ ဘာအခွင့်အရေးမှမယူဘူးလို့ ခင်မြူ နားလည်တယ်၊ ပြီးတော့....'

ခင်မြူက စကားကို ရပ်ထားလိုက်ကာ အကြည့်ကိုလွှဲ၏။

'ပြီးတော့ဘာဖြစ်လဲ ခင်မြူ'

ဟု ကိုလေးက မေးသည်။ ခင်မြူက အကြည့်ကိုပြန်ဆုံ၏။

'ပြီးတော့ .... ကိုလေး ဘာမပြောတတ်ဘူးလို့ ခင်မြူ ကိုလေးကိုယုံနေမိတာကတော့ ဘာကြောင့်လဲဆိုတာ ခင်မြူ နားမလည်မိဘူး ကိုလေး'

'ခင်မြူရယ်....'

ခင်မြူက ပြောပြီး မျက်လွှာကိုချလိုက်သည်။



'ကိုလေးလေ....ခင်မြူ့ဆီမှာ ကိုလေး တောင့်တမျှော်လင့်ခဲ့တာ အားလုံးကို ရနိုင်မယ်လို့ ယုံကြည်မျှော်လင့်ချက်နဲ့ အိပ်မက်တစ်ခုလိုဖြစ်ခဲ့တာ ကြာပါပြီခင်မြူ၊ မွေးကတည်းက ကိုလေး လိုချင်ခဲ့တဲ့ အမေရဲ့မေတ္တာမျိုး အကြင်နာမျိုးတွေ၊ ညီမတစ်ယောက်ရဲ့ ဆိုးနွဲ့မှု ယုယမှုမျိုးတွေ၊ သူငယ်ချင်းကောင်း တစ်ယောက်ရဲ့ ဖေးမမှု နားလည်မှုမျိုးတွေ၊ ဘဖော်တစ်ယောက်ရဲ့ အားပေးမှု ကူညီမှုမျိုးတွေ၊ အရာရာကို ခင်မြူ ပေးနိုင်မှာပဲလို့ ကိုလေး မျှော်လင့်ကြည့်ခဲ့ဖူးပါတယ် ခင်မြူ၊ ရင်ထဲအခံစားမှုကို အရာရာ မျှဝေယူ ခံစားနိုင်တဲ့သူတစ်ယောက်အနေနဲ့ ကိုလေး ဘဝ မှာ ခင်မြူရှိရင် ဘယ်လောက်ကောင်းမလဲလို့ တွေးခဲ့မိပါတယ်၊ ဘယ်တော့မှ အကောင်အထည်မဖော်နိုင်တော့တဲ့ စိတ်ကူးယဉ်တစ်ခုလို့ တွေးမိတော့ ရင်ထဲမှာ ခံစားလာရပြန်တယ် ခင်မြူ....'

ပြောနေရင်း ကုလားထိုင်လက်တန်းကိုဆုပ်ကိုင်ထားသော ခင်မြူ့လက်ချောင်း မြူနုနုလေးတွေကို အပေါ်မှ အုပ်ကိုင်ဆုပ်ညှစ်ထားလိုက်မိသည်။

ခင်မြူက ခေါင်းငုံ့ထားလျက် မရွှန်း။

'ကိုလေး ခင်မြူ့ကိုချစ်တယ်၊ ကိုလေးနှလုံးသားက လာတဲ့စကား လို့ ခင်မြူ ယုံစေချင်ပါတယ်ကွယ်....'

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှအဖြေကို ကိုလေးနားလည်လေမည်ဟု ခင်ဖြူ ယုံ၏။ ကိုလေးကို မျက်လွှာပင့်လျက် တစ်ချက်ကြည့်သည်။

နှုတ်မှ ဖွင့်ဟသည့်စကား၊ ဆက် မျက်ဝန်းမှ ပြောနေသည့် အသံမဲ့ဘာသာစကားသည် ပိုမိုလေးနက် ခိုင်မြဲတယ်ဆိုတာ ကိုလေးနားလည်ပါလိမ့်မည်လေ။

မိမိနှလုံးသားကို မိမိညာနိုင်ရန်အတွက် ခင်ဖြူ့မှာ အင်အားမရှိတော့ပါ။

အချစ်ဆိုတာ ဘာသာစကားမဲ့သည့် ကဗျာတစ်ပုဒ်ဟု ယုံကြည်လိုက်ပါ၏။

သေသည်အထိ နှလုံးသားထဲမှာတည်ရှိနေမည့် ထိုကဗျာကို ချစ်သူချင်းသာ ဖတ်ရှုခံစားနိုင်ကြပါမည်လေ။

*

[ ၁၂ ]

သင်းသင်းနှင့် မေဦးတို့နှစ်ယောက်ကိုတော့ ခင်ဖြူ အသိပေးထားသည်။

ကိုလေးကတော့ သူနှင့်အရင်းနှီးဆုံးဖြစ်သော ကိုမြင့်ဦးမှလွဲ၍ မည်သူမျှအသိပေးစရာမရှိဟု ထင်၏။

ဒါတော့ ရင်လေးတယ်ခင်ဖြူဟု သိလျှင်သိချင်း သင်းသင်းက ပြောသည်။ သင်းသင်းက ခင်ဖြူတို့အိမ်ကို ဝင်ထွက်နေကျမို့ အိမ်ကအကြောင်းစုံကို သိနေသူပင်။

ဘာတတ်နိုင်မှာလဲ သူငယ်ချင်းရယ်၊ ဖြစ်လာတဲ့အခါကျတော့မှပဲ စဉ်းစားပြီး ဆုံးဖြတ်ရမှာပဲဟု သူပြန်ပြောမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးကိုကြည့်ရတာ ဘဝပြောင်းသွားသလိုပဲ ခင်ဖြူ၊ အယင်ကနဲ့ လုံးဝမတူဘူးဟု မဦးက ပြောသည်။

အချစ်ဆိုသည် အရာကို ပြောင်းလဲစေပါလား။

ကိုလေးကား လမ်းထဲကထွက်မလာခင်မှာ လမ်းထိပ်ကို ခင်ဖြူရောက်အောင် သွားတတ်သောအကျင့်လည်း ရနေပြီ။ တစ်ခုခု ဝယ်ဖို့အကြောင်းပြကာ အိမ်မှထွက်လာရစမြဲ။ ပြီးတော့ လမ်းထိပ်က ဈေးဆိုင်လေးမှာရပ်ရင်း ဟာရယ်မဟုတ် စကားမရှိစကားရှာကာ ပြောနေတတ်စမြဲ။ ကိုလေးရောက်လာလျှင် ကားရပ်ပြီး ကိုလေးကလဲ စီးကရက်ဝယ်သည်။ တကယ်ဆိုလျှင် ကိုလေးအင်္ကျီအိတ်ထဲမှာ စီးကရက်ဘူးလိုက်ရှိပါလျက် စီးကရက်တစ်လိပ် ဆင်းဝယ်သော ကိုလေးအဖြစ်ကလည်း ရယ်စရာ။ ဆိုင်မှာရပ်ရင်း ပြောစရာရှိသည်တို့ကို ခဏလေးတော့ ပြောလိုက်ရသည်ပဲ။

'ညနေငါးနာရီလောက် ကိုလေးစောင့်နေမယ်နော်၊ ဟိုလက်ဖက်ရည်ဆိုင်ကိုလာခဲ့ ခင်ဖြူ'

'ခင်ဖြူ ကြိုးစားကြည့်မယ် ကိုလေး'

ပြောပြီး ကိုလေး စီးကရက်ကိုညှိနေစဉ်မှာပင် ခင်ဖြူ လမ်းထဲပြန်ဝင်ခဲ့ရသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရသေး၏။

ရင်ထဲမှာ ထာဝစဉ် စိုးထိတ်နေရပြန်ပါသည်။

* * *



သစ်သားချောင်းတလေးခုကို အကွက်ဖော်လျက် ဆိုင်ရှေ့မှာ ကာထားသည်။

ဆိုင်ရှေ့မှလှမ်းကြည့်ပါက ဆိုင်ထဲကို မမြင်နိုင်။ ဆိုင်ထဲက ကြည့်လျှင် အားလုံးကို မြင်နိုင်သည်။

ဆိုင်နှင့်မလှမ်းမကမ်းမှာ ကိုလေးရပ်စောင့်နေတာကို လှမ်းမြင်ရသည်။ ကိုလေးကားရပ်ထားလျှင် ကားကိုသိနိုင်သည်မို့ သည်ဆိုင်လာလျှင် ကားမယူခဲ့ရန် ခင်ဖြူမှာထား၏။

'ကိုလေးရောက်တာ ကြာပြီလားဟင်'

ဆံပင်ရှည်ကို နောက်သို့ခေါင်းဆတ်၍ပို့ရင်း မေးလိုက်သည်။

'နာရီဝက်လောက်တော့ ကြာပြီ'

ဟု နာရီကိုကြည့်ကာ ကိုလေးပြော၏။

'မီးဖိုချောင်မှာ ကူလုပ်နေရတယ်လေ၊ အားလုံးပြီးမှ လာရလို့...'

ပြောရင်း ဆိုင်ဝရောက်လာသည်။ ခင်ဖြူက နောက်မှ ချန်နေလိုက်၏။ ဆိုင်ထဲသို့ အတူတွဲ၍ဝင်ရန် စိတ်ကမလုံ။ ဆိုင်ထဲမှာ အသိတစ်ယောက်ယောက်ရှိနေမှာကို စိုးရိမ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



လာလေ....ခင်ဖြူဟု ကိုလေးက ရှေ့ကဝင်လျက် ခေါ်သည်။ သည့်ခတော့မှပင် ခင်ဖြူ ဝင်လိုက်ရ၏။

အဝင်ဝ ညာဘက်ချိုးလျက် ထောင့်ဆုံးစားပွဲကို သွားထိုင်သည်။ ဆိုင်ထဲမှာ လူသိပ်မရှိလှ။

'ခင်ဖြူ ဘာသောက်မလဲ ဟင်'

'ကိုလေး ကြိုက်တာမှာလေ'

'ကိုလေးက လက်ဖက်ရည်ဆိုကျကျသောက်တာ၊ ခင်ဖြူ သောက်နိုင်ပါ့မလား'

'လိုက်သောက်ကြည့်မယ်လေ၊ ကြာယင် သောက်နိုင်သွားမှာပေါ့'

တစ်ဦးကိုတစ်ဦး ပြုံးကြည့်နေမိပြန်သည်။ ခင်ဖြူက မျက်လွှာကို အယင်ချလိုက်၏။ စီးကရက်ဘူးကိုထုတ်ကာ မီးညှိနေတာ ခင်ဖြူသိသည်။ စီးကရက်ဘူးနှင့်မီးခြစ်ကို စားပွဲပေါ်တင်လိုက်တော့ ခင်ဖြူအကြည့်ရောက်သည်။

'ကိုလေး အခု ဒီမီးခြစ်တစ်လုံးတည်းကိုပဲ ကိုင်တယ်နော်'



ရှေ့မှာရှိသည့် ဇစ်ပိုမီးခြစ်ကလေးကိုလှမ်းယူရင်း ခင်ဖြူ မေးလိုက်သည်။

'ဟုတ်တယ် ခင်ဖြူ၊ ခင်ဖြူ မှတ်မိလား၊ ကိုလေး ခင်ဖြူ့ကိုချစ်တယ်လို့ ပြောတဲ့နေ့ကကိုင်ခဲ့တာ ဒီမီးခြစ်ကလေးလေ'

'မှတ်မိတာပေါ့'

အပေါ်က သွားရေအိတ်အနက်ကလေးပါသော ဇစ်ပိုမီးခြစ်ကလေးကို စားပွဲပေါ်သို့ပြန်ချရင်း ခင်ဖြူအား ပြောလိုက်သည်။

'ကိုလေး ခင်ဖြူ့ကို ပြောခဲ့ဖူးတယ်လေ၊ ကိုလေးမှာ မီးခြစ်တွေ အများကြီးရှိတယ်၊ တစ်လုံးပြီးတစ်လုံး ပြောင်းကိုင်ခဲ့တယ်လို့လေ'

'ကောင်မလေးတွေ လဲ မီးခြစ်လှလှ လေးတွေလိုပဲ သဘောထားတယ်တဲ့....'

ခင်ဖြူအား ပြုံးလျက် ကိုလေးစကားကို ဖြည့်စွက်လိုက်သည်။

'ထားပါတော့ ခင်ဖြူရယ်၊ အခုတော့ ကိုလေး ဒီမီးခြစ်ဘစ်လုံးကိုပဲ တစ်သက်လုံး ကိုင်သွားပါတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်ကလေးကို ကောက်ယူရင်း အဖုံးကို ဖွင့်လိုက်ပိတ်လိုက် လုပ်ပြလိုက်၏။

လာချသောလက်ဖက်ရည်နှစ်ခွက်ကို ခင်ဖြူက ကိုလေးရှေ့သို့ တစ်ခွက်ချပေးသည်။

'တကယ်လို့ အဲဒီမီးခြစ်ကလေးပျောက်သွားယင် ဘယ်လိုလုပ်မလဲ ကိုလေး'

ဟု ကိုလေးမျက်နှာကိုကြည့်ကာ မေးလိုက်၏။

'မပျောက်အောင် ဂရုတစိုက်သိမ်းမှာပေါ့ ခင်ဖြူရဲ့'

စီးကရက်ကို မီးငြိမ်းရင်း ပြောသည်။

'တကယ်လို့ ပျောက်သွားယင်ရော ကိုလေးရာ'

'ပျောက်သွားယင်တော့ ကိုလေး အရမ်းခံစားရမှာပဲ ခင်ဖြူ၊ နောက်ထပ်လဲ ဘယ်မီးခြစ်ကိုမှ ကိုလေး စွဲစွဲမြဲမြဲကိုင်မိမှာ မဟုတ်တော့ပါဘူး'

'မပိုပါနဲ့ ကိုလေးရာ၊ ဒီ့ထက်လှတဲ့မီးခြစ်ကလေးတွေကို ကိုလေးကိုင်ဦးမှာပေါ့၊ ဒါမှမဟုတ်ယင်လဲ ဒီလို



ဇစ်ပိုမီးခြစ်တစ်လုံးကို ကိုလေး အစားဝယ်ကိုင်မှာပေါ့၊ ဟုတ်ဘူးလား'

ခင်ဖြူက ခပ်ပြုံးပြုံးပြောနေသော်လည်း ကိုလေးမျက်နှာက မရွှင်မပြုံး။

'အရာရာကို အစားထိုးလို့မရနိုင်ဘူးဆိုတာ ကိုလေးနားလည်ပါတယ်ခင်ဖြူ၊ နောက်တစ်လုံးကို အစားဝယ်နိုင်ပေမယ့် အဲဒီနောက်တစ်လုံးဆိုတာ ပျောက်သွားတဲ့တစ်လုံးတော့ မဖြစ်နိုင်တော့ပါဘူး'

ကိုလေးနှင့်အကြည့်ဆုံကာ ပြုံးလျက် နားထောင်နေလိုက်မိသည်။

'မယုံလို့လား ခင်ဖြူ'

ဟု ကိုလေးက တိုးတိုးညင်ညင် မေးလိုက်သည်။

'ကိုလေးအချစ်ကိုယုံမှတော့ ကိုလေးစကားတွေကိုလဲ ခင်ဖြူယုံရတော့မှာပေါ့ ကိုလေးရယ်'

ဟုပြောရင်း ခင်ဖြူက မျက်လွှာချလိုက်သည်။

လက်ဖက်ရည်ပန်းကန်ကို ငုံ့အကြည့်မှာ နီရင့်ရင့်အရောင်ရှိသောလက်ဖက်ရည်ကို တွေ့လိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ကိုလေးက အင်းလျားလမ်းအတိုင်းပြန်နော်၊ ခင်ဖြူ ဒီထိပ်ကိုထွက်ပြီး ကားစီးပြန်မယ်'

ကောင်တာမှာရပ်ပြီး ကိုလေးပိုက်ဆံပေးနေစဉ် ကိုလေးဘေးနားမှာယှဉ်ရပ်လျက် ပြောလိုက်မိသည်။

ပြန်အမ်းသောပိုက်ဆံကို ဘောင်းဘီအိတ်ထဲသို့ထည့်ရင်း ကိုလေးက သူ့မျက်နှာကို ကြည့်သည်။ ကိုလေးမျက်နှာမှာ ညှိုးရိပ်သန်းသွားတာမြင်တော့ ရင်ထဲမှာခံစားရပြန်၏။

'တစ်ယောက်ယောက် တွေ့သွားယင် ပြဿနာဖြစ်မှာစိုးလို့ ပြောတာပါကိုလေးရယ်၊ ခင်ဖြူ့ကို ကိုလေးနားလည်မှာပါ။ ရေရှည်အတွက် ခင်ဖြူတို့ ကြည့်ရအောင်နော်....ကိုလေး'

ကိုလေးမျက်နှာကိုမော့ကြည့်ရင်း ခင်ဖြူ ပြောနေမိပြီးသည်။ ကိုလေးက ငုံ့ကြည့်ပြုံးပြလျက် ခေါင်းညိတ်သည်။ အပြုံးက ခပ်နွမ်းနွမ်းဟု ခင်ဖြူသတိပြုလိုက်မိသည်ပဲ။

ဆိုင်ထဲကအထွက်မှာ ဆိုင်ရှေ့သို့ ကားတစ်စီးထိုးရပ်တာ တွေ့လိုက်၏။

'ဟာ....ကိုလေး...မြန်မြန်သွား၊ အန်တီနွဲ့တို့ကား—



ပြောရင်း ခင်ဖြူက လမ်းတစ်ဖက်သို့ ခပ်သွက်သွက်ဖြတ်ကူးသွားသည်။

ခင်ဖြူကိုငဲ့စောင်းပြီး တစ်ချက်ကြည့်ကာ ရပ်ထားသည့်ကားကို ကျောပေးလျှောက်ခဲ့မိတော့၏။

ရင်ထဲမှာ တုန်လှုပ်ချောက်ချားစွာဖြင့် ရပ်လိုက်သည့် ကားကို ပြန်မကြည့်ရဲ။

ကားထဲမှာ ရိပ်ခနဲတွေ့လိုက်တာ အန်တီနွဲ့ ဖြစ်မည်ဟု မှန်းကြည့်လိုက်မိ၏။

အိမ်ရောက်လျှင် ဦးအောင် မေမေ့ကို ပြောထားရမည့်စဉ်းစားသည်။ သူငယ်ချင်းတွေနှင့် ဆိုင်ကိုရောက်သွားတာ၊ အိမ်ကိုမပြောခဲ့ရလို့ သူတစ်ဦးတည်း စောစော ပြန်လာခဲ့တာ ပြောမည်။ ဆိုင်ထဲမှာ ကောင်မလေး သုံးယောက်နှင့် ကောင်လေး တစ်ယောက် ထိုင်နေတာကို ပြန်သတိရသည်။ အဲဒီဝိုင်းက ထ,လာသည့်ပုံမျိုးဖြစ်အောင် ပြောရမည်။ ကိုလေးအကြောင်း မေးလျှင် ကိုလေးနှင့်သူ့ သူငယ်ချင်းကို ဆိုင်ထဲဝင်လာတာ မြင်မိသားပဲဟု ညာမည် တွေး၏။

စဉ်းစားရင်းနှင့် ကျောက်စရစ်ခဲလေး တစ်လုံးကို ကုန်းကောက်ကာ လက်ထဲမှာ ဆုပ်ထားလိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝသို့ရောက်လျှင် ကျော်ချက်စရစ်ခဲကလေးကို နောက်ပြန် ပစ်လိုက်ရဦးမည်။

အဲဒီလိုလုပ်လျှင် အိမ်က ဆူတော့မှာ မဟုတ်ဟု ကိုလေး ပြောခဲ့ဖူးတာ ပြန်သတိရမြန်၏။

*

[ ၁၃ ]

'သမီး....မေမေ့ကို ဘာလို့ ညာချင်ရတာလဲကွယ်'

အဲဒီ ညနေကတော့ မေမေက သူပြောသမျှယုံသည့် ခင်မြို့ကို မေမေ ဘာမျှမပြော။ ခဲလုံးလေးကို နောက်ပြန် ပစ်ခဲ့လို့ပဲဟု ခင်မြို့ တွေးဖြစ်ခဲ့သေးသည်။ နောက်နေ့နေ့ လယ်ရောက်မှ ခင်မြို့ကို မေမေ ခေါ်ပြီး မေးတော့သည်။

'မေမေ့ကို ခင်မြို့ မနေ့ညနေကဘာညာတွေ ပြောခဲ့သားပဲ'

ဟု ခင်မြို့ ပြန်ပြောကာ အကြည့်ကို လွှဲသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီး မေမေ့ကို ဘာလို့ ညာချင်ရတာလဲကွယ် ဆိုတော့ မေမေ့ မျက်နှာကို အကြည့်ရောက်၏။ တကယ်တမ်းတော့ လိပ်ပြာက မလုံချင်။

'သမီးနဲ့မောင်မင်းထွဋ်ကို အန်တီနွဲ့ကကိုယ်တိုင်မြင်ခဲ့လို့ ပြောတာ၊ သမီးက ဘာလို့ ဝန်မခံချင်ရတာလဲ'

မေမေက သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း ထပ်ပြော သည်။

'သမီး မေမေ့ကို ပြောသားပဲ၊ ကိုလေးနဲ့ သူ့ သူငယ်ချင်း ဆိုင်ထဲဝင်လာတာ တွေ့ပါတယ်လို့'

'အဲဒီလို ဆိုတာမျိုး မဟုတ်ဘူး သမီး၊ သမီးနဲ့ မောင်မင်းထွဋ် အတူတူလာကြတာ မဟုတ်ဘူးလား'

'သမီးနဲ့ ကိုလေး အတူတူ ထိုင်တာ တွေ့တယ်လို့ အန်တီနွဲ့က ပြောလား မေမေ'

ခင်ဖြူက မေမေ့ကို ပြန်မေးလိုက်၏။

'ထိုင်နေတာ တွေ့တယ်လို့တော့ မပြောဘူး သမီး၊ ဆိုင်ထဲက အတူတူ ထွက်လာတာ တွေ့တယ် ပြောတာ....'

မေမေက အကဲခတ်ကြည့်ရင်း ပြောသည်။



'အဲဒါ ခက်တာပေါ့ မေမေ၊ သမီးပြောသားပဲ၊ သမီး တစ်ယောက်တည်း ဆိုင်ထဲက ထွက်ပြန်လာခဲ့တာပါလို့၊ ကိုလေးနဲ့ သူ့သူငယ်ချင်း ဆိုင်ထဲဝင်လာတာ တွေ့ သားပဲ'

မသူးတော့ပြီဟု ဆက်ပြီး ညာလိုက်သည်။

'အန်တီနွဲ့ ပြောတာက မောင်မင်းထွဋ်နဲ့ အတူတူ ဆိုင်ထဲက ထွက်လာပြီး တစ်ယောက်စီ ခွဲသွားကြတယ်တဲ့'

အန်တီနွဲ့က အသေအချာ ပြန်ပြောတာမှန်း ခင်ဖြူ သိလိုက်၏။

'မေမေ မယုံလဲ သမီးဘာမှ မတတ်နိုင်ဘူး သမီးကို မေမေတို့ ဒီလောက်တောင် မယုံဘူးလား'

စိတ်ကောက်ဟန်နှင့် မေမေ့ ရှေ့မှ ထ,ထွက်လာခဲ့ပြီး မီးဖိုချောင်သို့ဝင်၏။

'စိတ်ပူလို့ ပြောတာပါ သမီးရယ်၊ ဘာမှမဟုတ်ယင်လဲ ပြီးတာပါပဲ၊ အန်တီနွဲ့လို တစ်ယောက်ယောက်က မျှား တွေ့ပြီး သတင်းပျံ့သွားယင် သမီး နာမည် ပျက်နေမှာ စိုးလို့၊ အဲဒီသူငယ်က ကောင်းတာမှ မဟုတ်တာ၊ သမီးလဲ သူ့အကြောင်းတွေ ကြားဖူးသားနဲ့ကွယ်၊ ဟုတ်တာမဟုတ်တာ ထား၊ သမီးဖေဖေ သိသွားယင် တော့ မိုးမီးလောင်လိမ့်မယ်၊ သမီး အဖေအကြောင်း သမီး အသိဆုံးပဲဟာ'

ကြက်သွန်လှီးနေရာသို့ မေမေ ရောက်လာပြီး ပြောတော့ ကျက်လုံးကို လက်စုံနှင့်သုတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမှာ မျက်ရည်တို့ စို့၍ ဝဲလာပြီ။

မေမေကတော့ ကြက်သွန်မှန်လို့ဟု ထင်လေမလား။

* * *

သင်းသင်းကို ခင်ဖြူပြန်ပြောပြလိုက်သည်။

'အနေအထိုင် ခါတိုင်းထက်ပိုပြီး ဆင်ခြင်ဖို့တော့ လိုမယ်ခင်ဖြူ'

ဟု သင်းသင်းက အကြံပေးသည်။

'သင်းသင်းရယ်...နှစ်သိပါတယ်၊ ငါတို့ ပေါ်ပေါ်ထင်ထင် ဘယ်မှာ သွားရဲလာရဲလို့လဲ၊ ဘုရားသွားတာတောင် ရှုံးမဆင်းခင်လင်ပြီး သွားခဲ့ရတာ'

'သတိထားယင်တော့ မမှားဘူးပေါ့ခင်ဖြူ၊ ရာ၊ ကိုလေးကို ရုံးလဲ ခဏခဏ မလာခိုင်းနဲ့ပေါ့'

'ရုံးလာယင်လဲ ရုံးအဝထိ သူမလာရဲပါဘူးကွာ၊ ငါ ရုံးရှေ့က အဖအေးဆိုင်ကပဲ ထိုင်စောင့်ရတာ'

'ကိုလေးက ဟိုအယင်က သူနေချင်သလို လွတ်လွတ်လပ်လပ်နေခဲ့ပြီး ခုလို ဟိုရှောင်ရ ဒီရှောင်ရနဲ့ဆိုတော့ သူဘာမှမပြောဘူးလား ခင်ဖြူ'



သင်းသင်းက ခင်ဖြူကိုကြည့်ရင်း မေးလိုက်သည်။

'ဘာမှမပြောဘူး သင်းသင်း၊ ငါလဲ ကိုလေးကို တစ်ခါတစ်ခါတော့ သိပ်သနားတယ်၊ သူ့ခမျာ ငါနဲ့ကျမှ ဒုက္ခရောက်ရပါလားလို့လေ၊ ပြီးတော့ သူ့အနေအထားနဲ့ဆို ဘာကယ်လက်ထပ်တဲ့အခါ ငါ့ထက်သာတဲ့သူတွေကို သူလက်ထပ်နိုင်တာပဲ'

'သူ နင့်ကိုတော့ တကယ်ချစ်ပုံရပါတယ် ခင်ဖြူ'

ခင်ဖြူက ဟိုးအဝေးက ပိတောက်ပင်ဆီ လှမ်းကြည့်ရင်း ဆက်ပြင်းကို ချလိုက်သည်။

'အဲဒါ ခက်တာပေါ့ သင်းသင်းရယ်၊ အိမ်ကလဲ ကိုလေးနဲ့ဆို ဘယ်လိုမှ သဘောတူနိုင်ကြမှာ မဟုတ်ဘူးလေ၊ အခုဟာက ဖေဖေသာမသိသေးတာ၊ မေမေကတော့ ရိပ်မိနေပြီ သင်းသင်း၊ ငါပြောတာတွေကို မေမေမယုံတော့ဘူးဆိုတာ ငါသိတယ်'

သင်းသင်းနှင့်မျက်နှာချင်းဆိုင်ကာ ပြောလိုက်ပြန်သည်။

'နင် ဘာလုပ်မယ်စိတ်ကူးထားလဲ'

'ဘာကိုလဲသင်းသင်း'

'ကိုလေးနဲ့ကိစ္စကို နင့်အိမ်က သေသေချာချာသိသွားယင်လေ'

အကြိမ်ပေါင်းများစွာ စဉ်းစားခဲ့ပြီးလျက် ရှေ့ရှာသေအဖြေကို မရနိုင်သော မေးခွန်းဟု ခင်ဖြူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါမသိဘူး သင်းသင်း၊ အဲဒီအကြောင်းကိုစဉ်းစားမိတိုင်း ရင်ထဲမှာခံစားရတာပဲ အဖတ်တင်တယ်၊ တစ်ခုတော့ ငါတွေးထားတယ် သင်းသင်း'

'ဘာလဲဟင်....'

ခင်ဖြူက ပိုတောက်ပင်ဆီ လှမ်းကြည့်လိုက်မိပြန်သည်။

'သကြံန်ကျဖို့ သိပ်မလိုတော့ဘူးလေ'

ဟု ခင်ဖြူပြောလိုက်သည်။

'ဟုတ်တယ်....နင်ပြောမှသတိရတယ်၊ ဘာလိုလိုနဲ့ နင်နဲ့ကိုလေးတို့ တစ်နှစ်တောင် ပြည့်ကြတော့မယ်နော်'

'အင်း....သကြံန်ရောက်မှာ ငါတွေးကြောက်နေတယ် သင်းသင်း'

'ဘယ်လို....ခင်ဖြူ'

ခင်ဖြူ့ကို နားမလည်သလိုကြည့်ရင်း သင်းသင်းက မေးသည်။

'သကြံန်ရောက်ယင် မနှစ်ကလိုပဲ မေဦးတို့အိမ်မှာ ဆုံကြရအောင်လို့ ကိုလေးငါ့ကိုခဏခဏပြောတယ်သင်းသင်း၊ သူကျေနပ်အောင် ငါခေါင်းညိတ်ခဲ့ပါတယ်၊ အခုတော့ အဲဒီလိုဆုံဖို့ ငါသတ္တိနည်းနေတာ အမှန်ပဲသင်းသင်း၊ မေမေက ငါ့ကိုမသက်သာဖြစ်ပြီဆိုတော့ မနှစ်ကလို လွှတ်မယ်မထင်ဘူးလေ၊ ပြီးတော့ လွှတ်ယင်လဲ အောင်အောင့်ကို ငါနဲ့အဘူ ထည့်ပေးလိုက်ချင် ထည့်ပေးလိုက်မှာ....'

သူတွေးမိသမျှ သင်းသင်းကို ရှင်းပြလိုက်သည်။ သင်းသင်း ဘာမှပြန်မပြောဘဲ နားထောင်နေ၏။



'အဲဒီအခါကျတော့ ကိုလေးရောငါရော စိတ်ဆင်းရဲကြရမယ်လေ၊ ဘယ်မှမထွက်ရဘဲ အိမ်ထဲမှာနေရယင်လဲ ကိုလေးကို ငါအရမ်း သတိရနေမှာ၊ ဒီသကြံန်တော့ ကိုလေးနဲ့ငါတွေ့ဖို့ လွယ်မယ်မထင်ပါဘူး သင်းသင်းရယ်....'

ပြောရင်း သက်ပြင်းချလိုက်မိပြန်သည်။

'မေဦးတို့လဲ ရှိပါသေးတယ်ဟာ၊ သိပ်ပြီး စိတ်ဓာတ်ကျမနေပါနဲ့ဦး'

'ငါဆုံးဖြတ်ပြီးပြီ သင်းသင်း'

'ဘာကိုလဲ ခင်ဖြူ'

'ဒီသကြံန်မှာ ငါရန်ကုန်မှာ မနေတော့ဘူးဟာ....'

'ဟင်....နင်ဘယ်သွားမှာလဲ'

သင်းသင်းက အံ့ဩစွာမေး၏။

'ငါမေမေနဲ့ ထားဝယ်လိုက်သွားတော့မယ် သင်းသင်း၊ အစကတော့ မေမေက သကြံန်ကျော်မှ သွားမလို့ပဲ၊

www.burmeseclassic.com



ငါကပဲ သကြံန်တွင်းသွားဖို့ ပူဆာလိုက်တယ်၊ မထူး ဘူးလေ'

'ကိုလေး သိသွားဟင်၊ ကိုလေးကို ပြောပြီးပြီလား'

ကိုလေးမျက်နှာကို အတွေးဖြင့် မြင်ယောင် ပြန်သည်။ ကိုလေးကိုပြောဖို့အတွက် အင်အားမွေးကြည့်သည်။ ကိုလေး မျက်နှာကိုမြင်တော့ စကားက နှုတ်မှမထွက်။

'ငါမပြောတော့ပါဘူး သင်းသင်းရယ်၊ ပြောလိုက်ယင် ကိုလေးငါ့ကို တားနေဦးမှာ၊ သူတားတဲ့ကြားက ထွက်သွားရတာမျိုးလဲ မလုပ်ချင်ဘူးလေ'

'သူ့ကိုအသိမပေးတော့ဘဲ သွားမှာလားဟင်မြို'

သင်းသင်းကို ခေါင်းညိတ်ပြလိုက်သည်။

'ကိုလေး စိတ်ဆိုးနေမလား'

ဟု သင်းသင်းက သူ့အထင်ကို ပြောလိုက်၏။

'စိတ်ဆိုးပြီး ခွဲသွားယင်လဲ ခွဲပေါ့သင်းသင်းရယ်၊ ငါ ထားဝယ်သွားတာလဲ ယာယီပြကြည့်တဲ့သဘောပဲပေါ့



ဘယ်လောက် ခံစားရမယ်ဆိုတာ ကြုံဖူးသွားတာပေါ့ ဟုတ်ဘူးလား....'

ပြောလိုက်ရသော်လည်း ရင်ထဲမှာ နင့်နေသည်။ သုံးလေးရက်မျှ မတွေ့ရမမြင်ရလျှင်ပင် အရာရာသည် အယောင်ယောင် အမှားမှားနှင့် အာရုံအားလုံး က ကိုလေးဆီရောက်နေတတ်တာ ဘာသာအသိဆုံး။

'ကိုလေးသိပ်စိတ်ပူနေလိမ့်မယ်ထင်တယ် ခင်မြို'

သင်းသင်းစကားကြားတော့ သင်းသင်းကို ကြည့်လိုက်မိပြန်သည်။

'မဂတ်နိုင်ဘူး သင်းသင်းရယ်၊ ငါ ကိုလေးကိုတော့ ဘာမှမပြောတော့ဘူး၊ သူ နင့်ကို လာမေးမှာတော့ သေချာတယ်'

'လာမေးယင် ငါဘာပြောရမလဲ ခင်မြို'

သင်းသင်းအမေးကို ချက်ချင်းမဖြေသေးဘဲ ခေတ္တစဉ်းစားသည်။

'ဒီလိုပြောကွာ...မသွားခင်ညကမှ နင့်ဆီ ငါရောက်လာပြီး ပြောသွားတယ်လို့၊ ထားဝယ်က ငါ့အမေ အမျိုးတွေဆီကို ငါလိုက်သွားတယ်လို့၊ မေမေကအတင်းခေါ်သွားတာ အောက်စွာဆိုတာလဲ မသိဘူး ပြောတယ်၊ ကိုလေးကို ပြောချိန်လဲမရတော့လို့ မပြော ခဲ့ရတာပေါ့ကွာ၊ လက်မှတ်ကြိုယူထားပြီး အဲဒီညက မှ ထားဝယ်လိုက်ရမယ်ဆိုတာသိလို့ လာပြောတာလို့'

သင်းသင်းက သူ့စကားကိုနားထောင်ရှင်း...

www.burmeseclassic.com



'နင့်ကိုဘာ်မျိုးထင်သွားယင်ဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်ပြန်၏။

'ဘယ်လိုဘစ်မျိုးလဲ သင်းသင်း'

'မဟုတ်ဘူးလေ...အန်တီနဲ့တွေ့သွားလို့ နင့်မေမေရိပ်မိသွားတဲ့အကြောင်း ကိုလေးကို ပြောပြီးပြီ မဟုတ်လား'

သင်းသင်းကို သူခေါင်းညိတ်ပြလိုက်မိသည်။ နောက်နေ့ညနေ ကိုလေး ရုံးရှေ့ကစောင့်နေစဉ်မှာ အစအဆုံးမှာထိုင်ရင်း ပြောပြဖြစ်၏။ ရုံးမှာလည်း မေမေတို့အသိတွေ ရှိနေသောကြောင့် ကိုလေး ရုံးပေါ်အထိ လာလို့မဖြစ်။ ရုံးရှေ့မှာဆုံတာတောင် ဟိုကြည့်သည်ကြည့်နှင့် သတိကြီးစွာ ထားခဲ့ရသည်ပဲ။

သင်းသင်းပြောမည့်စကားကို နားစွင့်ရင်း သင်းသင်းကို ကြည့်မိသည်။

'အဲဒီတော့နင်ကသဲ ရုတ်ဘရက် ထားဝယ်လိုက်သွားရတယ်ဆိုတော့ သူနဲ့ခဝေးအောင် ထားဝယ်ပို့တာလား၊ ဒါမှမဟုတ် အိမ်ထောင်ချပေးဖို့ ကိုစွတွေ ဘာတွေအတွက် ထားဝယ်ခေါ်သွားတာလား...ဘာလားနဲ့ အမျိုးမျိုးတွေးနိုင်တာပေါ့၊ ဟုတ်ဘူးလား'

သင်းသင်းက သူ့စကားကို ဆက်သည်။

'ကိုလေးအယန်ကောင်မလေးတွေ ပို့ပဲ ငါ့ကိုအပျော်တွဲတာဆို ကောင်းမှာ သင်းသင်းရယ်'



'ဟာ....နင်ကလဲ'

'ဟုတ်တယ်၊ အဲဒီလိုဆိုယင် ခွဲသွားယင်တောင် ကိုလေး ခံစားရမှာ မဟုတ်ဘူးလေ'

'နင်ကလဲ ခွဲစကားသိပ်ပြောတာပဲ ခင်ဖြူရယ်'

'နင်မသိပါဘူး သင်းသင်းရယ်'

သင်းသင်းကိုပြောကာ အကြည့်ကို လွှဲလိုက်သည်။ အာရုံ၌ ဖေဖေ့မျက်နှာက ရုတ်တရက် ပေါ်လာပြန်၏။

*

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

ဒီသကြန်မှာ ကိုလေး ပျော်ပါရဲ့သားလေ....။

ခင်ဖြူ့ကို သတိရတမ်းတရင်း ကိုလေး လွမ်းနေမှာလား။ နှုတ်မဆက်၊ ခွင့်မတောင်းဘဲ ခရီးရှည်ကို ထွက်ရဲ့သူဟု စိတ်ဆိုးနာကြည်း နေလေမလား။ မောင်ဦးတို့အိမ်နားက ပိတောက်ပင်ကြီးရဲ့ ပိတောက်ကိုင်းတွေကို မနှစ်ကလိုချိုင်ချယ် ကိုလေး ခူးပြီး ဘယ်သူ့ကို ပန်ပေးမှာတဲ့လဲ။ ဝေရီရီ မျက်ဝန်းထဲမှာ ဆွေးရိပ်တွေသန်းလို့ လွမ်းဖွဲ့နေမည့် မျက်နှာကို မြင်ယောင်လာသော ခင်ဖြူ့ရင်၌ ကျွမ်းမြည့်ကြေကွဲစွာ ခံစားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်အတော်အတန် ဝေးကွာခြင်းဖြင့် နွှောင်တင်းသည့် သံယောဇဉ်ကြိုး ပြေလျော့နိုးဟု တွေးခဲ့မိသည်။

မဆုံသာ၊ မတွေ့သာသော အရပ်မှာ ရှိနေခြင်းအတွက် တွယ်မက်စွဲလမ်းမှုအိပ်မက် ပျောက်ပျက်နိုးဟု ထင်ခဲ့မိသည်။

စင်စစ် ဘယ်မှာနေနေ ဘယ်မှာရှိရှိ၊ ကြည့်သမျှမြင်သမျှသည် သတိရစရာ ဖြစ်လာတော့၏။ ကိုလေးနှင့်ပတ်သက်လျှင် မက်ခဲ့ဖူးသည့် အိပ်မက်တောင်မှ အမှတ်တရစွဲထင်သည်။

ရင်ကိုလှုပ်ခါ စူးနှစ်၊ ဝေဒနာအဖြစ် မွေးဖွားစေသည့် အရာမှာ ချစ်သူသာ ဖြစ်ပါ၏။

ချစ်သူနှင့်ပတ်သက်လျှင် မေ့ရက်စရာဟူ၍ မရှိစေအောင်။ ဟောင်းနွမ်း မှေးမှိန်ခြင်းဆင်းသည့် ပန်းချီကားကို နှလုံးသား၌ ရေးဆွဲခဲ့ပြီးပြီလေ....။

အာရုံကို စုစည်းကာ အိပ်မှုပါဟု အသိဝင်တော့ ဟိုဝေးဝေးမှ နာရီသံချောင်းခေါက်သံ နှစ်ချက်ကို ကြားနေရပြီ။

ပြတင်းတံခါးကို အသာပိတ်လိုက်၏။

အိပ်စက်ခြင်းမှာလည်း လွမ်းအိပ်မက်တွေ ဖွေ့ဝဲနေဦးမှာ ပါသလားကွယ်....။

*

အပိုင်း [၄]

www.burmeseclassic.com

www.burmeseclassic.com

[၁]

မေမေနှင့် အန်တီတို့ ကော်ဖီသောက်ရင်း စကားပြောနေကြတာ အတိုင်းသား ကြားနေရ၏။

ထမင်းစားခန်းနှင့် ခင်ဖြူအိပ်သည့် အခန်းမှာ အထပ်သားကာထားသည်မို့ သာမန်လေသံနှင့် ပြောစကားပေမယ့် ပြတ်သားစွာ ကြားရသည်။

'ခင်ဖြူ့မှာ ရည်းစားတွေဘာတွေ မရှိတာ သေချာရဲ့လား ဖြူဖြူ'

အန်တီမြ စကားမှာ သူ့အမည်ပါတော့ သတိထား နားစွင့်လိုက်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မရှိဘူးလို့တော့ ထင်တာပဲ မမြရဲ့'

ဟု မေမေက မယုတ်မလွန် ပြန်ဖြေသည်။

'နည်းနည်းပါးပါးလဲ နားလေးဘာလေး စွင့်ထားဦး ဖြူဖြူ၊ ဒီခေတ်မှာ လွယ်တာမဟုတ်ဘူး၊ မတော်တရော်နဲ့ တွေ့နေမှာ စိုးရတယ်လေ၊ အကြီးမကတော့ ပိုအေးမယ်ထင်တယ်'

'ဟုတ်တယ် မမြ၊ ခင်ဖြူကတော့ ပိုသွက်ပြီး ပိုပွင့်တယ်လေ၊ ပြောချင်တာဆို ဟောဟောဒိုင်းဒိုင်း ပြောတတ်တာ၊ ဒါကြောင့်လဲ ရည်းစားတွေဘာတွေ မရသေးတာလားတော့ မသိဘူး'

'အရွယ်လဲ ရောက်နေကြပြီပဲ ဖြူဖြူရယ်၊ ပြီးတော့ အလုပ်တွေ အကိုင်တွေနဲ့ပဲ သူတို့မှာ မရှိလဲ အိမ်ကသင့်တော်တဲ့လူ စီစဉ်ပေးကြပေါ့၊ ညည်းတို့ကလဲ နေနိုင်တယ်၊ ငါကြည့်နေတယ်၊ မောင်ဇော်ဝေနဲ့ဆို ရွှေ့သွား နောက်လိုက် သိပ်ညီတာပဲနော်'

ဘုရား....ဘုရား....ဟု ရင်ထဲက တ,လိုက်မိသည်။ အန်တီ့ စကားကြောင့် ခေါင်းနားပန်း ကြီးသွားရတော့၏။

'ကောင်လေးက ဖွံ့ဖွံ့ဖြိုးဖြိုး အေးပုံရပါတယ် မမြ'

'ဟုတ်တယ်၊ တော်တော် အေးပုံရတယ်၊ ငါလဲ အတော်ကြာ ကြည့်နေတာ၊ ဒီလောက် အတူသွား အတူလာနေတာတောင်မှ ငင်ဖြူနဲ့ သိပ်ပြီး တရင်းတနှီး မနေဘူးလေ'



ကိုဇော်ဝေနှင့်သူ့ကို အန်တီတို့က စိတ်ကူးယဉ်နေကြပြီဟု အတတ်သိလိုက်၏။

'ခင်ဖြူကလဲ သိပ် ရောရောနှောနှော နေတတ်တာမှ မဟုတ်တာ'

ဟု မေမေက ပြန်ပြောတာ ကြား၏။

'ညည်း ဘယ်လိုသဘောရလဲ၊ ဒီကောင်လေးကို ငါတော့ ခင်ဖြူနဲ့ ဖြစ်သွားစေချင်တယ်'

အန်တီမြက ပွင့်ပွင့်လင်းလင်း မေးလိုက်တော့၏။

ခုတင်ပေါ်မှ ရုတ်တရက် ထ,ထိုင်လိုက်မိသည်။ ပြီးတော့ အသာငြိမ်ပြီး နားထောင်နေမိပြန်သည်။

'ဘာ သဘောမတူစရာ ရှိလဲ မမြရယ်၊ ဒါပေမယ့် ဒီကောင်လေးဘက်ကရော ဘယ်လိုမှန်းမှ မသိတာ'

'ဒါတော့ စိတ်ချ ငါ့တာဝန်ထား၊ ငါစုံစမ်းကြည့်မယ်၊ အဲဒီ မောင်ဇော်ဝေတို့ အဒေါ်က ငါ့မိတ်ဆွေရင်းပဲဟာ၊ စုစု ကြည့်ရတာလဲ ခင်ဖြူ့ကို တော်တော်ခင်ပုံရတယ်'

'ဒါပေမယ့် သူတို့ လူငယ်ချင်းက'

'လူကြီးချင်း သဘောတူယင် လူငယ်ချင်းက ဖြစ်ရမှာပေါ့ ဖြူဖြူရယ်၊ အရေးကြီးတာက မောင်ဇော်ဝေတို့ အန်တီပဲ၊ မောင်ဇော်ဝေတို့ အဖေအမေပေါ်မှာလဲ ဩဇာရှိပါတယ်၊ ငါ တီးခေါက်ကြည့်ပါဦးမယ်'

'မမြ သဘောပါပဲ'

'ပြီးတော့မှ ကိုယ့်သမီးကိုယ် မနိုင်တော့ မဖြစ်စေနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းအသစ် တစ်ခုကိုတော့ ရင်ဆိုင် ရတော့မည်ဟု စိုးရိမ်တွေးပူသည်။

အို…ကိုဇော်ဝေမှာလဲ သူ့ချစ်သူ ရှိနေတာပဲဟု ဖြေတွေး တွေးလိုက်သည်။

ထားဝယ်သူတွေနဲ့စတော့ သူ့အမေအကြောင်း အသိသား နဲ့ဟု စုစုတို့အမေက ပြောသည်ဟု စုစုပြောတဲ့စကားကိုလည်း ပြန်ကြားယောင်သည်။

ကိုဇော်ဝေမှာ အိမ်က ရည်ရွယ်ထားသူ ရှိပုံပေါက်တာပဲ၊ သိပ်ပြီး ပူစရာမရှိပါဘူးဟု စဉ်းစားရင်း သက်ပြင်းကို ချလိုက်မိတော့၏။

ထားဝယ်ကိုလိုက်လာတာ အမှားတစ်ခုကို ကျူးလွန်မိသလို များ ဖြစ်နေမလား ကိုလေးရယ်။

အတွေးဖြင့် ကိုလေးကို သတိရလာပြန်သည်။

*

[၂]

'ကိုကိုဇော်က သိပ်ညံ့တာပဲ မေမေ၊ ဒီလောက် အတူသွား အတူလာ ရှိနေတာတောင်မှ မမဖြူနဲ့ တရင်းတနှီးမနေဘူး'

'ဘာလို့နေရမှာလဲ ဟ'

စုစုကို ပြန်ပြောလိုက်သည်။

'မမဖြူ အရမ်းချစ်စရာကောင်းတာ ကိုကိုဇော်ရဲ့၊ ကိုကိုဇော် ဘာလို့ မကြိုက်တာလဲဟင်'

'ဟဲ့…နင့် အစ်ကိုက မထုံတက်တေးနဲ့၊ အုံ့ပုန်းပဲဟာ'

စုစု မေမေကပါ သူ့ဘက်လှည့်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....ဒေါ်ဒေါ်ကလဲ'

ရယ်ပြီး ဒေါ်ဒေါ့်ကို ပြောလိုက်သည်။

'အိမ် သွားကြည့်ပါလား၊ ညွှန့်သည်ဆိုပြီး တော်ကြော့နေတာ မဟုတ်ဘူး မေမေရဲ့၊ မီးဖိုချောင်မှာ သူပဲ ချက်လား ပြုတ်လားနဲ့နေတာ'

'ဒီအိမ်ကို စုစုနဲ့အလည်ပါလာတဲ့ တစ်ခေါက်ပဲတွေ့တာပါ၊ ဒါပေမယ့် ကလေးမလေးက ရိုးရိုးအေးအေးနဲ့ သွက်ပုံရတယ်၊ အိမ်မှုကိစ္စတွေ ဘာတွေလဲ တော်ပုံရပါတယ်၊ စုစု ပြောမှပဲ သတိထားမိတယ်၊ နင့် အဖေ ရှာထားတဲ့ ဟိုကလေးမလေးထက် အများကြီးသာတယ် မောင်ဇော်'

'ဟုတ်တယ် မေမေ၊ သမီးလဲ သိပ်ကြည့်ရတာမဟုတ်ဘူး၊ အဲဒီ စင်သီယာက သိပ် မာနကြီးတဲ့ပုံပဲနော်'

'ဖေဖေနဲ့ မေမေက ဒေါ်ဒေါ့် လိုအပ်လိုက်တာနော်'

ဟု ရယ်ပြော ပြောလိုက်သည်။

'အံ့မယ်လေး....မင်းကသာ ဒီကလေးမလေးကို ကြိုက်တယ်ပြော၊ မင့် အဖေကို ငါ ပြောကြည့်ပေးမယ်၊ ဘယ့်နှယ်လဲ'

'မလုပ်ပါနဲ့ ဒေါ်ဒေါ်ရယ်'

ချစ်ခင်စွဲမက်စရာကောင်းသော စင်သီယာမျက်နှာကိုအတွေး ...င့် မြင်ယောင်ကြည့်သည်။

တစ်ဒင်္ဂအတွင်းမှာ ချိုနွယ့် သည်အာရုံသို့ ရောက်လာ၏။ ...့ဘဝမှာ ချိုနွယ်ရှိနေသားဟု တွေးဖြစ်၏။



ချိုနွယ်သာမရှိခဲ့ပါလျှင် ခင်ဖြူကို သူ စိတ်ဝင်တစား ရှိလေမလားဟု စဉ်းစားမိသေး၏။

စင်သီယာနှင့်စာလျှင် ခင်ဖြူသည် လက်ထပ် သင့်သော အမျိုးသမီးတစ်ဦးဟု သူ ထင်သည်။

ချိုနွယ်နှင့်ကိစ္စကို ဖေဖေနှင့် မေမေရော၊ ဒေါ်လေးတို့ပါ မသိကြ။

လေးငါးလလောက်ကြာလျှင် ရန်ကုန်ပြန်လာပြီး လက်ထပ်ချင်သည်ဟု ပြောခဲ့သော သူ့စကားကို သူ သတိရသည်။

'စင်သီယာနဲ့က စေ့စပ်ထားတာမှ မဟုတ်သေးတာပဲ ကိုကိုဇော်ရာ၊ မမဖြူကို ချစ်ရေးဆိုစမ်းပါ'

'ဟာ....စုစု ဘယ်လိုဖြစ်နေတာလဲ၊ နင့် မမဖြူကရော ငါ့ကို ကြိုက်မယ်များ ထင်နေလို့လား၊ သူ့ကြည့်ရတာ တစ်ခါနီးလုံး ရည်းစားကို လွမ်းနေတဲ့ပုံပဲ'

စုစု ခေါင်းကို လှမ်းပုတ်ရင်း ပြောလိုက်၏။

'ကိုကိုဇော်က သူ့စိတ်နဲ့နှိုင်းပြီး ပြောနေတာ မမေ၊ မမဖြူက သူ့ဟာသူ အေးအေး နေတတ်သလိုနေတာ'

စုစုကို သူ ဘာမှ ပြန်မပြောမိတော့။

*

www.burmeseclassic.com

[၇]

'ဘာတဲ့လဲ မောင်ဇော်'

သံကြိုးမဘာကိုဖတ်နေသော သူ့ကို ဒေါ်ဒေါ်က လှမ်းမေး သည်။

'အမြန်ပြန်လာပါတဲ့ ဒေါ်ဒေါ်၊ တစ်ခြား ဘာမှလဲ မပါဘူး'

ဟု ဒေါ်ဒေါ့်ကို သံကြိုးစာရွက် လှမ်းပေးရင်းပြောသည်။ ဒေါ်ဒေါ်က မျက်မှန်ကို ပင့်လိုက်ပြီး သံကြိုးစာကို ဖတ်သည်။

'တစ်ယောက်ယောက်များ နေထိုင်မကောင်း ဖြစ်လို့ လား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟု သံကြိုးစာကို စားပွဲပေါ်တင်ရင်း ပြောသည်။

'မသိဘူး ဒေါ်ဒေါ်၊ အရေးမကြီးယင်တော့ အဲဒီလို သံကြိုးရိုက်ခေါ်တာတွေ ဘာတွေ လုပ်လေ့ လုပ်ထ မရှိပါဘူး'

'ကိုကိုဇော် ဖုန်းဆက်ကြည့်ပါလား'

ဟု စုစုက အကြံပေးသည်။

'မဆက်နဲ့....မဆက်နဲ့၊ နင့်အဖေက အဲဒီလို ဖုန်းဆက်လဲ ပြောစရာရှိတာ ပြောချင်မှပြောတာ၊ သူ့ အမြန်ပြန်ခဲ့ဆို ပြန်သာသွား'

ဟု ဒေါ်ဒေါ်က ဝင်ပြောလိုက်၏။

'ဟုတ်တယ် .... ဖုန်းဆက်ယင်လဲ မင်း ပြန်လာခဲ့လို့ပဲ ပြောမှာ ကျွန်တော်သိတယ်'

'ကဲ....လုပ်လုပ် လေယာဉ်လက်မှတ် သွားပြော'

'လေယာဉ်လက်မှတ် လွယ်ပါ့မလား'

ဟု စုစုက ခမေးသည်။

'မေမေ့နာမည် ပြောပြီး အကူအညီ တောင်းရမှာပဲ၊ ရနိုင်ပါတယ်'

သံကြိုးစာကို ပြန်ကောက်ယူရင်း ပြောလိုက်သည်။ စိတ်ထဲမှာ မကောင်းတတ်အောင် ဖြစ်ရပြန်၏။

'ဟဲ့....နေဦး မောင်ဇော်၊ ဟိုဘက်အိမ် သွားမေးပါဦး၊ သူတို့လဲ သကြန်ပြီးရင် ပြန်မယ်ပြောတယ်၊ သူတို့ပြန် မယ်ဆိုရင် သူတို့အတွက် လက်မှတ်ပါ ပြောကြည့်ပါလား၊ အတူတူ ပြန်ဖြစ်သွားတာပေါ့၊ သူတို့မပြန်သေး



ယင်လဲ အိမ်ကိုမှာစရာရှိတာ မှာလို့ရတာပေါ့ မဟုတ်ဘူးလား'

အိမ်ပေါက ဆင်းခါနီးမှာ ဒေါ်ဒေါ်က သတိပေးသည်။

* * *

မော်တော်ဆိုင်ကယ်ကို အိမ်ရှေ့မှာ ရပ်ထားပြီး အိမ်ထဲဝင်ခဲ့၏။

'မခင်ဖြူ....မခင်ဖြူတို့ အမေရော ရှိလား'

'ဟာ....ကိုဇော်ဝေ ထိုင်ဦး၊ ခင်ဖြူ ခေါ်ပေးမယ်'

ဧည့်ခန်းထဲမရောက်ခင် လှမ်း ပြော လိုက် တော့ ခင်ဖြူက သူ့ကို မော့ကြည့်ကာ စကားဆိုသည်။

ဧည့်ခန်းထဲမှာ ဝင်ထိုင်လိုက်ရင်း ခင်ဖြူ့နောက်ကျောကို သူကြည့်မိသေးသည်။ သွယ်လျသော ခန္ဓာကိုယ်သည် သူ့အရပ်နှင့် လိုက်ဖက်ရုံ ကြည့်ကောင်းနေသည်ဟု သတိပြုမိသေး၏။

ခဏအကြာမှာ ခင်ဖြူနှင့်အတူ သူ့မေမေပါ ဧည့်ခန်းထဲ ရောက်လာ၏။ အန်တီမြကာ နောက်မှ လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ မောင်ဇော်ဝေ၊ အလုပ်ထဲပြန်တော့မလို့ လာနှုတ်ဆက်တာလား'

ဟု အန်တီက လှမ်းမေးသည်။

'မဟုတ်ဘူးအန်တီ၊ ကျွန်တော် ရန်ကုန်ပြန်ရမှာမို့'

'ဟဲ့....ရန်ကုန်ပြန်မယ် ဟုတ်လား'

အန်တီက အံ့ဩစကားကို ဆိုရင်း မေမေနှင့်အတူ ဧည့်ခန်းမှာထိုင်လိုက်သည်။

ခင်ဖြူက ကိုဇော်ဝေနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်၏။

'ဘယ်လို ဖြစ်လို့လဲ မောင်ဇော်ဝေ'

ဟု မေမေက မေးသည်။

'သံကြိုး ရောက်လာလို့ပါ အန်တီ'

'သံကြိုး ဟုတ်လား'

'ဟုတ်ပါတယ်အန်တီ၊ ဘာကိစ္စလဲတော့ မသိဘူး၊ အမြန်ပြန်ခဲ့ပါဆိုလို့၊ အလုပ်ထဲကိုတော့ သူငယ်ချင်းနဲ့ပဲ ခွင့်တင်ခိုင်းလိုက်ရမယ်'

'အေးကွယ်၊ သကြန်တုံးက မင်းပြန်ချင်တော့ ဒီမှာပဲနေလို့ပြောတယ်ဆိုပြီး'

အန်တီက ကိုဇော်ဝေကိုကြည့်ရင်း ပြောလိုက်သည်။

'ကျွန်တော်လဲ အဲဒါကြောင့် စဉ်းစားလို့မရဘူးဖြစ်နေတာအန်တီ၊ သကြန်ပြန်ဖို့ဖုန်းဆက်တုန်းကတော့ မပြန်နဲ့ပြောပြီး အခုမှ သံကြိုးရိုက်ခေါ်တာ နားမလည်ဘူးဖြစ်နေတယ်'



'ဖုန်းဆက်ကြည့်ရင်ကော ကိုဇော်ဝေ'

ဟု ခင်ဖြူ လှမ်းပြောလိုက်သည်။

'မဆက်တော့ပါဘူး မခင်ဖြူ၊ ဖုန်းဆက်လို့ရတဲ့ ကိစ္စဆိုရင် ဖေဖေက ဖုန်းဆက်ပြောမှာပဲ၊ ဒေါ်ဒေါ်တို့အိမ်မှာ ဖုန်းမရှိပေမယ့် ဖုန်းရှိတဲ့နေရာကို ဆက်ပြီး ခေါ်ခိုင်းတတ်တယ်လေ၊ အခုဟာက လာမှဖြစ်မှာမို့ သံကြိုးရိုက်တာ ဖြစ်မယ်၊ ပြီးတော့ ကျွန်တော် ထားဝယ်မှာ ရှိသား မရှိလား မသေချာလို့ သံကြိုးရိုက်တာလဲ ဖြစ်နိုင်တယ်'

'ဟုတ်ပါတယ်၊ ပြန်စရာရှိတာ ပြန်သွားတာပဲ ကောင်းပါတယ်၊ ဒါနဲ့ လေယာဉ်လက်မှတ်ကရော'

အန်တီက မေးလိုက်သည်။

'ကျွန်တော် အဲဒီကိစ္စအတွက် လာမေးတာပါ အန်တီ၊ ဒီက မခင်ဖြူတို့ ဘယ်နေ့ပြန်မလဲ။ ကျွန်တော် ပြောကြည့်လို့ လက်မှတ် တစ်ခါတည်း ရမယ်ဆိုယင် ယူခဲ့ရမလား၊ အဲဒါ သိချင်လို့ပါ'

ကိုဇော်ဝေက မေမေ့ကိုတစ်လှည့် အန်တီကို တစ်လှည့် ကြည့်ကာ ပြောလိုက်။ မေမေကတော့ အန်တီ့ မျက်နှာကို ကြည့်နေ၏။

'ပြန်တာကတော့ ပြန်မှာပဲ မောင်ဇော်ဝေ၊ အန်တီလဲ ခင်ဖြူတို့ သားအမိနဲ့အတူ ရန်ကုန် လိုက်ဖို့ရှိတယ်၊ ဒီလိုလုပ်ပါလား၊ မောင်ဇော်ဝေပြောလို့ရယင် အဆင်ပြေတာပေါ့၊ အန်တီတို့ဘာသာ လုပ်ရယင် ကြာလိမ့်

www.burmeseclassic.com



ဦးမယ် ဟုတ်တယ်မဟုတ်လား ဖြူဖြူ၊ ရယင် တစ်ခါ
တည်း သွားကြတာပေါ့’

အန်တီက ကိုဇော်ဝေကို ပြောရင်း မေမေ့ဘက်သို့ လှည့်တာ တစ်ဆက်တည်း ပြောသည်။

‘ပို့ပြီး အဆင်ပြေတာပေါ့ မမဖြူရယ်’

ဟု မေမေက ပြောလိုက်၏။

‘ကျွန်တော် ပြောကြည့်မယ်လေ၊ ကျွန်တော့်ကို မှတ်ပုံ
တင်တွေ ပေးလိုက်ပေါ့ အန်တီ’

‘အေးအေး....ခဏနေဦး’

အန်တီက ထိုင်ရာမှ ထလိုက်သည်။

ခင်ဖြူက သူ့မှတ်ပုံတင်နှင့် မေမေ့မှတ်ပုံတင်ယူပေးရန် ထရပ်လိုက်၏။

* * *

‘သိပ်အခက်အခဲ ဖြစ်နေလို့ပါတဲ့ ပြောတယ် အန်တီ၊ ကူညီရယင်ကူညီမှာပါ၊ အခု လေးစောင်တော့ဘယ်လိုမှ ရ မဟုတ်ဘူးတဲ့၊ နှစ်စောင် ရအောင်တော့ ကြံဖန် လုပ်ပေး ပြောတယ်၊ အဲဒါ ကျွန်တော် လာမေးတာပါ၊ ကျွန်တော်



အတွက်တော့ ယူခဲ့ပြီးပြီ၊ ကျန်တဲ့ တစ်ယောက်ကို ယူမယ်မယူဘူး၊ ကျွန်တော်ချက်ချင်း လာပြောပါမယ် ပြောထားခဲ့တယ်’

ကိုဇော်ဝေ ပြန်ရောက်လာပြီး ပြောသည်။ အန်ကယ်လည်း အိမ်ပြန်ရောက်လာပြီဖြစ်၍ဧည့်ခန်းမှာ လူစုံသည်။

‘ဘာဖြစ်ဖြစ်ပေါ့ကွ၊ ရတုန်း ယူထားတာကောင်းတယ်၊
နောက်လဲ သိပ်လွယ်မှာ မဟုတ်ဘူး၊ ဒီလိုပဲ လူခွဲပြန်ချင်
ပြန်ရမှာ တချို့ဆိုယင် မော်လမြိုင်က ချောင်လို့
မော်လမြိုင်ကို စီးရတာ၊ မော်လမြိုင်မှတစ်ဆင့် ရန်ကုန်
ပြန်ရတာပဲ၊ တစ်စောင်ရ တစ်စောင်ယူပြီး လိုက်သာ
သွား....’

အန်တီက ဝင်ပြောလိုက်သည်။

‘ကဲ.... ဒီလိုလုပ် ခင်ဖြူ ပြန်လိုက်သွား၊ အန်တီနဲ့
ဖြူဖြူနဲ့က နောက်က လိုက်လာခဲ့မယ်’

အန်တီက ခင်ဖြူကို ကြည့်ရင်း ပြောလိုက်၏။ မေမေက အန်တီ့စကားကြောင့် ခင်ဖြူကို လှမ်းကြည့်သည်။

ငြင်းလိုက်လျှင် ကောင်းမလား စဉ်းစားမိသေး သည်။ ငြင်းလိုက်ပါက ကိုဇော်သူ့ကိုတစ်မျိုးထင်သွားပေမည်။ မိနစ်ငါးဆယ်နှင့် လေယာဉ်အတူစီးရတာ ဘာဖြစ်သလဲဟု တွေးမိပြန်၏။

ပြီးတော့ ကိုလေးနှင့် အမြန်တွေ့ချင်စိတ်နှင့် ရန်ကုန်ကို သူ ရောက်ချင်လှပြီလေ။

နောက်နေ့ နောက်နေ့တွေမှာ လက်မှတ်မရပါက ထားဝယ်မှာ သောင်တင်၍ နေရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



'ရတယ်လေ၊ ခင်ဖြူ ပြန်နှင့်ပါမယ်'

ဟု သူ လှမ်းပြောလိုက်သည်။

'ဒါဆို မခင်ဖြူနာမည်နဲ့ ကျွန်တော် လက်မှတ်သွားယူလိုက်တော့မယ်နော်'

ဟု ပြောရင်း ကိုဇော်ဝေက ထရပ်သည်။

'ဟုတ်ကဲ့ ...ကိုဇော်ဝေ'

ဟု ခင်ဖြူက ပြောလိုက်၏။

'မနက်ဖြန် လေယာဉ်နော် ဟုတ်လား မောင်ဇော်ဝေ'

'ဟုတ်ဘယ် အန်တီ စိတ်ချပါ၊ ကျွန်တော် မခင်ဖြူကို အိမ်အထိ ပို့ပေးလိုက်ပါ့မယ်'

မေမေ့ကို ကြည့်ရင်း ကိုဇော်ဝေက ပြောတော့

'အေးပါကွယ်၊ စိတ်ချပါတယ်'

ဟု မေမေက ပြန်ပြောလိုက်သည်။

မနက်က အန်တီနှင့် မေမေတို့ပြောနေသည့် စကားတွေကို ပြန်ကြားယောင်လိုက်သေးသည်။

*

[၄]

'သင်းသင်း တကယ်မသိတာလားဟင်'

ကိုလေးက သင်းသင်းကို တပ်မေးမိပြန်သည်။

'တကယ်မသိတာပါ ကိုလေး၊ ခင်ဖြူကိုယ်တိုင်လဲ ဘာမှ မသိတာ သေချာပါတယ်၊ သင်းသင်းဆီကို လာပြောသွားတာပဲ၊ သွားကာနီးကျမှ ကပ်သိလို့၊ ကိုလေးဆီ သွားတာမှ ပြောမသွားနိုင်တာပါ၊ ကိုလေးလာမေးယင် သာ ရှင်းပြလိုက်ပါလို့ မှာသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းက ခင်ဖြူမှာသည့်အတိုင်း ကိုလေးကို ပြန်ပြောနေမိသည်။

'ခင်ဖြူ ကိုလေးကိုစိတ်ဆိုးရော စိတ်ကောက်စရာတော့ ဘာမှမရှိတာသေချာတယ် သင်းသင်းရယ်'

ကိုလေးက ခေါင်းကုတ်ရင်း ငြီးပြော ပြောနေပြန်၏။

'ခင်ဖြူ စိတ်မကောက်တတ်ပါဘူး ကိုလေးရဲ့'

ကိုလေး ဖြေသာအောင် သင်းသင်းက ပြောမိသည်။

'ကိုလေး တစ်ခုပဲပူမိတယ် သင်းသင်းရယ်၊ ကိုလေးနဲ့ ခင်ဖြူ ဆိုင်ထဲက အထွက်မှာ အန်တီနဲ့တွေ့သွားပြီး ခင်ဖြူ့အမေကို ပြန်ပြောတယ်တဲ့၊ ခင်ဖြူ့မေမေက ရိပ်မိသွားမှာတော့ သေချာတယ်၊ ခင်ဖြူကလဲ အဲ့ဒီအကြောင်း ကိုလေးကိုပြန်ပြောပြတယ်လေ၊ ဒါကြောင့်များ ခင်ဖြူကို ထားဝယ်ခေါ်သွားသလားလို့ကိုလေးတွေးမိတယ်'

သူတွေးမိတာကို သင်းသင်းအား ပြန်ပြောပြ နေမိပြန်သည်။

'ကိုလေးကလဲ ထားဝယ်ခေါ်သွားလဲ ခင်ဖြူ ပြန်လာမှာပဲ'

ဟု သင်းသင်းက စကားကိုဖော့ပြီး ပြောလိုက်သည်။

'မဟုတ်ဘူး သင်းသင်းရဲ့၊ ဟိုမှာ သူတို့အမျိုးတွေရှိတယ်လေ၊ ဟိုမှာထားခဲ့ယင် ဘယ်လိုလုပ်မလဲ၊ ပြီးမှ အလုပ်ကိုလဲ ခွင့်တင်ချင်တင်မှာပေါ့၊ ဒီထက်ဆိုးတာက ခင်ဖြူ



ကို ဆွေပြု မျိုးပြု ခေါ်သွားတာမျိုး ဆိုယင်တော့ အခက်ပဲ'

'ဟာ....ကိုလေးကလဲ မဖြစ်နိုင်တာတွေ လျှောက်တွေးနေပြန်ပြီ၊ ခင်ဖြူက ကလေးမှမဟုတ်တာ'

'အင်းလေ....ကိုလေး အစိုးရိမ်လွန်တာလဲဖြစ်မှာပါ'

'မစိုးရိမ်ပါနဲ့ကိုလေးရာ၊ ခင်ဖြူ ကိုလေးကို အရမ်းချစ်တယ်ဆိုတာ သင်းသင်းတောင်သိပါတယ်'

ကိုလေးက လေပူကိုမှုတ်ထုတ်ကာ အကြည့်လွှဲသည်။

ကိုလေးရင်ထဲက ခံစားမှုကို သင်းသင်းရိပ်မိလေမည်ထင်၏။

'သွားမယ် သင်းသင်းရယ်၊ ခင်ဖြူပြန်ရောက်ယင်တော့ ကိုလေးကို ဖြစ်တဲ့နည်းနဲ့ အကြောင်းကြားပေးစမ်းပါ၊ ဟိုလေ....မြင့်ဦးတို့ မေဦးတို့အိမ်ကို ဖုန်းဆက်ပြောလိုက်သိလား သင်းသင်း၊ မြင့်ဦးတို့ ကိုလေးကိုလာပြောလိမ့်မယ်'

သင်းသင်းကို မှာနေပြန်၏။

'စိတ်ချစမ်းပါ ကိုလေးရာ၊ သကြံန်ကျယင် ကိုလေးကိုမြင့်ဦးတို့ အိမ်မှာပဲရှိမှာမဟုတ်လား'

သင်းသင်းက စကားလွှဲလိုက်သည်။

'ရှိမှာပါသင်းသင်းရယ်၊ကိုလေးမှာ သွားစရာမှမရှိတာ၊ ဒါပေမယ့် ကိုလေး ပျော်မှာမဟုတ်ပါဘူး၊ ခင်ဖြူ့ကို အရမ်းလွမ်းနေမိမှာပဲ၊ အခန်းအောင်းပြီး စာဖတ်နေရုံပဲရှိတယ် သင်းသင်းရယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုလေး၏ ညှိုးလျှနွမ်းနယ်သော မျက်နှာကို ကြည့်ရင်း သင်းသင်း စိတ်မကောင်းဖြစ်ရသည်။

'သင်းသင်းလဲ မေဦးဆီရောက်မှာပါ ကိုလေး'

'အေးကွာ....ကိုလေးသွားမယ်၊ ခင်ဖြူ ပြန်ရောက်ယင် ချက်ချင်းပြောနော် ဟုတ်လား'

ပြန်ကာနီး ကိုလေးက ထပ်မှာသွားသေး၏။

* * *

သည်လိုနဲ့ သင်္ကြန်ကျော်ခဲ့ပါပြီ ခင်ဖြူ....။

သင်္ကြန်ရေ၏ အေးမြမှုကို ကိုလေးရင်မှာ မခံစားခဲ့ရပါလားကွယ်။ ဝေဒနာအပူစကို သင်္ကြန်ရေ၏အေးမြမှုက မငြိမ်းသတ်နိုင်ခဲ့ပါလား။

စားရာ၊ သွားရာ၊ ဘယ်မှာဖြစ်ဖြစ် ရင်ထဲမှာ ဝေဒနာသစ်တွေ မွေးဖွားရင်း ခင်ဖြူ့ကိုပဲ သတိတရ ဖြစ်နေရပြီလေ။

ကိုလေးနဲ့ ခင်ဖြူ့အကြောင်း ခင်ဖြူ့အိမ်ကသိလို့ ခင်ဖြူ ရှောင်သွားပြီလား ဆိုတဲ့ အတွေးက ကိုလေးရင်ကို ထာဝရ နှိပ်စက်နေပါပြီ ခင်ဖြူ။



ပြတ်ကြွေခဲ့ရော့လို့ ခင်ဖြူ ဖန်တီးလေပြီလား။

ဝေးကြွခဲ့ရော့ဟု ခင်ဖြူ စည်းခြားချင်ပြီလားကွယ်။

ဘယ်မှာရှိရှိ၊ ချစ်သူ့ငါးအရိပ်က ရင်ထဲမှာပါ ခင်ဖြူ။

*

www.burmeseclassic.com

www.burmeseclassic.com

[၅]

ဝေးကွာသည့်အခါ အတူရှိစဉ်က အရာရာသည် အိပ်မက်နှယ် ပါတည့်။

အိပ်မက်ဟုပင် သိလျက် သတိရတမ်းတစရာအဖြစ်အာရုံ၌ နှမျှစ်နေ့စမြဲ။

စွဲသမ်းခြင်းဖြင့်ံ့သံသရာကိုရှည်စေတတ်သည်ဆိုပါက ဆုံးစမဲ့ သံသရာခရီး၌ အထည်းထည်း ဖြစ်လျက်လည်း စွဲလမ်းနေချင် ပါသေးသည် ခင်ဖြူ။

ဆံနွယ်မျှင်ဖွားလျားမှ ယနံ့သည်ပင် အသက်ရှင်နေသမျှ မှတ်မိစရာ တစ်စွန်းတစ်စဖြစ်မည်။ ခင်ဖြူ၏မျက်ရည်တို့ပါးပြင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ် လိမ့်ဆင်းလာခြင်းသည် ကိုယ့်ရင်တွင်းသို့ ချော်ရည် ချော်စက်များ စီးကျလာသည်သို့ ကျွမ်းမြည့်ရပါသည်။ ခင်ဖြူ့ ပါးပြင်ပေါ်မှ မျက်ရည်စတို့ သေ့ခြောက်သွားမည် ဖြစ်သော်ငြား ကိုယ့်နှလုံးသားသည်ကား ထာဝရ လောင်မြိုက်ပူပန်နေဆဲပါလေ။

ပြတ်ကြစေရော့ဟု ခင်ဖြူ ဖန်တီးသော်သည်း သံယောဇဉ်တည်း ဟူသော အခိုင်မြဲဆုံးကြိုးကိုဖြတ်၍ ရရှိအချိုးကောင်း။

ဝေးကြစေရော့ဟု ခင်ဖြူ ဖန်တီးသော်သည်း ချင်ခဲ့ပြီးသော နှလုံးသားတို့သည် တာဝရ ပေါင်းဆုံနေတတ်မြဲ။

ခွဲခွာခြင်းဆိုသည်မှာ ရုပ်ဝတ္ထုတို့ကိုသာ ဖန်တီးနိုင်ပါသည် ခင်ဖြူ။ အမြင်အကြား ခင်ဖြူနှင့် ပတ်သက်ရာ စိတ်အာရုံအားလုံးကိုကား နှလုံးသားမှ ဆွဲထုတ်၍ ကွဲကွာသွားအောင် ဘယ်သူလုပ်နိုင်ပါသတဲ့လဲကွယ်။

ဘယ်ကိုကြည့်ကြည့်...ချစ်သူရှိနေဆဲ။

ဝေ့ဝေ့ဝဲနေသည့် ချစ်သူ့စကားသံ တို့ကို တင်ရုံမပြတ်ကြားနေတတ်စမြဲ။

ကိုယ်သင်းနံ့သည်ပင် အစဉ်သဖြင့် ပျံ့ဆွတ်နေတတ်သေး၍ အောက်မေ့သဖွယ် ဖြစ်နေဆဲပါလေ။

ဝေဒနာအငွေ့ကို ဖြေသာ၍ ရကောင်းပါသလား ခင်ဖြူ။ သောက အပူစကို ဘယ်သူမျှယူလို့ ရနိုင်ပါ့မလဲကွယ်။

*

[၆]

တားကို ရပ်ပြီး လျှောက်လာတော့ အားလုံး လူစုံနေပြီ။

'ကိုလေး မေမေရော မပါဘူးလား'

ဟု အန်တီက လှမ်းမေးသည်။

'မေမေ သွေးတိုးနေလို့အန်တီ၊ ညကအထိ သူပါလိုက်မယ်လို့ ပြောထားတာ'

'မင်း အဖေကိုလဲ အရက်ကလေးဘာလေး ရှောင်ခိုင်းပါဦး ကိုလေး'

အန်ကယ်လေးစကားကို ပြုံးပြီး နားထောင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လေးက မေမေ့မောင် အငယ်ဆုံး။ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေသူ။ ရန်ကုန်ပြန်ရောက်တာ တစ်နှစ်မပြည့်ခင်မှာပင် သူ့ကုမ္ပဏီက ပြန်ခေါ်၍ အခု ပြန်သွားရတော့မည် ဖြစ်၏။

'မင့် ကိစ္စလဲ သိပ်မကြာတော့ပါဘူး၊ အဆင်ပြေသွားမှာပါ၊ အဲ့ဒီ ကုမ္ပဏီက ကိုယ်စားလှယ်နဲ့ငါ တွေ့ပြီးပြောခဲ့သေးတယ်'

သူ သဘော်ာလိုက်ရန် ကိစ္စကို ပြောကြောင်း ကိုလေး နားလည်လိုက်သည်။

'ဟုတ်ကဲ့'

ဟု သာပြန်ပြောလိုက်မိသည်။

အန်ကယ်လေးတို့ မိသားစုကလည်း ဖေဖေ့ကို မကျေနပ်ကြ၍ အိမ်ကို အဝင်အထွက် မရှိလှ။ အန်ကယ်လေးပြန်ရောက်ခိုက်မှာတော့ အန်ကယ်လေးထံ သူရောက်တတ်သည်။ အန်ကယ်လေးမရှိလျှင် သူလည်း ရောက်ခဲ၏။

'ကဲ....အထဲဝင်ကြရအောင်'

ပြောပြီး အန်ကယ်လေးက ရှေ့မှဝင်သည်။

ဝင်ခွင့်ရသူများ စာရွက်ကို ဂိတ်သို့ပေးပြီး အစစ်ဆေးခံကာ ဝင်လိုက်ကြ၏။ နိုင်ငံခြားသွား ခရီးသည်များ နားနေရာ ခုံတန်းလျားတွေဆီ လျှောက်သွားသည်။

အန်တီတို့ ဝင်ထိုင်ချိန်မှာပင် အန်ကယ်လေးနှင့်အတူ ပစ္စည်းတွေ ချိန်တွယ်ရန်ကိစ္စအတွက် သူ လိုက်သွား၏။



'မင့်အန်တီဆီမှာ ပိုက်ဆံသွားယူလိုက်ပါဦးကွာ၊ ဒီမှာပေးရအောင်'

'ဘယ်လောက်လဲ အန်ကယ်လေး၊ ကျွန်တော့်မှာ ပါပါတယ်'

'ရပါတယ်ကွာ၊ မင့်အန်တီဆီမှာ သွားတောင်းလိုက်၊ သုံးဆယ်ယူခဲ့ကွာ'

သူ့ ပိုက်ဆံအိတ်ကို ဘောင်းဘီအိတ်ထဲမှ ထုတ်ပြီး ဖွင့်ကြည့်လိုက်တော့ အာလုံး ကိုးဆယ်တန်ချည့် ဖြစ်နေသည်။

အန်တီဘို ထိုင်နေရာသို့ သွားလိုက်၏။

'အန်တီ ပိုက်ဆံသုံးဆယ် ပေးစမ်းပါတဲ့'

'အေး....အေး'

အန်တီက ပိုက်ဆံအိတ် ဖွင့်လိုက်သည်။

'ခင်ဖြူ'

နှုတ်မှ အာမဍိတ်သံ ထွက်၏။

အကြည့်ကို ဝေ့လိုက်စဉ် ပြည်တွင်းခရီးသည်များရှိရာဘက်မှ ခင်ဖြူနှင့် အမျိုးသားတစ်ဦးကို ရုတ်တရက် သူ မြင်လိုက်ရသည်။

ရင်သည် အိုးထိန်းစက်သို့ သွက်သွက်လည်ရလေပြီ။

နှလုံးသည်းပွတ်ကို ခုက်ချင်း ဆွဲထုတ်ယူလိုက်သကဲ့သို့ နာကျင်ခံခက်သော ဝေဒနာဖြင့် ဆတ်ဆတ်ခါ ခံစားရလေပြီ။

မှင်သက်မိသလို ကြောင်ကြည့်နေလိုက်မိ၏။

ရယ်မော ပြုံးရွှင်စွာဖြင့် ပြောဆိုရင်း အတူယှဉ်တွဲလျှောက်သွားတာ ခင်ဖြူမှ ခင်ဖြူအစစ်။

www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်သလို အသေအချာ ကြည့်နေမိပြန်သည်။

ကြည့်စမ်း....

ခင်ဖြူ့မေမေလည်း မပါပါလား။

မေမေနှင့် ခရီးသွားသည်ဟု ညာရက်လေခြင်းဟု ခံပြင်းစိတ်ဖြင့် ရင်မှာ ဘလောင်ဆူရပြန်ပြီ။

မှန်တံခါးကို အမျိုးသားက ဖွင့်ပေးတော့ ခင်ဖြူက အရင်ထွက်သည်။

BURMESE CLASSIC .com

'ကိုလေး....ရော့လေ၊ ဘာငေးနေတာလဲ'

အန်တီ့ အသံကြားတော့မှ အကြည့်ကိုလွှဲလျက် ကသုတ်ကရက်နှင့် အန်တီပေးသည့်ပိုက်ဆံကို လှမ်းယူလိုက်၏။

ပြီးတော့ အန်ကယ်လေးရှိရာ လျှောက်သွားပြီး အန်ကယ်လေးကို ပိုက်ဆံလှမ်းပေးခဲ့ကာ အဝင်ဝမှန်တံခါးဆီသို့ အမြန်လျှောက်သွားလိုက်မိ၏။

မှန်တံခါးမှ ကြည့်လိုက်စဉ် ခင်ဖြူတို့ကို လှမ်းမြင်ရပြန်လေပြီ။ ကားတစ်စီး ရပ်ထားရာ ဘေးမှာ ခင်ဖြူနှင့် စောစောက အမျိုးသားရပ်ပြီး နေကြတာပါလား။ ဒရိုင်ဘာဖြစ်ဟန်တူသူက ကားထဲသို့ ပစ္စည်းများကို တင်နေသည်။

ရုတ်တရက်မှန်တံခါးကိုတွန်းဖွင့်လျှက်အပြင်ကိုထွက်လိုက်၏။

လှမ်းအကြည့်မှာ ခင်ဖြူတို့နှစ်ဦးလုံး ကားထဲ ရောက်သွားပြီး ကားစထွက်လေပြီ။

နောက်ကကားနှင့် လိုက်မည် စဉ်းစားပြီးမှ စိတ်ကိုလျှော့ချလိုက်မိတော့၏။




ခင်ဖြူ ပါသွားသည့် ကားလေး မြင်ကွင်းမှ ပျောက်သည်အထိ သူ ရပ်ကြည့်နေမိသေးသည်။

ခေါင်းကို ငိုက်စိုက်ချလျက် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိပြန်၏။ အခေါက်အဦးတဲ ပြန်ဝင်ရန် လှည့်လိုက်သည်။ မျက်တောင် ခတ်လိုက်စဉ်မှာ သူ့မျက်ဝန်း၌ မျက်ရည်စတွေ ဝဲနေပါလားဟု သတိထားမိပြန်၏။

ရက်စက်လှချည်လား ခင်ဖြူရယ်။

နှလုံးသားသည် ကားနှင့်အတူပါသွားသေပြီဟု တွေးလိုက်သည်။ မြေခဏ် သွက်သွက် ခါလှုပ်၍ မိုးကုဘ်စက်ဝိုင်းသည် ခေါင်းပေါ်သို့ ပြိုကျလာပြီ ထင်လိုက်ရ၏။



တိုက်(၁၇)
အခန်း(၇)
စက်မှုရိပ်သာ
လှိုင်၊ ရန်ကုန်။

မောင်ခိန်ဝင်း (ပုတီးကုန်း)
(၂၀-၂-၈၉)
နံနက်(၁း၃၀)နာရီ

www.burmeseclassic.com